အဒ္ဒသ ဓေါ အာယသ္မာ အာနန္ဒော သေနာသနစာရိကံ အာဟိဏ္ဍန္တော ထာနိ စိဝရာနိ စိဝရဝံသေ ဘက္ခိကာဘဂ္ဂါနိ တိဋ္ဌန္တေ၊ ဒိသွာ ဘိက္ခူ တေဒေါဓ ""ကဿိမာနိ အာဝုသော စိဝရာနိ စိဝရဝံသေ ဆက္ခိကာဘဂ္ဂါနိ တိဋ္ဌန္တိ""တိ၊ (၃၂၇-ကြည့်ပေး)

အမှာကံ အာဝုသော အဇ္ဈေကစိဝရာနီတိ၊ ကိဝစိရံ ပနာဝုသော ဏ္ဍမာနိ စိဝရာနိ နိက္ခိတ္တာနီတိ၊ အထ ဓေါ ဓတ ဘိက္ခူ အာယသ္မတော အာနန္ဒဿ ယထာနိက္ခိတ္တံ အာဇရာစေသုံ၊

အာဝုသော၊ငဲ့ချင်း။အမှာကံ၊ငါတို့၏။အဇ္ဈေကစိဝရာနိ၊အဇ္ဈေကသင်္ကန်းတို့ကို။(ဝါ) အလျင်အမြန်ဖြစ်စေအပ် လျှူအပ်သော သင်္ကန်းတို့ကို။စိဝရပစ္စာသာ၊သင်္ကန်းရနိုးခြင်း ကြောင့်။နိက္ခိတ္တာနိ၊ထားအပ်ကုန်၏။ဣဏ္ဍတိ၊သို့။အဝေါဓံ၊ဆိုကုန်၏။အာဝုသော၊တို့။ဏ္ဍမာနိ စိဝရာနိ၊ဤသင်္ကန်းတို့ကို။ကိဝစိရံ၊အဘယ်မျှလောက် ကြာအောင်။နိက္ခိတ္တာနိ ပန၊ထားအပ် ကုန်သနည်း။ဏ္ဍတိ၊သို့။အဝေါစ၊၏။ * အထခေါ်၌။တေ ဘိက္ခူတို့သည်။အာယသ္မတော အာနန္ဒဿ၊အား။ယထာနိက္ခိတ္တံ၊ထားတိုင်းသောကာလကို။အာရောစေသုံ၊ပြောကြားကုန်၏

အာယသ္မာ အာနန္ဒော ဥဇ္ဈာယတိ ခိယ္ယတိ ပိပါဒေတိ ""ကထံ ဟိ နာမ ဘိက္ခူ အဇ္ဈေက စိဝရံ ပဋိဂ္ဂဟေတွာ စိဝရကာလသမယံ အတိတ္တာမေဿန္တိ""တိ၊ (၁၅၁-ကြည့်)

http://www.dhammadownload.com

အတိတ္ထာမေဿန္တိ နာမ၊ကျော်လွန်စေကုန်ဘိသနည်း။ကြာတိ၊သို့။ဥဇ္ဈာယတိ၏။

ဓ ဓိဂဠး ဧဆာဆနာဂတန္တိ ဒဿာဟနာဂတဆာယ ပဝါရကာယ၊
ကတ္ထိဘဇဆေဓာသိကပုဏ္ဏမန္တိ ပဝါရကာ ကတ္ထိကာ ဝုစ္စတိ၊

ဒဿာဟနာဂတန္တိကား။ဒဿာဟနာဂတာယ၊ဆယ်ရက်ဖြင့် မရောက်သေးသော။ပဝါရကာယ၊ပဝါရကာနေ့၌။ကတ္ထိကတေမာသိကပုဏ္ဏမန္တိကား။ပဝါရကာကတ္ထိကား၊ပဝါရကာကတ္ထိကကို။ဝုစ္စတိ၏။ [ကတ္ထိကား၊ကြတ္ထိကာ နက္ခတ်နှင့် စန်းယှဉ်သော။ပဝါရကာ၊ပထမပဝါရကာနေ့ကို။ကတ္ထိက တေမာသိကပုဏ္ဏမန္တိ၊ဟူ၍။ (ကြတ္ထိကာနက္ခတ်နှင့်ယှဉ်သော မိုးသုံးလအဆုံး သိတင်းကျွတ်လပြည့်နေ့ဟူ၍) ဝုစ္စတိ၊ဆိုအပ်၏။]

ဓ အဇ္ဈေကစီဝရံနာမ ဧသေနာယ ဝါ ဂန္ဆကာမော ဟောတိ၊ ပဝါသံ ဝါ ဂန္ဆကာမော ဟောတိ၊ ဂိလာနော ဝါ ဟောတိ၊ ဂဠ္ဆိနီ ဝါ ဟောတိ၊ အဿဒ္ဓသော ဝါ ဆန္ဒါဒိပ္ပန္နော ဟောတိ၊ အပ္ပသန္နသော ဝါ ပသာဒေါ ဥပ္ပဇ္ဇနော ဟောတိ၊ သော ဧဝ ထိကျွန်ံ သဒ္ဓိံဂေါ ဒုတံ ပဟိဏောယ၊ "အာဂစ္ဆန္တု ဘဒန္တာ ဝဿာဝါသိကံ ဒဿာမိ" တိ၊ တေတံ အဇ္ဈေကစီဝရံ၊ နာမ၊

အဇ္ဈေကစီဝရံ နာမ၊ကား။သေနာယဝါ၊စစ်ထိုးခြင်းငှာလည်း။ဂန္ဆကာမော၊သွားလိုသည်။ဟောတိ၏။ပဝါသံ ဝါ၊ကွေကွင်းရာသို့လည်း။ဂန္ဆကာမော၊သည်။ဟောတိ၏။ဂိလာနော ဝါ၊နာသည်လည်း။ဟောတိ၏။ဂဠ္ဆိနီ ဝါ၊ကိုယ်ဝန်ဆောင်သည်လည်း။ဟောတိ၏။အဿဒ္ဓသ ဝါ၊မသဒ္ဓါသောသူအား၊လည်း။သဒ္ဓါ၊သည်။ဥပ္ပန္နော၊ဖြစ်လာသည်။ဟောတိ၏။အပ္ပသန္နသ ဝါ၊သာသနာတော်၌ မကြည်ညိုသောသူအား၊လည်း။ပသာဒေါ၊ကြည်ညိုခြင်းသည်။ဥပ္ပဇ္ဇနော၊ဖြစ်သည်။ဟောတိ၏။

သော၊ထိုသူသည်။ဘိက္ခုန်ံ၊တို့၏။သဒ္ဓိကေ၊အထံသို့။ဒူတံ၊တမန်ကို။ပဟိဏောယ္ယ၊စေလွှတ်ရာ၏။(ကိ၊အဘယ်သို့ မှာ၍။ပဟိဏောယ္ယ၊စေလွှတ် ရာသနည်း။) ဘဒန္တာ၊အရှင်မြတ်တို့သည်။အာဂစ္ဆန္တု၊ကြွလာတော်မူကြပါကုန်။ဝဿာဝါသိကံ၊ဝါဆိုသက်နှံကို။[မိုးအခါ၌ နေခြင်းရှိသော ရဟန်းအား လှူအပ်သော သက်နှံကို။(ဝါ) မိုးလပတ်လုံး နေခြင်းရှိသော ရဟန်းအား လှူအပ်သော သက်နှံကို။] (သဒ္ဓတ္ထ) ဒဿာမိ၊လှူပါမည်။ကြာတိ၊ကြွသို့ မှာ၍။ပဟိဏောယ္ယ၊စေလွှတ်ရာ၏။တေတံ စီဝရံကျွန်ုသို့ လှူအပ်သော သက်နှံသည်။အဇ္ဈေကစီဝရံ နာမ၊အပိုအလွန်ဖြစ်သော သက်နှံမည်၏။

ဓ သညာဏံ ကတွာ နိက္ခိပိတဗ္ဗံ "ဣဒံ အဇ္ဈေကစီဝရ" န္တိ၊

ဣဒံ စီဝရံသည်။အဇ္ဈေကစီဝရံ၊တည်း။ကြာတိ၊သို့။သညာဏံ၊အမှတ်ကို။ကတွာ၊ပြု၍။နိက္ခိပိတ္ဗံ၊ထားအပ်၏။

ဓ "ဣဒံ ဓမ ဘန္တေ အဇ္ဈေကစီဝရံ စီဝရကာလသမယံ အတိတ္ထာမိတံ နိဿဂ္ဂိယံ၊ ဣဟမာဟံ သံဃဿ နိဿဇ္ဇာမိ" တိ၊

ဘန္တေ၊တို့။မေ၊၏။ဣဒံ အဇ္ဈေကစီဝရံ၊ဤအဇ္ဈေကသက်နှံးကို။စီဝရကာလသမယံ၊ကို။

http://www.dhammadownload.com

အတိက္ကာမိတံ၊လွန်စေအပ်သည်ဖြစ်၍။နိဿဋ္ဌိယံ၊စွန့်အပ်၏။အဟံ၊သည်။ဣမံကို။သံယသ၊ အား။နိဿဇ္ဇာမိ၊စွန့်ပါ၏။ဣဒံတိ၊သို့။နိဿဋ္ဌိတဉ်၊စွန့်အပ်၏။

ဓ၅၁၊ အနာပတ္တိဒီအန္တောသမယေအဓိဋ္ဌေတိ၊ဝိကပ္ပေတိ၊ဝိဿဇ္ဇေတိ၊နဿတိ၊ဝိနဿတိ၊ ဒုယုတိ၊အစ္ဆိန္ဒိတွာဂဏ္ဌိ၊ဝိဿာသံဂဏ္ဌိ၊ဥမ္မတ္တကဿအာဒိကမ္မိကဿာတိ၊ (၃၂-ကြည့်)

အန္တောသမယေ၊သင်္ကန်းကာလ၏ အတွင်း၌။အဓိဋ္ဌေတိ၊၏။အနာပတ္တိ၊မသင့်။

သာဂါရ သိက္ခာပဒ

ယေန သမယေန၊၌။ဘိက္ခူတို့သည်။တိဂ္ဂဏ်း၊သုံးထည်ကုန်သော။စီဝရာနံ၊တို့တွင်။ အညတရံသော။စီဝရံ၊ကို။အန္တရဃရေရွာတွင်း၌။နိက္ခိပိတွာ၊ထား၍။အတိရေကဆာရတ္တံ၊ ခြောက်ညဉ့်ထက်အလွန်။ဝိပ္ပဝသန္တိ၊ကင်း၍နေကုန်၏။ (အနိယမထည့်)

ဓ၅၂၊ ဧတန ဧဓိ ပန သမယေန ဘိက္ခူ ဝုဋ္ဌဝဿာ အာရညကေသု သေနာသနေသု ဝိဟရန္တိ၊ ကတ္တိကစောရကာ ""ဘိက္ခူ လဒ္ဓလာဘာ""တိ ပရိပါတေန္တိ၊

ဘိက္ခူရဟန်းတို့သည်။ဝုဋ္ဌဝဿာ၊ဝါကျွတ်ကုန်သည်ရှိသော်။အာရညကေသု သေနာ သနေသု၊တောကျောင်းတို့၌။ဝိဟရန္တိ၊ကုန်၏။ကတ္တိကစောရာ၊ကတ္တိကကာလ၌ ခိုးတတ် ကုန်သော သူခိုးတို့သည်။ဘိက္ခူတို့သည်။လဒ္ဓလာဘာ၊ရအပ်ကုန်သော လာဘ်ရှိကုန်၏။ ဣတိ၊သို့။ပရိပါတေန္တိ၊နှိပ်စက်ကုန်၏။

[ဘိက္ခူတို့သည်။ဝုဋ္ဌဝဿာ၊မိုးလပတ်လုံး နေပြီးကုန်သည်။(တနည်း) ဝုဋ္ဌဝဿာ၊နေ အပ်ပြီးသော ဝါရှိကုန်သည်။ဟုတွာ၊၍။အာရညကေသု၊တောရဖြစ်ကုန်သော။သေနာ - သနေသု၊ကျောင်းတို့၌။ဝိဟရန္တိ၊နေကုန်၏။ ကတ္တိကစောရာ၊တန်ဆောင်မုန်းလ သူခိုးတို့ သည်။ဘိက္ခူတို့သည်။လဒ္ဓလာဘာ၊ရအပ်သော လာဘ်ရှိကုန်၏။ဣတိ၊သို့ကြ၍။ပရိ ပါတေန္တိ၊ထိတ်လန့်စေကြကုန်၏။ (ဝါ) နှိပ်စက်ကြကုန်၏။]လဲကျစေကြကုန်၏။(ဝါ) ထွက် ပြေးစေကြကုန်၏။(သဒ္ဒတ္ထ)] (ဘာသာဋီကာ)

အထဓဧါဘဂါဓေတေသွိနိဏိနေတေသွိပကရဏေမွိကထံကတွာဘိက္ခူအာမန္တေသိ ""အနုဇာနာမိဘိက္ခဝေအာရညကေသုသေနာသနေသုဝိဟရန္တေနတိဂ္ဂဏ်းစီဝရာနံအညတရံစီဝရံ အန္တရဃရေနိက္ခိပိတု""န္တိ၊

ဘိက္ခဝေါတို့။အာရညကေသု သေနာသနေသု၊တောကျောင်းတို့၌။ဝိဟရန္တေန၊နေ သော ရဟန်းသည်။တိဂ္ဂဏ်းစီဝရာနံ၊သုံးထည်သော သင်္ကန်းတို့တွင်။အညတရံ၊တထည်ထည် သော၊။စီဝရံ၊ကို။အန္တရဃရေရွာတွင်း၌။နိက္ခိပိတုံ၊ထားခြင်းငှာ။အနုဇာနာမိ၏။ဣတိ၊သို့။ အာမန္တေသိ၊မိန့်တော်မူ၏။

ဧတန ဧဓိ ပန သမယေန ဘိက္ခူ ဘဂဝတော အနုညာတံ ""အာရညကေသု သေနာ သနေသု ဝိဟရန္တေန တိဂ္ဂဏ်းစီဝရာနံ အညတရံ စီဝရံ အန္တရဃရေနိက္ခိပိတု""န္တိ တိဂ္ဂဏ်း စီဝရာနံ

http://www.dhammadownload.com

အညတရံ စိဝရံ အန္တရဃရေ နိက္ခိပိတွာ အတိရေကဆာရတ္တံ ပိပ္ပဝသန္တို့

ဘိက္ခူတို့သည်။ ဘဂဝတာ၊သည်။(ပ)အနုညာတံ၊ခွင့်ပြုတော်မူအပ်၏။ကျွတိ၊ကျေသို့။ တိဏ္ဏံ၊သုံးထည်ကုန်သော။စိဝရာနံ၊တို့တွင်။အညတရံ၊တထည်ထည်သော။စိဝရံ၊ကို။နိက္ခိပိတွာ၊ထား၍။အတိရေကဆာရတ္တံ၊ခြောက်ညဉ့်ထက်အလွန်။ပိပ္ပဝသန္တို့၊ကင်း၍ နေကုန်၏။

⚠ ယေတေ ဘိက္ခူ ဆပ္ပိဏ္ဍာ၊ တေ ဘိက္ခူ ဥဒ္ဒေါသိတ္ထိမိယာ ဆပ္ပိဏ္ဍိမိယာ ပိဝါဓေန္တိ ""ကထံ ဟိ နာမ ဘိက္ခူ တိဏ္ဏံ စိဝရာနံ အညတရံ စိဝရံ အန္တရဃရေ နိက္ခိပိတွာ အတိရေကဆာရတ္တံ ပိပ္ပဝသိဿန္တိ"" တိ၊

ယေ တေ ဘိက္ခူ၊အကြင်ရဟန်းတို့သည်။အပ္ပိဏ္ဍာ၊အလိုနည်းကုန်၏။တေ ဘိက္ခူ၊ထို အလိုနည်းကုန်သော ရဟန်းတို့သည်။(ပ) ပိပ္ပဝသိဿန္တိ နာမ၊ကင်း၍ နေကုန်ဘိသနည်း။ ကျွတိ၊သို့။ဥဒ္ဒါယန္တိ၊ကုန်၏။

⚠ တာနိ စိဝရာနိ နဿန္တိပိ ဝိနဿန္တိပိ ဒဟ္ယန္တိပိ ဥန္ဒူဒရေဟိပိ ခဇ္ဇန္တိ၊ ဘိက္ခူ ဒုစ္စောဋ္ဌာ ဓောန္တို့ လူခစိဝရာ၊ ဘိက္ခူ ဝေမာဟံသု ""ကိဿ တုမှေ အာဝုဓသာ ဒုစ္စောဋ္ဌာ လူခစိဝရာ"" တိ၊

တာနိ စိဝရာနိ၊ထိုသင်္ကန်းတို့သည်။နဿန္တိပိ၊ပျောက်လည်း ပျောက်ကုန်၏။ဝိနဿန္တိပိ၊ ပျက်လည်း ပျက်ကုန်၏။ဒဟ္ယန္တိပိ၊မီးလည်း လောင်ကုန်၏။ဥန္ဒူရေဟိပိ၊ကြွက်တို့သည်လည်း။ ခဇ္ဇန္တိ၊ခဲအပ်ကုန်၏။ဘိက္ခူတို့သည်။ဒုစ္စောဋ္ဌာ၊မကောင်းသော ပုဆိုးရှိကုန်သည်။လူခစိဝရာ၊ ခေါင်းပါးသော သင်္ကန်းရှိကုန်သည်။ဟောန္တိ၊ကုန်၏။ * ဘိက္ခူတို့သည်။ဓေါ၊ကျွတ်သို့။ အာဟံသု၊ဆိုကုန်၏။(ကိ) အာဝုသော၊တို့။ကိဿ၊အဘယ့်ကြောင့်။တုမှေ၊သင်တို့သည်။ ဒုစ္စောဋ္ဌာ၊ကုန်သည်။လူခစိဝရာ၊ကုန်သည်။ဟောန္တိ၊သနည်း။ကျွတိ၊သို့။အာဟံသု၊ကုန်၏။

⚠ ဓိဂ္ဂဒုံ ဥပဝဿံ ဓေါပနာတိ ဝုဋ္ဌဝဿာနံ၊ ကတ္ထိကပုဏ္ဏမန္တိ ကတ္ထိကစာတုမာသိနိ ဝုစ္စတိ၊

⚠ ဆာရညကံ နာမ ဒေသနာသနံ ပဋ္ဌပေနသတိကံ ပဋ္ဌိပံ၊

ဥပဝဿခေါ ပနာတိ၊ကား။ဝုဋ္ဌဝဿာနံ၊ဝါကျွတ်ကုန်သော ရဟန်းတို့အား။(တနည်း) မိုးလပတ်လုံး နေပြီးသော ရဟန်းတို့တွင်။

ကတ္ထိက ပုဏ္ဏမန္တိ၊ကား။ကတ္ထိကစာတုမာသိနိ၊မိုယိုးလေးလအဆုံး တန်ဆောင်မုန်းကို။ ဝုစ္စတိ၊အပ်၏။ * ယာနိ (ပ) သေနာသနာနိတိ ဇတ္ထု၌။အာရညက်၊တောရ၌ဖြစ်သော။ သေနာသန် နာမ၊ကျောင်းမည်သည်ကား။ပဋ္ဌဓေနသတိကံ၊ကုလလေးတာ ငါးရာကွာသော ကျောင်းသည်။ပဋ္ဌိပံ၊အဆုံးစွန်တည်း။

⚠ သာသင်္ကံ နာမ အာရာမေ အာရာမူပစာရေ စောရာနံ နိဝဒ္ဒေါကာသော ဒိဿတိ၊ ဘုတ္တော်ကာဒေသော ဒိဿတိ၊ ဋ္ဌိတောကာဒေသော ဒိဿတိ၊ နိသိဒန္နောကာဒေသော ဒိဿတိ၊ နိပန္နောကာဒေသော ဒိဿတိ၊

သာသင်္ကံ နာမ၊ကား။အာရာမေ၊အာရာမ်၌။အာရာမူပစာရေ၊အာရာမ်၏ဥပစာ၌။ စောရာနံ၊သူခိုးဒုဗြတို့၏။နိဝဒ္ဒေါကာသော၊ဝင်နေရာအရပ်သည်။ဒိဿတိ၊ထင်၏။(တနည်း) နိဝဒ္ဒေါကာသော၊သင်္ကံဝင်ရာအရပ်ကို။ဒိဿတိ။တွေ့မြင်အပ်၏။ ဘုတ္တောကာသော၊

http://www.dhammadownload.com

စားရာအရပ်သည်။ဒိဿတိ၊ထင်၏။ဌိတောကာသော၊ရပ်ရာအရပ်သည်။ဒိဿတိ၊ထင်၏။ နိသိန္နောကာသော၊ထိုင်ရာ အရပ်သည်။ဒိဿတိ၊ထင်၏။နိပန္နောကာသော၊လျောင်းရာ အရပ်သည်။ဒိဿတိ၊ထင်၏။.

(တနည်း) ယသ္မိ သေနာသနေ၊အကြင်ကျောင်း၌။အာရာမေ၌။(ပ)ဒိဿတိ၊၏။ဧတံ၊ ဤကျောင်းသည်။သာသကိ နာမ၊သာသက် မည်၏။

သမ္မဒ္ဓိဆယံ နာမဆာရာမေအာရာမူပစာရေဧစောရေဟိမနုဿာဟတာဒိဿန္တိ၊ ဝိလုတ္ထာဒိဿန္တိ၊အာဇကောဋိတာဒိဿန္တိ။

သပ္ပဋိဘယံ နာမ၊ကား။အာရာမေ၌။အာရာမူပစာရေ၌။စောရေဟိ၊တို့သည်။ဟတာ၊ သတ်အပ်ကုန်သော။မနုဿာ၊လူတို့သည်။ဒိဿန္တိ၊ထင်ကုန်၏။အာကောဋိယာ၊ရိုက်နှက် ထောင်းထုအပ်ကုန်သော။မနုဿာ၊တို့သည်။ဒိဿန္တိ၊ထင်ကုန်၏။ (ကတ္တုရူပ်ကြဲ)

[စောရေဟိ၊တို့သည်။မနုဿာ၊တို့ကို။ဟတာ၊သတ်ထားအပ်သည်တို့ကို။ဒိဿန္တိ၊မြင် တွေ့အပ်ကုန်၏။ဝိလုတ္ထာ၊လုယက်အပ်ကုန်သည်တို့ကို။ဒိဿန္တိ၊ကုန်၏။အာကောဋိတာ၊ ရိုက်နှက်အပ်ကုန်သည်တို့ကို။ဒိဿန္တိ၊ကုန်၏။] (ဒိဿန္တိ-ကို ကမ္မရူပ်ကြဲ)

ဆန္တရယဒေရ နိက္ခီခပဗျာတိသမန္တာဂေါစရဂါမေနိက္ခီပေယျ၊

အန္တရယရေ နိက္ခီပေယျာတိ၊ကား။သမန္တာ၊ပတ်ဝန်းကျင်မှ။ဂေါစရဂါမေ၊ဆွမ်းခံရွာ၌။ နိက္ခီပေယျ၊ထားရာ၏။

""ကုဒ်မေဆဒ္ဓန္တိဝရံအတိရေကဆာရတ္တေဝိပုဂ္ဂလဿအညတြဘိက္ခာသမ္မုတိယာနိဿဋ္ဌိယံ၊ ကုမာဟံ သံယသ နိဿဂ္ဂါဝိ""တိ၊

ဘန္တေ၊တို့။မေ၊ငါ၏။ကုဒ် စိဝရံ၊ကို။အတိရေကဆာရတ္တံ၊ခြောက်ညဉ့်ထက်အလွန်။ ဘိက္ခာသမ္မုတိယာ၊ကို။အညတြ၊၍။ဝိပုဂ္ဂလံ၊ကင်း၍နေအပ်သည်ဖြစ်၍။နိဿဋ္ဌိယံ၊ဈာန်အပ်၏။ ကုမာဟံ၊အဟ်၊သည်။သံယသ၊အား။နိဿဂ္ဂါဝိ၊ဈာတိ၊သို့။နိဿဋ္ဌိတဋ္ဌံ၊ဈာန်အပ်၏။

ဓြဖ်ဖ်၊ အနာပတ္တိ ဆာရတ္တေဝိပုဂဝသတိ၊ ဥနကဆာရတ္တေဝိပုဂဝသတိ၊ ဆာရတ္တေဝိပုဂဝသိတော ပုန ဂါမသီသေ ဩဂဋော ဝသိတော ပဗ္ဘာမတိ၊ အဓန္တာ ဆာရတ္တေ ပစ္စုဂ္ဂရတိ၊ ဝိဿဇ္ဇေတိ၊ နဿတိ၊ ဝိနဿတိ၊ ဒုယုတိ၊ အန္တိန္တိတော ဂဏ္ဌန္တိ၊ ဝိဿာသံ ဂဏ္ဌန္တိ၊ ဘိက္ခာသမ္မုတိယာ၊ ဥမ္မတ္တကဿ - -၊

ဆာရတ္တံ၊ခြောက်ညဉ့်ပတ်လုံး။ဝိပုဂဝသတိ၊ကင်း၍နေ၏။ဥနကဆာရတ္တံ၊ခြောက်ညဉ့် အောက်အယုတ်။ဝိပုဂဝသတိ၏။ဆာရတ္တံ၊လုံး။ဝိပုဂဝသိတော၊ကင်း၍။ပုန၊တဖန်။ဂါမသီမံ၊ဂါမ သီမ်သို့။ဩဂဋော ဝသိတော၊သက်ရောက်၍။ဝသိတော၊နေ၍။ပဗ္ဘာမတိ၊ဖဲသွား၏။အနာပတ္တိ၊မသင့်။ အန္တော ဆာရတ္တံ၊ခြောက်ညဉ့်အတွင်း၌။ပစ္စုဂ္ဂရတိ၊ပစ္စုဒ္ဓိရိပြု၏။ (၃၂-ကြည့်)



ပရိဏာမ သိက္ခာပဒ

· ယေန သမယေန၊၌။ဆဗ္ဗဂ္ဂိယာ၊ခြောက်ယောအစုဝ်ဖြစ်ကုန်သော။ဘိက္ခူ၊တို့သည်။

http://www.dhammadownload.com

ဇာနံ-ဇာနန္တော၊သိလျက်။သံယိကံ၊သံယိကဖြစ်သော။ပရိဏာတံ၊သံယာအားညွှတ်ပြီးသော။ လာဘံ၊လာဘ်ကို။အတ္တနော၊မိမိအား။ပရိဏာမေန္တို့၊ညွှတ်စေကုန်၏။ (အဓိပ္ပာယ်)

ဣဒါနိ၊ ဧတန္တ ဧဓါပန သမယေန သာဝတ္ထိယံ အညတရဿ ပုဂ္ဂလဿ သံဃဿ သဗ္ဗဝရ ဘတ္တံ ပဋိယတ္တံ ဧဟာတိ "ဘောဇေတွာ ဗီဇဝရေန အစ္ဆာဒေဿာမာ"တိ၊

သာဝတ္ထိယံ၊၌။အညတရဿ၊တဦးသော။ပုဂ္ဂလဿ၊ကုသိုလ်ကောင်းမှုကို အစုပြု၍ ရှာသောအပေါင်းအား။(ဝါ)၏။သံဃဿ၊အား။သဗ္ဗဝရဘတ္တံ၊သက်နှံးနှင့်တကွသော ဆွမ်း သည်။ပဋိယတ္တံ၊စီစဉ်ထားအပ်သည်။ဟောတိ၊၏။(ကိ၊အဘယ်သို့ ရည်ရွယ်၍။ပဋိယတ္တံ၊စီ စဉ် ထားအပ်သနည်း။) ဘောဇေတွာ၊ဆွမ်းကျွေး၍။(ဝါ) စားစေ၍။(သဒ္ဒတ္ထ) ဗီဇရေန၊ဖြင့်။ အစ္ဆာဒေဿာမ၊ဖုံးလွှမ်းကုန်အံ့။(ဝါ) လှူကုန်အံ့။ဣတိ၊ဤသို့။ပဋိယတ္တံ၊သည်။ဟောတိ၊၏။

ဥပသက်မိတွာ တံ ပုဂ္ဂံ ဧတေဒဝေါစုံ "ဧဒေတရဝေသာ အမှာကံ ဣမာနိ ဗီဇရာနိ"တိ၊

နမယံ ဘန္တေ ဒဿာမ၊ အမှာကံ သံဃဿ အနုဝဿံ သဗ္ဗဝရဘိက္ခာ ပညတ္တာတိ၊

ဥပသက်မိတွာ၊ချဉ်းကပ်၍။တံ ပုဂ္ဂံ၊ထိုကောင်းမှုပြုသော အသင်းကို။ဧတေ၊ဤစကား ကို။အဝေါစုံ၊ဆိုကုန်၏။(ကိ) အာဝုသော၊ဒါယကာတို့။အမှာကံ၊တို့အား။ဣမာနိ စီဝရာနိ၊ ဤသက်နှံးတို့ကို။ဧဒေတရေသု၊လှူကုန်လော့။ဣတိ၊သို့။အဝေါစုံ၊ဆိုကုန်၏။

ဘန္တေ၊တို့။မယံ၊တို့သည်။န ဒဿာမ၊မလှူကုန်လတ္တံ့။အမှာကံ၊ငါတို့အား။(ဝါ) သည်။ သံယဿ၊၏။အတ္ထာယ၊အကျိုးငှာ။အနုဝဿံ၊နှစ်တိုင်း။(ဝါ) နှစ်စဉ်နှစ်စဉ်။သဗ္ဗဝရဘိက္ခာ၊ သက်နှံးနှင့်တကွသော ဆွမ်းတို့ကို။ပညတ္တာ၊ဝတ်တည်အပ်ကုန်၏။ဣတိ၊သို့။အဝေါစုံ၊၏။

ဗဟူ အာဝုဝေသာ သံဃဿ ဒါယကာ ဗဟူ သံဃဿ ဒဗ္ဗာ၊ မယံ တုမှေ နိဿာယ တုမှေ သမ္မဿန္တာ ဣဓ ဝိဟရာမ၊ တုမှေ ဧဝ အမှာကံ နဒဿထ၊ အထ ကော ရဟိ အမှာကံ ဒဿတိ၊ ဧဒေတာဝုဝေသာ အမှာကံ ဗီဇရာနိတိ၊

အာဝုသော၊ဒါယကာတို့။သံဃဿ၊အား။ဒါယကာ၊လှူမည့်သူတို့သည်။ဗဟူ၊များ ကုန်၏။သံဃဿ၊အား။ဒဗ္ဗာ၊ဆည်းကပ်မည့်သူတို့သည်။ဗဟူ၊ကုန်၏။မယံ၊တို့သည်။ တုမှေ၊တို့ကို။နိဿာယ၊မှီ၍။တုမှေ၊တို့ကို။သမ္မဿန္တာ၊ချကုန်သည် ဖြစ်၍။(မြော်ကုန်လျက်) ဣဓ၊ဤအရပ်၌။ဝိဟရာမ၊နေကုန်၏။တုမှေ၊တို့သည်။အမှာကံ၊တို့အား။စေ နဒဿထ၊ အကယ်၍ မလှူကုန်ငြားအံ့။အထ၊ထိုသို့ မလှူသည်ရှိသော်။ကော စရဟိ၊အဘယ်သူသည် လျှင်။အမှာကံ၊တို့အား။ဒဿတိ၊လှူလတ္တံ့နည်း။အာဝုသော၊တို့။အမှာကံ၊ငါတို့အား။ဣမာနိ စီဝရာနိ၊တို့ကို။ဧဒေတရေသု၊လှူကုန်လော့။ဣတိ၊သို့။အဝေါစုံ၊ကုန်၏။

အထ ဧဓါ ဧသာ ပုဂ္ဂဝါ ဆဗ္ဗဂ္ဂိယေဟိ ဘိက္ခူဟိ နိဂ္ဂိဠိယမာနာ ယထာပဋိယတ္တံ ဗီဇရံ ဆဗ္ဗဂ္ဂိယာနံ ဘိက္ခူနံ ဒတွာ သံယံ ဘဇတ္တေန ပရိဝိသိ၊

အထ ဧဓါ၌။ဧသော ပုဂ္ဂဝါ၊ထိုအပေါင်းသည်။ဆဗ္ဗဂ္ဂိယေဟိ၊ကုန်သော။ဘိက္ခူဟိ၊တို့ သ၁၁၊နိဂ္ဂိဠိယမာနော၊နှိပ်အပ်သ၁၁၊ရှိသော်။(စကားဖြင့် နှိပ်စက်အပ်သည်ရှိသော်)ယထာ

http://www.dhammadownload.com

ပဋိယတ္တ၊စိရင်တိုင်းသော။(အကြောင်အကြောင် စီရင်အပ်ပြီးသော) စီဝရံသင်္ကန်းကို။ဆဗ္ဗင္ဂိယာနံ၊ ကုန်သော။ဘိက္ခူနံ၊တို့အား။ဒတွာ၊၍။သံယံ၊ကို။ဘတ္တေန၊ဆွမ်းဖြင့်။ပရိဝိသိ၊လုပ်ကျွေး၏။

ယေ တေ ဘိက္ခူ ဇာနန္တိ သံယသ သစီဝရဘာဏ္ဍ ပဋိယတ္တံ၊ နဒ ဇာနန္တိ ""ဆဗ္ဗင္ဂိယာနံ ဘိက္ခူနံ ဒိန္နံ""န္တိ၊ ဧတေ ဝေမာဟံသု ""ဩဂေါဇေထောဝုသော သံယသ စီဝရ""န္တိ၊

နတ္ထိ ဘန္တေ ယတ္ထပဋိယတ္တံ စီဝရံ အယျာ ဆဗ္ဗင္ဂိယာ အတ္ထာနောပရိဂ္ဂဟေသုန္တိ၊

ယေ တေ ဘိက္ခူတို့သည်။သံယသ၏။အတ္ထာယ၊အကျိုးငှာ။သစီဝရဘာဏ္ဍံ၊သင်္ကန်း နှင့် တကွဖြစ်သော ဆွမ်းသည်။(ဝါ) ကို။ပဋိယတ္တံ၊စီစဉ်ထားအပ်သည်ကို။ဇာနန္တိ၊သိကုန် ၏။ဆဗ္ဗင္ဂိယာနံ၊ကုန်သော။ဘိက္ခူနံ၊တို့အား။ဒိန္နံ၊လှူအပ်၏။လ္ဟုတိ၊သို့။နဒ ဇာနန္တိ၊မသိကုန်။

တေ ဘိက္ခူတို့သည်။ဧဝံ၊သို့။အာဟံသု၊ကုန်၏။(ကို) အာဝုသော၊ဒါယကာတို့။သံယသ၊ အား။စီဝရံကို။ဩဂေါဇေထ၊လှူကုန်လော့။လ္ဟုတိ၊သို့။အာဟံသု၊ကုန်၏။ဘန္တေ၊တို့။ယထာ ပဋိယတ္တံ၊စိရင်တိုင်း။နတ္ထိ၊မရှိ။စီဝရံ၊ကို။အယျာ ဆဗ္ဗင္ဂိယာ၊အရှင်ဆဗ္ဗင္ဂိတို့သည်။အတ္ထာနော၊ အား။ပရိဂ္ဂဟေသုံး၊ညွတ်စေကုန်၏။လ္ဟုတိ၊သို့။အာဟံသု၊ကုန်၏။

တေဥ္ဇဿိန္တိ စိယန္တိ ဝိပါစေန္တိ ""ကထံ ဟိ နာမ ဆဗ္ဗင္ဂိယာ ဘိက္ခူ ဇာနံ သံယိကံ လာဘံ ပရိဏတံ အတ္တာနော ပရိဏာမေဿန္တိ""တိ၊ (၁၅၄-ကြည့်)

တေ၊ထိုအလိုနည်းကုန်သော ရဟန်းတို့သည်။(ပ) ကထံ ဟိ၊အဘယ်ကြောင့်လျှင်။ ဆဗ္ဗင္ဂိယာ၊ကုန်သော။ဘိက္ခူတို့သည်။ဇာနံ၊သိကုန်လျက်။သံယိကံ၊သံယဉ္စာဖြစ်သော။ ပရိဏတံ၊သံယာသို့ ညွတ်ပြီးသော။(တနည်း)ညွတ်စေအပ်ပြီးသော။လာဘံ၊လာဘ်ကို။ အတ္တာနော၊မိမိ အထံသို့။ပရိဏာမေဿန္တိ နာမ၊ညွတ်စေကုန်ဘိသနည်း။လ္ဟုတိ၊ဥဇ္ဈာယန္တိ။

ဇာနာတိ နာမ သာမံ ဝါ ဇာနာတိ၊ အညေ ဝါ တဿ အာရောစေန္တိ၊ သော ဝါ အာရောစေတိ၊

ဇာနာတိ နာမ၊သိ၏မည်သည်ကား။သာမံ ဝါ၊ကိုယ်တိုင်လည်း။ဇာနာတိ၊၏။အညေ ဝါ၊သူတပါးတို့သည်လည်း။တဿ၊ထိုရဟန်း အား။အာရောစေန္တိ၊ပြောကြား ကုန်၏။သော ဝါ၊ထိုဥစ္စာရှင်သည်လည်း။အာရောစေတိ၊ပြောကြား၏။

ဆံဃိကံ နာမ သံယသ ဒိန္နံ ဟောတိ ပရိစ္စတ္တံ၊

သော စေဒံ နာမ စီဝရပိဏ္ဍပါတ သနာသန ဂိလာနပစ္စယ ဘေသဇ္ဇ ပရိက္ခာရာ၊ အန္တမသော စုဏ္ဏပိဏ္ဍေါပိ ဒန္တကဋ္ဌပိ ဒသိကသုတ္တပိ၊

သံယိကံ နာမ၊ကား။သံယသ၊အား။ဒိန္နံ၊အပ်သည်။ပရိစ္စတ္တံ၊ စွန့်အပ်သည်။ဟောတိ၊၏။

လာဘော နာမ၊ကား။စီဝရ (ပ) ပရိက္ခာရ၊သင်္ကန်း, ဆွမ်း, ကျောင်း, ဂိလာန၏ ရောဂါအတွက် ဆန့်ကျင်ဘက်ဖြစ်၍ အသက်၏ အရံအကာ အဆောက်အဦဖြစ်သော ဆေးတို့တည်း။အန္တမသော၊အောက်ထစ်ဆုံးအားဖြင့်။စုဏ္ဏပိဏ္ဍောပိ၊အမှုန့်စိုင်သည်၎င်း။ (ရေချိုးဆပ်ပြာမှုန့်သည်၎င်း) ဒန္တကဋ္ဌပိ၊တံပူသည်၎င်း။ဒသိကသုတ္တံပိ၊မြီတ်ဆာ ချည်သည်၎င်း။လာဘော နာမ၊လာဘ (လာဘ်) မည်၏။

http://www.dhammadownload.com

(၃) မရိဏာတံ နာမ "ဒဿာမကရိဿာမာ" တိ ဝါစာ သိန္နာ ဟောတိ၊

ပရိဏာတံ နာမကားဒဿာမလျှကုန်အံ့။ကရိဿာမပြုကုန်လတံ့။ကြွတိ၊သို့။ဝါစာ၊ နှုတ်သည်။(စကားသည်) ဘိန္နာ၊မြွက်ဆိုအပ်သည်။ဟောတိ၊၏။

(၄) "ကုဒဲ ဓမ ဘန္တေ ဇာန် သံယိကံ လာဘံ ပရိဏတံ ဆတ္တဓနာ ပရိဏာမိတံ နိဿဋ္ဌိယံ၊ ဂ္ဂဟာဟံ သံယဿ နိဿဇ္ဇာမိ" တိ၊

ဘန္တေ၊တို့။ မေ၏။ကြွဒဲ၊ကျေဝတ္ထု၊ကို့။ဇာန်၊သိလျက်။သံယိကံ၊သော။ပရိဏာတံ၊သံယာအား ညွတ်လေပြီးသော။လာဘံ၊လာဘ်ကို့။အတ္တနော၊အား။ပရိဏာမိတံ၊ညွတ်စေအပ်သည်ဖြစ် ၍။နိဿဋ္ဌိယံ၊စွန့်အပ်၏။ကြွမံ၊ကျေလာဘ်ကို့။အဟံ၊သည်။သံယဿ၊အား။နိဿဇ္ဇာမိ၊စွန့်ပါ၏။ ကြွတိ၊သို့။နိဿဋ္ဌိတဋ္ဌ၊စွန့်အပ်၏။

(၅) ၆၆၁၊ အနာပတ္တိ "ကတ္တု ဒေမာ" တိ ပုဗ္ဗိယမာဇနာ "ယတ္တု တုမှာကံ ဒေယျဓမ္မော ပရိဘောဂံ ဝါ လဘေယျ၊ပဋိသမံ ရဲ ဝါ လဘေယျ၊ စိရဋ္ဌိတိ ကာ ဝါ အဿ၊ ယတ္တု ဝါ ပန တုမှာကံ စိတ္တံ ပသီဒတိ၊ တတ္တု ဒေထာ" တိ ဘဏာတိ၊ ဥမ္မတ္တကဿ အာဒိကမ္မိကဿာတိ၊

ကတ္တု၊အဘယ်အရပ်၌။ဒေမ၊လျှုရကုန်အံ့နည်း။ကြွတိ၊သို့။ပုဗ္ဗိယမာနော၊မေးအပ်သည် ရှိသော်။ယတ္တု၊အကြင် အရပ်၌။တုမှာကံ၊တို့၏။ဒေယျဓမ္မော၊လျှုအပ်သော ဝတ္ထု၊သည်။ပရိ ဘောဂံ ဝါ၊သုံးဆောင်ခြင်းကိုလည်း။လဘေယျ၊ရရာ၏။ပဋိသဓီရဲ ဝါ၊ပြုပြင် စီရင်ခြင်းကို လည်း။လဘေယျ၊ရရာ၏။စိရဋ္ဌိတိကော ဝါ၊ကြာမြင့်စွာ တည်ခြင်းရှိသည်လည်း။အဿ၊ရာ ၏။ဝါပန၊ထိုမှတပါး။ယတ္တု၊အကြင် အရပ်၌။တုမှာကံ၊တို့၏။စိတ္တံ၊သည်။ပသီဒတိ၊ကြည်၏။ တတ္တု၊ထိုအရပ်၌။ဒေထ၊လျှကုန်လော့။ကြွတိ၊သို့။ဘိက္ခု၊ရဟန်းသည်။(ကတ္တား) ဘဏာတိ၊ ပြော၏။(တဿ၊ထိုရဟန်း၏ငင်း) အနာပတ္တိ၊အာပတ်မသင့်။

(၆) ဒ္ဒစပတ္တာနီဘေသဇ္ဇံ၊ဝဿိကာဒိနပဘုံး သာမံ ဝါယာပနဓေတ္ဗကေ၊ သာသင်္ကံ သံယိကေန္ဒ စာတိ၊

ဒ္ဒေ စ ပတ္တာနိ၊ပတ္တသိက္ခာပုဒ်ခုစ်ခုတို့။ဘေသဇ္ဇံ၊ဘေသဇ္ဇသိက္ခာပုဒ်။ဝဿိကာ၊ဝဿိ ကာသာဠိကသိက္ခာပုဒ်။ဒါနပဘုံမံ၊ငါးခုမြောက် သင်္ကန်းပေးသောသိက္ခာပုဒ်။သာမံ၊ကိုယ်တိုင် ချည်ကိုတောင်း၍ သင်္ကန်းယင်္ကောသိက္ခာပုဒ်။ဝါယာပန်၊သင်္ကန်းကိုယင်္ကစေသော သိက္ခာ ပုဒ်။အစ္ဆေကော၊အစ္ဆေကစီဝရ သိက္ခာပုဒ်။သာသင်္၊သာသင် သိက္ခာပုဒ်။သံယိကေန စ၊ သံယိကလာဘ်ကို မိမိသို့ညွတ်စေသော သိက္ခာပုဒ်။ကြွတိ၊ကျေသည်လျှင် ဥဒါန်းတည်း။

ပါရာဇိကာဏ် ပါဠိတော် နိဿယ ပြီး၏။

ဓနုဇင်ကုသလ (ရွှေကသဲ) ၂၇-၁-၂၀၁၁

http://www.dhammadownload.com

နိဒါနဿိစာမေးပွဲအတွက်
ဓမ္မသားဖွယ်ထု အဓိဂ္ဂါဿိများ

ဆရာချာကဏ္ဍ

➤ **ခြေတစ်စုံဘုရား ဖောက်ကြားစေတော်မူသော တရားစတော်၏ ဂုဏ် (၃) ပါး**

(၁) အာဒိကလျာဏ-အစ၌ကောင်းခြင်း၊ (၂) မဇ္ဈေကလျာဏ-အလယ်၌ကောင်းခြင်း၊ (၃) ပရိယောသာန ကလျာဏ-အဆုံး၌ကောင်းခြင်း၊ (၄) သာတ္ထ-အနက်နှင့် ပြည့်စုံခြင်း (၀၏) နေတွင်ကျမ်းလာ သံကာသန-စသော ခြောက်ပါးသော အတ္ထပဒနှင့် ပြည့်စုံခြင်း၊ (၅) သဗ္ဗဉ္ဉုန-သဒ္ဒါနှင့်ပြည့်စုံခြင်း (၀၏) နေတွင်ကျမ်းထွက် အက္ခရ-စသော ခြောက်ပါးသော ဗျဉ္ဇနပဒနှင့် ပြည့်စုံခြင်း၊ (၆) ကေဝလပရိပုဏ္ဏ-ဥပနေတပ္ပ မရှိရကား အလုံးစုံအားဖြင့် ပြည့်စုံခြင်း၊ (၇) ပရိသုဒ္ဓ-အပနေတပ္ပ မရှိရကား ထက်ဝန်းကျင်အားဖြင့် စင်ကြယ်ခြင်း။

➤ **ဓမ္မရွှေဘုဇ္ဈာင်းကြီး ဖြာကြားစေသော ဗုဇ္ဈာင်းတို့၏ ဂုဏ်ပုစ်မှား**

(၁) ဇိဏ္ဏ-အိုမင်းခြင်း၊ (၂) ဝုမှ-စည်းစိမ်ဥစ္စာ, အဂိါခြေလက်, အသက်ကြီးပွားခြင်း၊ (၃) မဟလ္လက-အမျိုးဇာတ်အားဖြင့် မြတ်သည်၏အဖြစ်ကို ယူတတ်ခြင်း၊ (၄) အဒ္ဓဂတ-မင်းနှစ်ဆက် သုံးဆက်တည်၍ ရှည်သောအခွန့်သို့ ရောက်ခြင်း၊ (၅) ဝယောအနုပ္ပတ္တ-အာယုကပ်သက် သုံးစုဝက်၍ အထက်ပစ္ဆိမအရွယ်သို့ ရောက်ခြင်း-တို့ ဖြစ်ပါသည်။

➤ **ဘုရားရှင် ဗုဇ္ဈာင်းတို့အခမ်း မပြုလေ့မဲ့စေသော အရာများ ။ ။** (၁) ရှိလည်း မဆိုးခြင်း၊ (၂) ခရီးဦးလည်း မကြိုဆိုခြင်း၊ (၃) နေရာဖြင့် ဖိတ်လည်း မဖိတ်ခြင်း-တို့ဖြစ်သည်

➤ **ကြောက်မ ပြုလေ့ရှိသည့် အာဝန်များ ။ ။** (၁) ကောင်းစွာ အပသို့ မထွက်စေဘဲ အထက်၌ လုံခြုံစွာ ဝပ်ခြင်း၊ (၂) ကောင်းစွာ ထက်ဝန်းကျင်မှ ကြက်ငွေ့ကို ပေးခြင်း၊ (၃) ကောင်းစွာ ထက်ဝန်းကျင်မှ ကြက်နှံကို ထုံစေခြင်း-တို့ ဖြစ်ပါသည်။

➤ **ကြောက်ထော်တဇေသမျှား ဆွတ်သာရန် ဥစ္စံတို့ ခွဲရာ၌ အသုံးပြုရသည့် ပစ္စည်းများ** ခြေသည်ဖျားနှင့် နှုတ်သီးဖျားတို့ ဖြစ်ပါသည်။

➤ **ဘုရားရှင်သည် သဒ္ဓာလောဘ၌ အကြီးဆုံး ဖြစ်စေတော်မူခြင်းအကြောင်း**

ဥပမာအားဖြင့် ကြက်မ၌ ရှစ်လုံးသော်ငင်း, ဆယ်လုံးသော်ငင်း, တဆယ့်နှစ်လုံးသော်ငင်း ဥတို့သည် ရှိကုန်ရာ၏၊ ထိုဥတို့ကို ကြက်မသည် ကောင်းစွာ ဝပ်အပ်ကုန်၏၊ ထက်ဝန်းကျင်မှ ကောင်းစွာ အငွေ့ပေးအပ်ကုန်၏၊ ထက်ဝန်းကျင်မှ ကောင်းစွာ ကြက်နှံကို ထုံစေအပ်ကုန်၏၊

ထိုကြက်ငယ်အပေါင်းတို့တွင် ခြေသည်းဖျား နှုတ်သီးဖျားဖြင့် ဥခွံကို ရှေးဦးစွာ ဖောက်ခွဲ၍ ချမ်းချမ်းသာသာ ပေါက်ဖွားလာသော ကြက်ငယ်ကို အကြီးဟူ၍ ဆိုအပ်သကဲ့

http://www.dhammadownload.com

သို့ ဤအတူ အဝိဇ္ဇာဌာနောက်သော အဝိဇ္ဇာဟူသော ဥဿုဖြစ်သော အဝိဇ္ဇာဟူသော ဥဿုံဖြင့် ထက်ဝန်းကျင်မြွေးယှက်အပ်သော သတ္တဝါအပေါင်းတွင် အဝိဇ္ဇာဟူသော ဥဿုံကို ဖောက်ခွဲ၍ တဦးတည်းသာလျှင် လောကဌ အတုမဲ့လွန်မြတ်သော ကိုယ်တိုင်မှန်စွာ သိမြင်သော 'သမ္မာသမ္ဗောဓိ'ဉာဏ်ကို ထိုးထွင်း၍ သိတော်မူပြီး၊ ထို့ကြောင့် ဘုရားရှင်သည် သတ္တလောကဌ အကြီးဆုံး ဖြစ်တော်မူပါသည်။

➤ **ဘုရားရှင်၏ အတုမရှိ အကြီးဖြစ်ဆုံးဖြစ်ခြင်း အကျင့်၏ ဥဒ္ဒေသဝေဠီယ**

ဘုရားရှင်သည် မတွန့်တိုသော လုံ့လကို အားထုတ်ပြီးခြင်း၊ ဘုရားရှင်အား မေ့လျော့ခြင်း မရှိသော သတိသည် ထင်ခြင်း၊ ဘုရားရှင်၏ ကိုယ်သည် ပူပန်ခြင်း မရှိ ငြိမ်းအေးခြင်း၊ ဘုရားရှင်၏ စိတ်သည် တခုတည်းသော အာရုံရှိသည်ဖြစ်၍ ကောင်းစွာတည်ခြင်း

➤ **ပဌမဈာန်၏ ပဒေသနာ** ။ ။ (၁) ကာမဂုဏ်တို့မှ ကင်းဆိတ်ခြင်း၊ (၂) အကုသိုလ်တရားတို့မှ ကင်းဆိတ်ခြင်း-တို့ ဖြစ်ပါသည်။

➤ **ဒုတိယဈာန်၏ သဇ္ဈတ္တသမ္ပသာဒ** ။ ။ (၁) စိတက်နှင့်ယှဉ်ခြင်း၊ (၂) စိစာရနှင့် ယှဉ်ခြင်း၊ (၃) ပီတိသုခနှင့် ယှဉ်ခြင်း-တို့ ဖြစ်ပါသည်။

➤ **ဥပ္ပန္နဝါသာနုဿတိဉာဏာဘိမုခ္ခအာသဝက္ခယဉာဏ်ရသော-၌ စိဋ္ဌံ-၏ အဓိ (၈) ပါး**

➤ **စတုတ္ထဈာန်၏ အဓိ (၈) ပါး/သမာဟိတစိတ်၏ ဥဏ်းအဓိ (၈) ပါး**

(၁) ပရိသုဒ္ဓ-ထက်ဝန်းကျင်မှ စင်ကြယ်ခြင်း၊ (၂) ပရိယောဒါတ-ထက်ဝန်းကျင်မှ ပြိုးပြိုးပြက်ပြက်ရှိခြင်း၊ (၃) အဂ်ဏ-ကိလေသာမရှိခြင်း၊ (၄) ဝိဂတူပက္ကိလေသ-ကင်းသော ညစ်ညူးခြင်းရှိခြင်း၊ (၅) မုဒုဘူတ-နူးညံ့စွာ ဖြစ်ခြင်း၊ (၆) ကမ္မနိယ-အမှုဒ်ခံခြင်း၊ (၇) ဌိတ-တည်ခြင်း၊ (၈) အာနေဉ္ဇပ္ပတ္တ-မတုန်လှုပ်ခြင်းသို့ ရောက်ခြင်း။

➤ **အဘိညာဓါဒကစိတ်၏ အဓိ (၈) ပါး** ။ ။ (၁) သမာဟိတတာ-ကောင်းစွာ အာရုံ၌ ထားအပ်ပြီးသည်၏အဖြစ်၊ (၂) ပရိသုဒ္ဓတာ-ထက်ဝန်းကျင် စင်ကြယ်သည်၏ အဖြစ် (၃) ပရိယောဒါတတာ-ထက်ဝန်းကျင် ဖြူစင်သည်၏အဖြစ် (၄) အနင်္ဂဏတာ-ကိလေသာ အင်္ဂဏ မရှိသည်၏အဖြစ် (၅) ဝိဂတူပက္ကိလေသတာ-ကင်းသော ဥပက္ကိလေသရှိသည်၏ အဖြစ် (၆) မုဒုဘူတတာ-နူးညံ့သည်၏အဖြစ် (၇) ကမ္မနိယတာ-အဘိညာဉ် အမှု ၌ခံသည်၏အဖြစ် (၈) အာနေဉ္ဇပ္ပတ္တိယာ ဌိတတာ-အာနေဉ္ဇသို့ ရောက်သော အားဖြင့် တည်တံ့သည်၏အဖြစ်။

➤ **ဓဝရန္ဒာ ဥဏ္ဏားကြီးတ ဘုရားရှင်၏ ဓဒေသနာတော်ကို စီးဖွဖ်းမှု**

(ဥပမာအားဖြင့်) ပြောင်းပြန်ဦးစောက် မှောက်၍ ထားအပ်သော ဝတ္ထုကို အောက်ထက် ပြောင်းပြန် လှန်ပြသကဲ့သို့/တိုက်နံရံ မြက်သစ်ရွက်စသည်ဖြင့် ဖုံးလွှမ်းသော ဝတ္ထုကို ဖွင့်လှစ်ပြသကဲ့သို့/ အရပ်မျက်နှာတွေဝေစွာ၍ သွားရာမပြီး ခရီးမှားသောသူအား ပြောင့်မတ် တည့်တန်းသော လမ်းကြီးကို လက်ငင်းဆွဲငြား သည်သို့သွားဟု ပြောကြားသကဲ့သို့/

http://www.dhammadownload.com

မျက်စိအမြင်ရှိသောသူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်ဟု အဓိဋ္ဌာန်၌ ဆိမိုး တန်ဆောင်ကို ဆောင်ပြသကဲ့သို့

ဤအတူသာလျှင် အရှင်ဂေါတမသည် များစွာသော အကြောင်းဖြင့် တရားတော်ကို ပြတော်မူပါပေသည်ဟု ဆိုးမွမ်းပါသည်။

➢ **ဘုရားဇွဲရှင် ခမေးခြင်း/မခမေးခြင်း**

(၁) မြတ်စွာဘုရားတို့သည် သိလျက်လည်း မေးတော်မူကုန်၏၊ (၂) သိလျက်လည်း မေးတော်မမူကုန်၊ (၃) လျောက်ပတ်သော အခါကိုသိ၍ မေးတော်မူကုန်၏၊ (၄) လျောက်ပတ်သော အခါကို သိ၍ မေးတော်မမူကုန်၊ (၅) မြတ်စွာဘုရားတို့သည် အကျိုးနှင့်စပ်သည်ကို မေးတော်မူကုန်၏၊ (၆) အကျိုးနှင့် မစပ်သည်ကို မေးတော်မမူကုန်။

➢ **ဘုရားရှင်သည် အကျိုးအကြောင်းနှင့် မစပ်သော စကားကို စားစတော် မမူခြင်း အကြောင်း** ။ ။ ဘုရားရှင်တို့သည် အကျိုးအကြောင်းနှင့် မစပ်သော စကားကို မဂ်ဖြင့် ပယ်သတ်အပ်ပြီး ဖြစ်သောကြောင့် မေးတော် မမူပါ။

➢ **ဒွီဟိ အာကာရေဟိ ဗုဒ္ဓါ ဘဂဝန္တော ဘိက္ခူ ပဋိပုစ္ဆန္တိ-ဥဒ္ဒ ဒွီဟိ-သဗ္ဗဿ**

➢ **ဘုရားရှင် ရဟန်းတို့အား စစ်ဆေးစမးမြန်းစေတော်မူခြင်းအကြောင်း ၂-ပါး**

"တရားကိုသော်လည်း ဟောကုန်အံ့၊ တပည့်တို့အား သိက္ခာပုဒ်ကိုသော်လည်း ပညတ်ကုန်အံ့" ဟူသော အကြောင်းနှစ်မျိုးဖြင့် ရဟန်းတို့ကို မေးတော်မူပါသည်။

"အာနန္ဒာ ထိုဆုံသံသည် အဘယ်ပြုသော အသံနည်း" မေးတော်မူသောအခါ မုယော ထောင်းသော ဆုံသံဖြစ်ကြောင်း အရှင် အာနန္ဒာ-က လျှောက်ထားသောအခါ မြတ်စွာဘုရား မိန့်တော်မူသော စကားရပ် ။ ။ "အာနန္ဒာ ကောင်းစွ ကောင်းစွ၊ သူတော်သူမြတ်ဖြစ်ကုန်သော သင်တို့သည် အစာခေါင်းပါးခြင်း လိုချင်ခြင်း အလိုဆိုးသို့ လိုက်ခြင်းကို အောင်နိုင်ကြကုန်၏၊ နောင်လာ နောက်သား များသည်ကား သလေးသားပြွမ်းဆွမ်းကိုပင် အထင်သေးကြလိမ့်မည်"ဟု မိန့်တော်မူပါသည်။

➢ **အရှင် ခမောဂ္ဂလာန် ခြေကို ဆော့ခအောက်လှန်လှိုင်းရည်ရွှမ်းစျက်**

➢ **ဝေရဉ္ဇာမြို့သည် တော်မွတ်စေခြင်းပါးသော အစေ အရှင်ခမောဂ္ဂလာန် မြတ်စွာဘုရား အား ခလျှောက်ထားသော စကား** ။ ။ "အရှင်ဘုရား ယခုအခါ၌ ဝေရဉ္ဇာမြို့သည် အစာခေါင်းပါး၏၊ အသက်မွေးရန် ခဲယဉ်း၏၊ ဖွေးဖွေးဖြူသော အမှိုးရှိ၏၊ စာရေးတံ လက်မှတ်ဖြင့် အသက်မွေးရ၏၊ သပိတ်လက်စွဲ၍ ဆွမ်းခံခြင်းဖြင့် မျှတရန် မလွယ်ကူချေ။ အရှင်ဘုရား ဤမြေကြီး၏ အောက်အပြင်သည် ပျားကောင် ပျားဥ မရှိသော ပျားရည်ကဲ့သို့ ချိုမြိန်ကောင်းမြတ်၍ သာယာဖွယ်ရှိပါသည်၊ အရှင်ဘုရား တောင်းပန်ပါ၏၊ အကျွန်ုပ်သည် မြေကြီးကို လှန်လိုပါသည်၊ ရဟန်းများသည် အောက်အပြင်ရှိ မြေဆီခမြေလွှာ မြေဩဇာကို သုံးဆောင်ကြရပါလိမ့်မည်"ဟု လျှောက်ထားပါသည်။

http://www.dhammadownload.com

*** မောဂ္ဂလာန် မြေကြီးကို မှီနေကုန်သော သတ္တဝါတို့ကို အဘယ်သို့ ဖြူမည်နည်း-ဟု မေးတော်မူသောအခါ**-- အရှင်ဘုရား အကျွန်ုပ်သည် လက်တစ်ဖက်ကို မြေကြီးကဲ့သို့ ဖန်ဆင်းပါမည်၊ မြေကြီးကို မှီနေကုန်သော သတ္တဝါတို့ကို ထိုမြေကြီးကဲ့သို့ ဖန်ဆင်းထားသော လက်ပေါ်၌ ပြောင်းရွှေ့ထားပါမည်၊ လက်တစ်ဖက်ဖြင့် မြေကြီးကို မှောက်လှန်ပါမည်-ဟု လျှောက်ထားပါသည်။

➢ **အရှင်မောဂ္ဂလာန်အား ဓမ္မကြီးတို့ ထက်ဓဏာတ် မလှန်နိုင် ထားခြင်းတော်မူရခြင်းအကြောင်း** ။ ။ သတ္တဝါတို့သည် အထင်အမြင် ဖောက်ပြန်မှားယွင်းခြင်းသို့ ရောက်နိုင်ကုန်ရာသောကြောင့်-- တားမြစ်တော်မူပါသည်။

➢ **ဆိတ်ငြိမ်ရာသို့ တပါးတည်းခနဉ့် အရှင်သာရိပုတ္တရာ စိတ်အကြံဖြစ်ပုံ**

"ဘုန်းတော်ကြီးကုန်သော အဘယ်မြတ်စွာဘုရားတို့၏ သာသနာတော်သည် ကြာမြင့်စွာ မတည်လေသနည်း၊ ဘုန်းတော်ကြီးကုန်သော အဘယ်မြတ်စွာဘုရားတို့၏ သာသနာတော်သည် ကြာမြင့်စွာ တည်လေသနည်း"ဟု စိတ်အကြံ ဖြစ်ပါသည်။

➢ **မြတ်စွာဘုရားအား လျှောက်ထားခဲ့သော စကား** ။ ။ အရှင်ဘုရား ဘုန်းတော်ကြီးကုန်သော အဘယ်မြတ်စွာဘုရားတို့၏ သာသနာတော်သည် ကြာမြင့်စွာ မတည်ပါသနည်း၊ ဘုန်းတော်ကြီးကုန်သော အဘယ်မြတ်စွာဘုရားတို့၏ သာသနာတော်သည် ကြာမြင့်စွာ တည်ပါသနည်း-ဟု လျှောက်ထားပါသည်။

➢ **မြတ်စွာဘုရားက အရှင်သာရိပုတ္တရာအား မိန့်တော်မူခဲ့သော စကားရပ်**

သာရိပုတ္တရာ ဝိပဿီမြတ်စွာဘုရား၏ငင်း, သိခီမြတ်စွာဘုရား၏ငင်း, ဝေဿဘူမြတ်စွာဘုရား၏ငင်း သာသနာတော်သည် ကြာမြင့်စွာ မတည်ခဲ့ချေ၊ သာရိပုတ္တရာ ကကုသန်မြတ်စွာဘုရား၏ငင်း, ကောဏာဂုံမြတ်စွာဘုရား၏ငင်း, ကဿပမြတ်စွာဘုရား၏ငင်း သာသနာတော်သည် ကြာမြင့်စွာ တည်ခဲ့၏-ဟု မိန့်တော်မူပါသည်။

➢ **သာသနာ ကြာမြင့်စွာ တည်တံ့ခဲ့သော ဘုရားရှင်များ**

ဝိပဿီမြတ်စွာဘုရား၊ သိခီမြတ်စွာဘုရား၊ ဝေဿဘူမြတ်စွာဘုရား-တို့ ဖြစ်ပါသည်။

➢ **သာသနာကြာမြင့်စွာ တည်တံ့ခဲ့သော ဘုရားရှင်များ** ။ ။ ကကုသန်မြတ်စွာဘုရား၊ ကောဏာဂုံမြတ်စွာဘုရား၊ ကဿပ မြတ်စွာဘုရား-တို့ ဖြစ်ပါသည်။

➢ **ဝိပဿီ, သိခီ, ဝေဿဘူဘုရားရှင်တို့၏ သာသနာ တည်တံ့ခိုင်းအကြောင်း**

ဥပမာအားဖြင့် ချည်မျှင်ဖြင့် မသီကုံးဘဲ ပျဉ်ပြားအပေါ်၌ တင်ထားသော ပန်းအမျိုးမျိုးတို့ကို ချည်မျှင်ဖြင့် မသီကုံးခြင်းကြောင့် လေသည် ဖရိုဖရဲ ကြဖြန့်တိုက်ခတ် မှုတ်လွှင့်ဖျက်ဆီးသကဲ့သို့

ဝိပဿီ, သိခီ, ဝေဿဘူ မြတ်စွာဘုရားတို့သည် တပည့်တို့အား တရားတော်ကို အကျယ်ဟောတော်မူရန် ကြောင့်ကြမစိုက်ကြကုန်၊ ထိုမြတ်စွာဘုရားတို့၏ သုတ် ဂေယျ

http://www.dhammadownload.com

ဗျာကရဏ်း ဂါထာ ဥဒါန်း ဣတိဝုတ် ဇာတ် အဿုတဓမ္မ ဝေဒလ္လတို့သည် အနည်းငယ် မျှသာ ဖြစ်ကုန်၏၊ တပည့်တို့အား သိက္ခာပုဒ်ကို ပညတ်တော်မမူခဲ့ချေ၊ အာဏာပါတိမောက်ကို ပြတော်မမူခဲ့ချေ၊ ဘုန်းတော်ကြီးကုန်သော ထိုမြတ်စွာဘုရားတို့ ပရိနိဗ္ဗာန်စံလွန်ကွယ်ပျောက်သောအခါ၌ငင်း, မြတ်စွာဘုရားတို့သို့ အတုလိုက်၍ သစ္စာလေးပါးကို သိကုန်သော တပည့်တို့ ပရိနိဗ္ဗာန်စံလွန် ကွယ်ပျောက်သောအခါ၌ငင်း အထူးထူးသော အမည်အနွယ် ဇာတ်ရှိကုန်သော အမျိုးတို့မှ ရဟန်းပြုကုန်သော နောင်လာနောင်သား တပည့်တို့သည် ထိုသာသနာတော်ကို လျင်မြန်စွာ ကွယ်ပျောက်စေကုန်၏။

➤ **ဝေဿဘူမြတ်စွာဘုရား တပည့်တို့အား ဆုံးမတော်မူသော ဓာတုစကား**

"ဤသို့ ကြံကုန်လော့၊ ဤသို့ မကြံကုန်လင့်၊ ဤသို့ နှလုံးသွင်းကုန်လော့၊ ဤသို့ နှလုံးမသွင်းကုန်လင့်၊ ဤတရားကို ပယ်ကုန်လော့၊ ဤတရားသို့ရောက်၍ နေထိုင်ကုန်လော့" ဟု ဆုံးမတော်မူပါသည်။

➤ **ဗုဒ္ဓဝေန အဇ္ဈာ (၉) ဓာန် ။ ။** သုတ် ဂေယျ ဗျာကရဏ်း ဂါထာ ဥဒါန်း ဣတိဝုတ် ဇာတ် အဿုတဓမ္မ ဝေဒလ္လ-တို့ ဖြစ်ပါသည်။

➤ **သာသနာတော်၌ အာသဓဝါတရားတို့၏ ထည်ရာ ဝိတီဇ္ဈမတရားတို့ ဖြစ်ပေါ်ရာ ကာလများ ။ ။** (၁) သံယာတော်၏ ညဉ့်အဝိုင်းအခြားကို သိသော ရဟန်းတို့ဖြင့် များသောအဖြစ်သို့ ရောက်သောအခါ၊ (၂) ပြန့်ပြောခြင်းဖြင့် များသောအဖြစ်သို့ ရောက်သောအခါ၊ (၃) လာဘ်ဖြင့် မြတ်များသောအဖြစ်သို့ ရောက်သောအခါ၊ (၄) များသောအကြား အမြင်ရှိသော အဖြစ်၏ မြတ်သော အဖြစ်သို့ ရောက်သောအခါ-တို့ ဖြစ်ပါသည်။

ဓမ္မ ။ ။ ဝေဇ္ဈာပုဏ္ဏားသည် ဘုရားအမှုရှိသော သံယာတော်များအား **ဆွမ်းကမ်လှူပုံ သက်နိုးကမ်လှူပုံ** အသီးသီးကို ဖော်ပြပါ။

➤ **ဝေဇ္ဈာပုဏ္ဏား၏ အလှူ ။ ။** ဝေဇ္ဈာပုဏ္ဏားသည် မြတ်စွာဘုရားအမှုရှိသော ရဟန်းသံယာကို မွန်မြတ်သော ခဲဖွယ် ဘောဇဉ်ဖြင့် ရောင့်ရဲသည့်တိုင်အောင် တားမြစ်သည့်တိုင်အောင် မိမိကိုယ်တိုင် လုပ်ကျွေးပါသည်။

* **သက်နိုးကမ်လှူပုံ ။ ။** မြတ်စွာဘုရား ဆွမ်းဘဉ်းပေးပြီး၍ သပိတ်မှ လက်ကို ဖယ်ပြီးသောအခါ ဝေဇ္ဈာ ပုဏ္ဏားသည် မြတ်စွာဘုရားအား သက်နိုးသုံးထည် ကပ်လှူပါသည်၊ ရဟန်း တစ်ပါးတစ်ပါးစီအားလည်း သက်နိုးလျာ တစ်စုံ တစ်စုံစီ ကပ်လှူပါသည်။

ဓမ္မ ။ ။ မြတ်စွာဘုရားသည် ဝါကျွတ်ကာလ ဝေဇ္ဈာမြို့မှ ဘရာဏသီမြို့သို့ ရောက်အောင် မည်သို့သော အစီအစဉ်ဖြင့် ခရီးဒေသစာရီ ကြွတော်မူသည်ကို ပြည့်စုံစွာ ဖော်ပြပါ။

* သောရေယျပြည် သက်သပြည် ကဏ္ဍကုဇ္ဇ အရပ်တို့သို့ မဝင်မူ၍ ပယာဂဆိပ်ကမ်းသို့ ချဉ်းကပ်ပြီးလျှင် ပယာဂဆိပ်ကမ်းမှ ဂင်္ဂါမြစ်ကို ကူးတော်မူ၍ ဘရာဏသီမြို့သို့

http://www.dhammadownload.com

ရောက်တော်မူပါသည်။

ဧဃး ။ ။ ဘုရားအမှုရှိသော သံယာတော်များသည် ဝေရဉ္ဇာပြည်မှ မည်သည့်အရပ်ဌာန များသို့ ကြွတော်မူသည်ကို ဖော်ပြခဲ့ပါ။

➢ ဝေရဉ္ဇာမြို့၌ သီတင်းသုံးစောင့်မျှပြီးနောက် ကြွခရာက်သည့် ဒေသများ

သောရေယျပြည် သင်္ကဿပြည် ကဏ္ဍကုဇ္ဇ အရပ်တို့သို့ မဝင်မူ၍ ပယောဂဆိပ်ကမ်း သို့ ချဉ်းကပ်ပြီးလျှင် ပယောဂဆိပ်ကမ်းမှ ဂင်္ဂါမြစ်ကို ကူးတော်မူ၍ ဗာရာဏသီမြို့သို့ ရောက်တော်မူပါသည်၊ * ဗာရာဏသီမြို့၌ မွေ့လျော်သမျှ သီတင်းသုံးတော်မူပြီးလျှင် ဝေသာလီမြို့သို့ ဒေသစာရီ ကြွချီတော်မူပါသည်၊ အစဉ်အတိုင်း ဒေသစာရီ ကြွချီတော် မူသော် ဝေသာလီမြို့သို့ ရောက်၍ ထိုဝေသာလီမြို့အနီး မဟာဝုန်တော ပြာသာဒ်ဆောင် ပေါက်သော ကျောင်းကြီး၌ သီတင်းသုံး နေတော်မူပါသည်။

➢ ကြွခရောက်သည့် ဒေသများ ။ ။ သောရေယျပြည်၊ သင်္ကဿပြည်၊ ကဏ္ဍကုဇ္ဇ အရပ်တို့ ဖြစ်ပါသည်။

ပဌမပါရာဇိက သိက္ခာပုဒ်

*** ကလန္ဒသူဋ္ဌေးသား သုဒိန်သည် ပရိဿတ်များစွာဖြစ်ရုံ၍ တရားတော်လျှက် ထိုင် နေတော်မူစဉ်သော မြတ်စွာဘုရားကို မြင်ပြီးနောက် အကြောင်းခြင်းငှဲ့**

" ငါသည်လည်း တရားနာရမှု ကောင်းလေစွ"ဟု အကြံဖြစ်ပါသည်။

*** ထို့အကြောင်းခြင်းငှဲ့ ထပ်မံ၍ အကြံဖြစ်ပုံ** ။ ။ "ငါသည် မြတ်စွာဘုရား ဟော တော်မူအပ်သော တရားတော်ကို ထိုက်သည်အားလျော်စွာ သိရ၏၊ ထိုသို့ သိရသည့်အတိုင်း လူ့ဘောင်၌နေသူသည် စင်စစ် ပြည့်စုံစင်ကြယ်၍ ခရူသင်း ပွတ်သစ်နှင့်တူသော ဤ မြတ်သောအကျင့်ကို ကျင့်ခြင်းငှာ မလွယ်ကူခေ၊ ငါသည် ဆဲ-မုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးအဝတ်တို့ကို ဝတ်ရုံ၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရပါမူ ကောင်း လေစွ"ဟု အကြံဖြစ်ပါသည်။

*** မစိရဒတ် ထွေးကြား၍ မကြာမီ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီး ကလန္ဒသူဋ္ဌေးသား သုဒိန် ရှေ့တော်ထားစေသော စကား** ။ ။ "အရှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရား ဟောတော်မူအပ်သော တရားတော်ကို ထိုက်သည်အားလျော်စွာ သိရပါ၏၊ ထိုသို့သိရ သည့်အတိုင်း လူ့ဘောင်၌ နေသူသည် စင်စစ် ပြည့်စုံစင်ကြယ်၍ ခရူသင်းပွတ်သစ်နှင့် တူသော ဤမြတ်သောအကျင့်ကို ကျင့်ခြင်းငှာ မလွယ်ကူပါ၊ အရှင်ဘုရား အကျွန်ုပ် သည် ဆဲ-မုတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးအဝတ်တို့ကို ဝတ်ရုံ၍ လူ့ဘောင်မှ ရဟန်း ဘောင်သို့ ဝင်ရောက်လိုပါသည်၊ မြတ်စွာဘုရားသည် အကျွန်ုပ်ကို ရဟန်းပြုပေးတော်မူ ပါ" ဟု လျှောက်ထားပါသည်။

http://www.dhammadownload.com

*** သုဗိန် သူဌေးသားက ရဟန်းတော်ကို လိုအပ်ကြောင်း လျှောက်ထားသော အစ၊ [မြတ်စွာဘုရား မိန့်တော်မူသော စကား။ ။]** သုဗိန် သင့်ကို အမိ အဖတို့က လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် အလိုငှာ ခွင့်ပြုပြီး ဖြစ်သလော-ဟု မေးတော်မူပါသည်။ *** [သုဗိန် လျှောက်ထား]** အရှင်ဘုရား အကျွန်ုပ်ကို အမိ အဖတို့က လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန်အလိုငှာ ခွင့်မပြုသေးပါဘုရား-ဟု လျှောက်ထားပါသည်။ *** [မြတ်စွာဘုရား မိန့်တော်မူပုံ]** သုဗိန် မြတ်စွာဘုရားတို့သည် အမိ အဖတို့က ခွင့်မပြုသော သားကို ရဟန်းပြုပေးတော် မမူကုန်-ဟု မိန့်တော်မူပါသည်။

*** [သုဗိန်လျှောက်ထား]** အရှင်ဘုရား အကျွန်ုပ်သည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန်အလိုငှာ ခွင့်ပေးအောင် ပြုပါမည်-ဟု လျှောက်ထားပါသည်။

*** ကလန္ဒသူဌေးသား သုဗိန်သည် ဧဝံသလိမ္ဖြို့၌ ပြုပ္ပယ်တီစွ ပြီးဆုံးစေပြီးနောက် မိဘတို့အား မိမိ ရဟန်းမည်အစကြောင်း ခွင့်တောင်းပုံစကားရေပ်**

"မိခင် ဖခင်တို့ အကျွန်ုပ်သည် မြတ်စွာဘုရား ဟောတော်မူအပ်သော တရားတော်ကို ထိုက်သည့်အားလျော်စွာ သိရပါ၏။ ထိုသို့ သိရသည့်အတိုင်း လူ့ဘောင်၌နေသူသည် စင်စစ်ပြည့်စုံ စင်ကြယ်၍ ခရုသင်း ပွတ်သစ်နှင့်တူသော ဤမြတ်သောအကျင့်ကို ကျင့်ခြင်းငှာ မလွယ်ကူပါ။ အကျွန်ုပ်သည် ဆံ-မုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုး အဝတ်တို့ကို ဝတ်ရုံ၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်လိုပါသည်၊ အကျွန်ုပ်ကို လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် အလိုငှာ ခွင့်ပြုပါကုန်"ဟု ပြောပါသည်။

*** ဤသို့ ဖြောလျှင် သုဗိန်၏ မိဘတို့က သုဗိန်အား ဖြောဆိုပုံ**

"ချစ်သား သုဗိန် သင်သည် ငါတို့၏ တဦးတည်းသော သားဖြစ်၍ ချစ်ခင်အပ်၏၊ နှစ်သက်အပ်၏၊ ချမ်းသာစွာ ကြီးပွားစေအပ်၏၊ ချမ်းသာစွာ မွေးမြူလာရသူဖြစ်၏၊ ချစ်သား သုဗိန် သင်သည် မည်သည့်ဆင်းရဲကိုမျှ မသိ၊ သင် သေသဖြင့်လည်း ငါတို့သည် အလိုမရှိကုန်ဘဲလျက် သင်နှင့် ခွဲခွါကြရကုန်ဘုံ၊ အသက်ရှင်နေသော သင့်ကိုကား ငါတို့သည် ဤလူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် အလိုငှာ အဘယ်မှာလျှင် ခွင့်ပြုနိုင်ပါကုန်အုံနည်း"ဟု ပြောဆိုကြပါသည်။

*** ကလန္ဒသူဌေးသား သုဗိန်သည် မိဘတို့က လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် အလိုငှာ ခွင့်မပြုကြတုန်း--ဟု သိရခဲ့အစ၊--**

"ဤနေရာ၌သာလျှင် ငါ့အား သေခြင်းသော်၎င်း, ရဟန်းအဖြစ်သော်၎င်း ဖြစ်လိမ့်မည်ဟု"ဟု ဆို၍ အခင်းမရှိသော မြေပေါ်၌ အိပ်နေပါသည်။

ထို့နောက် ကလန္ဒသူဌေးသား သုဗိန်သည် ထမင်းတနပ်ကိုလည်း မစား၊ ထမင်းနှစ်နပ်တို့ကိုလည်း မစား၊ ထမင်း သုံးနပ်တို့ကိုလည်း မစား၊ ထမင်း လေးနပ်တို့ကိုလည်း မစား၊ ထမင်း ငါးနပ်တို့ကိုလည်း မစား၊ ထမင်း ခြောက်နပ်တို့ကိုလည်း မစား၊ ထမင်း

http://www.dhammadownload.com

ခုနစ်နပ်တို့ကိုလည်း မစားပါ။

➢ **ထမင်း မစားသည့်အခါ သုဒိန်၏ မိဖတို့က သုဒိန်အား စကြားဆို့ပုံ**

"ချစ်သား သုဒိန် သင်သည် ငါတို့၏ တဦးတည်းသော သားဖြစ်၍ ချစ်ခင်အပ်၏၊ နှစ်သက်အပ်၏၊ ချမ်းသာစွာ ကြီးပွားစေအပ်၏၊ ချမ်းသာစွာ မွေးမြူလာရသူဖြစ်၏၊ ချစ်သား သုဒိန် သင်သည် မည်သည့်ဆင်းရဲကိုမျှ မသိ၊ သင် သေသဖြင့်လည်း ငါတို့သည် အလိုမရှိကုန်ဘဲလျက် သင်နှင့် ခွဲခွါကြရကုန်အံ့၊ အသက်ရှင်နေသော သင့်ကိုကား ငါတို့သည် ဤလူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် အလို့ငှာ အဘယ်မှာလျှင် ခွင့်ပြုနိုင်ပါကုန်အံ့နည်း၊ ချစ်သား သုဒိန် ထလော့၊ စားလည်း စားလော့၊ သောက်လည်း သောက်လော့၊ ပျော်လည်း ပျော်ပါလော့၊ စားသောက် ပျော်ပါးကာ ကာမဂုဏ်များကို ခံစား၍ ကောင်းမှုများကို ပြုလျက် မွေ့လျော်လော့၊ သင့်ကို လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် အလို့ငှာကား ငါတို့ ခွင့် မပြုနိုင်ကုန်" ဟု ပြောကြပါသည်။

➢ **သုဒိန်၏ သူငယ်ချင်းတို့က သုဒိန်အား စကြားသော စကားရပ်**

"အဆွေ သုဒိန်၊ သင်သည် မိဖတို့၏ တဦးတည်းသော သားဖြစ်၍ ချစ်ခင်အပ်၏၊ နှစ်သက်အပ်၏၊ ချမ်းသာစွာ ကြီးပွားစေအပ်၏၊ ချမ်းသာစွာ မွေးမြူလာရသူဖြစ်၏၊အဆွေ သုဒိန် သင်သည် မည်သည့်ဆင်းရဲကိုမျှ မသိ၊ သင်၏မိဖတို့သည် သင် သေသဖြင့်လည်း မိဖတို့ အလိုမရှိကုန်ဘဲလျက် သင်နှင့် ခွဲခွါကြရပေမည်၊ အသက်ရှင်နေသော သင့်ကိုကား လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် အလို့ငှာ အဘယ်မှာလျှင် ခွင့်ပြုနိုင်ပါကုန်အံ့နည်း၊ အဆွေ သုဒိန် ထလော့၊ စားလည်း စားလော့၊ သောက်လည်း သောက်လော့၊ ပျော်လည်း ပျော်ပါလော့၊ စားသောက် ပျော်ပါးကာ ကာမဂုဏ်များကို ခံစား၍ ကောင်းမှုများကို ပြုလျက် မွေ့လျော်လော့၊ သင့်ကို လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် အလို့ငှာကား မိဖတို့ ခွင့်ပြုနိုင်လိမ့်မည် မဟုတ်ကုန်" ဟု ပြောကြပါသည်။

➢ **သုဒိန်၏ သူငယ်ချင်းတို့က သုဒိန်၏ မိဖတို့ကို စကြားသော စကား**

"မိခင် ဖခင်တို့ ဤသုဒိန်သည် အခင်းမရှိသော မြေပေါ်၌ "ဤနေရာ၌သာလျှင် ငါ့အား သေခြင်းသော်ငင်း, ရဟန်းအဖြစ်သော်ငင်း ဖြစ်လိမ့်မည်"ဟု အိပ်၏၊ သင်တို့သည် သုဒိန်ကို လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် အလို့ငှာ ခွင့်မပြုကြပါမူ ထိုနေရာ၌ပင် သေခြင်းသို့ ရောက်လတံ့၊ အကယ်၍ သင်တို့သည် ရဟန်းပြုရန် ခွင့်ပြုကြပါမူ ရဟန်းအဖြစ်နှင့်နေသော သုဒိန်ကို မြင်ကြရဦးမည်၊ သုဒိန်သည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်၍ ရဟန်းပြုပြီးမှ အကယ်၍ မပျော်ပိုက်ခဲ့ပါမူ သူ့အား မိဖတို့အိမ်မှတပါး သွားစရာ အဘယ်မှာ ရှိအံ့နည်း၊ ဤအိမ်သို့သာလျှင် တဖန် ပြန်လာပါလိမ့်မည်၊ သုဒိန်ကို လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် အလို့ငှာ ခွင့်ပြုကြပါကုန်"ဟု ပြောကြပါသည်။

http://www.dhammadownload.com

ဓမ္မ ။ ။ ရှင် ရဟန်းအဖြစ်ကို ရပြီးသော အရှင်သုဒိန်သည် အဘယ်ခုတင်အကျင့်တို့ကို ဆောက်တည်၍, အဘယ်ရွာ၌ နေသည်ကို ဖြေဆိုပါ။

➤ **အရှင်သုဒိန် ဆောက်တည်သော ခုတင်များကား -**

ဓမ္မ ။ ။ ရှင် ရဟန်းအဖြစ်ကို ရပြီးသော အရှင်သုဒိန်သည် အာရညိကခုတင်, ပိဏ္ဍ - ပါတိကခုတင်, ပံသုကူလိကခုတင်, သပဒါနစာရိကခုတင်တို့ကို ဆောက်တည်သည်။

* **နေသော ရွာကား** - ဝဇ္ဇီတိုင်းတွင် အကျုံးဝင်သောရွာ ဖြစ်ပါသည်။

➤ **ဝဇ္ဇီတိုင်း၌ အစားအစာ စေါင်းဝါးဆောစေါ အရှင်သုဒိန်၏ အကြောင်းဖြစ်ပုံ**

ယခုအခါ ဝဇ္ဇီတိုင်းသည် အစာခေါင်းပါး၏၊ အသက်မွေးရန် ခဲယဉ်း၏၊ ဖွေးဖွေးဖြူသော အရိုးရှိ၏၊ စာနေတံလက်မှတ်ဖြင့် အသက်မွေးရ၏၊ သပိတ်လက်စွဲ၍ ဆွမ်းခံခြင်းဖြင့် မျှတရန် မလွယ်ကူခေ။ ဝေသာလီမြို့၌ စီးပွါးဥစ္စာ ကြွယ်ဝသော မြုပ်နှံထားသည့် ဥစ္စာပေါများသော နေ့စဉ်သုံးစွဲရန် များသော စည်းစိမ် ဘဏ္ဍာရှိသော များသော ရွှေငွေ ရှိသော နှစ်သက်ဖွယ်ရာ များသော အသုံးအဆောင် ရတနာရှိသော များသော ဥစ္စာစပါး ရှိသော ငါ၏ ဆွေမျိုးတို့သည် ပေါများကုန်၏၊ ငါသည် ဆွေမျိုးတို့ကို အမှီပြု၍ နေရမူ ကောင်းလေစွ၊ ဆွေမျိုးတို့သည် ငါ့ကို အမှီပြု၍ လှူဖွယ်တို့ကို ပေးလှူကြလိမ့်မည်၊ ကောင်းမှုတို့ကို ပြုကြလိမ့်မည်၊ ရဟန်းတို့သည်လည်း လာဘ်ကို ရရှိကြလိမ့်မည်၊ ငါသည် ဆွမ်းဖြင့် မပင်ပန်းဘဲ ရှိလိမ့်မည်-ဟု အကြံဖြစ်ပါသည်။

➤ **ကျွန်မထံမှ အရှင်သုဒိန် စံထူသည့်မန္တန်း** ။ ။ တစ်ညဉ့်လွန် 'သိုးလေပြီးသော မုယောမုံ့ ဖြစ်ပါသည်။

➤ **ကျွန်မ-က အရှင်သုဒိန်မှာ်း သိသည့် အမှတ်အသား** ။ ။ (၁) ကိုယ်ရုံပြင်ဘက် ထွက်သော လက်၊ (၂) သင်းပိုင်ပြင်ဘက်ထွက်သော ခြေ၊ (၃) လောင်းပါ ထည့်ပါဟု ဆိုသော အသံ-တို့ ဖြစ်ပါသည်။

ဓမ္မ ။ ။ အရှင်သုဒိန်၏ ဆွေမျိုးတို့၏ ကျွန်မသည် အရှင်သုဒိန်၏ အမိကို ပြောဆိုရာ၌ ကျွန်မက အမိအား ပြောဆိုပုံနှင့် အမိက ကျွန်မအား ပြောဆိုပုံတို့ကို စုံလင်အောင် ဖော်ပြခဲ့ပါ။

* **ကျွန်မက အမိအား ပြောဆိုပုံ** ။ ။ အိုအရှင်မ သိပါလော့၊ အရှင့်သား သုဒိန်သည် ရောက်လာပါပြီ-ဟု ပြောပါသည်။

* **အမိက ကျွန်မအား ပြောဆိုပုံ** ။ ။ အိုကျွန်မ အကယ်၍ သင် အမှန်ပြောမူ သင့်ကို ကျွန်အဖြစ်မှ လွတ်မည်ဟု ပြောဆိုပါသည်။

➤ **ဧရှုပုံ ဧငွေပုံမှား အလွန်ကြီးပုံ** ။ ။ ဤမှာဘက်၌ရပ်သော ယောကျ်ားသည် ထိုမှာဘက်၌ရပ်သော ယောကျ်ားကို မမြင်နိုင်၊ ထိုမှာဘက်၌ရပ်သော ယောကျ်ားသည် ဤမှာဘက်၌ရပ်သော ယောကျ်ားကို မမြင်နိုင်ပါ။

http://www.dhammadownload.com

➢ **အရှင်သုဒိန်၏ အဖက ရွှေပုံ ခဋ္ဌပုံတို့ကို ဖွင့်လှစ်ပြီး အရှင်သုဒိန်အား ပြောဆိုပုံ** ။ ။ "ချစ်သားသုဒိန်၊ ဤရွှေငွေသည် သင့်အမိ၏ အမိဘက်မှ ပါလာသော ဥစ္စာတည်း၊ မိန်းမသား၏ အသုံးအဆောင်အလို့ငှာ ရအပ်သော မိန်းမသုံး ဥစ္စာတည်း၊ အဖဘက်မှပါလာသော ဥစ္စာသည် တခြားရှိသေး၏၊ အဘိုးအဘေးဘက်မှ ဆင်းသက်လာသော ဥစ္စာလည်း တခြားရှိသေး၏၊ ချစ်သားသုဒိန် လူထွက်၍ စည်းစိမ်တို့ကိုလည်း ခံစားရန် ကောင်းမှုတို့ကိုလည်း ပြုလုပ်ရန် ရခိုင်၏၊ ချစ်သားသုဒိန် လာလော့၊ လူထွက်၍ စည်းစိမ်တို့ကိုလည်း ခံစားလော့၊ ကောင်းမှုတို့ကိုလည်း ပြုလော့"ဟု ပြောဆိုပါသည်။

➢ **ထိုသို့ ပြောဆောအစ၊ အရှင်သုဒိန်က ပစင်အား ပြောဆိုပုံ**

"ဒါယကာ သို့ဖြစ်လျှင် သင်သည် ပိုက်ဆံလျှော်အိပ် ကြီးကြီးတို့ကို ချုပ်စေပြီးလျှင် ရွှေငွေ အပြည့်ထည့်၍ လှည်းတို့ဖြင့် ထုတ်ဆောင်ကာ ဂင်္ဂါမြစ်လယ် ရေအယဉ်၌ ပစ်ချလိုက်လော့၊ ထိုသို့ အဘယ့်ကြောင့် ပြုလုပ်စေရသနည်းဆိုသော် ဒါယကာ ထိုဥစ္စာ ရှိနေခြင်းဟူသော အကြောင်းကြောင့် သင့်အား ကြောက်ခြင်းသည်ငင်း, တုန်လှုပ်ခြင်းသည်ငင်း, ကြက်သီးမွေးညှင်းထခြင်းသည်ငင်း, စောင့်ရှောက်ရခြင်းသည်ငင်း ဖြစ်ရလိမ့်မည်၊ မရှိခဲ့မူ သင့်အား ထိုကြောက်ခြင်းစသော အန္တရာယ်သည် မဖြစ်နိုင်တော့ပြီ၊ ထို့ကြောင့် ပင် ဖြစ်သည်"ဟု ပြောဆိုပါသည်။

➢ **အရှင်သုဒိန်၏ မယားဖေဖောင်းက ဧစြတို့ကို့ဝ်၍ အရှင်သုဒိန်အား ဖမ်းပုံ**

"အရှင့်သား အကြင်နတ်သမီးတို့ကို ရလိုမူဟူသော အကြောင်းကြောင့် အရှင့်သားသည် မြတ်သောအကျင့်ကို ကျင့်၏၊ ထိုနတ်သမီးတို့ကား အဘယ်သို့ သဘောရှိပါသနည်း" ဟု မေးပါသည်။

➢ **ထိုသို့ ဖမ်းဆည်းဆောအစ၊ အရှင်သုဒိန်က ပြောပုံ** ။ ။ "နှမ ငါသည် နတ်သမီးဟူသော အကြောင်းကြောင့် မြတ်သော အကျင့်ကို ကျင့်သည် မဟုတ်ပါ"ဟု ပြောသည်။

➢ **အရှင်သုဒိန်က မယားဖေဖောင်းကို "နှမ"ဟု စစ်ဆေးဆည်းဆောအစ၊--**

အရှင်သုဒိန်၏ မယားဟောင်းသည် "ယနေ့မှစ၍ ငါ့ကို အရှင့်သားသုဒိန်သည် နှမဟူသော ခေါ်ဝေါ်ပြောဆိုခြင်းဖြင့် ခေါ်ဝေါ်ပြောဆိုနေသည်တကား"ဟု ဝမ်းနည်းပူဆွေးလျက် ထိုနေရာ၌ပင်လျှင် မိန်းမောတွေဝေ လည်းသွားပါသည်။

➢ **အရှင်သုဒိန် ဖမထုန်မှီဝဲခြင်းအကြောင်း** ။ ။ ပဌမပါရာဇိကကို မပညတ်ရသေးမီ မေထုန်မှီဝဲခြင်း၌ အပြစ်ကို မမြင်သောကြောင့်-- ဖြစ်ပါသည်။

➢ **အရှင်သုဒိန် မယားဖေဖောင်း၌ ဖမထုန်မှီဝဲဆည်းဆောတွက် ဘုမ္မနိုးနတ်များ ကြွေးကြော်ကြပုံ** ။ ။ "အချင်းတို့ ရဟန်းသံယာသည် ဒုဿီလ-ဟူသော အမြှုပ်မှ ကင်းပေစွတကား။ အပြစ်မှ ကင်းပေစွတကား။ ကလန္ဒသူဌေးသား သုဒိန်သည် ဒုဿီလ-ဟူသော အမြှုပ်ကို ဖြစ်စေခဲ့လေပြီ၊ အပြစ်ကို ဖြစ်စေခဲ့လေပြီ"ဟု ကြွေးကြော်ကြပါသည်။

http://www.dhammadownload.com

➤ **အဆင့်ဆင့် ကြွေးကြော်ကြေညာ နတ်ဗြဟ္မာများ ။ ။** ဘုမ္မဓိုးနတ်၊ စာတုမဟာရာဇ်နတ်၊ တာဝတိံသာနတ်၊ ယာမာနတ်၊တုသိတာနတ်၊ နိမ္မာနရတိနတ်၊ ပရိနိမ္မိတဝသဝတ္တိနတ်၊ ပြဟ္မာ အပေါင်း-တို့ ဖြစ်ပါသည်။

➤ **ကြွေးကြော်သံ ဧရာဇ်ဆည့် ဌာန ။ ။** တခဏချင်း တမုဟုတ်ချင်း ပြဟ္မာပြည် တိုင်အောင် ကြွေးကြော်သံသည် လွှမ်းမိုး၍ တက်ပါသည်။

➤ **ဓမ္မဇုန်မိုဓါဠီဓနာဂ် အရှင်သုဓိန်အား ကုဏ္ဍဿ ဝိမွဒိသာရ ဖြစ်ပုံ ။ ။** "ငါ့အား ဈာန်စသော ကျေးဇူးတရားကို မရလေစွတကား၊ ငါ့အား ရှင်ရဟန်းအဖြစ်ကို အရ မတော်လေစွ တကား၊ ငါသည် သာသနာတော်ကို မကောင်းသဖြင့် ရအပ်ပေစွတကား၊ ငါသည် သာသနာတော်ကို ကောင်းစွာရှေးရှု မဟုတ်လေစွတကား၊ အကြင်ငါသည် ဤသို့ ကောင်းစွာ ဟောတော်မူအပ်သော သာသနာတော်၌ ရဟန်းပြုပြီး၍ မြတ်သောအကျင့်ကို အသက်ထက်ဆုံး ပြည့်စုံ စင်ကြယ်စွာ ကျင့်ရန် မတတ်နိုင်ခဲ့ပေစွတကား"-ဟု ကုဏ္ဍဿ ဝိပွဒိသာရ (နောင်တ တဖန် ပူပန်ခြင်း) ဖြစ်ပါသည်။

➤ **ကုဏ္ဍဿဇရား နိဗ္ဗာန်စံခန္ဓရေဒသာ အရှင်သုဓိန်၏ ကိုယ်ဒီဇင်နှစ်မါးတို့ ဈေးငါး လဲ ဆွေးပုံ ။ ။** ဝိန်ကြုံသွားပါသည်၊ အသွေးအသားတို့ ခေါင်းပါးသွားပါသည်၊ ရုပ်အဆင်း ပျက်သွားပါသည်၊ ဖက်ရွက်လျော်ကဲ့သို့ ဖြောက်တော့သော အဆင်းရှိနေပါသည်၊ ကွန်ယက်ကို ဖြန့်ခင်းသကဲ့သို့ အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိသွားပါသည်၊ အတွင်းဆွေး ဆွေးသော စိတ်ရှိသည်ဖြစ်၍ တွန့်ဆုတ်သော စိတ်ရှိသည်ဖြစ်၍ ဆင်းရဲခြင်းရှိသည်ဖြစ်၍ စိတ်မကောင်း သည်ဖြစ်၍ နှလုံးမသာသည်ဖြစ်၍ မြိုင်တွေနေပါသည်။

➤ **ဓမ္မဇုန်မိုဓါဠီဒိုးဠ် မမြတ်ပုံ ဥပမာသုံးရပ်**

(၁) လျင်သော အဆိပ် ကြမ်းသောအဆိပ်ရှိသော မြွေ၏ ခံတွင်း၌ သင်၏ အင်္ဂါဇာတ်ကို ထည့်သွင်းရခြင်းသည် မြတ်သေး၏၊ မိန်းမ၏ အင်္ဂါဇာတ်၌ သင်၏ အင်္ဂါဇာတ် ကို ထည့်သွင်းရခြင်းသည်ကား မမြတ်သည်သာတည်း။

(၂) မြွေဟောက်၏ ခံတွင်း၌ သင်၏ အင်္ဂါဇာတ်ကို ထည့်သွင်းရခြင်းသည် မြတ်သေး၏၊ မိန်းမ၏ အင်္ဂါဇာတ်၌ သင်၏ အင်္ဂါဇာတ်ကို ထည့်သွင်းရခြင်းသည်ကား မမြတ်သည်သာတည်း။

(၃) ရဲရဲညီ၍ ထက်ဝန်းကျင် မီးတောက်မီလျှံ မီးရောင်နှင့်တကွဖြစ်သော မီးကိုးခဲ အစုအပုံ၌ သင်၏ အင်္ဂါဇာတ်ကို ထည့်သွင်းရခြင်းသည် မြတ်သေး၏၊ မိန်းမ၏ အင်္ဂါဇာတ် ၌ သင်၏ အင်္ဂါဇာတ်ကို ထည့်သွင်းရခြင်းသည်ကား မမြတ်သည်သာတည်း။

➤ **ဖြတ်စွာဆုရားဆည် အရှင်သုဓိန်ကို ဖျားနာစေသော အခကြောင်းဖြင့် တဲ့ရဲဖြစ်ဆင် ဈော်မူပြီးနောက် မိန့်တော်မူစေသော စကားရပ် ။ ။** ကိုယ်တိုင်ပြုစု မွေးမြူရန် ခက်ခဲခြင်း သူတပါးတို့က ပြုစုမွေးမြူရန် ခက်ခဲခြင်း, အလိုကြီးခြင်း, မရောင့်ရဲနိုင်ခြင်း, အပေါင်းအဖော်

http://www.dhammadownload.com

၌ မက်မောခြင်း, ပျင်းရိခြင်းတို့၏ ဓကျွးစူးမဲ့စကားကို မိန့်တော်မူပါသည်။

ကိုယ်တိုင်ပြုစု မွေးမြူလွယ်ခြင်း, သူတပါးတို့က ပြုစုမွေးမြူလွယ်ခြင်း, အလိုနည်းခြင်း, ရောင့်ရဲလွယ်ခြင်း, ကိလေသာကို ခေါင်းပါးစေခြင်း, ကိလေသာကို ခါထုတ်ခြင်း, ကြည်ညိုဖွယ်ရှိခြင်း, ကိလေသာကို မဆည်းပူးခြင်း, ဝိရိယဖြင့် အားထုတ်ခြင်းတို့၏ ဂုဏ်စကားစူးကို မိန့်တော်မူပါသည်။

➤ **ဧသ ဓာဇ္ဇဝေသေ-၌ ဧသ-ဓာဒ/ ဝိနည်းပညတ်ကြောင်း ၁၀-ပါး / သီကွာမှစ် မညတ်ရွှင်းဓာကြောင်း ၁၀-ပါး**

(၁) သံယာတော်၏ ကောင်းပါပြီဟု ဝန်ခံကျင့်သုံးရန်၊ (၂) သံယာတော်များ ချမ်းသာစေရန် (၃) အကျင့်သီလ ဖောက်ဖျက်သူတို့ကို ဒှိမ်နှင်းရန် (၄) အကျင့်သီလကို ချစ်မြတ်နိုးသော ရဟန်းတို့ ချမ်းသာစွာ နေနိုင်ရန် (၅) မျက်မှောက်၌ဖြစ်ကုန်သော ဆင်းရဲ အထူးတို့ကို စောင့်စည်းရန် (၆) နောင်ဖြစ်လတ္တံ့ကုန်သော ဆင်းရဲအထူးတို့ကို ပယ်ရှားရန် (၇) မကြည်ညိုသေးသောသူတို့ကို ကြည်ညိုစေရန် (၈) ကြည်ညိုပြီးသော သူတို့ကို တိုး၍ ကြည်ညိုစေရန် (၉) သူတော်ကောင်းတရား 'သာသနာသုံးရပ်' တည်တံ့ရန် (၁၀) ဝိနည်း 'စည်းမျဉ်းဥပဒေ'ကို ခိုးမြောက်ရန်-တို့ ဖြစ်ပါသည်။

ဓမ်း ။ ။ မြတ်စွာဘုရားသည် သိက္ခံ အပစ္စက္ခာယ ဒုဗ္ဘလံ့ အနာဝိကတွာ-ဟူ၍ ဖြည့်စွက်ပညတ်တော်မမူမီ ရှေးဦးစွာ ဝေသာလီမြို့သား ရဟန်းတို့၏ ပြစ်မှုနှင့် စပ်၍ ရဟန်း ပရိသတ်အား မည်သို့မည်ပုံ ဝိနိစ္ဆယကထာ မိန့်ကြားတော်မူသည်ကို ဖြေဆိုပါ။

ဓဖြေ ။ ။ ရဟန်းတို့ အကြင်ရဟန်းသည် သိက္ခာမချ အားနည်းမှုကို ထင်စွာ မပြုမူ၍ မေထုန်အကျင့်ကို မှီဝဲ၏၊ ထိုသူလာသော် ရဟန်းပဉ္စင်း ပြုမပေးရ၊ အကြင်ရဟန်း မူကား သိက္ခာချ၍ အားနည်းမှုကို ပြပြီး မေထုန်အကျင့်ကို မှီဝဲ၏၊ ထိုသူလာသော် ရဟန်း ပဉ္စင်း ပြုပေးရမည်-ဟု ဝိနိစ္ဆယကထာ မိန့်ကြားတော်မူပါသည်။

➤ **သီကွာ ဓစျာဘဲ ဓမေထုန်မှီဝဲပြီး ပဉ္စင်းဓဓပေးပါဟု လာဓသော ရဟန်း-- ထိုရဟန်းကို ပဉ္စင်းခံ မပေးရပါ။**

➤ **သီကွာဓျပြီးမှ ဓမေထုန်မှီဝဲပြီး ပဉ္စင်းဓဓပေးပါဟု လာဓသော ရဟန်း-- ထိုရဟန်းကို ပဉ္စင်းခံ ပေးရပါမည်။**

➤ **အီကျွ ဆဂျမ်/ရဟန်းဟု ဓစေါ်ခေါ်ခြင်း ၁၂-ပါး** ။ ။ (၁) အရိယာ သူတော်ကောင်းတို့၏ တောင်းခြင်းဖြင့် တောင်းတတ်သောကြောင့် ရဟန်း၊ (၂) ဆွမ်းခံခြင်းအကျင့်သို့ ကပ်ရောက်ဟတ်သောကြောင့် ရဟန်း (၃) ဆုတ်ဖြတ်ပြီးသော အဝတ်ကို ဝတ်ရုံတတ်သောကြောင့် ရဟန်း (၄) ရဟန်းဟု သမုတ်ခြင်းကြောင့် ရဟန်း (၅) ရဟန်းဟု ဝန်ခံခြင်းကြောင့် ရဟန်း (၆) ရဟန်း လာလော့'ဟော် အီကျွ'ဟူသော ဘုရားစကားတော်ဖြင့် ဖြစ်သောကြောင့် ရဟန်း (၇) သရဏဂုံသုံးပါးတို့ဖြင့် ပဉ္စင်းဖြစ်သောကြောင့် ရဟန်း (၈) ကောင်း

http://www.dhammadownload.com

သော သီလစသည်တို့နှင့်ပြည့်စုံကြောင့် ရဟန်း (၉) သီလ-စသော အနှစ်သာရရှိသောကြောင့် ရဟန်း (၁၀) သိက္ခာကို ကျင့်ဆဲဖြစ်သောကြောင့် ရဟန်း (၁၁) သိက္ခာကို ကျင့်ပြီး ဖြစ်သောကြောင့် ရဟန်း (၁၂) ညီညွတ်သော သံယာသည် 'ဥ တ်'လျှင် လေးကြိမ်မြောက်သော ကံဖြင့် မပျက်မကွက် မြတ်စွာဘုရား အဆုံးအမအား ထိုက်တန်စွာ ပဋိဉ်းဖြစ်စေအပ်သောကြောင့် ရဟန်း-တို့ ဖြစ်ပါသည်။

➤ **ပါဠိတော်က အရာ၌ အလို့ငှါစသော ရဟန်း** ။ ။ ညီညွတ်သော သံယာသည် 'ဥ တ်' လျှင် လေးကြိမ်မြောက်သော ကံဖြင့် မပျက်မကွက် မြတ်စွာဘုရား အဆုံးအမအား ထိုက်တန်စွာ ပဋိဉ်းဖြစ်စေအပ်သော ရဟန်းကို ယူရပါမည်။

➤ **ဇီဝသော သိက္ခာ-အရ/သိက္ခာသာဓိဝ သမာပဇ္ဇနာ-ဒ္ဝိ သိက္ခာအပြား** ။ ။ .

(၁) အဓိသီလသိက္ခာ (၂) အဓိစိတ္တသိက္ခာ (၃) အဓိပညာသိက္ခာ-တို့ ဖြစ်ပါသည်။

➤ **ဒ္ဝါဒ္ဝိ အလို့ငှါစသော သိက္ခာကား** - အဓိသီလသိက္ခာ ဖြစ်ပါသည်။

➤ **သာဓိဝ-အရ** ။ ။ မြတ်စွာဘုရား ပညတ်တော်မူအပ်သော သိက္ခာပုဒ်အပေါင်းကို ယူရပါမည်။

➤ **ဒုဗ္ဗလျာဝိကမ္မ ၂-မျိုး** ။ ။ (၁) အားနည်းမှုကို ထင်ရှားစွာပြုခြင်းသာဖြစ်၍ သိက္ခာ မကျခြင်း၊ (၂) အားနည်းမှုကို ထင်ရှားစွာ ပြုခြင်းလည်းဖြစ်၍ သိက္ခာကျခြင်း။

➤ **သိက္ခံ အဝဓ္ခာယ ဒုဗ္ဗလ္ယံ အနာဝိကတွာ-ဟူသော ပါဠိ၌--**

*** ဒုဗ္ဗလျာဝိကမ္မ-သာဖြစ်၍ သိက္ခာ ပစ္စက္ခာန မဖြစ်ခြင်းတား** -- ဤသာသနာတော်၌ ရဟန်းသည် ဆန့်ကျင်ပျင်းရိလျက် မပျော်ပိုက်သည်ဖြစ်၍ ရဟန်းအဖြစ်မှ ရွေ့လျောလိုရကား ရဟန်းအဖြစ်ကို ငြီးငွေ့သည်ဖြစ်၍ ရွက်နိုးသည်ဖြစ်၍ စက်ဆုပ်သည်ဖြစ်၍ လူ့အဖြစ်ကို တောင့်တလျက် ဥပါသကာအဖြစ် အရံစောင့်အဖြစ် သာမဏေအဖြစ် တိတ္ထိအဖြစ် တိတ္ထိ၏ တပည့်အဖြစ် ရဟန်းမဟုတ်သည်၏အဖြစ် သာကီဝင်မင်းသား ဘုရားအနွယ်တော် မဟုတ်သည်၏အဖြစ်ကို တောင့်တလျက် ငါသည် မြတ်စွာဘုရားကို စွန့်ပယ်ရမူ ကောင်းလိမ့်မည်ဟု ပြောခြင်း သဘောရှိခြင်းသည် ဒုဗ္ဗလျာဝိကမ္မ-သာဖြစ်၍ သိက္ခာ ပစ္စက္ခာန မဖြစ်ခြင်း ဖြစ်ပါသည်။

➤ **ဒုဗ္ဗလျာဝိကမ္မ-လည်းဖြစ် သိက္ခာ ပစ္စက္ခာနလည်း ဖြစ်စေခြင်းကား-** သာသနာတော်၌ ရဟန်းသည် ဆန့်ကျင်ပျင်းရိလျက် မပျော်ပိုက်သည်ဖြစ်၍ ရဟန်းအဖြစ်မှ ရွေ့လျောလိုရကား ရဟန်းအဖြစ်ကို ငြီးငွေ့သည်ဖြစ်၍ ရွက်နိုးသည်ဖြစ်၍ စက်ဆုပ်သည်ဖြစ်၍ လူ့အဖြစ်ကို တောင့်တလျက် ဥပါသကာအဖြစ် အရံစောင့်အဖြစ် သာမဏေအဖြစ် တိတ္ထိအဖြစ် တိတ္ထိ၏ တပည့်အဖြစ် ရဟန်းမဟုတ်သည်၏အဖြစ် သာကီဝင်မင်းသား ဘုရားအနွယ်တော် မဟုတ်သည်၏အဖြစ်ကို တောင့်တလျက် မြတ်စွာဘုရားကို စွန့်ပါ၏ဟု ပြောခြင်း သူတပါးကို သိစေခြင်းသည် ဒုဗ္ဗလျာဝိကမ္မ-လည်းဖြစ် သိက္ခာ ပစ္စက္ခာနလည်း

http://www.dhammadownload.com

ဖြစ်ပါသည်။

➢ **ဓမထုနဓမ္မ-ဓမထုန်အကျင့်ထူသည်** ။ ။ မသူတော်တို့၏ အကျင့်၊ ရပ်ရွာနေသူလူတို့၏ အကျင့်၊ သူယုတ်တို့၏အကျင့်၊ ရွှန့်ရင်းကြမ်းတမ်း၏၊ ရေဆေးခြင်းကိစ္စလျှင် အဆုံးရှိ၏၊ မမြင်ကွယ်ရာ၌ ပြုအပ်၏၊ အစုံ အစုံတွဲ၍ ပြုကျင့်ရ၏၊ ဤအကျင့်မျိုးကို "မေထုန်" အကျင့်ဟု ခေါ်ပါသည်။

ဓမ္မ ။ ။ အနည်းဆုံး အလျော့ပေါ့ဆုံး အနေအားဖြင့် မည်မျှလောက် **ပဋိစ္စသမုပ္ပါဒဓမ္မ**ကို **ဓမထုန်ဒိဗ္ဗဝဿည်**ဟု ဆိုနိုင်သည်ကို ပြည့်စုံလုံလောက်သော ဥပဒေသတရပ် ဖြစ် - အောင် ဖော်ပြပါ။ (၁၃၆၉-ခု မေး)

➢ **ပဋိစ္စသမုတိ (ဗိုဝိ၏)** ဟူသည် ။ ။ ရဟန်းသည် မိမိ၏ နိမိတ်ဖြင့် မိန်းမ၏ နိမိတ်သို့ မိမိ၏ အင်္ဂါဇာတ်ဖြင့် မိန်းမ၏ အင်္ဂါဇာတ်သို့ အယုတ်ဆုံးအားဖြင့် နှမ်းတလုံးမျှ ဝင်စေသော ရဟန်းမျိုးကို ပဋိသေဝတိ (ဗိုဝိသည်) ဟု ခေါ်ပါသည်။

➢ **ပထမပါရာဇိက ကျေသာရဟန်းစတွက် သိးသန့် အာဓေကတိက ဥပမာ**

ဦးခေါင်းပြတ်ပြီးသူသည် ထိုဦးခေါင်းနှင့် ခန္ဓာကိုယ်ကို ပြန်၍ ဆက်စပ်သော်လည်း အသက်ရှင်ဖို့ရာ မဖြစ်နိုင်သကဲ့သို့ ဖြစ်ပါသည်။ [ဤအတူ ရဟန်းသည် မေထုန်အကျင့်ကို မှီဝဲခြင်းကြောင့် ရဟန်းမဟုတ်တော့ပါ၊ သာကီဝင်မင်းသား ဘုရားအနွယ်တော် မဟုတ်တော့ပါ။]

➢ **အသံဝါသာ-ဠ္ဟ ဆံဝါသ-အရ / ဆံဝါသ-ဆန္ဒ်** ။ ။ (၁) ဒကကမ္မ-ပကတတ် ရဟန်းတို့ တပေါင်းတည်း ပြုထိုက်သော ကံ၊ (၂) ဒကဒ္ဓေသ-တပေါင်းတည်း ရွတ်ပြထိုက်သော ပါတိမောက္ခဒ္ဓေသ (၃) သမသိက္ခတာ-လက္ခိဟူသမျှတို့ အညီအမျှ ကျင့်ထိုက်သော သိက္ခာ-တို့ ဖြစ်ပါသည်။

➢ **အသံဝါသ အဓိဗျါဟ်** ။ ။ ဒကကမ္မ, ဒကဒ္ဓေသ, သမသိက္ခတာ-ဟူသော သံဝါသသည် ပါရာဇိက ကျပြီးသူ ရဟန်းနှင့်အတူ မရှိသောကြောင့် "အသံဝါသ" မည်ပါသည်။

➢ **ဣဇ္ဈတ္တိလိင် ထင်ရှားဖြစ်စပါ်လာစသော ရဟန်းအတွက် စွင့်ပြုချက်များ**

ရဟန်းမိန်းမတို့နှင့် ပေါင်းသင်းနေထိုင်ရန် ယောကျ်ားလက်ထက်ယူသော ဥပဇ္ဈာယ်, ယောကျ်ားလက်ထက် ခံအပ်သော ပဉ္စင်းအဖြစ်, ယောကျ်ားလက်ထက် ရေတွက်အပ်သော 'ဝါ'တို့ကိုသာ ခွင့်ပြုတော်မူပါသည်။ ရဟန်းမိန်းမတို့နှင့် သက်ဆိုင်သော ရဟန်းယောကျ်ားတို့၏ အာပတ်တို့ကို ရဟန်းမိန်းမတို့၏အထဲ၌ ကုစားခြင်းငှာ ခွင့်ပြုတော်မူပါသည်။ ရဟန်းမိန်းမတို့နှင့် မသက်ဆိုင်သော ရဟန်းယောကျ်ားတို့၏ အာပတ်တို့ဖြင့် အာပတ် မသင့်ပါ။

ဓမ္မ ။ ။ ပုရိသလိင် ထင်ရှားဖြစ်သော ဘိက္ခုနီမအား ဥပဇ္ဈာယ်၊ ဝါ၊ ပေါင်းဖော်ခြင်းတို့ကို အဘယ်ကဲ့သို့ ယူရမည်ကို ဖြေဆိုပါ။

http://www.dhammadownload.com

➤ **ပုရိသလိင် ဆင်ဂျားဖြစ်ဖေါ်လာစေသော ရဟန်းမိန်းဓေတွက် နွှဲပြုစ္ဖက်မှုး**

ရဟန်းယောကျ်ားတို့နှင့် ပေါင်းသင်းနေထိုင်ရန် မိန်းမလက်ထက်ယူသော ဥပဇ္ဈာယ်, မိန်းမလက်ထက် ခံအပ်သော ပဉ္စင်းအဖြစ်, မိန်းမလက်ထက် ရေတွက်အပ်သော 'ဝါ'တို့ကိုသာ ခွင့်ပြုတော်မူပါသည်။ (ယူရပါမည်။)

ရဟန်းယောကျ်ားတို့နှင့် သက်ဆိုင်သော ရဟန်းမိန်းမတို့၏ အာပတ်တို့ကို ရဟန်းယောကျ်ားတို့အထဲ၌ ကုစားခြင်းငှာ ခွင့်ပြုတော်မူပါသည်။ ရဟန်းယောကျ်ားတို့နှင့် မသက်ဆိုင်သော ရဟန်းမိန်းမတို့၏ အာပတ်တို့ဖြင့် အာပတ် မသင့်ပါ။

➤ **ဆင်းရဲဒုက်ခသို့သွားရာ ဦးစေခဲ်းဖြတ်ကို့ဖြင့်၍ ဆင်းသင်းဖွင့်စေသော ဝါးစပ်၌ အဂါ အင်္ဂါကို ဆွဲယ်းစေသော ရဟန်းတို့ထွင် -- နံပါးအစောက်ကို ထိစေလျက် အဂါဇာတ်ကို သွင်းသောကြောင့် ပါရာဇိကအာပတ် သင့်ပါသည်။**

နံပါး အစောက်ကို မထိစေမူ၍ အဂါဇာတ်ကို သွင်းသောကြောင့် ဒုက္ကဋ်အာပတ် သင့်ပါသည်။

➤ **ဥပဇ္ဈာယ်ဖြစ်ခြင်း (ကာယသမာစရျက်စသော) ရဟန်း၏ အကြောင်းဖြစ်ပုံ**

"ငါသည် ကောင်း -မကောင်းကို မခံစားနိုင်၊ ငါ့အား အာပတ်သင့်မည် မဟုတ်"ဟု ကြံကာ မေထုန်မှီဝဲလေသည်။ * ထိုရဟန်းအား ခံစားနိုင်သည်ဖြစ်စေ, **မခံစားနိုင်သည်ဖြစ်စေ** ပါရာဇိကအာပတ်သင့်၏ဟု မိန့်တော်မူ၏။

➤ **ပဌမ ဆိကွေဒ အာကာဒရေမိ အဝိဇာဝံ ကမ္မနိယံ ဓမ္မာဆိ-ဌ္ဌ ဝဋ္ဌ-ဆဗ္ဗ်**

➤ **အဂါအင် ဓာတုခ်ဆင်းနိုင်မခြင်းအကြောင်း ။ ။** (၁) ရာဂကြောင့်ငင်း (၂) ကျင်ကြီးကြောင့်ငင်း၊ (၃) ကျင်ငယ်ကြောင့်ငင်း၊ (၄) လေကြောင့်ငင်း၊ (၅) သုက်ပိုး 'ဥစ္စာလိင်္ဂပါဏ' ထိုးခြင်းကြောင့်ငင်း-ဤအကြောင်းငါးမျိုးကြောင့် အဂါဇာတ်သည် တောင့်တင်း ခိုင်မာပါသည်။

➤ **ဥပါလိမဟာထေရ်၏ ဓိနည်းအာဒုဋ္ဌ ဓာတုရဇသော အဆုံးအဖြတ် ။ ။** တရံရောအခါ ဘာရုကစ္ဆကသင်္ဘောဆိပ်နေ ရဟန်းတစ်ပါးသည် အိပ်မက်ထည်း၌ မယားဟောင်းအား မေထုန်အကျင့်ကို မှီဝဲ၍ ငါသည် ရဟန်းမဟုတ်တော့ပြီ၊ လူထွက်တော့အံ့ဟု ဘာရုကစ္ဆကသင်္ဘောဆိပ်သို့ သွားလတ်သော် လမ်းခရီးအကြား၌ အရှင်ဥပါလိနှင့်တွေ့၍ ဤအကြောင်းကို လျှောက်ထား၏၊ အရှင်ဥပါလိ-က ငါ့ရှင့် အိပ်မက်ဖြင့် အာပတ် မသင့်မိန့်တော်မူပါသည်။

➤ **သာဓကဖြစ်ပြုစုခန် သဒ္ဓါ ဥပါသိကာမ-၏ မှုဓမ္မသန္ဓ ဖြစ်ပုံ/**

➤ **သုပဗ္ဗာ ဥပါသိကာမ၏ မှုဓမ္မသန္ဓဖြစ်ပုံ ။ ။** [တရံရောအခါ ရာဇဂြိုဟ်မြို့၌ သုပဗ္ဗာခေါ် ဥပါသိကာမသည် အကျိုးမရှိသည်၌ ကြည်ညိုတတ်၏။] ထိုဥပါသိကာမသည် "မေထုန်အကျင့်ကို လှူသော မိန်းမသည် မြတ်သောအလှူကို ပေးလှူသည်မည်၏"

http://www.dhammadownload.com

ဟု အယူရှိပါသည်။ ဤကား သုပဂ္ဂာ (သဒ္ဒါ) ဥပါသိကာမ၏ မုခပွသန္ခ ဖြစ်ပုံတည်း။

➢ ထို့ခပွသန္ခကြောင့် ရဟန်းအား သံယာဒိသေသ်အာပတ်သင့်ရပုံ

ထို ဥပါသိကာမသည် ရဟန်းကို မြင်၍ "အရှင်ဘုရား ကြွလာတော်မူပါ၊ မေထုန်အကျင့်ကို မှီဝဲတော်မူပါ"ဟု လျှောက်ထား၏၊ နှမ မသင့်တော်၊ ဤကိစ္စသည် မအပ်စပ်"ဟု ပြောဆို၏။ အရှင်ဘုရား ကြွလာတော်မူပါ၊ ပေါင်းကြား၌ ခွေဆော် အားထုတ်တော်မူပါ၊ ဤသို့ပြုလျှင် အရှင်ဘုရားအား အာပတ်သင့်မည် မဟုတ်ပါ၊ ချက်၌/ဝမ်းပျဉ်း၌/ချိုင်းကြား၌/လည်း၌/နားပေါက်၌/ဆံထုံးခွေ၌/လက်ချောင်းကြား၌ ခွေဆော် အားထုတ်တော်မူပါ၊ အရှင်ဘုရား ကြွလာတော်မူပါ၊ လက်ဖြင့် လှုံ့လျှဲပြု၍ သုက်လွတ်စေပါမည်၊ ဤသို့ပြုလျှင် အရှင်ဘုရားအား အာပတ်သင့်မည် မဟုတ်ပါဟု လျှောက်၏၊ ထိုရဟန်းသည် ထိုဥပါသိကာမ ဆိုတိုင်းပြု၏၊ ထိုရဟန်းအား ပါရာဇိက အာပတ် မသင့်ဘဲ သံယာဒိသေသ်အာပတ် သင့်ရပါသည်။

နုတိယပါရာဇိကာ သိက္ခာပုဒ်

➢ အရှင်ခနိယသည် ရွာသို့ ဆွမ်းခံကြွစဉ် မြက်ရိပ်သူ ထင်းခွေသူတို့တ မြက်မိုးကျောင်းငယ်ကို ဖျက်ပြီးလျှင် မြက်နှင့် သစ်သားတို့ကို ယူ၍ သွားကြသည့်အခါ စကြဲ ဖြစ်ခဲ့ ။ ။ "ငါသည် ရွာသို့ ဝင်၍ ဆွမ်းခံသွားစဉ် သုံးကြိမ်တိုင်အောင်ပင် မြက်ရိပ်သူ ထင်းခွေသူတို့သည် မြက်မိုးကျောင်းငယ်ကို ဖျက်ပြီးလျှင် မြက်နှင့် သစ်သားတို့ကို ယူ၍ သွားကုန်၏၊ ငါသည်ကား မိမိ ဆရာ့အတတ်ဖြစ်သော အိုးထိန်သည်အလုပ်၌ ကောင်းစွာ သင်ကြားထားသူ မယုတ်လျော့သူ အပြည့်အစုံတတ်သူ စင်ကြယ်စွာ တတ်သူဖြစ်၏၊ ငါသည် ကိုယ်တိုင် ခွဲကို နယ်၍ အလုံးစုံ မြေညက်ဖြင့်ပြီးသော ကျောင်းငယ်ကို ပြုရမူ ကောင်းလိမ့်မည်"ဟု အကြံဖြစ်ပါသည်။

*** ထို့ကျောင်းသေးသည်** အလွန်လှပသည်၊ ရှုဖွယ်ကောင်းသည်၊ ကြည်နူးဖွယ်ကောင်းသည်၊ နီရဲသော အဆင်းရှိသည်၊ သိကြားကွမ်းသွေးကောင်(မိုးတွင်းအခါ၌ မြေမှထွက်တတ်သော ကတ္တိပါနီကဲ့သို့ အဆင်းရှိသော ပိုးကောင်) နှင့်တူပါသည်၊ ထိုကျောင်းငယ်၏ အသံသည် ဆည်းလည်းသံနှင့် တူပါသည်။

➢ ထို့ကျောင်းနှင့် ပတ်သက်၍ ရဟန်းတို့ကို မြတ်စွာဘုရား မိန့်တော်မူစသော စကား

(၁) ရဟန်းတို့ ထိုမဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော ယောကျ်ားအား မလျော်ပတ်၊ မလျော်ကန်၊ မသင့်တင့်၊ ရဟန်းတို့ အပြူအမူ မဟုတ်၊ မအပ်၊ မပြုသင့်။

(၂) ရဟန်းတို့ ထိုမဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော ယောကျ်ားသည် အဘယ့်ကြောင့် အလုံးစုံ မြေညက်ဖြင့်ပြီးသော ကျောင်းငယ်ကို ပြုလေဘိသနည်း။

(၃) ရဟန်းတို့ ထိုမဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော ယောကျ်ားအား သတ္တဝါတို့၌

http://www.dhammadownload.com

အစဉ်စောင့်ရှောက်ခြင်း အစဉ်သနားခြင်း မညှဉ်းဆဲလိုခြင်းသည် အဘယ့်ကြောင့် မဖြစ်လေဘိသနည်း။

(၄) ရဟန်းတို့ သွားကြကုန်လော့၊ ထိုကျောင်းငယ်ကို ဖျက်ဆီးကြကုန်လော့၊ နောင်လာ နောက်သားများသည် သတ္တဝါများအပေါ်၌ ညှဉ်းဆဲနှိပ်စက်ခြင်းကို မရောက်စေလင့်။ (၅) ရဟန်းတို့ အလုံးစုံမြေညက်ဖြင့်ပြီးသော ကျောင်းငယ်ကို မပြုလုပ်အပ်၊ ပြုလုပ်ကုန်သော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏-ဟု မိန့်တော်မူပါသည်။

➤ **ဂါမ-ဆရွမ် ။ ။** အိမ်တလုံးရှိသော ရွာ၊ အိမ်နှစ်လုံးရှိသော ရွာ၊ အိမ်သုံးလုံးရှိသော ရွာ၊ အိမ်လေးလုံးရှိသော ရွာ၊ လူရှိသော ရွာ၊လူ မရှိသောရွာ၊ အကာအရံရှိသော ရွာ၊ အကာအရံ မရှိသော ရွာ၊ ရွာတို့၏ နေရာကဲ့သို့ တည်နေသောရွာ၊ ကုန်သည်စုလေးလထက်အလွန် တည်နေသောရွာ-တို့ ဖြစ်ပါသည်။

➤ **ဂါမူပစာရ (ရွာ၏ ဥပစာ)** ဟူသည် ။ ။ အကာအရံရှိလျှင် ရွာ၏ တံခါးခုံ၌ တည်သော အား,အလယ်အလတ်ရှိသော ယောက်ျား၏ ခဲတကျ'ခဲတပစ်' ဖြစ်ပါသည်။

အကာအရံ မရှိလျှင် ရွာ၏ အိမ်ဥပစာ၌ တည်သော အား,အလယ်အလတ်ရှိသော ယောက်ျား၏ ခဲတကျ 'ခဲတပစ်' ဖြစ်ပါသည်။

➤ **အရညေ(တော)** ဟူသည် ။ ။ ရွာ ရွာ၏ ဥပစာကို ချန်လှပ်၍ ကြွင်းကျန်သော အရပ်သည် "အရည" မည်ပါသည်။

➤ **အဒိန္နံ မည်ပုံ ။ ။** မပေးအပ် မလွတ်အပ် မစွန့်အပ် စောင့်ရှောက်အပ် လုံခြုံစေအပ် ငှါဟာဟု မြတ်နိုးအပ် သူတစ်ပါးသိမ်းဆည်းအပ်သော ဥစ္စာသည် "အဒိန္နံ"မည်ပါသည်။

➤ **ထေယျသံဓိဇ-ဟူဆည် ။ ။** ခိုးလိုသော စိတ်ရှိခြင်း, ဝှက်လိုသော စိတ်ရှိခြင်း ပင် ဖြစ်ပါသည်။

➤ **အာဒိစ္စယဿ/အာဒိယမာန-ဟူသည် ။ ။** ယူခြင်း ဆောင်ယူခြင်း ဝှက်ခြင်း လျှိုဝှက်ခြင်း နေရာမှရွေ့စေခြင်း အချိန်းအချက်ကို လွန်စေခြင်း ဖြစ်သည်။

➤ **ယဓာဗလ/ထဓာဗလ အရ ။ ။** တမတ်, တမတ်တန် ဥစ္စာ, တမတ်ထက် အပို အလွန် ဥစ္စာတို့ ဖြစ်ပါသည်။

➤ **ရာဇာနော ဧဇာရံ ဂဇေတွာ-ဆို ရာဇာနော-ဆရွမ် ။ ။** ပထဗျာရာဇာ-မြေအပြင်ကို အစိုးရသော ဧကရာဇ်မင်း, စက္ကြာမင်းပဒေသရာဇာ-တတိုင်းတရပ်ကို အုပ်စိုးရသော ပဒေသရာဇ်မင်း၊မဏ္ဍလိကာရာဇာ-တတိုင်းတရပ်တွင် တဝန်း တလျားကို အစိုးရသောမင်း၊ အဇ္ဈရဘောဂိကာရာဇာ-တိုင်းကျပ်ရွာစားမင်း။အကွဒဿာရာဇာ-တရားသူကြီးမင်း၊ မဟာမတ္တာရာဇာ-အမတ်၊ ဌာနန္တရိယို့ ရောက်ကုန်သော သူတို့သည် ဖြင့်ခြင်း ခွဲခြင်းကို ပြုကုန်သည်ဖြစ်၍ ဆုံးမကုန်၏ ထိုအလုံးစုံသော သူတို့သည် မင်းမည်ပါသည်။

➤ **ဤ၌ခဲ့ အလို့ဂိုအပ်စသော မင်းကား -**ပဒေသရာဇာဖြစ်သော ဗိမ္ဗိသာရမင်း ဖြစ်

http://www.dhammadownload.com

ပါသည်။

➢ **စောရ (နိုးသူ)ဟူသည် /စောရ-အရ ။ ။** ငါးပဲ ငါးပဲထက် အလွန်ထိုက်တန်သော ဥစ္စာကို ဥစ္စာရှင်က ကိုယ်နှုတ်ဖြင့် မပေးဘဲ နိုးလိုသော စိတ်အစုဖြင့် ယူသူကို "စောရ"ဟု ခေါ်ပါသည်။

➢. **ဆေနမယ္ဆုံ၀ါ-ဟူသည် ။ ။** လက် ခြေ နှင်တံ ကြိမ်လုံး တုတ်တို့ဖြင့်သော်၎င်း, ဖြတ်ခြင်းဖြင့်သော်၎င်း သတ်ခြင်းပင် ဖြစ်ပါသည်။

➢ **ဗေန္ဓမယ္ဆုံ ၀ါ-ဟူသည် ။ ။** ကြိုးဖြင့်တုတ်ခြင်း ထိတ်ခတ်ခြင်း သံခြေကျင်းခတ်ခြင်း နှောင်အိမ်သွင်းခြင်း ဖြို့ချုပ် ချုပ်နှောင်ခြင်း ရွာချုပ် ချုပ်နှောင်ခြင်း နိဝုံးချုပ် ချုပ်နှောင်ခြင်းတို့ဖြင့် ချုပ်နှောင် ဖွဲ့ထားခြင်း လူအစောင့်ကိုသော်လည်း ထားခြင်းတို့ ဖြစ်ပါသည်။

➢ **ပဒ္ဓာဇေယ္ဆုံ-ဟူသည် ။ ။** ရွာမှသော်၎င်း, နိဝုံးမှသော်၎င်း, ဖြို့မှသော်၎င်း, နိုင်ငံတော်မှသော်၎င်း, နိုင်ငံတော် တစိတ်တဒေသမှသော်၎င်း နှင်ထုတ်ခြင်းပင် ဖြစ်သည်။

➢ **ဒုဇီယ ပါရာဇိက အာပတ်ဆန့်ရောက်ပုံနှင့် ထီးဆန့် အာဒေဿိက ဥဝဟာ**

အညာမှ ကြွေကျသော သစ်ရွက်သည် မစိမ်းစိုနိုင်တော့သကဲ့သို့ ဖြစ်ပါသည်။

ဤအတူ ရဟန်းသည် တမတ်ကိုသော်၎င်း တမတ်တန် ဥစ္စာကိုသော်၎င်း တမတ်ထက် အပိုအလွန်ဥစ္စာကိုသော်၎င်း ဥစ္စာရှင်သည် ကိုယ်နှုတ်ဖြင့် မပေးဘဲ နိုးလိုသော စိတ်အစုဖြင့် ယူမိသောကြောင့် ရဟန်းမဟုတ်တော့ပါ။ သာကီဝင်မင်းသား ဘုရားအနွယ်တော် မဟုတ်တော့ပါ။

➢ **ဆလဋ္ဌဘဏ္ဍာ-ဟူသည် ။ ။** ကြည်းၭိ ချထားအပ်သော ဥစ္စာ ဖြစ်ပါသည်။

[**အာပတ်ဆန့်ပုံ**] ကြည်းၭိတည်သော ဥစ္စာကို နိုးအုံ-ဟု နိုးလိုသော စိတ်ရှိသည်ဖြစ်၍ အဖော်ကိုသော်လည်း ရှာအုံ၊ သွားမူလည်း သွားအုံ၊ ဒုက္ကဋ်အာပတ် သင့်ပါသည်။ သုံးသပ်လျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်။ လှုပ်စေလျှင် ထုလွှစွဲဥးအာပတ် သင့်ပါသည်။ နေရာမှ ရွှေ့စေလျှင် ပါရာဇိကအာပတ် သင့်ပါသည်။

➢ **အာကာသဋ္ဌဘဏ္ဍာ-ဟူသည် ။ ။** ကောင်းကင်သို့ ရောက်သော ဥစ္စာဖြစ်ပါသည်။

ဥဒေါင်းသည်၎င်း, ချိုးသည်၎င်း, ခါသည်၎င်း, ငုံးသည်၎င်း, အဝတ်ပုဆိုးသည်၎င်း, ခေါင်းပေါင်းသည်၎င်း, ငွေသည်၎င်း, ရွှေသည်၎င်း ပြတ်၍ ကျ၏။

[**အာပတ်ဆန့်ပုံ**] "ကောင်းကင်၌တည်သော ဥစ္စာကို နိုးအုံ"ဟု နိုးလိုသော စိတ်ရှိသည်ဖြစ်၍ အဖော်ကိုသော်လည်း ရှာအုံ၊ သွားမူလည်း သွားအုံ၊ ဒုက္ကဋ်အာပတ် သင့်ပါသည်။ သွားခြင်းကို ဖြတ်လျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်။ သုံးသပ်လျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်။ လှုပ်စေလျှင် ထုလွှစွဲဥးအာပတ် သင့်ပါသည်။ နေရာမှ ရွှေ့စေလျှင် ပါရာဇိကအာပတ် သင့်ပါသည်။

http://www.dhammadownload.com

➢ **ဓေဟာသဒ္ဓေဆဏ္ဏာ–ဟူသည်** ။ ။ ဟင်းလင်ပြင်၌ ထားသော ဥစ္စာ ဖြစ်ပါသည်။

ညောင်စောင်း(ခရင်)၌သော်၎င်း, အင်းပျဉ် 'ခုံရှည်'၌သော်၎င်း, သင်္ကန်း၌သော်၎င်း, သင်္ကန်းကြိုး၌သော်၎င်း, နံရံချိတ်၌သော်၎င်း, ဆင်စွယ်ကောက်၌သော်၎င်း, သစ်ပင်၌သော်၎င်း, ဆွဲချိတ်ထား၏၊ အယုတ်သဖြင့် သပိတ်ခြေ၌သော်လည်း ဆွဲချိတ်ထား၏၊

[**အာပတ်ဆန့်ပုံ**] "ဟင်းလင်းပြင်၌တည်သော ဥစ္စာကို ခိုးအံ့" ဟု ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ အဖော်ကိုသော်လည်း ရှာအံ့၊ သွားမူလည်း သွားအံ့၊ ဒုက္ကဋ်အာပတ် သင့်ပါသည်။ သုံးသပ်လျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်။ လှုပ်စေလျှင် ထုလွှစွဉ်းအာပတ် သင့်ပါသည်။ နေရာမှ ရွှေ့စေလျှင် ပါရာဇိကအာပတ် သင့်ပါသည်။

➢ **ဥဒကဒ္ဓေဆဏ္ဏာ–ဟူဆည်** ။ ။ ရေ၌ဆွထားအပ်သော ဥစ္စာဖြစ်ပါသည်။

[**အာပတ်ဆန့်ပုံ**] "ရေ၌တည်သော ဥစ္စာကို ခိုးအံ့"ဟု ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ အဖော်ကိုသော်လည်း ရှာအံ့၊ သွားမူလည်း သွားအံ့၊ ဒုက္ကဋ်အာပတ် သင့်ပါသည်။ ငုပ်မူလည်း ငုပ်အံ့၊ ပေါ်မူလည်း ပေါ်အံ့၊ ဒုက္ကဋ်အာပတ် သင့်ပါသည်။ သုံးသပ်လျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်။ လှုပ်စေလျှင် ထုလွှစွဉ်းအာပတ် သင့်ပါသည်။ နေရာမှ ရွှေ့စေလျှင် ပါရာဇိကအာပတ် သင့်ပါသည်။

ထိုရေ၌ ပေါက်ရောက်ဖြစ်ပေါ်သော ငါးပဲ ငါးပဲထက် အလွန်ထိုက်တန်သော ဥပွလကြာကိုသော်၎င်း ပဒုမ္မာကြာကိုသော်၎င်း ပုဏ္ဏရိက်ကြာကိုသော်၎င်း ကြာစွယ်ကိုသော်၎င်း ငါးကိုသော်၎င်း လိပ်ကိုသော်၎င်း ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ သုံးသပ်လျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်။ လှုပ်စေလျှင် ထုလွှစွဉ်းအာပတ် သင့်ပါသည်။ နေရာမှ ရွှေ့စေလျှင် ပါရာဇိကအာပတ် သင့်ပါသည်။

➢ **နာဝါ မည်ပုံ** ။ ။ တဘက်ကမ်းသို့ ကူးကြောင်းဖြစ်သော ဝတ္ထုသည် "နာဝါ' မည်ပါသည်။

➢ **နာဝဒ္ဓေဆဏ္ဏာဟူဆည်** ။ ။ လှေ၌ထားအပ်သော ဥစ္စာ ဖြစ်ပါသည်။

[**အာပတ်ဆန့်ပုံ**] "လှေ၌တည်သော ဥစ္စာကို ခိုးအံ့"ဟု ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ အဖော်ကိုသော်လည်း ရှာအံ့၊ သွားမူလည်း သွားအံ့၊ ဒုက္ကဋ်အာပတ် သင့်ပါသည်။သုံးသပ်လျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်။ လှုပ်စေလျှင် ထုလွှစွဉ်းအာပတ် သင့်ပါသည်။ နေရာမှ ရွှေ့စေလျှင် ပါရာဇိကအာပတ် သင့်ပါသည်။

"လှေကို ခိုးအံ့"ဟု ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ အဖော်ကိုသော်လည်း ရှာအံ့၊ သွားမူလည်း သွားအံ့၊ ဒုက္ကဋ်အာပတ် သင့်ပါသည်။သုံးသပ်လျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်။ လှုပ်စေလျှင် ထုလွှစွဉ်းအာပတ် သင့်ပါသည်။လှေဖွဲ့ကြိုးကို ဖြေလျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်။လှေဖွဲ့ကြိုးကိုဖြေ၍ သုံးသပ်လျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်။ လှုပ်စေလျှင် ထုလွှစွဉ်းအာပတ် သင့်ပါသည်။ အထက်'အညာ'သို့သော်၎င်း အောက်'အကြေ'သို့သော်

http://www.dhammadownload.com

ဂုဏ်း ဖိလာသို့သော်ဂုဏ်း အယုတ်သဖြင့် ဆဲခြည်တဖျားမျှ ပြောင်းရွေ့လျှင် ပါရာဇိက။

➤ **ဆာနု-ဆန္ဒမ်** ။ ။ဝယ်-ပေါင်းချုပ်၊ ရထ-ရထား၊ သကဋ-လှည်း၊ သန္ဓမာနိကာ-သဲလျင်း-တို့ ဖြစ်ပါသည်။

➤ **ယာနဒုဗ္ဗဇ္ဇာ-ဟူဆည်** ။ ။ ယာဉ်၌ထားအပ်သော ဥစ္စာ ဖြစ်ပါသည်။

"ယာဉ်၌တည်သော ဥစ္စာကို ခိုးအံ့"ဟု ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ အဖော်ကို သော်လည်း ရှာအံ့၊ သွားမူလည်း သွားအံ့၊ ဒုက္ကဋ်အာပတ် သင့်ပါသည်။ သုံးသပ်လျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်။ လှုပ်စေလျှင် ထုလွှစွဲဉ်းအာပတ် သင့်ပါသည်။ နေရာမှ ရွှေ့စေလျှင် ပါရာဇိကအာပတ် သင့်ပါသည်။

"ယာဉ်ကို ခိုးအံ့"ဟု ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ အဖော်ကို သော်လည်း ရှာအံ့၊ သွားမူလည်း သွားအံ့၊ ဒုက္ကဋ်အာပတ် သင့်ပါသည်။ သုံးသပ်လျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်။ လှုပ်စေလျှင် ထုလွှစွဲဉ်းအာပတ် သင့်ပါသည်။ နေရာမှ ရွှေ့စေလျှင် ပါရာဇိကအာပတ် သင့်ပါသည်။

➤ **အာရု-ဆန္ဓမ်** ။ ။ သီသဘာရ-ဦးခေါင်းဝန်၊ ခန္ဓဘာရ-ပခုံးဝန်၊ ကဋိဘာရ-ခါးဝန်၊ ဩလမ္ဗက-လက်ဆွဲဝန်-တို့ ဖြစ်ပါသည်။

➤ **ဘာရဿ ဆဏ္ဍာ** ။ ။ ဦးခေါင်း၌တည်သော ဝန်ကို ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ သုံးသပ်လျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်။ လှုပ်စေလျှင် ထုလွှစွဲဉ်းအာပတ် သင့်ပါသည်။ ပခုံးသို့ ချလျှင် ပါရာဇိကအာပတ် သင့်ပါသည်။

ပခုံး၌တည်သော ဝန်ကို ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ သုံးသပ်လျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်။ လှုပ်စေလျှင် ထုလွှစွဲဉ်းအာပတ် သင့်ပါသည်။ ခါးသို့ ချလျှင် ပါရာဇိကအာပတ် သင့်ပါသည်။

ခါး၌တည်သော ဝန်ကို ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ သုံးသပ်လျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်။ လှုပ်စေလျှင် ထုလွှစွဲဉ်းအာပတ် သင့်ပါသည်။ လက်ဖြင့်ယူလျှင် ပါရာဇိကအာပတ် သင့်ပါသည်။

လက်ဆွဲဝန်ကို ခိုးလိုသော် စိတ်ရှိသည်ဖြစ်၍ မြေ၌ချလျှင် ပါရာဇိကအာပတ် သင့်ပါသည်။ ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ မြေမှကောက်ယူလျှင် ပါရာဇိကအာပတ်။

➤ **အာရာမ-ဆန္ဓမ်** ။ ။ ပုပ္ပါရာမ-ပန်းအရံ၊ ဖလာရာမ-သစ်သီးအရံတို့ ဖြစ်သည်။

➤ **အာရာမဋ္ဌံ ဒါမ ဆဏ္ဍံ အာရာမဿ စတ္ထာယ ဌာနာဓိ-ဋ္ဌံ စတု-ဆန္ဓမ်**

ဘူမဋ္ဌ၊ ထလဋ္ဌ၊ အာကာသဋ္ဌ၊ ဝေဟာသဋ္ဌ-တို့ ဖြစ်ပါသည်။

➤ **အာရာမဋ္ဌဆဏ္ဍာ-ဟူသည်** ။ ။ အရံ၌ မြေ၊ ကြည်းကုန်း၊ ကောင်းကင်၊ ဟင်းလင်းပြင် ဟူသော လေးဌာနတို့ဖြင့် ထားအပ်သော ဥစ္စာတို့ ဖြစ်ပါသည်။

"အရံ၌တည်သော ဥစ္စာကိုခိုးအံ့"ဟု ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ အဖော်ကိုသော်

http://www.dhammadownload.com

လည်း ရှာအံ့၊ သွားမူလည်း သွားအံ့၊ ဒုက္ကဋ်အာပတ် သင့်ပါသည်။ သုံးသပ်လျှင် ဒုက္ကဋ် အာပတ် သင့်ပါသည်။ လှုပ်စေလျှင် ထုလ္လစ္စဉ်းအာပတ် သင့်ပါသည်။ နေရာမှ ရွှေ့စေလျှင် ပါရာဇိကအာပတ် သင့်ပါသည်။

ထိုအရဏ်၌ ပေါက်ရောက်ဖြစ်ပေါ်သော ငါးပဲ ငါးပဲထက် အလွန်ထိုက်တန်သော အဖြစ်ကိုသော်၎င်း, အခေါက်အခွံကိုသော်၎င်း, အရွက်ကိုသော်၎င်း, အပွင့်ကိုသော်၎င်း, အသီးကိုသော်၎င်း ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ သုံးသပ်လျှင် ဒုက္ကဋ် အာပတ် သင့်ပါသည်။ လှုပ်စေလျှင် ထုလ္လစ္စဉ်းအာပတ် သင့်ပါသည်။ နေရာမှ ရွှေ့စေလျှင် ပါရာဇိကအာပတ် သင့်ပါသည်။

အရဏ်ကို ရလိုမူဖြင့် တရားစွဲလျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်။ ဥစ္စာရှင်အား ယုံမှားစေလျှင် ထုလ္လစ္စဉ်းအာပတ် သင့်ပါသည်။ ဥစ္စာရှင်သည် "ငါမရတော့ပြီ"ဟု ဝန်ချလျှင် ပါရာဇိကအာပတ် သင့်ပါသည်။ တရားဖြစ်၍ ဥစ္စာရှင်ကို ရှုံးစေလျှင် ပါရာဇိကအာပတ် သင့်ပါသည်။ တရားဖြစ်၍ မိမိရှုံးလျှင် ထုလ္လစ္စဉ်းအာပတ် သင့်ပါသည်။

➢ **ဓိဘာရဒ္ဓဘဏ္ဍာ–ဖူသဇ္ဇ်** ။ ။ ကျောင်း၌ မြေ, ကြည်းကုန်း, ကောင်းကင်, ဟင်းလင်းပြင် ဟူသော လေးဌာနတို့ဖြင့် ထားအပ်သော ဥစ္စာတို့ ဖြစ်ပါသည်။

"ကျောင်း၌တည်သော ဥစ္စာကို ခိုးအံ့"ဟု ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ အဖော်ကိုသော်လည်း ရှာအံ့၊ သွားမူလည်း သွားအံ့၊ ဒုက္ကဋ်အာပတ် သင့်ပါသည်။သုံးသပ်လျှင် ဒုက္ကဋ် အာပတ် သင့်ပါသည်။ လှုပ်စေလျှင် ထုလ္လစ္စဉ်းအာပတ် သင့်ပါသည်။ နေရာမှ ရွှေ့စေလျှင် ပါရာဇိကအာပတ် သင့်ပါသည်။

ကျောင်းကို ရလိုမူဖြင့် တရားစွဲလျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်။ ဥစ္စာရှင်အား ယုံမှားစေလျှင် ထုလ္လစ္စဉ်းအာပတ် သင့်ပါသည်။ ဥစ္စာရှင်သည် "ငါမရတော့ပြီ"ဟု ဝန်ချလျှင် ပါရာဇိကအာပတ် သင့်ပါသည်။ တရားဖြစ်၍ ဥစ္စာရှင်ကို ရှုံးစေလျှင် ပါရာဇိကအာပတ် သင့်ပါသည်။ တရားဖြစ်၍ မိမိရှုံးလျှင် ထုလ္လစ္စဉ်းအာပတ် သင့်ပါသည်။

➢ **ဓေဋ္ဌ မဥ်ဒံ့** ။ ။ ကောက်ပဲသီးနှံ ပေါက်ရောက်ဖြစ်ပေါ်ရာ အရပ်သည် ခေတ္တမည်ပါသည်။

➢ **ဓေဋ္ဌဒ္ဓဘဏ္ဍာ–ဖူသဇ္ဇ်** ။ ။ လယ်၌ မြေ, ကြည်းကုန်း, ကောင်းကင်, ဟင်းလင်းပြင် ဟူသော လေးဌာနတို့ဖြင့် ထားအပ်သော ဥစ္စာတို့ ဖြစ်ပါသည်။

[**အာပတ်သင့်ပုံ**] "လယ်၌တည်သော ဥစ္စာကို ခိုးအံ့"ဟု ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ အဖော်ကိုသော်လည်း ရှာအံ့၊ သွားမူလည်း သွားအံ့၊ ဒုက္ကဋ်အာပတ် သင့်ပါသည်။ သုံးသပ်လျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်။ လှုပ်စေလျှင် ထုလ္လစ္စဉ်းအာပတ် သင့်ပါသည်။ နေရာမှ ရွှေ့စေလျှင် ပါရာဇိကအာပတ် သင့်ပါသည်။

ထိုလယ်၌ ပေါက်ရောက်သော ငါးပဲ ငါးပဲထက် အလွန်ထိုက်တန်သော ကောက်ပဲ

http://www.dhammadownload.com

သီးနှံကို ခိုးလိုသော စိတ်ရှိသည်ဖြစ်၍သုံးသပ်လျှင် ဒုက္ကဋ် အာပတ် သင့်ပါသည်။ လူပ်စေလျှင် ထူလွှစွဉ်းအာပတ် သင့်ပါသည်။ နေရာမှ ရွှေ့စေလျှင် ပါရာဇိကအာပတ် သင့်သည်။

လယ်ကို ရလိုမှုဖြင့် တရားစွဲလျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်။ ဥစ္စာရှင်အား ယုံမှားစေလျှင် ထူလွှစွဉ်းအာပတ် သင့်ပါသည်။ ဥစ္စာရှင်သည် "ငါမရတော့ပြီ"ဟု ဝန်ခံလျှင် ပါရာဇိကအာပတ် သင့်ပါသည်။ တရားဖြစ်၍ ဥစ္စာရှင်ကို နှိုးစေလျှင် ပါရာဇိကအာပတ် သင့်ပါသည်။ တရားဖြစ်၍ မိမိနှိုးလျှင် ထူလွှစွဉ်းအာပတ် သင့်ပါသည်။

ဥတ်တိုင် ကြိုး စောင်ရန်း'စည်းရိုး' အပိုင်းအခြား 'လယ်ကန်သင်း' တခုခုကို ပြောင်းရွှေ့လျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်။ အားထုတ်မှုတခု မရောက်မီ ထူလွှစွဉ်းအာပတ် သင့်ပါသည်။ထိုအားထုတ်မှုရောက်လာသော် ပါရာဇိကအာပတ် သင့်ပါသည်။

➤ **ဝတ္ထု-ဆန္ဒမ်** ။ ။ အာရာမဝတ္ထု၊ ဝိဟာရဝတ္ထု-တို့ ဖြစ်ပါသည်။

➤ **ဝတ္ထုဒ္ဒေဘဏ္ဍာ**-သည် ခေတ္တဥဘဏ္ဍာနှင့် တူ၏။

➤ **ဂါမန္တရဘဏ္ဍာ-ဟူသည်** ။ ။ ရွာ၌ မြေ, ကြည်းကုန်း, ကောင်းကင်, ဟင်းလင်းပြင် ဟူသောလေးဌာနတို့ဖြင့် ထားအပ်သော ဥစ္စာတို့ ဖြစ်ပါသည်။

"ရွာ၌တည်သော ဥစ္စာကို ခိုးအံ့"ဟု ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ အဖော်ကိုသော်လည်း ရှာအံ့၊ သွားမူလည်း သွားအံ့၊ ဒုက္ကဋ်အာပတ် သင့်ပါသည်။သုံးသပ်လျှင် ဒုက္ကဋ် အာပတ် သင့်ပါသည်။ လူပ်စေလျှင် ထူလွှစွဉ်းအာပတ် သင့်ပါသည်။ နေရာမှ ရွှေ့စေလျှင် ပါရာဇိကအာပတ် သင့်ပါသည်။

➤ **အရညေ မဉ်မဲ့** ။ ။ လူအများ သိမ်းဆည်းအပ်သော တောသည် "အရည"မည်ပါသည်။

➤ **အရညဉ္ဉဘဏ္ဍာ-ဟူသည်** ။ ။ တော၌ မြေ, ကြည်းကုန်း, ကောင်းကင်, ဟင်းလင်းပြင် ဟူသော လေးဌာနတို့ဖြင့် ထားအပ်သော ဥစ္စာတို့ ဖြစ်ပါသည်။

"တော၌တည်သော ဥစ္စာကို ခိုးအံ့"ဟု ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ အဖော်ကိုသော်လည်း ရှာအံ့၊ သွားမူလည်း သွားအံ့၊ ဒုက္ကဋ်အာပတ် သင့်ပါသည်။သုံးသပ်လျှင် ဒုက္ကဋ် အာပတ် သင့်ပါသည်။ လူပ်စေလျှင် ထူလွှစွဉ်းအာပတ် သင့်ပါသည်။ နေရာမှ ရွှေ့စေလျှင် ပါရာဇိကအာပတ် သင့်ပါသည်။

ထိုတော၌ ပေါက်ရောက်ဖြစ်ပေါ်သော ငါးပဲ ငါးပဲထက် အလွန်ထိုက်တန်သော ထင်းကိုသော်၎င်း နွယ်ကိုသော်၎င်း မြက်ကိုသော်၎င်း ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ သုံးသပ်လျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်။ လူပ်စေလျှင် ထူလွှစွဉ်းအာပတ် သင့်ပါသည်။ နေရာမှ ရွှေ့စေလျှင် ပါရာဇိကအာပတ် သင့်သည်။

➤ **ဥဒကမဉ်မဲ့** ။ ။ အိုးခွက် လေးထောင့်ကန် တဖက်ဆည်ကန်တို့၌ရှိသော ရေသည် "ဥဒက"မည်ပါသည်။

http://www.dhammadownload.com

➤ **ဒန္ဓပေါဏ-ဆန္ဒမဲ/ဒန္ဓပေါဏ-ဟူသည်** ။ ။ (၁) ဖြတ်ပြီးသော ဒန်ပူ (၂)မဖြတ်ရသေးသော ဒန်ပူ သည် "ဒန္ဓပေါဏ" မည်ပါသည်။

ငါးပဲ ငါးပဲထက် အလွန်ထိုက်တန်သော ဒန်ပူကို ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ သုံးသပ်လျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်။ လှုပ်စေလျှင် ထုလွှစ္စဉ်းအာပတ် သင့်ပါသည်။ နေရာမှ ရွှေ့စေလျှင် ပါရာဇိကအာပတ် သင့်သည်။

➤ **ဓနုမွတီ-ဟူသည်** ။ ။ လူအများ သိမ်းပိုက် သုံးဆောင်အပ်သော သစ်ပင်ဖြစ်ပါသည်။ ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ ဖြတ်ဒုံ၊ ဖြတ်တိုင်း ဖြတ်တိုင်း ဒုက္ကဋ်အာပတ် သင့်ပါသည်။ ဖြတ်ချက် တခုမရောက်လာမီ ထုလွှစ္စဉ်းအာပတ် သင့်ပါသည်။ ထိုဖြတ်ချက် ရောက်လာသော် (ဝါ) ပြီးဆုံးသော် ပါရာဇိကအာပတ် သင့်ပါသည်။

➤ **မရေကကဟူသည်** ။ ။ သူတပါး ဆောင်ယူသွားသော ဥစ္စာဖြစ်ပါသည်။

ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ သုံးသပ်လျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်။ လှုပ်စေလျှင် ထုလွှစ္စဉ်းအာပတ် သင့်ပါသည်။ နေရာမှ ရွှေ့စေလျှင် ပါရာဇိကအာပတ် သင့်သည်။

"ဥစ္စာနှင့်တကွ ဆောင်ယူသူကို ခေါ်ဆောင်အံ့"ဟု ခြေတလှမ်းကို ရွှေ့စေလျှင် ထုလွှစ္စဉ်း အာပတ်သင့်ပါသည်။ နှစ်ခုမြောက် ခြေလှမ်းကို ရွှေ့စေလျှင် ပါရာဇိကအာပတ် သင့်ပါ။ "ကျသော ဥစ္စာကို ယူအံ့"ဟု ကျစေလျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်။ ငါးပဲ ငါးပဲထက် အလွန်ထိုက်တန်သော ကျသော်ဥစ္စာကို ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ သုံးသပ်လျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်။ လှုပ်စေလျှင် ထုလွှစ္စဉ်းအာပတ် သင့်ပါသည်။ နေရာမှ ရွှေ့စေလျှင် ပါရာဇိကအာပတ် သင့်သည်။

➤ **ဥပနိစိ-ဟူသည်** ။ ။ အနီး၌ ထားအပ်သော 'အပ်နှံ၍ ထားအပ်သော'ဥစ္စာ ဖြစ်ပါသည်။ * "ငါ၏ ဥစ္စာကို ပေးပါ"ဟု ဆိုလာသော် ငါမယူဟု ငြင်းဆိုလျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်။ ဥစ္စာရှင်အား ယုံမှားစေလျှင် ထုလွှစ္စဉ်းအာပတ် သင့်ပါသည်။ ဥစ္စာရှင်သည် ငါ့အား ပေးတော့မည်မဟုတ်ဟု ဝန်ချလျှင် ပါရာဇိကအာပတ် သင့်သည်။ တရားဖြစ်၍ ဥစ္စာရှင်ကို ရှုံးစေလျှင် ပါရာဇိကအာပတ် သင့်ပါသည်။ တရားဖြစ်၍ မိမိရှုံးလျှင် ထုလွှစ္စဉ်း အာပတ် သင့်ပါသည်။

➤ **သုက်ဃာဒေ-ဟူသည်** ။ ။ တောင်ခဲပြတ်၌သော်၎င်း၊ မြစ်ဆိပ်၌သော်၎င်း၊ ရွာတံခါး၌သော်၎င်း "ဤအရပ်၌နေသို့ ဝင်လာသူအား အခွန်ကောက်ယူရမည်"ဟု အစိုးရမင်းက သတ်မှတ်ထားသော အရပ်ကို ခေါ်ပါသည်။

ထို ကင်း'အကောက်ဌာန'သို့ ဝင်၍ ငါးပဲ ငါးပဲထက် အလွန်ထိုက်တန်သော အစိုးရမင်းအား အခွန်တော်ပေးဆပ်ရမည့် ဥစ္စာကို ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ သုံးသပ်လျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်။ လှုပ်စေလျှင် ထုလွှစ္စဉ်းအာပတ် သင့်ပါသည်။ ခြေတလှမ်းကို ကင်းကို ကျော်လွန်စေလျှင် ထုလွှစ္စဉ်းအာပတ် သင့်ပါသည်။ ဒုတိယ ခြေတလှမ်းကို

http://www.dhammadownload.com

ကျော်လွန်စေလျှင် ပါရာဇိကအာပတ် သင့်သည်။ ကင်းအတွင်း၌ရပ်၍ ကင်းအပြင်၌ ကျစေလျှင် ပါရာဇိကအာပတ် သင့်ပါသည်။ အကောက်ခွန်ကို ရှောင်လွဲလျှင် ဒုက္ကဋ်အာပတ်။

➤ **မါဏ-ဓရ/မါဏဟူသည်** ။ ။ လူသတ္တဝါ ဖြစ်ပါသည်။

ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ သုံးသပ်လျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်။ လှုပ်စေလျှင် ထုလွှစွဲဦးအာပတ် သင့်ပါသည်။ နေရာမှ ရွှေ့စေလျှင် ပါရာဇိကအာပတ် သင့်သည်။

"ခြေလျင်ခေါ်ဆောင်အံ့"ဟု ခြေတလှမ်းကို ရွှေ့စေလျှင် ထုလွှစွဲဦးအာပတ် သင့်ပါသည်။ ဒုတိယ ခြေတလှမ်းကို ရွှေ့စေလျှင် ပါရာဇိကအာပတ် သင့်ပါသည်။

➤ **ဓမဝ-ဓရ/ ဓမဝ-ဟူသည်** ။ ။ မြေနှင့် ငါးတို့ ဖြစ်ပါသည်။

ငါးပဲ ငါးပဲထက် အလွန်ထိုက်တန်သော မြေနှင့်ငါးကို ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ သုံးသပ်လျှင် ဒုက္ကဋ် အာပတ် သင့်ပါသည်။ လှုပ်စေလျှင် ထုလွှစွဲဦးအာပတ် သင့်ပါသည်။ နေရာမှ ရွှေ့စေလျှင် ပါရာဇိကအာပတ် သင့်ပါသည်။

➤ **နွိဝဓ-ဓရ/နွိဝဓ-ဟူသည်** ။ ။ လူနှင့် ငှက်မျိုးတို့ဖြစ်ပါသည်။

ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ သုံးသပ်လျှင် ဒုက္ကဋ် အာပတ် သင့်ပါသည်။ လှုပ်စေလျှင် ထုလွှစွဲဦးအာပတ် သင့်ပါသည်။ နေရာမှ ရွှေ့စေလျှင်.ပါရာဇိကအာပတ် သင့်ပါသည်။

"ခြေလျင်ခေါ်ဆောင်အံ့"ဟု ခြေတလှမ်းကို ရွှေ့စေလျှင် ထုလွှစွဲဦးအာပတ် သင့်ပါသည်။ ဒုတိယ ခြေတလှမ်းကို ရွှေ့စေလျှင် ပါရာဇိကအာပတ် သင့်သည်။

➤ **ဧဏ္ဍဇ-ဓရ/ဧဏ္ဍဇ-ဟူသည်** ။ ။ ဆင်, မြင်း, ကုလားအုပ်, နွား, မြည်းနှင့် (ဆိုအပ်ပြီးသည်မှကြွင်းသော) ခြေလေးချောင်းရှိသော သားသတ္တဝါအားလုံး ဖြစ်သည်။

ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ သုံးသပ်လျှင် ဒုက္ကဋ် အာပတ် သင့်ပါသည်။ လှုပ်စေလျှင် ထုလွှစွဲဦးအာပတ် သင့်ပါသည်။ နေရာမှ ရွှေ့စေလျှင် ပါရာဇိကအာပတ် သင့်ပါသည်။

"ခြေလျင်ခေါ်ဆောင်အံ့"ဟု ပထမ ခြေတလှမ်းကို ရွှေ့စေလျှင် ထုလွှစွဲဦးအာပတ် သင့်ပါသည်။ ဒုတိယ ခြေတလှမ်းကို ရွှေ့စေလျှင် ထုလွှစွဲဦးအာပတ် သင့်ပါသည်။ တတိယခြေတလှမ်းကို ရွှေ့စေလျှင် ထုလွှစွဲဦးအာပတ် သင့်ပါသည်။ စတုတ္ထခြေတလှမ်းကို ရွှေ့စေလျှင် ပါရာဇိကအာပတ် သင့်သည်။

➤ **ဓဏ္ဍဇ-ဓရ/ဓဏ္ဍဇ-ဟူသည်** ။ ။ ကင်းမြီးကောက် ကင်းခြေများ ဥစ္စာလိင် ပိုး-တို့ ဖြစ်ပါသည်။

ငါးပဲ ငါးပဲထက် အလွန်ထိုက်တန်သောကင်းမြီးကောက် စသည်ကို ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ သုံးသပ်လျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်။ လှုပ်စေလျှင် ထုလွှစွဲဦးအာပတ် သင့်ပါသည်။ နေရာမှ ရွှေ့စေလျှင် ပါရာဇိကအာပတ် သင့်ပါသည်။

"ခြေလျင်ခေါ်ဆောင်အံ့"ဟု ရွှေ့စေလျှင် ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း ထုလွှစွဲဦး အာပတ် သင့်ပါသည်။ နောက်ဆုံးခြေလှမ်းကို ရွှေ့စေလျှင် ပါရာဇိကအာပတ် သင့်သည်။

http://www.dhammadownload.com

➤ **ဩစရက-ဟူသည်** ။ ။ ဥစ္စာကို မှတ်သား၍ ပြောကြားသူ ဖြစ်ပါသည်။

"ဤမည်သော ဥစ္စာကို ခိုးလော့"ဟု ပြောလျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်၊ ထိုအပြော ခံရသူသည် ထိုပြောသော ဥစ္စာကို ခိုးလျှင် နှစ်ဦးလုံး ပါရာဇိကအာပတ်သင့်ပါသည်။

ဓေး ။ ။ ဩစရက ရဟန်းတစ်ပါးသည် အခြားရဟန်းတစ်ပါးအား ပစ္စည်းတစ်ခုကို ခိုးယူရန် မည်သို့ မည်ပုံ ညွှန်ကြား၍ ထိုနှစ်ဦးတို့ မည်သို့မည်ပုံ ဆိုင်ရာအာပတ်သင့်ကြသည်ကို ပါဠိတော်အတိုင်း အာပတ်အမည်နှင့်တကွ ဖြေဆိုပြပါ။

ဖြေ ။ ။ ဩစရက ရဟန်းတစ်ပါးသည် အခြားရဟန်းတစ်ပါးအား "ဤမည်သော ဥစ္စာကို ခိုးလော့"ဟု ညွှန်ကြားပါသည်။

"ဤမည်သော ဥစ္စာကို ခိုးလော့"ဟု ပြောလျှင် ဒုက္ကဋ်အာပတ်သင့်သည်၊ ထိုအပြော ခံရသူသည် ထိုပြောသော ဥစ္စာကို ခိုးလျှင် နှစ်ဦးလုံး ပါရာဇိကအာပတ်သင့်ပါသည်။

ဓေး ။ ။ "**ဩစရက်ရကွာ**"မည်သော ပုဂ္ဂိုလ်ကို ဖော်ပြပြီးလျှင်၊ ၎င်း၏ (ဒုက္ကဋ်၊ ထုလ္လစ္စဉ်း၊ ပါရာဇိက) ခေတ်တို့ကို ဖော်ပြပါ။

➤ **ဩဆေဆရက္ခ-ဟူသည်** ။ ။ ဆောင်ယူလာသော ဥစ္စာကို စောင့်ထိန်းသူ ဖြစ်သည်။

ငါးပဲ ငါးပဲထက် အလွန်ထိုက်တန်သော ဥစ္စာကို ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ သုံးသပ်လျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်။ လှုပ်စေလျှင် ထုလ္လစ္စဉ်းအာပတ် သင့်ပါသည်။ နေရာမှ ရွှေ့စေလျှင် ပါရာဇိကအာပတ် သင့်သည်။

➤ **ဆံခီစါဓေဘာရ-ဟူသည်** ။ ။ အချင်းချင်း ညှိနှိုင်း၍ ခိုးခြင်း ဖြစ်ပါသည်။

အများတိုင်ပင်၍ တဦးက ခိုးလျှင် အားလုံး ပါရာဇိကအာပတ် သင့်ပါသည်။

ဓေး ။ ။ ဒုတိယပါရာဇိက ပါဠိတော်၌ သင်္ကေတကမ္မနှင့်စပ်၍ အာပတ်သင့်ပုံကို လွဲလပယောဂနှင့်တကွ ဖော်ပြပါ။ (၁၃၆၁-ခု မေး)

➤ **ဆဓမ်ဓကမ္မ-ဟူသည်** ။ ။ အချိန်းအချက်ပြု၍ သိစေမှု ဖြစ်ပါသည်။

"နံနက်၌သော်၎င်း, ညနေ၌သော်၎င်း, ည၌သော်၎င်း, နေ့၌သော်၎င်း၊ ထိုနံနက်-စသော ကာလအချိန်းအချက်ဖြင့် ထိုဥစ္စာကို ခိုးလော့"ဟု အချိန်းအချက်ပြုလျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်။ ထိုအချိန်းအချက်ဖြင့် ထိုဥစ္စာကို ခိုးလျှင် နှစ်ဦးလုံး ပါရာဇိကအာပတ် သင့်ပါသည်။ ထိုအချိန်းအချက်၏ ရှေ့၌သော်၎င်း, နောက်၌သော်၎င်း ခိုးလျှင် မူလ စေ ခိုင်းရင်း ရဟန်းအား အာပတ်မသင့်၊ ခိုးသော ရဟန်းအားသာ ပါရာဇိကအာပတ်သင့်။

➤ **နိမိတ္တကမ္မ-ဟူသည်** ။ ။ အမှတ်သညာ ဖြစ်စေခြင်းငှာ အမှတ်အသား တစုံတခုကို ပြုလုပ်မှု ဖြစ်ပါသည်။

"မျက်စိကိုသော်လည်း မှိတ်ပြမည်၊ မျက်ခုန်းကိုသော်လည်း ပင့်ပြမည်၊ ဦးခေါင်းကို သော်လည်း ထောင်ပြမည်၊ ထိုအမှတ်အသားဖြင့် ထိုဥစ္စာကို ခိုးလော့"ဟု အမှတ်အသား

http://www.dhammadownload.com

ကို ပြုလျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်။ ထိုအမှတ်အသားဖြင့် ထိုဥစ္စာကို ခိုးလျှင် နှစ်ဦးလုံး ပါရာဇိကအာပတ် သင့်ပါသည်။

ထိုအမှတ်အသား၏ ရှေ့၌သော်၎င်း, နောက်၌သော်၎င်း ခိုးလျှင် မူလ စေခိုင်းရင်း ရဟန်းအား အာပတ်မသင့်၊ ခိုးသော ရဟန်းအားသာ ပါရာဇိကအာပတ် သင့်ပါသည်။

➤ **ယူဟိ အာဟာရော်ဟိ အဒိန္နံ အာဒိယန္တော အာပတ္တိ ပါရာဇိကဿ**-၌ ပဌမ သရုပ်/

ဝိဉ်ဉ္ဉတ္တိဒေဝေါဒေသော ပစ္စည်းကို ခိုးယူစေသော ဂုဏ်း ပါရာဇိကသို့ ရောက်စေနိုင်စေသော အင်္ဂါပါးပါး/ဓိဒ္ဓိကပါးကား (၁၃၅၇-ခုမေး)

(၁) သူတစ်ပါး သိမ်းဆည်းထားသော ဥစ္စာဖြစ်ခြင်း၊ (၂) သူတစ်ပါး သိမ်းဆည်းထားသည်ဟု အမှတ်ရှိခြင်း၊ (၃) ငါးပဲ ငါးပဲထက် အလွန်ထိုက်တန်သော လေးသော အသုံးအဆောင်ဖြစ်ခြင်း၊ (၄) ခိုးလိုသောစိတ် ဖြစ်ပေါ်ခြင်း၊ (၅) နေရာမှရွှေ့စေခြင်း။

➤ **ပါရာဇိကသို့ ရောက်စေနိုင်စေသော အင်္ဂါ ၆-ပါးကား ။ ။** (၁) မိမိဥစ္စာဟု အမှတ်မရှိခြင်း၊ (၂) အကျွမ်းဝင်၍ ယူသည် မဟုတ်ခြင်း၊ (၃) အခိုက်အတန့် မဟုတ်ခြင်း၊ (၄) ငါးပဲ ငါးပဲထက် အလွန်ထိုက်တန်သော လေးသော အသုံးအဆောင်ဖြစ်ခြင်း၊ (၅) ခိုးလိုသော စိတ်ဖြစ်ပေါ်ခြင်း၊ (၆) နေရာမှရွှေ့စေခြင်း။

➤ **ထုလ္လစ္စဒုဋ္ဌုလ္လာပတ်သို့ ရောက်စေနိုင်စေသော အင်္ဂါ ၅-ပါးကား ။ ။** (၁) သူတစ်ပါး သိမ်းဆည်းထားသော ဥစ္စာဖြစ်ခြင်း၊ (၂) သူတစ်ပါး သိမ်းဆည်း ထားသည်ဟု အမှတ်ရှိခြင်း၊ (၃) တပဲထက်အလွန် ငါးပဲအောက်နည်းသော ပေါ့သော အသုံးအဆောင်ဖြစ်ခြင်း၊ (၄) ခိုးလိုသောစိတ် ဖြစ်ပေါ်ခြင်း၊ (၅) နေရာမှရွှေ့စေခြင်း။

➤ **ထုလ္လစ္စဒုဋ္ဌုလ္လာပတ်သို့ ရောက်စေနိုင်စေသော အင်္ဂါ ၆-ပါးကား ။ ။** (၁) မိမိဥစ္စာဟု အမှတ် မရှိခြင်း၊ (၂) အကျွမ်းဝင်၍ ယူသည် မဟုတ်ခြင်း၊ (၃) အခိုက်အတန့် မဟုတ်ခြင်း၊ (၄) တပဲထက်အလွန် ငါးပဲအောက်နည်းသော ပေါ့သော အသုံးအဆောင်ဖြစ်ခြင်း၊ (၅) ခိုးလိုသောစိတ် ဖြစ်ပေါ်ခြင်း၊ (၆) နေရာမှရွှေ့စေခြင်း။

➤ **ဒုက္ကဋ်အာပတ် ဆင့်စေနိုင်စေသော အင်္ဂါ ၅-ပါး ။ ။** (၁) သူတစ်ပါး သိမ်းဆည်းထား သော ဥစ္စာဖြစ်ခြင်း၊ (၂) သူတစ်ပါး သိမ်းဆည်းထားသည်ဟု အမှတ်ရှိခြင်း၊ (၃) တပဲ တပဲအောက်နည်းသော ပေါ့သော အသုံးအဆောင်ဖြစ်ခြင်း၊ (၄) ခိုးလိုသောစိတ် ဖြစ်ပေါ်ခြင်း၊ (၅) နေရာမှရွှေ့စေခြင်း။

➤ (တစ်နည်း) **ဒုက္ကဋ်အာပတ် ဆင့်စေနိုင်စေသော အင်္ဂါ ၅-ပါး ။ ။** (၁) သူတစ်ပါး သိမ်းဆည်းထားသော ဥစ္စာ မဟုတ်ခြင်း၊ (၂) သူတစ်ပါး သိမ်းဆည်းထားသော ဥစ္စာဟု အမှတ်ရှိခြင်း၊ (၃) ငါးပဲ-ငါးပဲထက် အလွန်ထိုက်တန်သော လေးသော အသုံးအဆောင် ဖြစ်ခြင်း၊ (၄) ခိုးလိုသောစိတ် ဖြစ်ပေါ်ခြင်း၊ (၅) နေရာမှရွှေ့စေခြင်း။

➤ (တစ်နည်း) **ဒုက္ကဋ်အာပတ် ဆင့်စေနိုင်စေသော အင်္ဂါ ၅-ပါး ။ ။** (၁) သူတစ်ပါး

http://www.dhammadownload.com

သိမ်းဆည်းထားသော ဥစ္စာ မဟုတ်ခြင်း၊ (၂) သူတစ်ပါး သိမ်းဆည်းထားသော ဥစ္စာဟု အမှတ်ရှိခြင်း၊ (၃) တပဲထက်အလွန် ငါးပဲအောက်နည်းသော ပေါ့သော အသုံးအဆောင် ဖြစ်ခြင်း၊ (၄) ခိုးလိုသောစိတ် ဖြစ်ပေါ်ခြင်း၊ (၅) နေရာမှရွှေ့စေခြင်း။

➤ (တစ်နည်း) **စူဠဇနကာပဒါန သင့်စေနိုင်သော အင်္ဂါ ၅-ပါး** ။ ။ (၁) သူတစ်ပါး သိမ်းဆည်းထားသော ဥစ္စာ မဟုတ်ခြင်း၊ (၂) သူတစ်ပါး သိမ်းဆည်းထားသော ဥစ္စာဟု အမှတ်ရှိခြင်း၊ (၃) တပဲ တပဲအောက်နည်းသော ပေါ့သော အသုံးအဆောင်ဖြစ်ခြင်း၊ (၄) ခိုးလိုသောစိတ် ဖြစ်ပေါ်ခြင်း၊ (၅) နေရာမှရွှေ့စေခြင်း။

➤ **စူဠဇနကာပဒါန်၌ ဧရောက်စေနိုင်သော အင်္ဂါ ၆-ပါးကား** ။ ။ (၁) မိမိဥစ္စာ ဟု အမှတ် မရှိခြင်း၊ (၂) အကျွမ်းဝင်၍ ယူသည် မဟုတ်ခြင်း၊ (၃) အခိုက်အတန့် မဟုတ် ခြင်း၊ (၄) တပဲ-တပဲအောက်နည်းသော ပေါ့သော အသုံးအဆောင်ဖြစ်ခြင်း၊ (၅) ခိုးလို သောစိတ် ဖြစ်ပေါ်ခြင်း၊ (၆) နေရာမှရွှေ့စေခြင်း။

➤ **လေဗ္ဗေတိုက်လွှင့်လာသော အဝတ်တို့မြင်၍ ဖမ်းယူသော ရဟန်းအား-**

"ဥစ္စာရှင်တို့အား ပြန်ပေးမည်" ဟု ဖမ်းယူပြီး ခိုးလိုသောစိတ် မရှိသောကြောင့် ပါရာဇိကာအာပတ် မသင့်ပါ။

➤ **လေဗ္ဗေတိုက်လွှင့်လာသော ခေါင်းပေါင်းကို ဖမ်းယူသော ရဟန်းအား -**

"ဥစ္စာရှင်များ မမြင်မီ ယူအံ့" ခိုးလိုသော စိတ်ရှိသောကြောင့် ပါရာဇိကာအာပတ်။

➤ **ကျောက်တွင်း၌ မိနေသော ဂေါ်/ဆမင်/ဓါး/တို လွှတ်လိုက်သော ရဟန်းတို့၏ အာပတ်** • သနားသဖြင့် လွှတ်လိုက်သောကြောင့် အာပတ် မသင့်ပါ။

"ဥစ္စာရှင်များ မမြင်မီ လွှတ်အံ့"ဟု ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ လွှတ်လိုက်သော ကြောင့် ပါရာဇိကာအာပတ် သင့်ပါသည်။

➤ **စွန့်ဖျီး၍ ပစ်ခဲ့သော သားတစ်ကို ကောက်ယူသော ရဟန်းတို့၏ အာပတ်**

စွန့်ဖျီး၍ ပစ်ခဲ့သော သားတစ်ကို "ဥစ္စာရှင်များအား ပြန်ပေးမည်"ကောက်ယူရသည့် အတွက် ခိုးလိုသော စိတ် မရှိသောကြောင့် ပါရာဇိကာအာပတ် မသင့်ပါ။

"ဥစ္စာရှင်များ မမြင်မီ ကောက်ယူအံ့"-ဟု ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ ကောက်ယူ သောကြောင့် ပါရာဇိကာအာပတ် သင့်ရပါသည်။

➤ **ဓောင်ကြီးခြောက်၍ ဆစ်များဓရိဓရဲ ဧရာကူန်ရာ ဆယ်ယူခဲ့သော ရဟန်းတို့၏ အာပတ်** • ပံသုကူဟု ထင်မှတ်ကြ၍ ဆယ်ထားသောကြောင့် အာပတ် မသင့်ပါ။

"ဥစ္စာရှင်များ မမြင်မီ ဆယ်ယူကုန်အံ့"ဟု ခိုးလိုသော စိတ်ဖြင့် ဆယ်ယူထားသော ကြောင့် ပါရာဇိကာအာပတ် သင့်ပါသည်။

➤ **ဓဝါသည်တို့၏ လက်မှ လွှဲထိလာခဲ့သော အဝတ်ကို ယူခဲ့သော ရဟန်း အာပတ်**

* "ဥစ္စာရှင်တို့အား ပြန်ပေးမည်"ဟု ယူသည့်အတွက် ခိုးလိုသောစိတ် မရှိသောကြောင့်

http://www.dhammadownload.com

အာပတ် မသင့်ပါ။

* "ဥစ္စာရှင်တို့ မမြင်မီ ယူအံ့"ဟု ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ ယူသောကြောင့် ပါရာဇိကအာပတ် သင့်ပါသည်။

➤ **သကသညာဖြင့် (မိမိဥစ္စာဟု ထင်မှတ်၍) ယူသော ဂဟန်း အဆုံးအဖြတ်**

တရံရောအခါ အရှင်အာနန္ဒာသည် ရေချိုးခန်း၌ ရဟန်းတစ်ပါး၏ သင်းပိုင်ကို မိမိ သင်းပိုင် ထင်မှတ်၍ ဝတ်၏၊ ထိုအခါ ထိုရဟန်းသည် အရှင်အာနန္ဒာအား "ငါ့ရှင်အာနန္ဒာ သင်သည် အဘယ့်ကြောင့် ငါ၏ သင်းပိုင်ကို ဝတ်သနည်း"ဟု ပြောဆိုသောအခါ မိမိ ဥစ္စာဟု ထင်မှတ်၍ ဝတ်ပါသည် ပြော၏၊ ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားသောအခါ မိမိဥစ္စာဟု ထင်မှတ်သောရဟန်းအား အာပတ် မသင့်ဟု မိန့်တော်မူ၏။

ရွာငယ်သို့ သွားသော ရဟန်းထံ အခြားရဟန်းက "ဒုဇ္ဇော ဓေနုမိ"ဟု မှာကြားပုံ

ပဌမဒုဇ္ဇဓါဓကဓဏ္ဍ ။ ။ တရံရောအခါ ရဟန်းတစ်ပါးသည် ရွာငယ်တစ်ခုသို့ သွားရာ အခြားရဟန်းတစ်ပါးကို "ငါ့ရှင် သင်၏ အလုပ်အကျွေးအမှုကို သင်မှာတိုင်း ငါပြော မည်"ဟု ဆို၏၊ ထို ရဟန်းသည် သွား၍ အဝတ်တစ်ထည်ကို ဆောင်ယူစေပြီးလျှင် မိမိ သည် သုံးဆောင်၏၊ ထိုမှာသော ရဟန်းသည် သိ၍ ထိုအဝတ်သုံးစွဲသော ရဟန်းကို "သင် ရဟန်းမဟုတ်တော့ ပြီ"ဟု စွပ်စွဲ၏၊ ထိုရဟန်းအား ကုက္ကုစ္စဖြစ်၏၊ ရဟန်း ပါရာဇိက အာပတ်မသင့်၊ သို့သော် "သင်မှာတိုင်း ပြောမည်"ဟု မဆို၍ ဆိုသော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏ဟု မိန့်တော်မူပါသည်။

ဓေး ။ ။ ရွာငယ်သို့ သွားသော ရဟန်းထံ အခြားရဟန်းက **"ဒုဇ္ဇော ဓေနုမိ"**ဟု မှာကြားပုံ ပြ **စူဠိယ ဒုဇ္ဇဓါဓကဓဏ္ဍ**ကို အာပတ်ပညတ်သည်အထိ ပါဠိတော်လာသည့်အတိုင်း တိကျမှန်ကန်အောင် ဖော်ပြပါ။

* တရံရောအခါ ရဟန်းတစ်ပါးသည် ရွာငယ်တစ်ခုသို့ သွားရာ ရဟန်းတစ်ပါးသည် ထိုသွားသော ရဟန်းကို "ငါ့ရှင် ငါ၏အလုပ်အကျွေးအမှုကို ငါမှာတိုင်း ပြောလိုက်ပါ" ဟု ဆို၏။ ထိုရဟန်းသည် သွား၍ အဝတ်တစ်စုံကို ယူဆောင်စေပြီးလျှင် တစ်ထည်ကို မိမိသုံးဆောင်၏၊ တစ်ထည်ကို ထိုမှာလိုက်သော ရဟန်းအား ပေး၏၊ ထိုမှာသော ရဟန်း သည် သိ၍ ထိုသုံးဆောင်သော ရဟန်းကို "သင် ရဟန်းမဟုတ်တော့ပြီ"ဟု စွပ်စွဲ၏၊ ထို ရဟန်းအား သံသယကုက္ကုစ္စ ဖြစ်၏၊ ရဟန်း ပါရာဇိကအာပတ် မသင့်၊ သို့သော်"ငါမှာ တိုင်း ပြောလိုက်ပါ"ဟု မဆို၍ ဆိုသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏ဟု မိန့်တော် မူပါသည်။

ဓေး ။ ။ အရှင်အာနန္ဒာက "ပါရာဇိကကျပြီ"ဟု ဆုံးဖြတ်ထားသော အမှုကို အဘယ့်ကြောင့် အဘယ်သို့ ပြင်၍ **အရှင်ဥပါလိ**က ဆုံးဖြတ်လိုက်သည်ကို ဖြေဆိုပါ။

* အရှင်အဂ္ဂါကသည် ဤဥစ္စာစုံ၏ အခွင့်အရေးကို ဤမည်သောသူအား ညွှန်ကြား

http://www.dhammadownload.com

တော်မူပါ-ဟု ဥစ္စာရှင်က မှာထားသဖြင့် ထိုသူငယ်အား ညွှန်ကြားသောကြောင့် မည်သည့် အာပတ်မျှ မသင့်ပါ၊ အယုတ်သဖြင့် ဒုက္ကဋ်မျှပင် မသင့်ပါ။

➤ **တန်ခိုးရှင်၏ တန်ခိုးအာနုဘော် အာပတ် မသင့်ပုံ** ။ ။ တရံရောအခါ ဟာရာဏာသီမြို့၌ အရှင်ပိလိန္ဒဝစ္ဆ၏ အလုပ်အကျွေး အမျိုးသည် သူခိုးနှိပ်စက်ခံရ၏။

ကလေးနှစ်ယောက်ကိုလည်း ခေါ်ဆောင်သွားကုန်၏၊ ထိုအခါ အရှင်ပိလိန္ဒဝစ္ဆသည် ထိုတလေးသူငယ်တို့ကို တန်ခိုးဖြင့် ခေါ်ဆောင်ခဲ့၍ ပြာသာဒ်ထက်၌ထား၏၊ လူတို့သည် ထိုကလေးသူငယ်တို့ကို မြင်လျှင် "ဤအရာသည် အရှင်ပိလိန္ဒဝစ္ဆ၏ တန်ခိုးအစွမ်းပေတကား"ဟု အရှင်ပိလိန္ဒဝစ္ဆ၌ အလွန်ကြည်ညိုကြကုန်၏။

ရဟန်းတို့သည် "အဘယ့်ကြောင့် အရှင်ပိလိန္ဒဝစ္ဆသည် သူခိုးတို့ဆောင်ယူသွားသော ကလေးသူငယ်တို့ကို ပြန်ဆောင်ယူ၍ လာဘိသနည်း"ဟု ကဲ့ရဲ့ပြီး ဤအကြောင်းကို ဘုရားရှင်အား လျှောက်ထားသောအခါ "တန်ခိုးရှင်၏ တန်ခိုးအရာ၌ အာပတ်မသင့်" ဟု မိန့်တော်မူပါသည်။

➤ **နိုးဆော်လည်း ဒုဗ္ဘိယပါရာဇိကာအာပတ် မသင့်သော ပုဒ္ဓိုလ်များ**

(၁) မိမိဥစ္စာဟု ထင်မှတ်သော ရဟန်း၊ (၂) အကျွမ်းဝင်၍ ယူသော ရဟန်း၊ (၃) အခိုက် အတန့် ယူသော ရဟန်း၊ (၄) ပြိတ္တာသိမ်းဆည်းထားသော ဥစ္စာကို ယူသော ရဟန်း၊ (၅) တိရစ္ဆာန် သိမ်းဆည်းထားသော ဥစ္စာကို ယူရသောရဟန်း၊ (၆) ပံသုကူဟု ထင်မှတ်သော ရဟန်း၊ (၇) ရူးသော ရဟန်း၊ (၈) စိတ်ပျံ့လွင့်သော ရဟန်း၊ (၉) ဝေဒနာ ဖိစီးသော ရဟန်း၊ (၁၀) အစ 'လက်ဦး' လွန်ကျူးသော ရဟန်း။



တတိယပါရာဇိကသိက္ခာပုဒ်

➤ **မိဂလဏ္ဍိက-အား ရဟန်းများကို သတ်ဖြတ်သည့်အတွက် ရာဇဉ်ပစ္စည်း** သပိတ်နှင့် သင်္ကန်းတို့ ဖြစ်ပါသည်။

➤ **သမ္မိုဠိဇနဿာဂတ် ဧရာဂ်ရှိသော ဖြစ် - ဝဂ္ဂုမုဒါမြစ် ဖြစ်ပါသည်။**

➤ **သွေးအလိမ်းလိမ်းကပ်သော သန်လျက်ကို ဆေးကြောသုတ်သင်နေစဉ် မိဂ လဏ္ဍိက-အား တက္ကုန္ဒ ဝိဇ္ဇဓရဆရဖြစ်ပုံ** ။ ။ "ငါ့အား အကျိုးစီးပွားကို မရလေစွတကား၊ အကျိုးစီးပွားကို အရ မတော်လေစွတကား၊ ငါသည် လူ့အဖြစ်ကို မကောင်းသဖြင့် ရအပ်လေစွတကား၊ လူ့အဖြစ်ကို ကောင်းသောရခြင်း မဟုတ်လေစွတကား၊ ငါသည် များစွာသော မကောင်းမှုကို ဆည်းပူးမိလေပြီတကား၊ အကြင်ငါသည် အကျင့်သီလ ကောင်းမွန်သော တရားဓမ္မ ရှိကုန်သော ရဟန်းတို့ကို အသက်မှ ချမိပေပြီ"ဟု **နောင်တ တဖန် ပုဝန်ခြင်း နှလုံးမသာခြင်း ဖြစ်ပေါ်လာပါသည်**။

http://www.dhammadownload.com

➢ **မာရ်နတ်၏ ဂို၏ဝင် နတ်သားတစ်ယောက်က မိဂလဏ္ဍိက--ကို ပြောဆိုပုံ**

မာရ်နတ်၏ ဂို၏ဝင် နတ်သားတစ်ယောက်သည် မကွဲအက်သော ရေပြင်ပေါ်၌ လျှောက်လာ၍ မိဂလဏ္ဍိက ရဟန်းယောင်ကို-- "အို သူတော်ကောင်း ကောင်းပေစွ၊ ကောင်းပေစွ၊ အို သူတော်ကောင်း သင့်အား အကျိုးစီးပွားကို အရတော်လေစွ၊ အို သူတော်ကောင်း၊ သင်သည် လူ့အဖြစ်ကို ကောင်းစွာရလေစွ၊ အိုသူတော်ကောင်း သင်သည် များစွာသော ကောင်းမှုကို ဆည်းပူးမိလေပြီ၊ အကြင်သင်သည် သံသရာမှ မကူးမြောက်နိုင်ကြသေးသော ရဟန်းတို့ကို ကူးမြောက်စေရလေပြီ"ဟု ပြောဆိုပါသည်။

➢ **အာနာပါနဿတိသမာဓိ မွေးမြူပုံ ။ ။** ဤသာသနာတော်၌ ရဟန်းသည် တောသို့ဖြစ်စေ သစ်ပင်ရင်းသို့ဖြစ်စေ ဆိတ်ငြိမ်ရာသို့ဖြစ်စေ ကပ်ရောက်၍ ကိုယ်ကို ဖြောင့်မတ်စွာ ထားပြီးလျှင် ကမ္မဋ္ဌာန်းသို့ရှေးရှု သတိကို ဖြစ်စေလျက် ထက်ဝယ်ဖွဲ့ခွေထိုင်ရပါမည်။

* ထိုရဟန်းသည် သတိရှိ၍သာလျှင် ထွက်လေကို ထုတ်ရမည်၊သတိရှိ၍သာလျှင် ဝင်လေကို ရှူရမည်၊ ရှည်စွာ ထွက်လေကို ထုတ်မူ ရှည်စွာ ထွက်လေကို ထုတ်၏ဟု သိရမည်၊ ရှည်စွာ ဝင်လေကို ရှူမူ ရှည်စွာ ဝင်လေကို ရှူ၏ဟု သိရမည်၊ တိုစွာ ထွက်လေကို ထုတ်မူ တိုစွာ ထွက်လေကို ထုတ်၏ဟု သိရမည်၊ တိုစွာ ဝင်လေကို ရှူမူ တိုစွာ ဝင်လေကို ရှူ၏ဟု သိရမည်။

* ထွက်လေ အလုံးစုံကို ထင်စေလျက် ထွက်လေကို ထုတ်အံ့ဟု အားထုတ်၍ ကျင့်ရမည်၊ ဝင်လေ အလုံးစုံကို ထင်စေလျက် ဝင်လေကို ရှူအံ့-ဟု အားထုတ်၍ ကျင့်ရမည်၊ ထွက်လေဟု ဆိုအပ်သော ကာယသခ်ါရကို ငြိမ်းချုပ်စေလျက် ထွက်လေကို ထုတ်အံ့ဟု အားထုတ်၍ ကျင့်ရမည်၊ ဝင်လေဟုဆိုအပ်သော ကာယသခ်ါရကို ငြိမ်းချုပ်စေလျက် ဝင်လေကို ရှူအံ့ဟု အားထုတ်၍ ကျင့်ရမည်။

* ပီတိကို ထင်စေလျက် ထွက်လေကို ထုတ်အံ့ဟု အားထုတ်၍ ကျင့်ရမည်၊ ပီတိကို ထင်စေလျက် ဝင်လေကို ရှူအံ့ဟု အားထုတ်၍ ကျင့်ရမည်။

* သုခကို ထင်စေလျက် ထွက်လေကို ထုတ်အံ့ဟု အားထုတ်၍ ကျင့်ရမည်၊ သုခကို ထင်စေလျက် ဝင်လေကို ရှူအံ့ဟု အားထုတ်၍ ကျင့်ရမည်။

* စိတ္တသခ်ါကို ထင်စေလျက် ထွက်လေကို ထုတ်အံ့ဟု အားထုတ်၍ ကျင့်ရမည်၊ စိတ္တသခ်ါရကို ထင်စေလျက် ဝင်လေကို ရှူအံ့ဟု အားထုတ်၍ ကျင့်ရမည်။

* စိတ္တသခ်ါကို ငြိမ်းချုပ်စေလျက် ထွက်လေကို ထုတ်အံ့ဟု အားထုတ်၍ ကျင့်ရမည်၊ စိတ္တသခ်ါရကို ငြိမ်းချုပ်စေလျက် ဝင်လေကို ရှူအံ့ဟု အားထုတ်၍ ကျင့်ရမည်။

* စိတ်ကို ထင်စေလျက် ထွက်လေကို ထုတ်အံ့ဟု အားထုတ်၍ ကျင့်ရမည်၊ စိတ်ကို ထင်စေလျက် ဝင်လေကို ရှူအံ့ဟု အားထုတ်၍ ကျင့်ရမည်။

http://www.dhammadownload.com

* စိတ်ကို လွန်စွာ ဝမ်းမြောက်စေလျက် ထွက်လေကို ထုတ်အံ့ဟု အားထုတ်၍ ကျင့်ရမည်၊ စိတ်ကို လွန်စွာဝမ်းမြောက်စေလျက် ဝင်လေကို ရှူအံ့ဟု အားထုတ်၍ ကျင့်ရမည်။

* စိတ်ကို ကောင်းစွာထားလျက်/စိတ်ကို လွတ်စေလျက်/အနိစ္စ-ဟု အဖန်တလဲလဲ ရှုလျက်/ရာဂကင်းခြင်းကို အဖန်တလဲလဲ ရှုလျက်/ငြိမ်းချုပ်ခြင်းကို အဖန်တလဲလဲ ရှုလျက်/စွန့်လွှတ်ခြင်းကို အဖန်တလဲလဲရှုလျက် ထွက်လေကို ထုတ်အံ့ဟု အားထုတ်၍ ကျင့်ရမည်၊ စွန့်လွှတ်ခြင်းကို အဖန်တလဲလဲရှုလျက် ဝင်လေကို ရှူအံ့ဟု အားထုတ်၍ ကျင့်ရမည်။

➢ **အာနာပါနဿတိသမာဓိ ပွားများရေးကျိုး** ။ ။ ပွားများလေ့လာအပ်သော အာနာပါနဿတိသမာဓိသည် ငြိမ်လည်း ငြိမ်သက်၏၊ မွန်လည်း မွန်မြတ်၏၊ သွန်းလောင်းစရာလည်း မလို၊ ချမ်းသာသော နေရာလည်းဖြစ်၏၊ ဖြစ်တိုင်းဖြစ်တိုင်းကုန်သော အကုသိုလ် အယုတ်တရားတို့ကို တခဏချင်း ငြိမ်းအေးစေနိုင်ပါသည်။

ဥပမာအားဖြင့် နွေလတို့၏ နောက်ဆုံးလ၌ အထက်သို့ လွှင့်တက်သော မြူမှုန့်ကို အခါမဲ့ သည်းထန်စွာ ရွာသွန်းသော မိုးကြိုးသည် တခဏချင်း ကွယ်ပျောက် ငြိမ်းအေးစေနိုင်သကဲ့သို့ ဖြစ်ပါသည်။

➢ **ဆဋ္ဌိစ္စ-ဟူသည် /သဋ္ဌိစ္စ အဂ်ီ** ။ ။ သတ္တဝါဟု သိခြင်း, ဇီဝန္ဒြေမှ ချဲ့ကားသော အမှတ်နှင့်တကွ သိခြင်း, စေ့ဆော်ကြိုးကုတ် အားထုတ်ခြင်း, နှိမ်နင်းခြင်း, လွန်ကျူးခြင်း ပင် ဖြစ်ပါသည်။

ဓာ ။ ။ လူသားစင်စစ်ကို သတ်ရာ၌ မည်သို့သော **နူ**သားဖြစ်ရမည်ကို တတိယပါရာဇိက သိက္ခာပုဒ်လာ စည်းကမ်းနှင့်အညီ ဖြေဆိုပါ။

* အဓိဝမ်းတွင်း၌ ရှေဦးစွာ ပဋိသန္ဓေစိတ် ဝိညာဉ် ဖြစ်ပေါ်သည်မှစ၍ သေသည့် ကာလတိုင်အောင် အတွင်း၌ဖြစ်သော လူသားဖြစ်ရပါမည်။

➢ **မနုဿဝိဂ္ဂဟ-ဟူသည်** ။ ။ အဓိဝမ်းတွင်း၌ ရှေဦးစွာ ပဋိသန္ဓေစိတ် ဝိညာဉ် ဖြစ်ပေါ်သည်မှစ၍ သေသည့် ကာလတိုင်အောင် အတွင်း၌ဖြစ်သော သတ္တဝါသည် "မနုဿဝိဂ္ဂဟ"မည်ပါသည်။

➢ **ဇီဝိတာဓိဓေ့ယျ-ဟူသည်** ။ ။ အသက်ကို 'ဇီဝိတိန္ဒြေ'ကို ဖြတ်ခြင်း, ချုပ်စေခြင်း, ခန္ဓာအစဉ်ကို ပျက်စေခြင်းပင် ဖြစ်ပါသည်။

➢ **ဆဏ္ဍာဘာရုက် ဓါဿ ဝဓိဇ္ဈဿသမ္ပ-ဆ္ဆိ ဆဏ္ဍ-ဆစ္ဆဝ်** ။ ။ အသိ-သန်လျက်၊ သတ္တိ-လှံ၊ ဘေဇ္ဈိ-ခက်ရင်း၊ လဂုဠ-ဆောင့်တုတ်၊ ပါသာဏ-ကျောက်ခဲ၊ သတ္ထ-ကြွင်းသော လက်နက်၊ ဝိသ-အဆိပ်၊ ရဏ္ဍ-ကြိုး-တို့ ဖြစ်ပါသည်။

➢ **ဣမိနာ ပါပကေန ဒုဿီလကေန-ဆ္ဆိ မုဆ်ညဲ့စ္ဆာ ဆာသက်ရှင်ရဲ့** ။ ။ ယုတ်ညံ့စွာ

http://www.dhammadownload.com

အသက်ရှင်ခြင်းမည်သည် ကြွယ်ဝသူတို့၏ အသက်ရှင်ခြင်းကို ထောက်ဆ၍ ဆင်းရဲသူတို့၏ အသက်ရှင်ရခြင်းသည် ယုတ်ညံ့အောက်ကျပါသည်၊ ပစ္စည်းရှင်တို့၏ အသက်ရှင်ခြင်းကို ထောက်ဆ၍ ပစ္စည်းမဲ့တို့၏ အသက်ရှင်ခြင်းသည် ယုတ်ညံ့အောက်ကျပါသည်။ နတ်တို့၏ အသက်ရှင်ခြင်းကို ထောက်ဆ၍ လူတို့၏ အသက်ရှင်ခြင်းသည် ယုတ်ညံ့အောက်ကျပါသည်။

➢ **ပါပဓကနု ဒုဒ္ဒီဒီဓဏေန–ဒ္ဒ ပါပကဓိဓိတဓဘဓ** ။ ။ (၁) ကြွယ်ဝသူတို့၏ အသက်ရှင်ခြင်းကို ထောက်ဆ၍ ဆင်းရဲသူတို့၏ အသက်ရှင်ရခြင်း၊ (၂) ပစ္စည်းရှင်တို့၏ အသက်ရှင်ခြင်းကို ထောက်ဆ၍ ပစ္စည်းမဲ့တို့၏ အသက်ရှင်ခြင်း၊ (၃) နတ်တို့၏ အသက် ရှင်ခြင်းကို ထောက်ဆ၍ လူတို့၏ အသက်ရှင်ခြင်း-တို့ ဖြစ်ပါသည်။

➢ **မဓကာင်းဓသာ ဓဆက်ရှင်ခြင်း–ဟူဆည်** ။ ။ လက်ပြတ်သူ ခြေပြတ်သူ လက်ခြေပြတ်သူ နားပြတ်သူ နှာခေါင်းပြတ်သူ နား, နှာခေါင်းပြတ်သူတို့သည် မကောင်းသော အသက်ရှင်ရခြင်း ဖြစ်ပါသည်။

➢ **မရဏဓဝဏ္ဏေ ဝါ သံဝဇ္ဇေယျ–ဒ္ဒ ဓသက်ရှင်ခြင်း်ဒ္ဒ ဓပြစ်ကို ဓပြောဆိုပုံ**

ကြွယ်ဝသူတို့၏ အသက်ရှင်ခြင်းကို ထောက်ဆ၍ ဆင်းရဲသူတို့၏ အသက်ရှင်ရခြင်းသည် ယုတ်ညံ့အောက်ကျပါသည်၊ ပစ္စည်းရှင်တို့၏ အသက်ရှင်ခြင်းကို ထောက်ဆ၍ ပစ္စည်းမဲ့တို့၏ အသက်ရှင်ခြင်းသည် ယုတ်ညံ့အောက်ကျပါသည်။ နတ်တို့၏ အသက်ရှင်ခြင်းကို ထောက်ဆ၍ လူတို့၏ အသက်ရှင်ခြင်းသည် ယုတ်ညံ့ အောက်ကျပါသည်။ ဤကား အသက်ရှင်ခြင်း်ဒ္ဒ အပြစ်ကို ပြောဆိုပုံ ဖြစ်ပါသည်။

➢ **မရဏဓဝဏ္ဏေ ဝါ သံဝဇ္ဇေယျ–ဟူဆည်/ ဓသစြေခြင်း်ဒ္ဒ ဓကျးဇူးကို ဆိုပုံ/**

ဓသစြေခြင်းဓဓဂုဏ်ဒ္ဒ ဓိုးမွမ်းပုံ ။ ။ "သင်သည် ဤဘဝမှ ကွယ်လွန်ပြီး ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၍ ကောင်းသောလားရာ နတ်ပြည်၌ ဖြစ်ရပေလိမ့်မည်၊ ထိုနတ်ပြည်၌ နတ်တို့၏ ကာမဂုဏ်ငါးပါးတို့ဖြင့် ရောင့်ရဲပြည့်စုံသည်ဖြစ်၍ ခံစံ မျော်ပါးရပေလိမ့်မည်" ဤကား သေရခြင်း်ဒ္ဒ ဓိုးမွမ်းပုံ ဖြစ်ပါသည်။

➢ **ဓရဏာဓ ဝါ သမာဓဓဝေယျ–ဟူဆည်** ။ ။ လက်နက်ကိုသော်လည်း ဆောင်ယူပါ၊ အဆိပ်ကိုသော်လည်း စားပါ၊ ကြိုးဆွဲချ၍သော်လည်း သေပါ၊ ထုံးဖိုင်၌သော်ငင်း, ချောက်၌သော်ငင်း, ကမ်းပါးပြတ်၌သော်ငင်း ခုန်ချပါ-ဟု ဆိုလိုပါသည်။

➢ **တဓတိယ ပါဒုဓိက ဓာဓတ်သင့်ဓဂုဏ်ပုံနှင့် သီးသန့် ဓာဓဝဏ်ကိုက ဥပမာ**

ဥပမာအားဖြင့်-- နှစ်ခြမ်းကွဲပြီးသော ကျောက်ဖျာကြီးသည် တဖန်ဆက်စပ်၍ မရနိုင်တော့သကဲ့သို့/ ဤအတူပင် ရဟန်းသည် သတ်လိုသော စိတ်စေတနာဖြင့် စေ့ဆော်အားထုတ်၍ လူဇာတ်ဖြစ်သောသူ၏ ကိုယ်ကို အသင်္ဂီဝိတိန္ဒြေ'မှ ချမိ၍ ရဟန်း မဟုတ်တော့ပေ၊ သာကီဝင်မင်းသား ဘုရားအနွယ်တော် မဟုတ်တော့ပေ။

http://www.dhammadownload.com

➤ **သာမံ-ဟူသည်** ကိုယ်ဖြင့်သော်၎င်း, ကိုယ်နှင့်စပ်သော အရာဝတ္ထုဖြင့်သော်၎င်း, လွတ်လိုက်သော မြားစသည်ဖြင့်သော်၎င်း ကိုယ်တိုင်သတ်ခြင်းပင် ဖြစ်ပါသည်။

➤ **အဓိဋ္ဌာယ-ဟူသည်** ။ ။ "ဤကဲ့သို့ ထိုး ဤကဲ့သို့ ပုတ်ခတ် ဤကဲ့သို့ သတ်"ဟု ဆောက်တည်၍ စေခိုင်းခြင်းပင် ဖြစ်ပါသည်။

➤ **ကာယေန သံဝဏ္ဏေတိ (ကိုယ်ဖြင့် ချီးကျူးပြောဆိုခြင်း) ဟူသည်** ။ ။ "ဤကဲ့သို့ သေရသောသူသည် ပစ္စည်းဥစ္စာကိုသော်လည်း ရတတ်၏၊ အခြံအရံ အကျော်အစောကိုသော်လည်း ရတတ်၏၊ နတ်ပြည်သို့သော်လည်း ရောက်တတ်၏"ဟု * ဘိုယ်အမူအရာဖြင့် ပြုလျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်၊ ထိုချီးကျူးပြောဆိုခြင်းကြောင့် သေတော့အံ့ဟု ဒုက္ခဝေဒနာကို ဖြစ်စေလျှင် ထုလ္လစ္စဋ်းအာပတ် သင့်ပါသည်၊ သေလျှင် ပါရာဇိကအာပတ် သင့်ပါသည်။ (ဝါစာယ သံဝဏ္ဏေတိ-နှင့်ဖြင့် ချီးကျူးပြောဆိုပုံ နည်းတူ)

➤ **စိတ္တေန သံဝဏ္ဏေတိ (တမန်လွှတ်၍ ချီးကျူးပြောဆိုခြင်း) ဟူသည်**

"ဤကဲ့သို့ သေရသောသူသည် ပစ္စည်းဥစ္စာကိုသော်လည်း ရတတ်၏၊ အခြံအရံ အကျော်အစောကို သော်လည်း ရတတ်၏၊ နတ်ပြည်သို့သော်လည်း ရောက်တတ်၏"ဟု တမန်အား သတင်းပေးလျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်၊ တမန်၏ သတင်းစကားကို ကြား၍ သေတော့အံ့ဟု ဒုက္ခဝေဒနာကို ဖြစ်စေလျှင် ထုလ္လစ္စဋ်းအာပတ် သင့်ပါသည်၊ သေလျှင် ပါရာဇိကအာပတ် သင့်ပါသည်။

➤ **ဒေဓါယ သံဝဏ္ဏေတိ (စာရေး၍ ချီးကျူးပြောဆိုခြင်း) ဟူသည်**

"ဤကဲ့သို့ သေရသောသူသည် ပစ္စည်းဥစ္စာကိုသော်လည်း ရတတ်၏၊ အခြံအရံ အကျော်အစောကိုသော်လည်း ရတတ်၏၊ နတ်ပြည်သို့သော်လည်း ရောက်တတ်၏"ဟု စာရေးလျှင် စာလုံးတိုင်း စာလုံးတိုင်း ဒုက္ကဋ်အာပတ် သင့်ပါသည်၊ စာကိုကြည့်၍ သေတော့အံ့-ဟု ဒုက္ခဝေဒနာကို ဖြစ်စေလျှင် ထုလ္လစ္စဋ်းအာပတ် သင့်ပါသည်၊ သေလျှင် ပါရာဇိကအာပတ် သင့်ပါသည်။

➤ **ဩဝါဒေ (ဆွေးဆွေးခြင်း) ဟူသည်** ။ ။ သူ့ကို ရည်ညွှန်းလျက် "ကျ၍ သေလိမ့်မည်"ဟု တွင်းကို တူးလျှင် ဒုက္ကဋ်အာပတ်၊ ကျပြီးနောက် ဒုက္ခဝေဒနာဖြစ်လျှင် ထုလ္လစ္စဋ်းအာပတ်၊ သေလျှင် ပါရာဇိကအာပတ် သင့်ပါသည်။

ဓနုံ ။ ။ တစ်ခုတစ်ယောက် ကျသေလိမ့်မည်ဟူသော ရည်ရွယ်ချက်ဖြင့် မည်သူ့ကိုမျှ မရည်စူးဘဲ တူးထားသော ဆွေးခြံ၌ လူ, ဘီလူး, တိရစ္ဆာန်တို့ ကျ၍ သေရာ၌ သင့်-ရောက်နိုင်သော အာပတ်တို့ကို အသီးသီး ဖြေဆိုပါ။ (၁၃၆၀-ခုမေး)

ခဏ်သူ-ဟု မရည်ရွယ်ဘဲ "တဦးတယောက် ကျ၍ သေလိမ့်မည်"ဟု တွင်းကို တူးလျှင် ဒုက္ကဋ်အာပတ်၊ ထိုတွင်း၌ လူကျလျှင် ဒုက္ကဋ်အာပတ်၊ ကျပြီးနောက် ဒုက္ခဝေဒနာဖြစ်လျှင် ထုလ္လစ္စဋ်း အာပတ်၊ သေလျှင် ပါရာဇိကအာပတ် သင့်ပါသည်။

http://www.dhammadownload.com

အိမ်မှူးသည်၎င်း, ပြိတ္တာသည်၎င်း, လူယောင်ဆောင်သော တိရစ္ဆာန်သည်၎င်း၊ ထို တွင်း၌ ကျလျှင် ဒုက္ကဋ်အာပတ်၊ ကျပြီးနောက် ဒုက္ခဝေဒနာ ဖြစ်လျှင် ဒုက္ကဋ်အာပတ်၊ သေလျှင် ထုလ္လစ္စဉ်း အာပတ် သင့်ပါသည်။

အိရန္တဓာန်သည် ထိုတွင်း၌ ကျလျှင် ဒုက္ကဋ်အာပတ်၊ ကျပြီးနောက် ဒုက္ခဝေဒနာ ဖြစ်လျှင် ဒုက္ကဋ်အာပတ်၊ သေလျှင် ပါစိတ်အာပတ် သင့်ပါသည်။

➢ **ဆဝေဆေန (တံတဲထျဉ် ထားခြင်း)** မည်သည် ။ ။ "ကျ၍ သေလိမ့်မည်"ဟု ဝံကဲ့ပျဉ်၌ ဓားလက်နက်ကိုသော်လည်း ထားအံ့၊ အဆိပ်ဖြင့်သော်လည်း လိမ်းသုတ်အံ့၊ အားနည်းအောင်သော်လည်း ပြုအံ့၊ ထုံးအိမ်၌သော်၎င်း, ချောက်၌သော်၎င်း, ကမ်းပါး ပြတ်၌သော်၎င်း ထားအံ့၊ ဒုက္ကဋ်အာပတ်၊ လက်နက်ဖြင့်သော်၎င်း, အဆိပ်ဖြင့်သော်၎င်း ကျ၍သော်၎င်း၊ ဒုက္ခဝေဒနာဖြစ်လျှင် ထုလ္လစ္စဉ်း အာပတ်၊ သေလျှင် ပါရာဇိကအာပတ် သင့်ပါသည်။

➢ **ဥပနိက္ခိပန (လက်နက်ကို အနီး၌ ချထားခြင်း)** မည်သည် ။ ။ သန်လျက်ကို သော်၎င်း, လှံကိုသော်၎င်း, ခက်ရင်းကိုသော်၎င်း, ဆောက်ပုတ်ကိုသော်၎င်း, ကျောက်တုံး ကိုသော်၎င်း, လက်နက်ကိုသော်၎င်း, အဆိပ်ကိုသော်၎င်း, ကြိုးကိုသော်၎င်း, "ဤအရာ ဝတ္ထုဖြင့် သေလိမ့်မည်"ဟု အနီး၌ ချထားလျှင် ဒုက္ကဋ်အာပတ်၊ ထိုအရာဝတ္ထုဖြင့် သေအံ့ ဟု ဒုက္ခဝေဒနာ ဖြစ်လျှင် ထုလ္လစ္စဉ်း အာပတ်၊ သေလျှင် ပါရာဇိကအာပတ် သင့်ပါသည်။

➢ **စဘဿဒ္ဓ (ဆေး) မည်သည်** ။ ။ ထောပတ်ကိုသော်၎င်း, ဆီကိုသော်၎င်း, ဟူးရည် ကိုသော်၎င်း, တင်လဲကိုသော်၎င်း, "ဤဆေးကို လျက်၍ သေလိမ့်မည်"ဟု ပေးလျှင် ဒုက္ကဋ် အာပတ်၊ ထိုဆေးကို လျက်၍ ဒုက္ခဝေဒနာ ဖြစ်လျှင် ထုလ္လစ္စဉ်း အာပတ်၊ သေလျှင် ပါရာဇိကအာပတ် သင့်ပါသည်။

➢ **ရုမူပဓာဓရာ (ရူပါရုံကို အနီးသို့ ဆောင်ခြင်း) မည်သည်** နှစ်လိုဖွယ်မရှိသော ကြောက်မက်ဖွယ်ကို ဖြစ်စေတတ်သော ကြောက်စရာကောင်းသော ရူပါရုံကို "ဤရူပါရုံ ကို မြင်သော် လန့်၍ သေလိမ့်မည်"ဟု အနီးသို့ ဆောင်လျှင် ဒုက္ကဋ်အာပတ်၊ ထိုရူပါရုံကို မြင်၍ လန့်လျှင် ထုလ္လစ္စဉ်းအာပတ်၊ သေလျှင် ပါရာဇိကအာပတ် သင့်ပါသည်။

နှစ်သက်ဖွယ် ရူပါရုံကို "ဤရူပါရုံကို မြင်သော် မရသဖြင့် ခြောက်တပ်၍ သေလိမ့် မည်"ဟု အနီးသို့ ဆောင်လျှင် ဒုက္ကဋ်အာပတ်၊ ထိုရူပါရုံကို မြင်ပြီး မရနိုင်သဖြင့် ခြောက် တပ်နေလျှင် ထုလ္လစ္စဉ်းအာပတ်၊ သေလျှင် ပါရာဇိကအာပတ် သင့်ပါသည်။

➢ **သဒ္ဒူပဓာဓရာ (သဒ္ဒါရုံကို အနီးသို့ ဆောင်ခြင်း)** မည်သည် ။ ။ နှစ်လိုဖွယ် မရှိသော ကြောက်မက်ဖွယ်ကို ဖြစ်စေတတ်သော ကြောက်စရာကောင်းသော အသံကို "ဤအသံကိုကြားသော် လန့်၍ သေလိမ့်မည်"ဟု အနီးသို့ ဆောင်လျှင် ဒုက္ကဋ်အာပတ်၊ ထိုအသံကိုကြား၍ လန့်လျှင် ထုလ္လစ္စဉ်းအာပတ်၊ သေလျှင် ပါရာဇိကအာပတ် သင့်သည်။

http://www.dhammadownload.com

နှစ်သက်လိုဖွယ် ချစ်ခင်ဖွယ် မြတ်နိုးဖွယ်ရှိသော အသံကို "ဤအသံကို ကြားသော် မရနိုင်သဖြင့် ခြောက်တပ်၍ သေလိမ့်မည်"ဟု အနီးသို့ ဆောင်လျှင် ဒုက္ကဋ်အာပတ်၊ ထိုအသံကိုကြားပြီး မရနိုင်သဖြင့် ခြောက်တပ်နေလျှင် ထုလွှစွဉ်းအာပတ်၊ သေလျှင် ပါရာဇိကအာပတ် သင့်ပါသည်။

➢ **ဂန္ဓူပဓာနရာ (ဂန္ဓာရုံကို အနီးသို့ ဆောင်ခြင်း)** ဟူသည် ။ ။ မနှစ်မြို့ဖွယ် စက်ဆုပ်ဖွယ် ရွံရှာဖွယ်ရှိသော ဂန္ဓာရုံကို "ဤ အနံ့ကို နမ်းသော် စက်ဆုပ်ရွံရှာ၍ သေလိမ့်မည်"ဟု အနီးသို့ ဆောင်လျှင် ဒုက္ကဋ်အာပတ်၊ ထိုအနံ့ကို နမ်းပြီး စက်ဆုပ်ရွံရှာ၍ ဒုက္ခဝေဒနာ ဖြစ်လျှင် ထုလွှစွဉ်းအာပတ်၊ သေလျှင် ပါရာဇိကအာပတ် သင့်ပါသည်။

နှစ်မြို့ဖွယ်ရှိသော ဂန္ဓာရုံကို "ဤအနံ့ကို နမ်းပြီးသော် မရနိုင်သဖြင့် ခြောက်တပ်၍ သေလိမ့်မည်"ဟု အနီးသို့ ဆောင်လျှင် ဒုက္ကဋ်အာပတ်၊ ထိုအနံ့ကို နမ်းပြီးသော် မရနိုင်သဖြင့် ခြောက်တပ်၍နေလျှင် ထုလွှစွဉ်းအာပတ်၊ သေလျှင် ပါရာဇိကအာပတ် သင့်ပါသည်။

➢ **ရသူပဓာရ (ရသာရုံကို အနီးသို့ဆောင်)** ဟူသည် ။ ။ မနှစ်မြို့ဖွယ် စက်ဆုပ်ဖွယ် ရွံရှာဖွယ်ရှိသော အရသာကို "ဤအရသာကို လျက်ပြီးသော် စက်ဆုပ်ရွံရှာ၍ သေလိမ့်မည်"ဟု အနီးသို့ဆောင်လျှင် ဒုက္ကဋ်အာပတ်၊ ထိုအရသာကို လျက်ပြီးသော် စက်ဆုပ်ရွံရှာ၍ ဒုက္ခဝေဒနာ ဖြစ်လျှင် ထုလွှစွဉ်းအာပတ်၊ သေလျှင် ပါရာဇိကအာပတ် သင့်ပါသည်။

နှစ်မြို့ဖွယ်ရှိသော အရသာကို "ဤအရသာကို လျက်ပြီးသော် မရနိုင်သဖြင့် ခြောက်တပ်၍ သေလိမ့်မည်"ဟု အနီးသို့ ဆောင်လျှင် ဒုက္ကဋ်အာပတ်၊ ထိုအရသာကို လျက်ပြီးသော် မရနိုင်သဖြင့် ခြောက်တပ်နေလျှင် ထုလွှစွဉ်းအာပတ်၊ သေလျှင် ပါရာဇိကအာပတ် သင့်ပါသည်။

➢ **ဖောဋ္ဌဗ္ဗူပဓာရ (ဖောဋ္ဌဗ္ဗာရုံကို အနီးသို့ဆောင်ခြင်း)**ဟူသည် ။ ။ မနှစ်မြို့ဖွယ် အတွေ့ဆိုးသော ဖောဋ္ဌဗ္ဗာရုံကို "ဤအတွေ့အထိဖြင့် တွေ့ထိခံရသော် သေလိမ့်မည်"ဟု အနီးသို့ဆောင်လျှင် ဒုက္ကဋ်အာပတ်၊ ထိုအတွေ့အထိဖြင့် တွေ့ထိခံရသူအား ဒုက္ခဝေဒနာ ဖြစ်လျှင် ထုလွှစွဉ်းအာပတ်၊ သေလျှင် ပါရာဇိကအာပတ် သင့်ပါသည်။

နှစ်မြို့ဖွယ် အတွေ့ကောင်း အတွေ့နု ဖောဋ္ဌဗ္ဗာရုံကို "ဤအတွေ့အထိဖြင့် တွေ့ထိခံရသော် မရသဖြင့် ခြောက်တပ်၍ သေလိမ့်မည်"ဟု အနီးသို့ ဆောင်လျှင် ဒုက္ကဋ်အာပတ်၊ ထိုအတွေ့အထိဖြင့် အတွေ့အထိ ခံရပြီး မရနိုင်သဖြင့် ခြောက်တပ်၍နေလျှင် ထုလွှစွဉ်းအာပတ်၊ သေလျှင် ပါရာဇိကအာပတ် သင့်ပါသည်။

➢ **ဓမ္မူပဓာရ (ဓမ္မာရုံကို အနီးသို့ ဆောင်ခြင်း)** ဟူသည် ။ ။ "ဤစကားကို ကြားသော် လန့်၍ သေလိမ့်မည်"ဟု ငရဲ၌ ဖြစ်ထိုက်သူအား ငရဲနှင့်စပ်သော စကားကို ပြောလျှင် ဒုက္ကဋ်အာပတ်၊ ထိုစကားကို ကြား၍ လန့်လျှင် ထုလွှစွဉ်းအာပတ်၊ သေလျှင်

http://www.dhammadownload.com

ပါရာဇိက အာပတ် သင့်ပါသည်။

"ဤတရားစကားကို ကြားသော် နတ်ပြည်၌ နှလုံးသွင်း၍ သေလိမ့်မည်"ဟု ကောင်းမှုရှင်အား နတ်ရွာနှင့်စပ်သော စကားကို ပြောလျှင် ဒုက္ကဋ်အာပတ်၊ ထိုစကားကို ကြား၍ နတ်ပြည်၌ နှလုံးသွင်းလျက် သေတော့အံ့ဟု ဒုက္ခဝေဒနာ ဖြစ်စေလျှင် ထုလ္လစ္စဋ်းအာပတ်၊ သေလျှင် ပါရာဇိက အာပတ် သင့်ပါသည်။

မေး ။ ။ တတိယပါရာဇိက၌ အာစိက္ခဏာနှင့် အနုသာသနီတို့၏ ထူးခြားချက်နှင့်တကွ ဆိုင်ရာ အာပတ္တိဝိနိစ္ဆယတို့ကို ဖော်ပြပါ။

➢ **အာစိက္ခနာ(ပြောကြားခြင်း)** ဟူသည် ။ ။ "ဤသို့ သေပါ၊ ဤသို့ သေရသော သူသည် ပစ္စည်းဥစ္စာကိုသော်လည်း ရတတ်၏၊ အခြံအရံ အကျော်အစောကိုသော်လည်း ရတတ်၏၊ နတ်ပြည်သို့သော်လည်း ရောက်တတ်၏" ဟု မေးသဖြင့် ပြောလျှင် ဒုက္ကဋ် အာပတ်၊ ထိုပြောကြားခြင်းဖြင့် သေတော့အံ့ဟု ဒုက္ခဝေဒနာ ဖြစ်စေလျှင် ထုလ္လစ္စဋ်းအာပတ်၊ သေလျှင် ပါရာဇိကအာပတ် သင့်ပါသည်။

မေး ။ ။ အဘယ်ကို အနုသာသနီ ခေါ်သည်ကို ဖော်ပြပြီးလျှင် ယင်းအနုသာသနီဖြင့် ပါရာဇိကအာပတ်တိုင်အောင် သင့်ရောက်ပုံကိုလည်း ဖော်ပြပါ။ (၁၃၆၃-ခု)

➢ **အနုသာသနီ (ဆုံးမခြင်း)** ဟူသည် ။ ။ မမေးမြန်းအပ်ဘဲ ပြောဆိုခြင်းကို "အနုသာသနီ"ဟု ခေါ်ပါသည်။

"ဤသို့ သေပါ၊ ဤသို့ သေရသော သူသည် ပစ္စည်းဥစ္စာကိုသော်လည်း ရတတ်၏၊ အခြံအရံ အကျော်အစောကိုသော်လည်း ရတတ်၏၊ နတ်ပြည်သို့သော်လည်း ရောက်တတ်၏" ဟု မမေးဘဲ ပြောလျှင် ဒုက္ကဋ် အာပတ်၊ ထိုအဆုံးအမ စကားဖြင့် သေတော့အံ့ဟု ဒုက္ခဝေဒနာ ဖြစ်စေလျှင် ထုလ္လစ္စဋ်း အာပတ်၊ သေလျှင် ပါရာဇိကအာပတ် သင့်ပါသည်။

➢ **ဃဋ္ဋနာကမ္မ (အချိန်းအချက်ဖြုခြင်း)** ဟူသည် ။ ။ နံနက်သော်၎င်း, ညနေချမ်းသော်၎င်း, ည၌သော်၎င်း, နေ့သော်၎င်း "ထိုကာလ-စသော အချိန်းအချက်ဖြင့် ထိုသူကို သတ်လော့"ဟု အချိန်းအချက်ကို ပြုလျှင် ဒုက္ကဋ်အာပတ်၊ ထိုအချိန်းအချက်ဖြင့် ထိုသူကို သတ်အံ့၊ နှစ်ဦးလုံး ပါရာဇိကအာပတ်၊ ထိုအချိန်းအချက်၏ ရှေ့၌ဖြစ်စေ, နောက်၌ ဖြစ်စေ ထိုသူကို သတ်အံ့၊ မူလချိန်းချက်ရင်း ရဟန်းအား အာပတ် မသင့်၊ သတ်သော ရဟန်းအားသာ ပါရာဇိကအာပတ် သင့်ပါသည်။

➢ **နိမိတ္တကမ္မ (အမှတ်အသားပြုခြင်း)** ဟူသည် ။ ။ "မျက်စိကိုသော်လည်း မှိတ်ပြမည်၊ မျက်ခုန်းကိုသော်လည်း ပင့်ပြမည်၊ ဦးခေါင်းကိုသော်လည်း ညိတ်ပြမည်၊ ထိုအမှတ်အသားဖြင့် ထိုသူကို သတ်လော့"ဟု ပြောလျှင် ဒုက္ကဋ်အာပတ်၊ ထိုအမှတ်အသားဖြင့် ထိုသူကို သတ်အံ့၊ နှစ်ဦးလုံး ပါရာဇိကအာပတ်၊ ထိုအမှတ်အသား၏ ရှေ့၌ဖြစ်စေ, နောက်၌ ဖြစ်စေ ထိုသူကို သတ်အံ့၊ မူလချိန်းချက်ရင်း ရဟန်းအား အာပတ် မသင့်၊ သတ်သော

http://www.dhammadownload.com

ရဟန်းအားသာ ပါရာဇိကအာပတ် သင့်ပါသည်။

ဓမ္မ။ ။ အိမ်ရှင်မအား ထိုင်ကိုယ်တော်က ကိုယ်ဝန်ကျဆေး ပေးရာ (က) ကိုယ်ဝန် ပျက်သော် (ခ) အိမ်ရှင်မ သေသော် (ဂ) နှစ်ဦးလုံး မသေသော် ထိုင်ကိုယ်တော် အား သင့်သော အာပတ်များကို ဖော်ပြပါ။

* (က) ကိုယ်ဝန် ပျက်သော်-- ပါရာဇိကအာပတ် သင့်ပါသည်။
(ခ) အိမ်ရှင်မ သေသော်-- ထုလ္လစ္စဉ်းအာပတ် သင့်ပါသည်။
(ဂ) နှစ်ဦးလုံး မသေသော် -- ထုလ္လစ္စဉ်းအာပတ် သင့်ပါသည်။

ဓမ္မ။ ။ ရဟန်းတစ်ပါးကို အခြားရဟန်းတစ်ပါးက **အဆိပ်ကျွေးရာ** ထိုရဟန်း သေရာ၌ ကျွေးသော ရဟန်း ပါရာဇိက (ကျုပ်, မကျုပ်) နှင့် အခြား အာပတ် (သင့်ပုံ, မသင့်ပုံ) တို့ကို ဝေဖန်ပြပါ။

* အဆိပ်ပါမှန်း မသိသောကြောင့် ပါရာဇိက မကျပါ။ အာပတ်လည်း မသင့်ပါ။
* စမ်းသပ်လို၍ အဆိပ်ကျွေးသော ရဟန်းအား ပါရာဇိက အာပတ် မသင့်ပါ။ ထုလ္လစ္စဉ်းအာပတ် သင့်ပါသည်။

➤ **နဝကမ္မ (အမှုသစ်) ကို ပြုလုပ်ကြရာ ဆန်ပင်ဖြတ်စိုင်းစေသော ရဟန်း၏ အာပတ်**

"ငါ့ရှင် ဤဘက်မှ နေ၍ ဖြတ်ပါ"ဟု ပြောရာ ထိုပြောသောဘက်မှနေ၍ ဖြန်သော ရဟန်းကို သစ်ပင်ပို၍ သေသော်လည်း- သေစေလိုသော စိတ်မရှိသောကြောင့် အာပတ် မသင့်ပါ။ * သေစေလိုသော်လည်း မသေလျှင် -- ထုလ္လစ္စဉ်းအာပတ် သင့်ပါသည်။

ဓမ္မ။ ။ ရဟန်းတပါးသည် **သုဿာန်၌ သူဌေးများသတ်နေသော လူသတ်သမားအား** - မည်သို့ စီမံညွှန်ကြား၍ မည်သည့်အကြောင်းကြောင့် ပါရာဇိကအာပတ် သင့်သည် မသင့်သည်ကို ခွဲခြားပြေဆိုပါ။

* "ဒါယကာ ဤသူကို မပင်ပန်းစေလင့်၊ တချက်ထည်း ခုတ်သတ်လိုက်ပါ" ပြော ရာ ပြောသည့်အတိုင်း ခုတ်သတ်သောကြောင့် ပါရာဇိကအာပတ် သင့်ပါသည်။

* "ဒါယကာ ဤသူကို မပင်ပန်းစေလင့်၊ တချက်ထည်း ခုတ်သတ်လိုက်ပါ" ပြော ရာ ထိုဒါယကာက "အရှင်ဘုရား၏ စကားကို နားမထောင်နိုင်"ဟု ပြန်လျှောက်ပြီး ထို သူကို သတ်သောကြောင့် ပါရာဇိကအာပတ် မသင့်ပါ။

➤ **ရက်ဆက်ရည်ခိုက်စိုင်းစေသော ရဟန်း၏ အာပတ်** ။ ။ "ဒါယကာတို့ ဤသူ့ကို သေစေလိုကြသလော"ဟု မေးရာ "အရှင်ဘုရား သေစေလိုကြပါသည်" လျှောက်လေ သော် သို့ဖြစ်လျှင် ရက်တက်ရည်ကို တိုက်ကြကုန်ဟု ပြောသဖြင့် ထိုသူ့ကို တိုက်ကြရာ သေလေ၏၊ ထိုရဟန်းအား ပါရာဇိကအာပတ် သင့်ပါသည်။

➤ **ဆက်ဆက်လည်း အာပတ်မသင့်စေသော ပုဂ္ဂိုလ်များ** ။ ။ သတ်လိုသော စိတ်မရှိ သော ရဟန်း၊ မသိသော ရဟန်း၊ မသေစေလိုသော ရဟန်း၊ သည်းခြေပျက်၍ ရူးသော

http://www.dhammadownload.com

ရဟန်း၊ အစ လက်ဦး လွန်ကျူးသော ရဟန်း-တို့ ဖြစ်ပါသည်။



အတ္ထုပ္ပတ္တိရာဇကထာပဋိပ္ပာဒနဝိဒြူဟ

➤ **ဝန္ဓိတ္ထိုင်းဠီ အစားအစာ စစေါင်းပါးသောအခါ ဝတ္ထုမှစ၍ မြစ်ကမ်းစေ့ ရဟန်းတို့ အကြောင်းဖြစ်ပုံ** ။ ။ "ယခုအခါ ဝန္ဓိတိုင်းသည် အစာခေါင်းပါး၏၊ အသက်မွေးရန် ခဲယဉ်း၏၊ ဖွေးဖွေးဖြူသော အရိုးရှိ၏၊ စာရေးတံ လက်မှတ်ဖြင့် အသက်မွေးရ၏၊ သပိတ်လက်စွဲ၍ ဆွမ်းခံခြင်းဖြင့် မျှတရန် မလွယ်ကူချေ၊ ငါတို့သည် အဘယ်နည်းဖြင့် အညီအညွတ် ဝမ်းမြောက် ဝမ်းသာ မငြင်းခုံကြဘဲ ချမ်းသာစွာ ဝါကပ်ကြရပါအံ့နည်း၊ ဆွမ်းအတွက်လည်း မပင်ပန်းဘဲ ရှိပါကုန်အံ့နည်း"ဟု အကြံ ဖြစ်ပါသည်။

* **ဆစ္ဆိုသော ရဟန်းတို့က**--- "ငါ့ရှင်တို့ ယခု ငါတို့သည် လူတို့၏ အမှုကြီးငယ်ကို စီရင်ကုန်အံ့၊ ဤသို့ စီရင်လျှင် ထိုလူတို့သည် ငါတို့အား ပေးလှူကြဘို့ရာ အမှတ်ရကြ ပေလိမ့်မည်၊ ဤသို့ လှူဒါန်းကြလျှင် ငါတို့သည် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ မငြင်းခုံကြဘဲ ချမ်းသာစွာ ဝါကပ်ကြရပေလိမ့်မည်၊ ဆွမ်းအတွက်လည်း မပင်ပန်းဘဲ ရှိကြရ ပေလိမ့်မည်"ဟု ပြောပါသည်။

* အချို့သော ရဟန်းတို့က -- **"ငါ့ရှင်တို့ လူတို့၏ အမှုကြီးငယ်ကို စီရင်ကြခြင်းဖြင့် အကျိုးမရှိကြပါ၊** ငါ့ရှင်တို့ ယခု ငါတို့သည် လူတို့၏ တမန်မှုကို ဆောင်ကုန်အံ့၊ ဤသို့ ဆောင်လျှင် ထိုလူတို့သည် ငါတို့အား ပေးလှူကြဘို့ရာ အမှတ်ရကြ ပေလိမ့်မည်၊ ဤသို့ လှူဒါန်းကြလျှင် ငါတို့သည် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ မငြင်းခုံကြဘဲ ချမ်းသာစွာ ဝါကပ်ကြရပေလိမ့်မည်၊ ဆွမ်းအတွက်လည်း မပင်ပန်းဘဲ ရှိကြရ ပေလိမ့်မည်" ဟု ပြောပါသည်။

* အချို့သော ရဟန်းတို့က -- **"ငါ့ရှင်တို့ မဆင့်လျော်ပါ၊ လူတို့၏ အမှုကြီးငယ်ကို စီရင်ကြခြင်းဖြင့် အဘယ်အကျိုးရှိပါမည်နည်း၊ * လူတို့၏ တမန်မှုကို ဆောင်ခြင်းဖြင့် အဘယ်အကျိုးရှိကြပါမည်နည်း၊** * ငါ့ရှင်တို့ ယခု ငါတို့သည် လူတို့အား အချင်းချင်း၏ လူတို့ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရား၏ ဂုဏ် ကျေးဇူးကို ပြောဆိုကုန်အံ့၊ 'ဤအမည်ရှိသော ရဟန်းသည် ပဌမဈာန်ကို ရ၏၊/ဒုတိယ ဈာန်ကို ရ၏၊/တတိယဈာန်ကို ရ၏၊/စတုတ္ထဈာန်ကို ရ၏၊/သောတာပန်တည်း/သက ဒါဂါမ်တည်း/အနာဂါမ်တည်း/ရဟန္တာတည်း/ဝိဇ္ဇာသုံးပါးကို ရ၏/အဘိညာဏ် ခြောက် ပါးကို ရ၏'ဟု ပြောဆိုကုန်အံ့၊ ဤသို့ ပြောဆိုကြလျှင် ထိုလူတို့သည် ငါတို့အား ပေးလှူသင့်သည်ဟု မှတ်ထင်ကြပေလိမ့်မည်၊ ဤသို့ လှူဒါန်းကြလျှင် ငါတို့သည် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ မငြင်း ခုံကြဘဲ ချမ်းသာစွာ ဝါကပ်ကြရပေလိမ့်မည်၊ ဆွမ်းအတွက်လည်း မပင်ပန်းဘဲ ရှိကြရ ပေလိမ့်မည်"ဟု ပြောပါသည်။

http://www.dhammadownload.com

➤ **အနတိစာနံ-ဟူသည်** ။ ။ မိမိ၌ မရှိသော မဟုတ်မမှန်သော ထင်ရှားမရှိသော ကုသိုလ်တရားကို "ငါ့အား ကုသိုလ်တရားရှိ၏"ဟု မသိဘဲ မမြင်ဘဲ-ဟု ဆိုလိုသည်။

➤ **ဥတ္တရိမနုဿဓမ္မ-သဒ္ဓမ်/ဥတ္တရိမနုဿဓမ္မ-ဟူသည်** ။ ။ ဈာန်, ဝိမောက္ခ, သမာဓိ, သမာပတ်, ဉာဏ်အမြင်, မဂ်ကိုပွားများခြင်း, ဖိုလ်ကို မျက်မှောက်ပြုခြင်း, ကိလေသာကို ပယ်ခြင်း, နိဝရဏ-မှ ကင်းခြင်း, ဆိတ်ငြိမ်ရာ ကျောင်းသခိမ်း၌ မွေ့လျော်ခြင်း။

➤ **အဇ္ဈုပနာယိက (ဥတ္တရိမနုဿဓမ္မ-ကို မိမိသို့ ဆောင်ကပ်)** ဟူသည် ထိုကုသိုလ်တရားတို့ကိုသော်လည်း မိမိသို့ ဆောင်ကပ်ခြင်း၊ မိမိကိုသော်လည်း ထို ကုသိုလ်တရားတို့ကို ဆောင်ကပ်ခြင်းပင် ဖြစ်ပါသည်။

➤ **ဥဏ္ဏာ-အဇ္ဈ** ။ ။ ဝိဇ္ဇာ သုံးပါးကို ယူရပါမည်။

➤ **သမ္ပဓါဓေရေယျ-ဟူသည်** ။ ။ မိန်းမအားသော်ငင်း, လောက်ငားအားသော်ငင်း, လူအားသော်ငင်း, ရဟန်းအားသော်ငင်း ပြောကြားခြင်းပင် ဖြစ်ပါသည်။

ဓမ္မ ။ ။ စတုတ္ထပါရာဇိကသိက္ခာပုဒ်ဝယ် "ဤသို့ ဤပုံ သိပါသည် မြင်ပါသည်"ဟု ရဟန်း က ပြောရာ၌ အဘယ်သို့ သိသည်, အဘယ်သို့ မြင်သည်ကို အကျယ်တဝင့် ဖြေ ဆိုပါ။ (၁၃၆၉-ခုမေး)

➤ **ဣဓေဓ ဘဂဝါမိ ဣဓေဓ သုဂတောမိ-ဟူသည်** ။ ။ "ထိုဥတ္တရိမနုဿဓမ္မတို့ကို ငါသိ၏၊ ထိုဥတ္တရိမနုဿဓမ္မတို့ကို ငါမြင်၏၊ ထိုဥတ္တရိမနုဿဓမ္မတို့သည်လည်း ငါ၌ရှိ၏၊ ငါသည် လည်း ထိုဥတ္တရိမနုဿဓမ္မတို့၌ ထင်၏-ဟု ပြောကြားခြင်းပင် ဖြစ်ပါသည်။

➤ **ဣမဿ္မိံယေဝအာရုံ-ဟူသည်/အရိယာ ဟုတ်-မဟုတ် မေးမြန်း စီစစ်ရမည့်အင်္ဂါ** အကြောင် ဝတ္ထုကို ဝန်ခံ၏၊ ထိုဝတ္ထုကို--

(၁) "သင်သည် အဘယ်တရားကို ရသနည်း၊ (၂) သင်သည် အဘယ်သို့ ရသနည်း၊ (၃) သင်သည် အဘယ်အခါ၌ ရသနည်း၊ (၄) သင်သည် အဘယ်အရပ်၌ ရသနည်း၊ (၅) သင်သည် အဘယ်မည်သော ကိလေသာတို့ကို ပယ်သနည်း၊ (၆) သင်သည် အဘယ် မည်သော တရားတို့ကို ရသနည်း"ဟု မေးစီစစ်ခြင်းပင် ဖြစ်ပါသည်။

➤ **အာဝုသော-ဟူသည်** ။ ။ ယုတ်ညံ့သော အလိုဆိုးရှိသည်ဖြစ်၍ အလိုဆိုးနှိပ်စက် အပ်သည်ဖြစ်၍ ထင်ရှားမရှိသော မဟုတ်မမှန်သော လူတို့ ကုသိုလ်ကမ္မဝပထတရား ဆယ် ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရားကို ဝါကြွားပြောဆိုမိ၍ ပါရာဇိကအာပတ် သို့ ရောက်ပြီးခြင်းပင် ဖြစ်ပါသည်။

➤ **ဝိသုဒ္ဓါဓေဓော-(စင်ကြယ်ခြင်းတို့ အလိုရှိသူ)** ဟူသည် ။ ။ လူသော်ငင်း, ဥပါ သကာသော်ငင်း အရဲစောင့်သော်ငင်း သာမဏေသော်ငင်း ဖြစ်လိုခြင်း ဖြစ်ပါသည်။

➤ **အစာနမေဝံ အာဒုဧသော အဝဓံ စာနာမိ အဝဿံ ဝဿာမိ-ဟူသည်**

"ငါသည် ထိုတရားတို့ကို မသိပါ၊ ငါသည် ထိုတရားတို့ကို မမြင်ပါ၊ ထိုတရားတို့

http://www.dhammadownload.com

သည်လည်း ငါ၌ မရှိကြပါ၊ ငါသည်လည်း ထိုတရားတို့၌ မထင်ပါ"ဟု ပြောဆိုခြင်း ဖြစ်ပါသည်။

➤ **ဇာန္တွ် နုသာ ဓိလမိ-ဇာသည်** ။ ။ ငါသည် အချည်းနှီးသော စကားကို ပြောဆိုမိပြီ၊ ငါသည် မှားယွင်းသော စကားကို ပြောဆိုမိပြီ၊ မဟုတ်မမှန်သော စကားကို ပြောဆိုမိပြီ၊ ငါသည် မသီဘဲ ပြောဆိုမိပြီ-ဟု ဆိုလိုပါသည်။

➤ **စတုဇ္ဇ မါရာဓိက အာပတ်ဆင့်ဧရောက်ပုံနှင့် ဆီးဆန့် အာဝေဏိက ဥပမာ**

ဥပမာအားဖြင့်-- လည်ဆစ်ပြတ်ကျိုးလေပြီးသော ထန်းပင်သည် နောက်ထပ် စည်ပင်ပေါက်ရောက်ခြင်းငှာ မဖြစ်နိုင်သကဲ့သို့/ ဤအတူပင် ရဟန်းသည် ယုတ်ညံ့သော အလိုဆိုးရှိသည်ဖြစ်၍ အလိုဆိုးသည် နှိပ်စက်အပ်သည်ဖြစ်၍ ထင်ရှားမရှိသော မဟုတ်မမှန်သော လူတို့ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရားကို ဝါကြွားပြောဆိုမိ၍ ရဟန်း မဟုတ်တော့ပါ၊ သာကီဝင်မင်းသား ဘုရားအနွယ်တော် မဟုတ်တော့ပါ။

➤ **ဈာန-ဆရ** ။ ။ ပဌမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်တို့ကို ယူ။

➤ **ဒီဓမောဇ္ဈ-ဆရ** ။ ။ သုညတ ဝိမောက္ခ-ကိလေသာ ဆိတ်သုဉ်း၍ လွတ်မြောက်ခြင်း၊ အနိမိတ္တ ဝိမောက္ခ-ကိလေသာ အကြောင်းနိမိတ် မရှိ၍ လွတ်မြောက်ခြင်း၊ အပ္ပဏိဟိတ ဝိမောက္ခ-ကိလေသာ တောင့်တမှု မရှိ၍ လွတ်မြောက်ခြင်း-တို့ ဖြစ်ပါသည်။

➤ **ဆမာဓိ-ဆရ** ။ ။ သုညတ သမာဓိ-ကိလေသာ ဆိတ်သုဉ်း၍ တည်ကြည်ခြင်း၊ အနိမိတ္တ သမာဓိ-ကိလေသာ အကြောင်းနိမိတ် မရှိ၍ တည်ကြည်ခြင်း၊ အပ္ပဏိဟိတ သမာဓိ-ကိလေသာ တောင့်တမှု မရှိ၍ တည်ကြည်ခြင်း-တို့ ဖြစ်ပါသည်။

➤ **ဆမာပတ္တိ-ဆဿ်** ။ ။ သုညတသမာပတ္တိ-ကိလေသာ ဆိတ်သုဉ်း၍ ဝင်စားခြင်း၊ အနိမိတ္တာ သမာပတ္တိ-ကိလေသာ အကြောင်း နိမိတ် မရှိ၍ ဝင်စားခြင်း၊ အပ္ပဏိဟိတာ သမာပတ္တိ-ကိလေသာ တောင့်တမှု မရှိ၍ ဝင်စားခြင်း-တို့ ဖြစ်ပါသည်။

➤ **ဉာဏဒဿန ဆဿ်** ။ ။ ဝိဇ္ဇာသုံးပါး ဖြစ်ပါသည်။

➤ **မဂ္ဂင်္ဂာဓနာ(မဂ်ကို ပွားများခြင်း)** ။ ။ သတိပဋ္ဌာန် ၄-ပါး၊ သမ္မပ္ပဓာန် ၄-ပါး၊ ဣဒ္ဓိပါဒ် ၄-ပါး၊ ဣန္ဒြေ ၅-ပါး၊ ဗောဇ္ဈင် ၇-ပါး၊ မြတ်သော မဂ္ဂင် ၈-ပါး-တို့ ဖြစ်ပါသည်။

➤ **ဗလဆန္ဒိဂီရိယာ (ဖိုလ်ကို မျက်မှောက်ပြုခြင်း)** ။ ။ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်း၊ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်း၊ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်း၊ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်း-တို့ ဖြစ်ပါသည်။

➤ **ကိလေသဝမာန (ကိလေသာကို ပယ်ခြင်း)** ။ ။ ရာဂကို ပယ်ခြင်း, ဒေါသကို ပယ်ခြင်း, မောဟကို ပယ်ခြင်း-ပင် ဖြစ်ပါသည်။

➤ **ဝိနိဝရဏာ စိဇ္ဇသ-ဇာသည်** ။ ။ ရာဂမှ စိတ်၏ အပိတ်အပင်ကင်းခြင်း၊

http://www.dhammadownload.com

ဒေါသမူ စိတ်၏ အပိတ်အပင်ကင်းခြင်း၊ မောဟမူ စိတ်၏ အပိတ်အပင်ကင်းခြင်း။

➤ **နာမဓလေသ(နာမည်ပုံဆဏ္ဌာန်)ဖြင့် ဒွမ်စွဲပုံ ။ ။** ပါရာဇိကအာပတ်သို့ရောက်သံဃရက္ခိတကို မြင်၏၊ အခြားသော သံဃရက္ခိတကိုမြင်၍ "ငါသည် ပါရာဇိကအာပတ်သို့ ရောက်ပြီးသော သံဃရက္ခိတကို မြင်အပ်ပြီ၊ သင် ရဟန်းမဟုတ်တော့ပြီ၊ သာကိုဝင်မင်းသား ဘုရားအန္ဓယ်တော် မဟုတ်တော့ပြီ၊ သင်နှင့်အတူ ဥပုသ်သည်၎င်း ပဝါရဏာသည်၎င်း သံဃာ့အမှုကိစ္စသည်၎င်း မရှိတော့ပြီ"ဟု စောဒနာခြင်း ဖြစ်သည်။

➤ **ဓဂေါတ္တလေသာ-၌ ဓလေသ-ဆန္ဒမ် ။ ။** (၁) ဂေါတမ၊ (၂) မောဂ္ဂလ္လာန၊ (၃) ကစ္စာယန (၄) ဝါသိဋ္ဌ-တို့ ဖြစ်ပါသည်။

➤ **ဓဂေါတ္တလေသ (အန္ဓယ်ပုံဆဏ္ဌာန်) ဖြင့် ဒွမ်စွဲပုံ ။ ။** ပါရာဇိကအာပတ်သို့ ရောက်သော ဝါသိဋ္ဌ အန္ဓယ်ရဟန်းကိုမြင်၏၊ အခြားသော ဝါသိဋ္ဌ အန္ဓယ်ရဟန်းကို မြင်၍ "ငါသည် ပါရာဇိကအာပတ်သို့ ရောက်ပြီးသော ဝါသိဋ္ဌ အန္ဓယ်ရဟန်းကို မြင်အပ်ပြီ၊ သင် ရဟန်းမဟုတ်တော့ပြီ၊ သာကိုဝင်မင်းသား ဘုရားအန္ဓယ်တော် မဟုတ်တော့ပြီ၊ သင်နှင့်အတူ ဥပုသ်သည်၎င်း ပဝါရဏာသည်၎င်း သံဃာ့အမှုကိစ္စသည်၎င်း မရှိတော့ပြီ"ဟု

http://www.dhammadownload.com

စောဒနာခြင်း ဖြစ်သည်။

➤ **လိင်္ဂဝိသေသ-၌ လိင်္ဂ-သဒ္ဒါ** ။ ။ (၁) ဒိယ (၂) ရသ (၃) ကဏ္ဍ (၄) ဩဒါတ။

➤ **လိင်္ဂလေသ(အသွင်ပုံသဏ္ဌာန် အရိပ်အမြွက်) ဖြင့် ပါရာဇိကာနုဒ္ဒံသန ဖြုတ်ပုံ**

ပါရာဇိကအာပတ်သို့ရောက်သော ဖြူသော ရဟန်းကို မြင်၏၊ အခြားသော ဖြူသော ရဟန်းကိုမြင်၍ "ငါသည် ပါရာဇိကအာပတ်သို့ ရောက်ပြီးသော ဖြူသော ရဟန်းကို မြင်အပ်ပြီ၊ သင် ရဟန်းမဟုတ်တော့ပြီ၊ သာကီဝင်မင်းသား ဘုရားအန္တယ်တော် မဟုတ်တော့ပြီ၊ သင်နှင့်အတူ ဥပုသ်သည်၎င်း ပဝါရဏာသည်၎င်း သံဃာ့အမှုကိစ္စသည်၎င်း မရှိတော့ပြီ"ဟု စောဒနာခြင်း ဖြစ်သည်။

➤ **အာပတ္တိလေသဖြင့် စောဒနာခံရသို့ သင့်ရောက်သော အာပတ်နှင့်ထတွ် တွဲစပ်ပြုပုံ**

လဟုကအာပတ်သို့ရောက်သော ရဟန်းကို မြင်သောအခါ ထိုရဟန်းကို ပါရာဇိကအာပတ်ဖြင့် သင် ရဟန်းမဟုတ်တော့ပြီ၊ သာကီဝင်မင်းသား ဘုရားအန္တယ်တော် မဟုတ်တော့ပြီ၊ သင်နှင့်အတူ ဥပုသ်သည်၎င်း ပဝါရဏာသည်၎င်း သံဃာ့အမှုကိစ္စသည်၎င်း မရှိတော့ပြီ"ဟု စောဒနာခြင်း ဖြစ်ပါသည်။

➤ **ပဇ္ဇလေသ (ဆဗိတ် ပုံသဏ္ဌာန်) ဖြင့် နွမ်းခဲ့ပုံ** ။ ။ ပါရာဇိကအာပတ်သို့ ရောက်သော ပကတိ မြေသပိတ်ကိုဆောင်သော ရဟန်းကိုမြင်၏၊ အခြားသော ပကတိ မြေသပိတ်ကိုဆောင်သော ရဟန်းကိုမြင်၍ "ငါသည် ပါရာဇိကအာပတ်သို့ ရောက်ပြီးသော ပကတိ မြေသပိတ်ကိုဆောင်သော ရဟန်းကိုမြင်အပ်ပြီ၊ သင်ရဟန်းမဟုတ်တော့ပြီ၊ သာကီဝင် မင်းသား ဘုရားအန္တယ်တော် မဟုတ်တော့ပြီ၊ သင်နှင့်အတူ ဥပုသ်သည်၎င်း ပဝါရဏာသည်၎င်း သံဃာ့အမှုကိစ္စသည်၎င်း မရှိတော့ပြီ"ဟု စောဒနာခြင်း ဖြစ်သည်။

➤ **စိဝရုလေသ-၌ စိဝရု-သဒ္ဒါ** ။ ။ (၁) ပံသုကူသက်နှံး၊ (၂) အိမ်ရှင် ဒါယကာတို့ လှူဒါန်းသော သက်နှံး-တို့ ဖြစ်ပါသည်။

➤ **စိဝရုလေသ (သကိန်ပုံသဏ္ဌာန်) ဖြင့် နွမ်းခဲ့ပုံ** ။ ။ ပါရာဇိကအာပတ်သို့ ရောက်သော လူဒါယကာတို့လှူသော သက်နှံးကိုဆောင်သော ရဟန်းကိုမြင်၏၊ အခြားသော လူဒါယကာတို့လှူသော သက်နှံးကိုဆောင်သော ရဟန်းကိုမြင်၍ "ငါသည် ပါရာဇိကအာပတ်သို့ရောက်ပြီးသော လူဒါယကာတို့လှူသော သက်နှံးကိုဆောင်သော ရဟန်းကိုမြင်အပ်ပြီ၊ သင် ရဟန်းမဟုတ်တော့ပြီ၊ သာကီဝင်မင်းသား ဘုရားအန္တယ်တော် မဟုတ်တော့ပြီ၊ သင်နှင့်အတူ ဥပုသ်သည်၎င်း ပဝါရဏာသည်၎င်း သံဃာ့အမှုကိစ္စသည်၎င်း မရှိတော့ပြီ"ဟု စောဒနာခြင်း ဖြစ်သည်။

➤ **ဥပနှာယနလေသ (ဥပနှာယန်ပုံသဏ္ဌာန်) ဖြင့် နွမ်းခဲ့ပုံ** ။ ။ ပါရာဇိကအာပတ်သို့ ရောက်သော ဤမည်သော ရဟန်း၏ အတူနေတပည့်ကို မြင်၏၊ အခြားသော ဤမည်သော ရဟန်း၏ အတူနေတပည့်ကိုမြင်၍ "ငါသည် ပါရာဇိကအာပတ်သို့ ရောက်ပြီး

http://www.dhammadownload.com

သော ဤမည်သော ရဟန်း၏ အတူနေတပည့်ကို မြင်အပ်ပြီ၊ သင် ရဟန်းမဟုတ်တော့ပြီ၊ သာကီဝင်မင်းသား ဘုရားအနွယ်တော် မဟုတ်တော့ပြီ၊ သင်နှင့်အတူ ဥပုသ်သည်ရင်း ပဝါရဏာသည်ရင်း သံယာ့အမှုကိစ္စသည်ရင်း မရှိတော့ပြီ"ဟု စောဒနာခြင်း ဖြစ်သည်။

➢ **အာစရိယဒလ္ဆ (ဆရာပုံသဏ္ဌာန်) ဖြင့် စွပ်စွဲခဲ့ပုံ** ။ ။ ပါရာဇိကအာပတ်သို့ ရောက်သော ဤမည်သော ရဟန်း၏ အနီးနေတပည့်ကို မြင်၏၊ အခြားသော ဤမည်သော ရဟန်း၏ အနီးနေတပည့်ကိုမြင်၍ "ငါသည် ပါရာဇိကအာပတ်သို့ ရောက်ပြီးသော ဤမည်သော ရဟန်း၏ အနီးနေတပည့်ကို မြင်အပ်ပြီ၊ သင် ရဟန်းမဟုတ်တော့ပြီ၊ သာကီဝင်မင်းသား ဘုရားအနွယ်တော် မဟုတ်တော့ပြီ၊ သင်နှင့်အတူ ဥပုသ်သည်ရင်း ပဝါရဏာသည်ရင်း သံယာ့အမှုကိစ္စသည်ရင်း မရှိတော့ပြီ"ဟု စောဒနာခြင်း ဖြစ်သည်။

➢ **ဒေနာဒနဒလ္ဆ (အိမ်ရာဒနရာ စကျောင်း ပုံသဏ္ဌာန်) ဖြင့် စွပ်စွဲပုံ**

ပါရာဇိကအာပတ်သို့ ရောက်သော ဤမည်သော အိပ်ရာနေရာ ကျောင်းနေ ရဟန်းကို မြင်၏၊ အခြားသော ဤမည်သော အိပ်ရာနေရာကျောင်းနေ ရဟန်းကိုမြင်၍ "ငါသည် ပါရာဇိကအာပတ်သို့ ရောက်ပြီးသော ဤမည်သော အိပ်ရာနေရာကျောင်းနေ ရဟန်းကို မြင်အပ်ပြီ၊ သင် ရဟန်းမဟုတ်တော့ပြီ၊ သာကီဝင်မင်းသား ဘုရားအနွယ်တော် မဟုတ်တော့ပြီ၊ သင်နှင့်အတူ ဥပုသ်သည်ရင်း ပဝါရဏာသည်ရင်း သံယာ့အမှုကိစ္စသည်ရင်း မရှိတော့ပြီ"ဟု စောဒနာခြင်း ဖြစ်သည်။

➢ **အမူလကသိက္ခာဒုစ်၏ အခြားသိက္ခာပုစ်တို့နှင့် ဓသက်ဆိုင်စဆာ သိးခြေးအနာပမ္ဆိဝါရ** ။ ။ (၁) စင်ကြယ်သူ၌ မစင်ကြယ်ဟူသော အယူရှိသော ရဟန်း၊

(၂) မစင်ကြယ်သူ၌ မစင်ကြယ်ဟူသော အယူရှိသော ရဟန်းတို့ ဖြစ်ပါသည်။

သံဃဘေဒကသိက္ခာပုဒ်

➢ **နိဒါန်း-ရာဇဂြိုဟ်ပြည်၊ ဗုဒ္ဓရိန်-ဒေဝဒတ်၊ ဝတ္ထု-သံဃာကွဲပြားခြင်းအကျိုးငှာ အားထုတ်ခြင်း**။

ဓမ္မ ။ ။ ဒေဝဒတ်သည် သံဃာသင်းခွဲဖို့ အဘယ်ပုဂ္ဂိုလ်တို့အား အဘယ်သို့ ပြောကြား ပါသနည်း။

➢ **သံဃာသင်းခွဲပို့ရန် ဒေဝဒတ် ဆိုင်ဝင်ဆော ရဟန်းများ**

(၁) မဟာကောကာလိက၊ (၂) ခဏ္ဍာမိဖုရား၏သား ကဋမောဒကတိဿက၊ (၃) သမုဒ္ဒဒတ္တ-တို့ ဖြစ်ပါသည်။

➢ **ဖြေပြေသည့် စကားရပ်** ။ ။ "ငါ့ရှင်တို့ လာကြကုန်လော့၊ ငါတို့သည် ရဟန်းဂေါတမ၏ သံဃာကွဲပြားခြင်းကို အာဏာစက်ပျက်ခြင်းကို ပြုကုန်အံ့" ဟု ပြောဆိုပါသည်။

➢ **ဣမာနိ ဘန္တေ ပဉ္စ ဝတ္ထူနိ/ပဉ္စ ဝတ္ထူနိ ယာဒီသဿမ-ဠွိ ပဉ္စ-ဆဏ္ဍ်**

➢ **ဒေဝဒတ် ဘုရားရှင်ဆား စောင်းဒသာအရာ ၅-မျိုး** ။ ။ (၁) ရဟန်းတို့သည်

http://www.dhammadownload.com

အသက်ထက်ဆုံး တောကျောင်းနေ ဖြစ်ပါစေကုန်၊ အကြင်ရဟန်းသည် ရွာကျောင်းသို့ သက်ရောက်ငြားအံ့၊ ထိုရဟန်းအား အပြစ်ရောက်ပါစေ၊

(၂) အသက်ထက်ဆုံး ပိဏ္ဍပါတ်ခုတင်ဆောင် ဖြစ်ပါစေကုန်၊ အကြင်ရဟန်းသည် နိမန္တနဘတ် (ပင့်ဖိတ်၍ ကျွေးသောဆွမ်းကို စားခြင်း) ကို လက်ခံငြားအံ့၊ ထိုရဟန်းအား အပြစ်ရောက်ပါစေ။ (၃) အသက်ထက်ဆုံး ပံသုကူ ခုတင်ဆောင် ဖြစ်ပါစေကုန်၊ အကြင်ရဟန်းသည် လူဒါယကာတို့ လှူသော သင်္ကန်းကို လက်ခံငြားအံ့၊ ထိုရဟန်းအား အပြစ်ရောက်ပါစေ။ (၄) အသက်ထက်ဆုံး ရုက္ခမူ ခုတင်ဆောင်ဖြစ်ပါစေကုန်၊ အကြင်ရဟန်းသည် အမိုးရှိသော ကျောင်းသို့ ချဉ်းကပ်ငြားအံ့၊ ထိုရဟန်းအား အပြစ်ရောက်ပါစေ။

(၅) အသက်ထက်ဆုံး ငါးအမဲကို မစားပါစေကုန်လင့်၊ အကြင်ရဟန်းသည် ငါးအမဲကို စားငြားအံ့၊ ထိုရဟန်းအား အပြစ်ရောက်ပါစေ။

➤ **မြတ်စွာဘုရား စွင့်ပြုတော်မူပုံ** ။ ။ အကြင်ရဟန်းသည် အလိုရှိအံ့၊ ထိုရဟန်းသည် တောကျောင်းနေဖြစ်စေ၊ အကြင်ရဟန်းသည် အလိုရှိအံ့၊ ထိုရဟန်းသည် ရွာကျောင်းနေ ဖြစ်စေ။ * အကြင်ရဟန်းသည် အလိုရှိအံ့၊ ထိုရဟန်းသည် ပိဏ္ဍပါတ်ခုတင်ဆောင်ဖြစ်စေ၊ အကြင်ရဟန်းသည် အလိုရှိအံ့၊ ထိုရဟန်းသည် နိမန္တနဘတ်ကို လက်ခံစေ။ * အကြင်ရဟန်းသည် အလိုရှိအံ့၊ထိုရဟန်းသည် ပံသုကူခုတင်ဆောင်ဖြစ်စေ၊အကြင်ရဟန်းသည် အလိုရှိအံ့၊ ထိုရဟန်းသည် လူဒါယကာတို့ လှူသောသင်္ကန်းကို လက်ခံစေ၊ ဒေဝဒတ် ငါသည် ဆောင်း နွေရွှဲလတို့ပတ်လုံး သစ်ပင်ရင်း အိပ်ရာနေရာကို ခွင့်ပြုအပ်ပြီ၊ မမြင်အပ် မကြားအပ် မရွံရှာအပ်သော အစွန်းသုံးပါးမှစင်ကြယ်သော ငါးအမဲကို ခွင့်ပြုအပ်ပြီ-ဟု မိန့်တော်မူပါသည်။

➤ **ရုက္ခမူခုတင်, ရုက္ခမူလဓသနာသန စွင့်ပြုရာကာလ**- ဆောင်း ၄-လ၊ နွေ ၄-လ အားဖြင့်(၈) ဖြစ်ပါသည်။

➤ **ဓနုခြင်းကို စွင့်ပြုသော အဒ္ဓိန်ကာလ** - ဆောင်း နွေ (၈) လ-တို့ ဖြစ်သည်။

➤ **စွင့် မပြုသော အဒ္ဓိန်ကာလ** - မိုးလေးလ-တို့ ဖြစ်ပါသည်။

➤ **ဘုရားရှင် စွင့်ပြုတော်မူအပ်သော ငါး အသား** - မြင်ခြင်း, ကြားခြင်း, ယုံမှားခြင်းဟူသော အစွန်းသုံးပါးမှ လွတ်သော ငါး, အသား ဖြစ်ပါသည်။

➤ **အီဓကောဠိဝရိဆဒ္ဒန-အစွန်းသုံးပါးအား** ။ ။ အဒိဋ္ဌ-မမြင်အပ်၊ အသုတ-မကြားအပ်၊ အပရိသင်္ကိတ-မရွံရှာအပ်-တို့ ဖြစ်ပါသည်။

➤ **သင်္ခါဓရား ဓေါင်းပါးကြောင်း လူတို့၏ ဓေဝဓတ်နှင့် ဘုရားရှင်အဓမ်္ဂ ဆင်ဖြစ်ပုံ** ။ ။ ထိုလူတို့သည် "ဤသာကိဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ကိလေသာကို ခါတွက်ကုန်၏၊ ခေါင်းပါးသော အသက်မွေးမှု ရှိကုန် ။

ရဟန်းဂေါတမသည်ကား လာဘ်များခြင်းအကျိုးငှာ အားထုတ်ကြိုးစား၏-ဟု ပြော

http://www.dhammadownload.com

ဆိုကြပါသည်။

➢ **သမဂ္ဂသံဃ (ညီညွတ်စသော သံဃာ) ဟူသည်** ။ ။ တူသော ပေါင်းသင်းခြင်းရှိသော တူသော သိမ်၌တည်သော သံဃာ ဖြစ်ပါသည်။

➢ **ဘေဒါယ ပရက္ကမေယျ (ကွဲပြားခြင်းငှာ လုံ့လပြု) ဟူသည်/သံဃာကွဲပြားစေအာဇ်အားထုတ်မှု** ။ ။ အဘယ်သို့လျှင် ဤရဟန်းတို့သည် အစိတ်စိတ်အဖြာဖြာ ဖြစ်ပါကုန်မည်နည်း၊ အစေးမကပ်ဖြစ်ပါကုန်မည်နည်း၊ အစုအစုဖြစ်ပါကုန်မည်နည်းဟု အသင်းအပင်းကို ရှာခြင်း ဂိုဏ်းဂဏာကို ဖွဲ့ခြင်းပင် ဖြစ်ပါသည်။

➢ **ပဗ္ဗမှ (စ၌းစဖြောက်) ဟူသည်** ။ ။ ထိုအယူကို ထင်ရှားပြခြင်း ဖြစ်ပါသည်။

➢ **ဆိစ္ဆေယျ–ဟူသည်** ။ ။ မစွန့်လွှတ်ခြင်း ဖြစ်ပါသည်။

➢ **စသာ ဆိကဿ–စေရ** ။ ။ သံဃဘေဒကရဟန်းကို ယူရပါမည်။

➢ **ဆိကဿုဆိ–စေရ** ။ ။ အခြားရဟန်းတို့ကို ယူရပါမည်။

➢ **ဧဆေနသံဝတ္တနိကံ ဝါ အဓိကရဏာ–ဠ္ဟ အဓိကရဏာ–စေရ** ။ ။ ကွဲပြားခြင်းကို ပြုတတ်သော (၁၈) ပါးသော ဝတ္ထုတို့ကို ယူရပါမည်။

➢ **သံဃာသင်းစွဲစသော ရထန်းကို စတွေ့ဖြစ်လျှင် ပြုလုပ်ရမည့် ထာဝန်**

မြင်ကုန် ကြားကုန်သော ရဟန်းတို့သည် "အရှင်သည် ညီညွတ်သော သံဃာ၏ ကွဲပြားခြင်းငှာ လုံ့လ မပြုပါလင့်၊ ကွဲပြားခြင်းကို ဖြစ်စေတတ်သော အကြောင်းကိုသော်လည်း ခိုင်မြဲစွာ စွဲယူပြုမူ၍ မတည်ပါလင့်၊ အရှင်သည် သံဃာနှင့် ညီညွတ်ပါလော့၊ ညီညွတ်သည်သာလျှင်ဖြစ်သော သံဃာသည် ကောင်းစွာ ဝမ်းမြောက်သည်ဖြစ်၍ မငြင်းခုံသည်ဖြစ်၍ တူသောပါတိမောက်ပြခြင်းရှိသည်ဖြစ်၍ ချမ်းသာစွာနေရ၏"ဟု ပြောဆိုရပါမည်။

➢ **သံဃာဒိဿသဿ ဆင့်စနိဒ်စသော ကံမျှား** ။ ။ (၁) ဓမ္မကံ၌ ဓမ္မက်-ဟု ထင်မှတ်ခြင်းရှိ၍ မစွန့်ခြင်း၊ (၂) ဓမ္မကံ၌ ယုံမှားရှိ၍ မစွန့်ခြင်း၊ (၃) ဓမ္မကံ၌ အဓမ္မက်-ဟု ထင်မှတ်ခြင်းရှိ၍ မစွန့်ခြင်း-တို့ ဖြစ်ပါသည်။

➢ **ဒုတ္ထဋ္ဌာပတ် ဆင့်စနိဒ်စသော ကံမျှား** ။ ။ (၁) အဓမ္မကံ၌ ဓမ္မက်-ဟု ထင်မှတ်ခြင်း၊ (၂) အဓမ္မကံ၌ ယုံမှားခြင်း၊ (၃) အဓမ္မကံ၌ အဓမ္မက်-ဟု ထင်မှတ်ခြင်း။

➢ **သံဃဘေဒကရဟန်းအား သင့်စရောက်စသော အာပတ်** ။ ။ ဥ တ်၏ အဆုံး၌ ဒုက္ကဋ်အာပတ်၊ ကမ္မဝါစာနှစ်ကြိမ်တို့၏ အဆုံး၌ ထုလ္လစ္စဉ်းအာပတ်၊ ကမ္မဝါစာ၏ အဆုံး၌ သံဃာဒိသိသ်အာပတ် သင့်ပါသည်။

➢ **ငြိမ်းစသော အာပတ်** ။ ။ သံဃာဒိသိသ်သို့ ရောက်သောအခါ ရဟန်းအား ဥ တ်၏ အဆုံး၌ ဒုက္ကဋ်အာပတ်နှင့် ကမ္မဝါစာ နှစ်ကြိမ်တို့၏ အဆုံး၌ ထုလ္လစ္စဉ်းအာပတ်တို့ ငြိမ်းပါသည်။

http://www.dhammadownload.com

ဘေဒါနုပဿနာဉာဏ်ကထာ

➤ နိဒါန်း-ရာဇဂြိုဟ်ပြည်၊ ဗုဇ္ဈိလ်-များစွာသော ရဟန်းများ၊ **ဝဏ္ဏ**-သံယာကွဲပြားခြင်းငှာ အားထုတ်သော ဒေဝဒတ်သို့ အစဉ်လိုက်၍ ကျင့်ခြင်း။

➤ **ဧဘေဒါနုဝဏ္ဏကာ ရဟန်းများ** ။ ။ (၁) မဟာကောကာလိက၊ (၂) ခဏ္ဍာဓိဖုရား၏သား ကဋမောဒကတိဿက၊ (၃) သမုဒ္ဒဒတ္တ-တို့ ဖြစ်ပါသည်။

➤ **အနုဝဏ္ဏိတာ-ဇာသညဉ်** ။ ။ ထိုသံယဘေဒကရဟန်းသည် အကြင်အယူအဆ, ခန္ဓာသက်သဘောတူညီမှု, ခန္ဓာသက်ကျေနပ်မှုရှိ၏၊ ထိုဘေဒါနုဝဏ္ဏက ရဟန်းတို့သည်လည်း ထိုအယူအဆ ခန္ဓာသက်သဘောတူညီမှု ခန္ဓာသက်ကျေနပ်မှုရှိခြင်းပင် ဖြစ်ပါသည်။

➤ **ဓဝဓါဒကာ-ဇာသညဉ်** ။ ။ သံယဘေဒကရဟန်း၏ ကျေးလူးအလို့ငှာ အပင်းအသင်းအလို့ငှာ တည်ကြခြင်းပင် ဖြစ်ပါသည်။

➤ **တဒေသဝ ဧစ္ဆါ ပန ဘိက္ခူသေ**-အရ သံယဘေဒကရဟန်းကို ယူရပါမည်။

➤ **ဘိက္ခူ ဧဘာန္တိ-ဧဧရ** ။ ။ သံယဘေဒကရဟန်းမှ အခြားသော ရဟန်းတို့ကို ယူ။

➤ **သဓမ္မဘာသနက် ပြုရမည့် အဧရဧတွတ်** ။ ။ နှစ်ပါး သုံးပါးတို့ကို တပေါင်းတည်း သမနုဘာသနက် ပြုရပါမည်။ ထိုအရေအတွက်ထက်ပို၍ မပြုရပါ။

➤ **သံယာဒိဧသေသ် သင့်ဧစဉ်ိင်ဧသော ကံများ** ။ ။ (၁) ဓမ္မက်၌ ဓမ္မက်-ဟု ထင်မှတ်ခြင်းရှိ၍ မစွန့်ခြင်း၊ (၂) ဓမ္မက်၌ ယုံမှားရှိ၍ မစွန့်ခြင်း၊ (၃) ဓမ္မက်၌ အဓမ္မက်-ဟု ထင်မှတ်ခြင်းရှိ၍ မစွန့်ခြင်း-တို့ ဖြစ်ပါသည်။

➤ **ဒုက္ကဋ်ဏာပတ် သင့်ဧစဉ်ိင်ဧသော ကံများ** ။ ။ (၁) အဓမ္မက်၌ ဓမ္မက်-ဟု ထင်မှတ်ခြင်း၊ (၂) အဓမ္မက်၌ ယုံမှားခြင်း၊ (၃) အဓမ္မက်၌ အဓမ္မက်-ဟု ထင်မှတ်ခြင်း။

➤ **ဧဘေဒါနုဝဏ္ဏကရဟန်းတို့ သင့်ရောက်ဧသော ဏာပတ်** ။ ။ ဥ တ်၏ အဆုံး၌ ဒုက္ကဋ်ဏာပတ်၊ ကမ္မဝါစာနှစ်ကြိမ်တို့၏ အဆုံး၌ ထုလ္လစ္စဉ်းဏာပတ်၊ ကမ္မဝါစာ၏ အဆုံး၌ သံယာဒိသိသ်ဏာပတ် သင့်ပါသည်။ ➤ **ဒြိမ်းဧသော ဏာပတ်** ။ ။ သံယာဒိသိသ်သို့ ရောက်သော ရဟန်းတို့အား ဥ တ်၏ အဆုံး၌ ဒုက္ကဋ်ဏာပတ်နှင့် ကမ္မဝါစာ နှစ်ကြိမ်တို့၏ အဆုံး၌ ထုလ္လစ္စဉ်းဏာပတ်တို့ ငြိမ်းပါသည်။

ဒုဗ္ဗဒသိကထာပုဒ်

➤ နိဒါန်း-ကောသမ္ဗီပြည်၊ ဗုဇ္ဈိလ်-ဆန္နမထေရ်၊ **ဝဏ္ဏ**-မိမိကိုယ်ကို မပြောဆိုထိုက်သူကို ပြုခြင်း။

➤ **ရဟန်းတို့က ငါ့ရှင်ဆန္နသည် ဤသို့သဘောရှိဧသော အမှုကို ပြုလေ၍၊ ဤအမှုသည် မဧပ်-ဟု ဧပြဆိုခြဧသာဧစါ အရှင်ဆန္နသည်-က ဧပြာဆိုခဲ့သော အခြင်းအရာ**

➤ **အရှင်ဆန္နသည်-က အခြားရဟန်းတို့၏ အဆုံးအမကို မနာခံ, မယ်လှန်ဧပြာဆိုခဲ့သော်** ငါ့ရှင်တို့ သင်တို့သည် အဘယ့်ကြောင့် ငါ့ကို ပြောဆိုသင့်သည်ဟု မှတ်ထင်ကုန်

http://www.dhammadownload.com

သနည်း၊ ငါကသာလျှင် သင်တို့ကို ပြောဆိုရာ၏၊ ငါတို့၏ ဘုရားတည်း၊ ငါတို့၏ တရားတည်း၊ ငါတို့၏ အရှင့်သားသည် တရားကိုထိုးထွင်း၍ သိတော်မူအပ်ပြီ၊ ဥပမာဒဿ-ကား ပြင်းထန်သော လေမုန်တိုင်း တိုက်ခတ်လာသည်ရှိသော် မြက်သစ်ခက် သစ်ရွက် ခြောက်တို့သည် တကွနက် စုပုံပြီးဖြစ်သကဲ့သို့ငင်း, တောင်မှ စီးဆင်းလာသော မြစ်ရေသည် မှော်ကြီးမှော်သေး မှော်ညှင်းတို့ကို တကွနက် စုပုံရာသကဲ့သို့ငင်း၊

ဤအတူပင် အထူးထူးသော အမည်ရှိကုန်သော အထူးထူးသော အနွယ်ရှိကုန်သော အထူးထူးသော ဇာတ်ရှိကုန်သော အထူးထူးသော အမျိုးမှ ရဟန်းပြုကုန်သော သင်တို့ကို တကွနက် စုပုံအပ်၏၊ ငါရှင်တို့ သင်တို့သည် အဘယ့်ကြောင့် ငါ့ကို ပြောဆိုသင့်သည်ဟု မှတ်ထင်ကုန်သနည်း၊ ငါတသာလျှင် သင်တို့ကို ပြောဆိုရာ၏၊ ငါတို့၏ ဘုရားတည်း၊ ငါတို့၏ တရားတည်း၊ ငါတို့၏ အရှင့်သားသည် တရားကို ထိုးထွင်း၍ သိတော်မူအပ်ပြီ -ဟု ပြောဆိုပါသည်။

➢ ဝိနည်းသိက္ခာပုစ်နှင့်အညီ ဆုံးဖရေ၌ မိမိကိုယ်ကို ဓဆုံးမအပ်သည်ကို ဖြုံပုံ

အရှင်တို့သည် အကျွန်ုပ်ကို တစုံတခု ကောင်းသည်ကိုငင်း, မကောင်းသည်ကိုငင်း မဆို ပါကုန်လင့်၊ အကျွန်ုပ်ကလည်း အရှင်တို့ကို တစုံတခု ကောင်းသည်ကိုငင်း, မကောင်းသည်ကိုငင်း မဆိုပါဘုံ၊အရှင်တို့သည် အကျွန်ုပ်ကို ဆိုခြင်းမှ ရှောင်ကြဉ်ကြပါကုန်လော့။

➢ မြင်တုန် ကြားကုန်ဓသော ရဟန်းဓကောင်းတို့က အရှင်ဆန္နာ-ကို ဓပြောဆိုပုံ

➢ ဘုရားရှင်၏ ပရိသတ် (ဟာသနာဓတော်) ကြီးပွားရန် သီတင်းသုံးဓဖော် ဓဓမ္မဒိန်း ဖြူကျွန်ုရဓည့် တာဝန်ဝတ္တရားများ

အရှင်သည် မိမိကိုယ်ကို မပြောဆိုသင့်သည်ကို မပြုပါလင့်၊ အရှင်သည် မိမိကိုယ်ကို ဆိုသင့်သည်ကိုသာ ပြုပါလော့၊ အရှင်ကလည်း ရဟန်းတို့ကို တရားနှင့်အညီ ဆိုပါလော့၊ ရဟန်းတို့ကလည်း အရှင်ကို တရားနှင့်အညီ ဆိုကြပါလိမ့်မည်၊ ဤသို့ အချင်းချင်း ဆိုဆုံးမခြင်း အချင်းချင်း အာပတ်မှ ထစေခြင်းဖြင့်သာလျှင် ထိုမြတ်စွာဘုရား၏ ပရိသတ်သည် ကြီးပွားခြင်းသို့ ရောက်နိုင်သည်သာတည်း-ဟု ပြောဆိုရပါမည်။

➢ ဒုဗ္ဘစစာဇီက-ဟူသည် ။ ။ ဆိုးဆုံးမခက်ခြင်းကို ပြုတတ်ကုန်သော တရားတို့နှင့် ပြည့်စုံသည်ဖြစ်၍ ဆိုဆုံးမခက်၏၊ သည်းမခံ အဆုံးအမကို ရိွသေစွာ မနာယူခြင်း ဖြစ်ပါသည်။**➢ ဥဒ္ဒေသဝရိယာပစနသု-၌ ဥဒ္ဒေသ-ဓရ ။ ။** ပါတိမောက်ကို ယူရမည်။

➢ သမာဓဓိက-ဓရ ။ ။ မြတ်စွာဘုရား ပညတ်တော်မူအပ်သော သိက္ခာပုဒ်တို့ကို ယူရပါမည်။

➢ ဒုဗ္ဘစဆံဃာဒိဓဆဿ ဆဒ့်ဓစနိုင်ဓဆာ ကံများ ။ ။ (၁) ဓမွှက်၌ ဓမွှက်-ဟု ထင်မှတ်ခြင်းရှိ၍ မစွန့်ခြင်း၊ (၂) ဓမွှက်၌ ယုံမှားရှိ၍ မစွန့်ခြင်း၊ (၃) ဓမွှက်၌ အဓမွှက်-ဟု ထင်မှတ်ခြင်း ရှိ၍ မစွန့်ခြင်း-တို့ ဖြစ်ပါသည်။

http://www.dhammadownload.com

➤ **ဒုက္ကဋ်အာပတ် သင့်စေနိုင်စသော ကဲ့များ** ။ ။ (၁) အဓမ္မကံ၌ ဓမ္မကံ-ဟု ထင်မှတ်ခြင်း၊ (၂) အဓမ္မကံ၌ ယုံမှားခြင်း၊ (၃) အဓမ္မကံ၌ အဓမ္မကံ-ဟု ထင်မှတ်ခြင်း။

➤ **ဒုဗ္ဗစရေဟန်းအား သင့်စရာက်သော အာပတ်** ။ ။ ဥ တ်၏ အဆုံး၌ ဒုက္ကဋ်အာပတ်၊ ကမ္မဝါစာနှစ်ကြိမ်တို့၏ အဆုံး၌ ထုလ္လစ္စဉ်းအာပတ်၊ ကမ္မဝါစာ၏ အဆုံး၌ သံဃာဒိသိသ် အာပတ် သင့်ပါသည်။ ➤ **ငြိမ်းစေသော အာပတ်** ။ ။ သံဃာဒိသိသ်သို့ ရောက်သော ရဟန်းအား ဥ တ်၏ အဆုံး၌ ဒုက္ကဋ်အာပတ်နှင့် ကမ္မဝါစာ နှစ်ကြိမ်တို့၏ အဆုံး၌ ထုလ္လစ္စဉ်း အာပတ်တို့ ငြိမ်းပါသည်။

ကုလဒူသကသိက္ခာပုဒ်

➤ နိဒါန်း-သာဝတ္ထိပြည်၊ ပုဏ္ဏိလ-အသဇိပုနဗ္ဗသုကရဟန်းများ၊ ဓဏ္ဍေ-ဆန္ဒဂါမိတာ စသည်သို့ ရောက်စေခြင်း။

➤ **ရဟန်းတစ်ပါး ကိဋ္ဌာဂိရိစနဂုစ်သို့ ဇွမ်းစံကြွပုံ** ။ ။ ထိုရဟန်းသည် နံနက်အချိန်၌ သင်္ကန်းကိုပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်လျက် ကြည်ညိုဖွယ်ကောင်းသော ရှေ့သို့တက်ခြင်း နောက်သို့ဆုတ်ခြင်း တူရွကြည့်ခြင်း တစောင်းကြည့်ခြင်း ကွေးခြင်း ဆန့်ခြင်းဖြင့် ချအပ်သော မျက်လွှာရှိသည်ဖြစ်၍ ဣရိယာပုထ်နှင့်ပြည့်စုံစွာ ကိဋ္ဌာဂိရိသို့ ဆွမ်းခံ ဝင်ပါသည်။

➤ **ထိုရဟန်းကို မြင်၍ လူတို့ကဲ့ရဲ့ကြပုံ** ။ ။ "ထုန်ထိုင်းထိုင်း နုန့်နုန့် ဒေါသထွက်သကဲ့သို့ မျက်မှောင်ကုပ်၍ သွားသော ဤသူကား အသူနည်း၊ ချဉ်းကပ်သော ဤသူအား အဘယ်သူသည် ဆွမ်းကို လှူလိမ့်မည်နည်း၊ ငါတို့၏ အရှင်အသဇိပုနဗ္ဗသုကတို့သည်ကား သိမ်မွေ့ကုန်၏၊ ပြေပြစ်ကုန်၏၊ နှုတ်ချိုကုန်၏၊ ပြုံးခြင်းလျှင် ရှေ့သွားရှိကုန်၏၊ ကြပါ ကြပါဟု ဖော်ရွေစွာ ကြိုဆိုလေ့ရှိကုန်၏၊ ချိသာ ကြည်လင်ပေါ်လွင်သော မျက်နှာရှိကုန်၏၊ ဦးစွာဆိုလေ့ရှိကုန်၏၊ ထိုအရှင်တို့အားသာ ဆွမ်းကို လှူသင့်ပေ၏"ဟု ပြောဆိုကြပါသည်။

➤ **ဥပနိဿယ ဝိဘင်္ဂဇာတ်** ။ ။ သင်္ကန်း ဆွမ်း အိပ်ရာနေရာကျောင်းသူနာ၏ အထောက်အပံ့ ဆေးပစ္စည်းတို့သည် ထိုရွာနိဂုံးနှင့် စပ်ကုန်၏ဟု ဆိုလိုသည်။

➤ **ဥပနိဿယ ဝိဘင်္ဂဇာတ်-၌ ဆိုခြို့ ဧနပုံ** ။ ။ ရွာနိဂုံး၌ သင်္ကန်း ဆွမ်း အိပ်ရာနေရာ ကျောင်း သူနာ၏ အထောက်အပံ့ ဆေးပစ္စည်းတို့သည် ဆက်စပ်နေ၍ အဖိုပြု၍ နေခြင်းပင် ဖြစ်ပါသည်။ ➤ **စဏ္ဍာဇိ ကုလာနီ-၌ ကုလ-သဒ္ဒ်/အာမိုး ၄-ပါး** ။ မင်းမျိုး ပုဏ္ဏားမျိုး ကုန်သည်မျိုး ဆင်းရဲသားမျိုး-တို့ ဖြစ်ပါသည်။

➤ **အဖို့ပြုသော်လို့အား ကုလဒူသကရဟန်း ဖြစ်ပုံ/ကုလဒူသဓာ-၌ ဒူသဓ ဖြစ်ပုံ**

ပန်းပေးသဖြင့်ငင်း, သစ်သီးပေးသဖြင့်ငင်း, ကသယ်မှုန့်ပေးသဖြင့်ငင်း, မြေညက်ပေးသဖြင့်ငင်း, ဒန်ပူ ပေးသဖြင့်ငင်း, ဝါးပေးသဖြင့်ငင်း, ဆေးကုခြင်းဖြင့်ငင်း, သလုံး

http://www.dhammadownload.com

မြင်းခေါင်းဖြင့် အစေအပါးခံခြင်းဖြင့်ငင်း အမျိုးလေးပါးတို့ကို ဖျက်ဆီးပါသည်။

➤ **ကူလဒူသက-သဒ္ဒါ** ။ ။ ပန်းပေးခြင်း, သစ်သီးပေးခြင်း, ကသယ်မှန့်ပေးခြင်း, မြေညက်ပေးခြင်း, ဒန်ပူပေးခြင်း, ဝါးပေးခြင်း, ဆေးကုသခြင်း, သလုံးမြင်းခေါင်းဖြင့် အစေအပါးခံခြင်း-တို့ ဖြစ်ပါသည်။

➤ **ပါပသမာစာရ-စာရ ယူရမည့်အကျင့်များ** ။ ။ ဇုပျိုးလန်းလန်း ပန်းပင်ငယ်ကို ကိုယ်တိုင်စိုက်ပျိုးခြင်း သူတစ်ပါးကို စိုက်ပျိုးစေခြင်း၊ ကိုယ်တိုင်ရေလောင်းခြင်း၊ သူတစ်ပါးကို ရေလောင်းစေခြင်း၊ ကိုယ်တိုင်ဆွတ်ခူးခြင်း၊ သူတစ်ပါးကို ဆွတ်ခူးစေခြင်း၊ ကိုယ်တိုင်လည်း ပန်းကုံးခြင်း၊ သူတစ်ပါးကိုလည်း ပန်းကုံးစေခြင်း-တို့ ဖြစ်ပါသည်။

➤ **ပါပသမာစာရစေါ်မဲ့** ။ ။ --တို့ကို "ပါပသမာစာရ"ဟု ခေါ်ပါသည်။

➤ **ကုလာနိစ ဓဇန ဒုဇ္ဇာနိ-ဟူသည်/ဖျက်ဆီးမဲ့ /ကူလဒူဖြစ်မဲ့** ။ ။ ရှေးအခါက သဒ္ဓါတရားရှိ၍ ကြည်ညိုကုန်သော သူတို့သည် ထိုရဟန်းကို အကြောင်းပြု၍ သဒ္ဓါတရား ကင်းကုန် ကြည်ညိုခြင်း ကင်းကုန်ခြင်းပင် ဖြစ်ပါသည်။

➤ **ဓမ္မာစနိယကံပြုမဲ့** ။ ။ အရှင်သည် ဤသို့ မဆိုပါလင့်၊ ရဟန်းတို့သည် ဆန္ဒာဂတိသို့လည်း မလိုက်ကြပါ၊ ဒေါသာဂတိသို့လည်း မလိုက်ကြပါ၊ မောဟာဂတိသို့လည်း မလိုက်ကြပါ၊ ဘယာဂတိသို့လည်း မလိုက်ကြပါ၊ အရှင်သည်သာ အမျိုးတို့ကို ဖျက်ဆီးတတ်၏၊ ယုတ်မာသော အကျင့်ရှိ၏၊ အရှင်၏ ယုတ်မာကုန်သော အကျင့်တို့ကို မြင်လည်း မြင်အပ်ကုန်၏၊ ကြားလည်းကြားအပ်ကုန်၏၊ အရှင်သည် ဖျက်ဆီးအပ်ကုန်သော အမျိုးတို့ကိုလည်း မြင်လည်းမြင်အပ်ကုန်၏၊ ကြားလည်း ကြားအပ်ကုန်၏၊ အရှင်သည် ဤကျောင်းတိုက်မှ ဖဲသွားပါလော့၊ အရှင်အား ဤကျောင်းတိုက်၌ နေခြင်းဖြင့် အကျိုးမရှိပါ-ဟု ပြောဆိုရပါမည်။ ➤ **ယာဝဇတိယက သံဃာဒိသိသ် သင့်စနိုင်သော ကံများ**

➤ သံဃာဒိသေသ် သင့်စေနိုင်သော ကံများ ။ ။ (၁) ဓမ္မကံ၌ ဓမ္မကံ-ဟု ထင်မှတ်ခြင်းရှိ၍ မစွန့်ခြင်း၊ (၂) ဓမ္မကံ၌ ယုံမှားရှိ၍ မစွန့်ခြင်း၊ (၃) ဓမ္မကံ၌ အဓမ္မကံ-ဟု ထင်မှတ်ခြင်းရှိ၍ မစွန့်ခြင်း-တို့ ဖြစ်ပါသည်။

➤ **ဒုက္ကဋ်အာပတ် သင့်စနိုင်သော ကံများ** ။ ။ (၁) အဓမ္မကံ၌ ဓမ္မကံ-ဟု ထင်မှတ်ခြင်း၊ (၂) အဓမ္မကံ၌ ယုံမှားခြင်း၊ (၃) အဓမ္မကံ၌ အဓမ္မကံ-ဟု ထင်မှတ်ခြင်း။

➤ **ယာဝတတိယက သိက္ခာပုဒ်တို့၌ အာပတ်သင့်ပုံ၊ အာပတ်ငြိမ်းပုံ**

➤ **ကူလဒူသကရုဟန်းအား သင့်စေရာက်သော အာပတ်** ။ ။ ဥ တ်၏ အဆုံး၌ ဒုက္ကဋ်အာပတ်၊ ကမ္မဝါစာနှစ်ကြိမ်တို့၏ အဆုံး၌ ထုလ္လစ္စဉ်းအာပတ်၊ ကမ္မဝါစာ၏ အဆုံး၌ သံဃာဒိသိသ်အာပတ် သင့်ပါသည်။ ➤ **ငြိမ်းစေသော အာပတ်** ။ ။ သံဃာဒိသိသ်သို့ ရောက်သော ရဟန်းအား ဥ တ်၏ အဆုံး၌ ဒုက္ကဋ်အာပတ်နှင့် ကမ္မဝါစာ နှစ်ကြိမ်တို့၏ အဆုံး၌ ထုလ္လစ္စဉ်း အာပတ်တို့ ငြိမ်းပါသည်။

http://www.dhammadownload.com

ပဌမ အနိယတသိက္ခာပုဒ်

➢ လူတို့သည် ယင်္ကပွဲ ပျော်ပွဲ အခါပွဲတို့၌ ဝိသာခါကို ရှေးဦးစွာ ကျွေးမွေးကြခြင်း အကြောင်း ။ ။ မိဂါရမာတာမည်သော ဝိသာခါသည် များသော သားသမီး ရှိ၏၊ များသော မြေးမြစ်ရှိ၏၊ ရောဂါကင်းသော သားသမီးရှိ၏၊ ရောဂါကင်းသော မြေးရှိ၏၊ အလွန် မင်္ဂလာရှိသော မိန်းမ-ဟု သမုတ်အပ်၏၊ ထို့ကြောင့် လူတို့သည် ယင်္ကပွဲ ပျော်ပွဲ အခါပွဲတို့၌ ဝိသာခါကို ရှေးဦးစွာ ကျွေးမွေးကြခြင်း ဖြစ်ပါသည်။

➢ **သတို့သမီးနှင့်အတူ တယောက်ချင်းချင်း မေထုန်မှုကို ပြုခြင်းငှာ အသင့်ဖြစ်သော အကာအရံရှိသော ဆိတ်ကွယ်ရာ၌ ထိုင်နေသော အရှင်ဥဒါယိကို ဖြင့်၍--**

ဝိသာခါ-က ဧလျောက်ထားခေသော စကား ။ ။ အရှင်သည် မာတုဂါမနှင့် အတူ တယောက်ချင်းချင်း မေထုန်မှုကို ပြုခြင်းငှာ အသင့်ဖြစ်သော အကာအရံရှိသော ဆိတ်ကွယ်ရာ၌ ထိုင်နေ၏၊ အရှင်ဘုရား ဤအပြုအမူသည် မလျော်ပါ၊ မသင့်တင့်ပါ၊ အရှင်ဘုရား အရှင်တို့သည် ထိုမေထုန်အကျင့်ကို အလိုရှိမည် မဟုတ်ပါ၊ သို့သော်လည်း မကြည်ညိုသူတို့ကို ယုံကြည်စေရန် ခဲယဉ်းပါကုန်၏"ဟု ဆိုပါသည်။

➢ **မာတုဂါမ-အရ** ။ ။ လူမိန်းမကို ယူရပါမည်။ အောက်ထစ်ဆုံးအားဖြင့် ထိုနေ့၌ မွေးဖွားသော သူငယ်မကိုလည်း ယူရပါမည်။ ဘီလူးမ, ပြိတ္တာမ, တိရစ္ဆာန်မတို့ကို မယူရပါ။

➢ **မာတုဂါမ-အရ ဝေဘဇ္ဈဇ္ဈ/အဓိဓမ္မဘဇ္ဈကား** (အနွယ) • လူမိန်းမကို ယူရပါမည်။ အောက်ထစ်ဆုံးအားဖြင့် ထိုနေ့၌ မွေးဖွားသော သူငယ်မကိုလည်း ယူရပါမည်။ * **နိဝေဇ္ဈဘဇ္ဈဇ္ဈ/အနုဓိဓမ္မဘဇ္ဈကား** (ဗုတိရေက) • ဘီလူးမ, ပြိတ္တာမ, တိရစ္ဆာန်မ-တို့ ဖြစ်ပါသည်။

➢ **ရဇဟာ-ဆန္နမ်** ။ ။ စက္ခုရဟာ၊ သောတရဟ-တို့ ဖြစ်ပါသည်။

➢ **စက္ခုရဟ(မျက်စိ၏ တွယ်ရာ) ဟူသည်** ။ ။ မျက်စိမှိတ်ပြခြင်းကိုလည်း, မျက်ခုန်းခြိုပြခြင်းကိုလည်း, ဦးခေါင်းညိတ်ပြခြင်းကိုလည်း မြင်ခြင်းငှာ မစွမ်းနိုင်သော နေရာဖြစ်သည်။

➢ **သောတရဟ(နားဆီတ်တွယ်ရာ) ဟူသည်** ။ ။ ပကတိစကားကို ကြားခြင်းငှာ မစွမ်းနိုင်သော နေရာမျိုး ဖြစ်ပါသည်။

➢ **ရဟော ပဋိဿဒ္ဓေန-၌ ပဋိဿဒ္ဓေန ဖြစ်၏**

➢ **ပဋိဿဒ္ဓေန (အကာအရံရှိသော ဓနရာ) ဟူသည်** ။ ။ နံရံဖြင့်သော်လည်း, တံခါးရွက်ဖြင့်သော်လည်း, ဖျာဖြင့်သော်လည်း, တင်းတိမ် 'ကန့်လန့်ကာ'ဖြင့်သော်လည်း, သစ်ပင်ဖြင့်သော်လည်း, တိုင်ဖြင့်သော်လည်း, ရိုင်ဖြင့်သော်လည်း, တစုံတခု ဖုံးအပ်သော နေရာမျိုး ဖြစ်ပါသည်။

➢ **အလံ ကမ္မနိယ-ဟူသည်** ။ ။ မေထုန်အကျင့်ကို မှီဝဲနိုင်သော နေရာဖြစ်ပါသည်။

➢ **နိသဇ္ဇံ ကဒဗ္ဘမဒ္ဒ-ဟူသည်/နိသဇ္ဇကပ္ပ ဖြစ်၏** ။ ။ မာတုဂါမသည် ထိုင်လတ်သော် ရဟန်းသည် ကပ်၍သော်လည်း ထိုင်၏၊ ကပ်၍သော်လည်း အိပ်၏၊ ရဟန်းသည် ထိုင်

http://www.dhammadownload.com

လတ်သော် မာတုဂါမ-သည် ကပ်၍သော်လည်း ထိုင်၏၊ ကပ်၍သော်လည်း အိပ်၏၊ နှစ်ယောက်လုံးသော်လည်း ထိုင်ကြ အိပ်ကြခြင်းပင် ဖြစ်ပါသည်။

➤ **သဓွဗျဓဓသော ဖြစ်ဆို်က်ဓသော ဥပါသိကာမ၏ ဂုဏ်အရည်အချင်း**

(၁) သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်ပြီးခြင်း၊ (၂) သစ္စာလေးပါးကို ထိုးထွင်း၍ သိပြီးခြင်း၊ (၃) သိက္ခာသုံးပါးကို ကျင့်သုံးပြီးခြင်း-တို့ ဖြစ်ပါသည်။

➤ **သဓွဗျဓဓသော-ဟူသည် ။ ။** သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်ပြီးသူ၊ သစ္စာလေးပါးကို ထိုးထွင်း၍ သိပြီးသူ၊ သိက္ခာသုံးပါးကို ကျင့်သုံးပြီးသူ ဖြစ်ပါသည်။

➤ **ဥပါသိကာ-ဟူသည် ။ ။** ဘုရား တရား သံဃာ ရတနာသုံးပါးကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ခြင်းသို့ ရောက်သူ ဖြစ်ပါသည်။

➤ **ဓာဒိယဓ-ဟူသည် ။ ။** ပါရာဇိက-ဟုဂုဏ် သံဃာဒိသိသ်ဟုဂုဏ် ပါစိတ်ဟုဂုဏ် မမြဲခြင်းပင် ဖြစ်ပါသည်။

ဒုတိယ အနိယတသိက္ခာပုဒ်

➤ **စဇုဂါမ-ဓာရ ။ ။** လူမိန်းမကို ယူရပါမည်။ပြောစကားကို ဖုံးလည်သော မိန်းမ၊ ကောင်းစွာပြောတတ်သော စကား, မကောင်းပြောတတ်သော စကားကို သိခြင်းငှာ စွမ်းနိုင်သူမ၊ ကြမ်းတမ်းသော စကား, မကြမ်းတမ်းသော စကားကို သိခြင်းငှာ စွမ်းနိုင်သူမ ကို ယူရပါမည်။ (ဘိလူးမ ပြိတ္တာမ တိရစ္ဆာန်မတို့ကို မယူရပါ။)

ပဌမ ကထိနသိက္ခာပုဒ်

➤ **နိဓါန်း-** ဝေသာလီပြည်၊ မဟာဝန်-ဆင်ခွင်ရှိ ရဟန်းများ။ **ဓဏ္ဍု-**အဝိုအလွန်သက်နံး ကို ဆောင်ခြင်း။

➤ **"ဒသာဟပရမံ"-ဟု ပညတ်ဓတော်မူခြင်း၏ ဓကြောင်းရင်း ဓဏ္ဍုပ္ပဒ္ဓိ**

အရှင်ဓာနန္ဒာ၌ အဓိဌာန်တင် သက်နံးသုံးထည်မှ အပိုသက်နံး ရလာ၏၊ ထိုသက်နံးကို အရှင်သာရိပုတ္တရာအား လှူလို၏၊ အရှင်သာရိပုတ္တရာလည်း သာကေတပြို့သို့ ကြွတော်မူ ခိုက်ဖြစ်၍ ကိုးရက် ဆယ်ရက်လောက်ကြာမှ ရောက်တော်မူလာမည်၊ ထိုဓကြောင်းကို ဘုရားရှင်ဓား လျှောက်ထားသောကြောင့် "ဒသာဟပရမံ"ဟု ပညတ်တော်မူပါသည်။

➤ **နိဒ္ဒိဓစီဝရဖြစ်မှု ။ ။** ရဟန်း၏ သက်နံးသည် အပ်ချုပ်မှုစသည်ကို ပြုအပ်ပြီး သော်ငင်း, ဖျောက်သော်ငင်း, ဖျက်ဆီးသော်ငင်း, မီးလောင်သော်ငင်း, သက်နံးလျှာ ပုဆိုး ရနိုးခြင်း ဓာသာပြတ်သော်ငင်း "နိဒ္ဒိတစီဝရ" ဖြစ်ပါသည်။

➤ **ဥဒ္ဒဓဆို် ဓထိဓန-ဟူသည် /ဓထိန်နှုတ်ခြင်း ၂-မျိုး ။ ။** မာတိကာ ရှစ်ပါးတို့တွင် တပါးပါးသော မာတိကာဖြင့် နှုတ်ခြင်း၊ သံဃာသည်သော်လည်း ဓထိန် ဓေတ်ဓတွင်း၌ နှုတ်ခြင်းပင် ဖြစ်ပါသည်။

http://www.dhammadownload.com

ဥဇုဝိပစ္စနီကဝိဘင်္ဂပုစ္ဆာ (ဒုတိယကထိန)

➤ **နိဓါန်း** - သာဝတ္ထိပြည်၊ **မုဋ္ဌိလ်** - များစွာသော ရဟန်း၊ **ဝဏ္ဏ** - သင်းပိုင်နှင့်တကွ ကိုယ်ရုံဖြင့် ဇနပုဒ်ဒေသစာရီ ဖဲသွားခြင်း။

➤ **ဤသိက္ခာပုဒ်၏ အဏ္ဏတ္တဿ** ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိမြို့, အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူစဉ်- ရဟန်းများသည် ဒေသစာရီ လှည့်လည်ကြသောအခါ ဝန်လေးမည် စိုး၍ သင်္ကန်းကြီးကို အခြားရဟန်းတို့ထံ အပ်ထားခဲ့၍ သင်းပိုင် ဇကသီဖြင့်သာ သွားကြ၏၊ သူတစ်ပါးလက်၌ ကြာမြင့်စွာ သိမ်းထားရသော သင်္ကန်းတို့ ပို့ဂတ်ကုန်ရကား ပြန်လာသည့်အခါ နေလှမ်းကြသည်တို့ကို အရှင်အာနန္ဒာမြင်၍ အပြစ်တင်တော်မူပြီးလျှင် ဘုရားရှင်အား လျှောက်ထားသောကြောင့်--ဤသိက္ခာပုဒ်ကို ပညတ်ရသည်။

➤ **သင်္ကန်းပြီးမီး၍ ကထိန်နုတ်ပြီးလတ်သော် တစ်ညဉ့်မျှ တိစီဝရိတ်သင်္ကန်းနှင့် မထင်းကွာရဟု မူလပညတ်ကို- ပညတ်ပြီးဖြစ်လျက် အညတြ ဆီကျွေသမျှတိယာ-ဟူသော အနုပညတ်တို့ ထပ်မံ၍ ပညတ်တော်မူရခြင်းအကြောင်း**

ထိုအခါ ရဟန်းတစ်ပါးသည် ကောသမ္ဗီမြို့၌ မကျန်းမမာ ဖြစ်နေ၏၊ ဆွေမျိုးတို့သည် ထိုရဟန်း၏အထံသို့ "အရှင်မြတ်သည် ကြွလာတော်မူလော့၊ အကျွန်ုပ်တို့သည် လုပ်ကျွေးပါကုန်အံ့"ဟု တမန်စေလွှတ်ကုန်၏၊ ရဟန်းတို့ကလည်း "ငါ့ရှင် သွားလော့၊ ဆွေမျိုးတို့သည် သင့်ကို လုပ်ကျွေးကြလိမ့်မည်"ဟု ပြောဆိုကြကုန်၏၊ ထိုရဟန်းသည် "ငါ့ရှင်တို့ မြတ်စွာဘုရားသည် တိစီဝရိုက်နှင့် ကင်း၍မနေရ-ဟု သိက္ခာပုဒ်ကို ပညတ်တော်မူ၏၊ ငါသည်လည်း မကျန်းမာသဖြင့် တိစီဝရိုက်ကို ယူ၍ သွားခြင်းငှာ မတတ်နိုင်၊ ငါသည် မသွားတော့အံ့-ဟု ပြောဆို၏၊ ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားသောကြောင့် "**အညတြ ဆီကျွေသမျှတိယာ**"ဟူသော အနုပညတ်ကို ထပ်မံ၍ ပညတ်တော်မူသည်။

➤ **အဓိပ္ပဓါသ ဆမ္ဗတိ စောင်းဓသာရဟန်း၏ ဖြည့်ကျင့်ပွဲမယ်** ။ ။ မကျန်းမာသော ရဟန်းသည် သံယာသို့ ချဉ်းကပ်ပြီးလျှင် လက်ဝဲတဖက် ပခုံးထက်၌ ဇကသီကို စမွယ်တင်၍ ကြီးကုန်သော ရဟန်းတို့၏ ခြေတို့ကို ရှိခိုးလျက် ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီပြီးလျှင် -- "အရှင်ဘုရားတို့ အကျွန်ုပ်သည် မတျန်းမာပါ၊ တိစီဝရိုက်ကိုယူ၍ ဖဲသွားခြင်းငှာ မတတ်နိုင်ပါ၊ အရှင်ဘုရားတို့ ထိုအကျွန်ုပ်သည် သံယာအား တိစီဝရိုက်နှင့်ကင်း၍ နေနိုင်ရန် သမ္မုတိကို တောင်းပါသည်"ဟု ဆိုရပါမည်။

➤ **ဆဲစီဝစရုန အဓိပ္ပဓါသသမ္ဗတိဓမ်းရဓဉ်ပုဒ္ဓိလ်** - တိစီဝရိုက်ကို ယူ၍ ဖဲမသွားနိုင်သော ဂိလာန ရဟန်းဖြစ်ပါသည်။

➤ **အာပတ်သင့်မှုနှိုင်** ။ ။ အရွက်တက်သည်နှင့် တပြိုင်နက် နိဿဂ္ဂိယပါစိတ်သင့်၏။

➤ **နိဿဋ္ဌိသဘဏ်နှိုးစွန့်ပုံ** ။ ။ "အရှင်ဘုရားတို့ အကျွန်ုပ်၏ ဤသင်္ကန်းသည် ရဟန်း

http://www.dhammadownload.com

➤ **အဘိဓရကနိဝရ-ဟူသည်** ။ ။ အဓိဋ္ဌာန်မတင် ဝိကပ္ပနာ မပြုအပ်သော သက်နိုး ကို ခေါ်ပါသည်။

➤ **နိဝရ-အရ** ။ ။ ခြောက်မျိုးသော သက်နိုးတို့တွင် အယုတ်ဆုံးအားဖြင့် ဝိကပ္ပနာ လောက်သော သက်နိုးတမျိုးမျိုးကို ယူရပါမည်။

➤ **ဆယ်ရက်ထက် ကျော်လွန်စွာ ဧဆောင်သောရဟန်း အာပတ်သင့်ခြင်း**

တဆယ့်တစ်ရက်မြောက် အရုဏ်တက်လတ်သော် နိဿဂ္ဂိ ဖြစ်ပါသည်။

➤ **စွန့်ရမည်မဟုတ်သည်များ** ။ ။ သံယာအားသော်၎င်း, ဂိုဏ်းအားသော်၎င်း, ပုဂ္ဂိုလ်အား သော်၎င်း စွန့်ရပါမည်။

➤ **နိဿဂ္ဂိသက်နိုးစွန့်ပုံ** ။ ။ ထိုရဟန်းသည် သံယာတော်သို့ ချဉ်းကပ်ပြီးနောက် လက်ဝဲတဖက် ပခုံးထက်၌ အပေါ်ရုံ ဇကသိကို တင်ပြီးလျှင် ကြိုးကုန်သော ရဟန်းတို့၏ ခြေတို့ကို ရှိခိုး၍ ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီလျက် --

"အရှင်ဘုရားတို့ အကျွန်ုပ်၏ ဤသက်နိုးသည် ဆယ်ရက်ကို လွန်သည်ဖြစ်၍ စွန့် အပ်ပါသည်၊ အကျွန်ုပ်သည် ဤသက်နိုးကို သံယာအား စွန့်ပါ၏"ဟု ဆိုရပါမည်။

စွန့်ပြီးနောက် အာပတ်ကို ဒေသနာကြားရပါမည်။ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိ သော ရဟန်းသည် အာပတ်ကို ခံယူရပါမည်၊ စွန့်ပြီးသက်နိုးကို ပြန်ပေးရပါမည်။

➤ **စွန့်ပြီးသက်နိုးကို ပြန်မပေးဘဲသော ရဟန်း၏ အပြစ် - ဒုက္ကဋ်အာပတ်**။

➤ **နိဿဂ္ဂိပါစိတ် ဆရှမ်** ။ ။ (၁) ဆယ်ရက်လွန်ပြီး၌ လွန်ပြီးဟု ထင်မှတ်ခြင်း၊ (၂) ဆယ်ရက်လွန်ပြီး၌ ယုံမှားရှိခြင်း၊ (၃) ဆယ်ရက်လွန်ပြီး၌ မလွန်သေးဟု ထင်မှတ်ခြင်း၊ (၄) အဓိဋ္ဌာန် မတင်အပ်သေးသည်၌ အဓိဋ္ဌာန်တင်အပ်ပြီးဟု ထင်မှတ်ခြင်း၊ (၅) ဝိကပ္ပ နာ မပြုအပ်သေးသည်၌ ဝိကပ္ပနာပြုအပ်ပြီးဟု ထင်မှတ်ခြင်း၊ (၆) မစွန့်အပ်သေးသည် ၌ စွန့်အပ်ပြီးဟု ထင်မှတ်ခြင်း၊ (၇) မမျောက်သည်၌ မျောက်သည်ဟု ထင်မှတ်ခြင်း၊ (၈) မပျက်သည်၌ ပျက်သည်ဟု ထင်မှတ်ခြင်း၊ (၉) မီး မလောင်သည်၌ မီးလောင်သည်ဟု ထင်မှတ်ခြင်း၊ (၁၀) မလုယက်အပ်သည်၌ လုယက်အပ်သည်ဟု ထင်မှတ်ခြင်း။

➤ **ဒုက္ကဋ် ဆရှမ်** ။ ။ (၁) စွန့်ခြင်း ဝိနည်းကံရှိသော သက်နိုးကို မစွန့်မူ၍ သုံးဆောင် ခြင်း၊ (၂) ဆယ်ရက် မလွန်သေးသည်၌ လွန်ပြီးဟု ထင်မှတ်ခြင်း၊ (၃) ဆယ်ရက် မလွန် သေးသည်၌ ယုံမှားရှိခြင်း။

➤ **အနာပတ္တိ-အာပတ် မသင့်စေသော မူဝဋ္ဌိလ်များ** ။ ။ ဆယ်ရက်အတွင်း အဓိဋ္ဌာန် တင်သော ရဟန်း၊ ဝိကပ္ပနာပြုသော ရဟန်း၊ စွန့်သော ရဟန်း၊ မျောက်သော ရဟန်း၊ ပျက်သော ရဟန်း၊ မီးလောင်သော ရဟန်း၊ လုယက်၍ ယူသောရဟန်း၊ အကျွမ်းဝင်၍ ယူသော ရဟန်း၊ ရူးသော ရဟန်း၊ အစလက်ဦး လွန်ကျူးသော ရဟန်းအား အာပတ် မသင့်ပါ။

http://www.dhammadownload.com

တို့ သမ္မုတိကို မရဘဲ ညဉ့်ကင်း၍ နေအပ်ပါသဖြင့် စွန့်အပ်ပါသည်၊ အကျွန်ုပ်သည် ဤသက်နိုးကို သံယာအား စွန့်ပါ၏"ဟု ဆိုရပါမည်။ (၄၈၉-ကြည့်)

➤ **ဓိဓိဝရိတ်သက်နိုး ထားနိုင်ရာ အရပ်(ဌာန)** များ. (၃၂၃-ကိုလည်းကြည့်)

➤ **ဓိဓိဝရိုက်နှင့်ကင်း၍ မဓနရသည့် ဌာန** ။ ။ ဧကူပစာရ နာနူပစာရရှိသော် ရွာ, အိမ်, ဘဏ္ဍာတိုက်, ပြဿိုင်, တန်ဆောင်း, ပြာသာဒ်, ပြာသာဒ်ဦးပြည်း, လှေ, လှည်းကုန်သည် လှည်းဝိုင်း, လယ်, ကောက်နယ်တလင်း, အရံ, ကျောင်း, သစ်ပင်ရင်း, လွင်တီးခေါင်။

ဓမး ။ ။ ဥဒေါသိတသိက္ခာပုဒ်ဝယ် ဧကူပစာရ နာနူပစာရဖြစ်သော ဧကကုလရွာတွင်း၌ သက်နိုးထားသောရဟန်းသည် ထိုသက်နိုးနှင့် ညဉ့်မကင်းအောင် မည်သို့ မည်ပုံ နေထိုင်ရမည်ကို ရှင်းပြပါ။ (၁၃၅၆-ခု မေး)

➤ **ဧကကုလဂါမနှင့် သက်ဆိုင်ဓသာ ဝိနည်းကျင့်ဝတ်** ။ ။ အမျိုးတစ်ဦးတည်း ပိုင်ဆိုင်သော ရွာသည် အကာအရံရှိမှု ရွာတွင်း၌ သကန်းကိုထား၍ ရွာတွင်း၌ နေရပါမည်၊ အကာအရံမရှိသော ရွာဖြစ်မှု သကန်းကိုထားသော အိမ်၌ နေရပါမည်၊ နှစ်တောင့်ထွာ ဟတ္ထပါသ်ကိုသော်လည်း မစွန့်ရပါ။

➤ **နာနာကုလဂါမ/ပိုင်ရှင်အများမျိုးမျိုး၏ ရွာ၌ သင်္ကန်းထားဓသာ ရဟန်း၏ ကျင့်ဝတ်** ။ ။ အကာအရံရှိမှု သင်္ကန်းကို ထားရာအိမ်၌သော်ငင်း, ဧည့်ခန်း၌သော်ငင်း, တံခါးရင်း၌သော်ငင်း နေရပါမည်၊ နှစ်တောင့်ထွာ ဟတ္ထပါသ်ကိုသော်လည်း မစွန့်ရပါ။

ဧည့်ခန်းသို့ သွားသောရဟန်းသည် နှစ်တောင့်ထွာ ဟတ္ထပါသ်၌ သင်္ကန်းကို ထားလျှင် ဧည့်ခန်း၌သော်ငင်း, တံခါးရင်း၌သော်ငင်း နေရပါမည်၊ ဟတ္ထပါသ်ကိုသော်လည်း မစွန့်ရ။ ဧည့်ခန်း၌ သင်္ကန်းကိုထားမှု ဧည့်ခန်း၌သော်ငင်း, တံခါးရင်း၌သော်ငင်း နေရပါမည်၊ ဟတ္ထပါသ်ကိုသော်လည်း မစွန့်ရ။

အကာအရံ မရှိသော ရွာဖြစ်မှု သကန်းကိုထားရာ အိမ်၌ နေရမည်၊ ဟတ္ထပါသ်ကိုသော်လည်း မစွန့်ရ။

➤ **ဧကကုလ နိဓနသန/ပိုင်ရှင်တစ်ဦးတည်း၏ အိမ်၌ သင်္ကန်းထားဓသာ ရဟန်း၏ ကျင့်ဝတ်** ။ ။ အိမ်သည် အကာအရံရှိမှု တိုက်ခန်းအမျိုးမျိုး အခန်းအမျိုးမျိုးရှိလျှင် အိမ်တွင်း၌ သင်္ကန်းကို ထား၍ အိမ်တွင်း၌ နေရမည်၊ အကာအရံ မရှိမှု သင်္ကန်းထားရာ အခန်း၌ နေရမည်၊ ဟတ္ထပါသ်ကိုသော်လည်း မစွန့်ရ။

➤ **နာနာကုလ နိဓနသန/ပိုင်ရှင်အများမျိုးမျိုး၏ အိမ်၌ သင်္ကန်းထားဓသာ ရဟန်း၏ ကျင့်ဝတ်** ။ ။ အကာအရံရှိမှု တိုက်ခန်းအမျိုးမျိုး အခန်းအမျိုးမျိုးရှိလျှင် သင်္ကန်းကို ထားရာအခန်း၌ နေရမည်၊ တံခါးရင်း၌သော်လည်း နေရမည်၊ ဟတ္ထပါသ်ကိုသော်လည်း မစွန့်ရ၊ အကာအရံမရှိမှု သင်္ကန်းထားရာအခန်း၌ နေရမည်၊ ဟတ္ထပါသ်ကိုသော်လည်း မစွန့်ရ။

http://www.dhammadownload.com

➢ **ဧကကုလ ဥစ္စဝါသိတ/ပိုင်ရှင်တစ်ဦးတည်း၏ ဘဏ္ဍာတိုက်၌ သင်္ကန်းထားစေသော ရဟန်း၏ ကျင့်ဝတ်** ။ ။ အကာအရံရှိမှု တိုက်ခန်းအမျိုးမျိုး အခန်းအမျိုးမျိုးရှိလျှင် ဘဏ္ဍာတိုက်အတွင်း၌ နေရမည်၊ အကာအရံမရှိမှု သင်္ကန်းထားရာအခန်း၌ နေရမည်၊ ဟတ္ထပါသ်ကိုသော်လည်း မစွန့်ရ။

➢ **နာနာကုလ ဥစ္စဝါသိတ/ပိုင်ရှင်အများများ၏ ဘဏ္ဍာတိုက်၌ သင်္ကန်းထားစေသော ရဟန်း၏ ကျင့်ဝတ်** ။ ။ အကာအရံရှိမှု တိုက်ခန်းအမျိုးမျိုး အခန်းအမျိုးမျိုးရှိလျှင် သင်္ကန်းကို ထားရာအခန်း၌ နေရမည်၊ တံခါးရင်း၌သော်လည်း နေရမည်၊ ဟတ္ထပါသ်ကိုသော်လည်း မစွန့်ရ၊ အကာအရံမရှိမှု သင်္ကန်းထားရာအခန်း၌ နေရမည်၊ ဟတ္ထပါသ်ကိုသော်လည်း မစွန့်ရ။

➢ **ဧကကုလ ဆဋ္ဌ/ပိုင်ရှင်တစ်ဦးတည်း၏ ပြဿိုးဥ္စ သင်္ကန်းထားစေသော ရဟန်း၏ ကျင့်ဝတ်** ။ ။ ပြအိုးအတွင်း၌ သင်္ကန်းကိုထားလျှင် ပြအိုးအတွင်း၌ နေရမည်။

➢ **နာနာကုလ ဆဋ္ဌ/ပိုင်ရှင်အများများ၏ ပြဿိုးဥ္စ သင်္ကန်းထားစေသော ရဟန်း၏ ကျင့်ဝတ်** ။ ။ တိုက်ခန်းအမျိုးမျိုး အခန်းအမျိုးမျိုးရှိလျှင် သင်္ကန်းကို ထားရာအခန်း၌ နေရမည်၊ တံခါးရင်း၌သော်လည်း နေရမည်၊ ဟတ္ထပါသ်ကို သော်လည်း မစွန့်ရ၊

➢ **ဧကကုလ မာဠ/ပိုင်ရှင်တစ်ဦးတည်း၏ တန်ဆောင်းဥ္စ သင်္ကန်းထားစေသော ရဟန်း၏ ကျင့်ဝတ်** ။ ။ တန်ဆောင်းအတွင်း၌ သင်္ကန်းကိုထားလျှင် တန်ဆောင်းအတွင်း၌ နေရမည်။

➢ **နာနာကုလ မာဠ/ပိုင်ရှင်အများများ၏ တန်ဆောင်းဥ္စ သင်္ကန်းထားစေသော ရဟန်း၏ ကျင့်ဝတ်** ။ ။ တိုက်ခန်းအမျိုးမျိုး အခန်းအမျိုးမျိုးရှိလျှင် သင်္ကန်းကို ထားရာအခန်း၌ နေရမည်၊ တံခါးရင်း၌သော်လည်း နေရမည်၊ ဟတ္ထပါသ်ကိုသော်လည်း မစွန့်ရ၊

➢ **ဧကကုလ ပါသာဒ/ပိုင်ရှင်တစ်ဦးတည်း၏ ပြာသာဒ်ရှည်ဥ္စ သင်္ကန်းထားစေသော ရဟန်း၏ ကျင့်ဝတ်** ။ ။ ပြာသာဒ်အတွင်း၌ သင်္ကန်းကိုထားလျှင် ပြာသာဒ်အတွင်း၌ နေရမည်။

➢ **နာနာကုလ ပါသာဒ/ပိုင်ရှင်အများများ၏ ပြာသာဒ်ရှည်ဥ္စ သင်္ကန်းထားစေသော ရဟန်း၏ ကျင့်ဝတ်** ။ ။ တိုက်ခန်းအမျိုးမျိုး အခန်းအမျိုးမျိုးရှိလျှင် သင်္ကန်းကို ထားရာအခန်း၌ နေရမည်၊ တံခါးရင်း၌သော်လည်း နေရမည်၊ ဟတ္ထပါသ်ကိုသော်လည်း မစွန့်ရ၊

➢ **ဧကကုလ ဟမ္မိယ/ပိုင်ရှင်တစ်ဦးတည်း၏ ပြာသာဒ်ဦးပြည်းဥ္စ သင်္ကန်းထားစေသော ရဟန်း၏ ကျင့်ဝတ်** ။ ။ ပြာသာဒ်ဦးပြည်းအတွင်း၌ သင်္ကန်းကိုထားလျှင် ပြာသာဒ်ဦးပြည်းအတွင်း၌ နေရမည်။

➢ **နာနာကုလ ဟမ္မိယ/ပိုင်ရှင်အများများ၏ ပြာသာဒ်ဦးပြည်းဥ္စ သင်္ကန်းထားစေသော ရဟန်း၏ ကျင့်ဝတ်** ။ ။ တိုက်ခန်းအမျိုးမျိုး အခန်းအမျိုးမျိုးရှိလျှင် သင်္ကန်းကို

http://www.dhammadownload.com

ထားရာအခန်း၌ နေရမည်၊ တံခါးရင်း၌သော်လည်း နေရမည်၊ ဟတ္ထပါသ်ကိုသော်လည်း မစွန့်ရ။

➤ **ကေကုလ နာဝါ/ပိုင်ရှင်တစ်ဦးတည်း၏ လှေ၌ ဆင်နိုးထားသော ရထန်း၏ ကျင့်ဝတ်** ။ ။ လှေအတွင်း၌ သင်္ကန်းကိုထားလျှင် လှေအတွင်း၌ နေရမည်။

ဗေး ။ ။ နှစ်ဦးသုံးဦးပိုင်ဆိုင်သော **လှေပေါ်၌ စီဝရိုတို့ပနပြုလုပ်မှုနှင့် စပ်၍ လိုက်နာ** ပြုကျင့်ရမည့် ဝိနည်းဥပဒေကိုလည်း ဖော်ပြပါ။ (၁၃၆၃-ခုမေး)

➤ **နာနာကုလ နာဝါ/ပိုင်ရှင်အများစုတို့၏ လှေ၌ ဆင်နိုးထားသော ရထန်း၏ ကျင့်ဝတ်** ။ ။ တိုက်ခန်းအများစုကဲ့သို့ အခန်းအများစုရှိလျှင် သင်္ကန်းကို ထားရာအခန်း၌ နေရမည်၊ တံခါးရင်း၌သော်လည်း နေရမည်၊ ဟတ္ထပါသ်ကိုသော်လည်း မစွန့်ရ။

➤ **ကေကုလ ဆတ္ထ/ ပိုင်ရှင်တစ်ဦးတည်း၏ ကုန်သည်လှည်းပိုင်း၌ ဆင်နိုးထားသော ရထန်း၏ ကျင့်ဝတ်** ။ ။ ကုန်သည်လှည်းပိုင်း၌ သင်္ကန်းကိုထားလျှင် ခုနစ်အတ္ထရကို မစွန့်ရ၊ နံဘေးမှ အတ္ထရ တစ်ခုကို မစွန့်ရ။

➤ **နာနာကုလ ဆတ္ထ/ပိုင်ရှင်အများစု၏ ကုန်သည်လှည်းပိုင်း၌ ဆင်နိုးထားသော ရထန်း၏ ကျင့်ဝတ်** ။ ။ ကုန်သည်လှည်းပိုင်း၌ သင်္ကန်းကို ချထားသော် ဟတ္ထပါသ်ကို မစွန့်ရ။

➤ **ကေကုလ ဓဇ္ဇ/ပိုင်ရှင်တစ်ဦးတည်း၏ လယ်၌ ဆင်နိုးထားသော ရထန်း၏ ကျင့်ဝတ်** ။ ။ အကာအရံရှိမူ လယ်အတွင်း၌ သင်္ကန်းကို ထားလျှင် လယ်အတွင်း၌ နေရမည်။အကာအရံမရှိလျှင် ဟတ္ထပါသ်ကို မစွန့်ရ။

➤ **နာနာကုလ ဓဇ္ဇ/ပိုင်ရှင်အများစု၏ လယ်၌ ဆင်နိုးထားသော ရထန်း၏ ကျင့်ဝတ်** ။ ။ အကာအရံရှိလျှင် လယ်အတွင်း၌ သင်္ကန်းကိုထားလျှင် တံခါးရင်း၌သော်လည်း နေရမည်၊ ဟတ္ထပါသ်ကိုသော်လည်း မစွန့်ရ။ အကာအရံ မရှိလျှင် ဟတ္ထပါသ်ကို မစွန့်ရ

➤ **ကေကုလ ဧညကရထ/ပိုင်ရှင်တစ်ဦးတည်း၏ ကောက်နယ်တလင်း၌ ဆင်နိုးထားသော ရထန်း၏ ကျင့်ဝတ်** ။ ။ အကာအရံရှိမူ ကောက်နယ်တလင်းအတွင်း၌ သင်္ကန်းကို ထားလျှင် ကောက်နယ်တလင်းအတွင်း၌ နေရမည်။အကာအရံမရှိလျှင် ဟတ္ထပါသ်ကို မစွန့်ရ။

➤ **နာနာကုလ ဧညကရထ/ပိုင်ရှင်အများစု၏ ကောက်နယ်တလင်း၌ ဆင်နိုးထားသော ရထန်း၏ ကျင့်ဝတ်** ။ ။ အကာအရံရှိလျှင် ကောက်နယ်တလင်းအတွင်း၌ သင်္ကန်းကိုထားလျှင် တံခါးရင်း၌သော်လည်း နေရမည်၊ ဟတ္ထပါသ်ကိုသော်လည်း မစွန့်ရ။ အကာအရံ မရှိလျှင် ဟတ္ထပါသ်ကို မစွန့်ရ။

➤ **ကေကုလ အာရာမ/ပိုင်ရှင်တစ်ဦးတည်း၏ ဈေး၌ ဆင်နိုးထားသော ရထန်း၏**

http://www.dhammadownload.com

ကျင့်ဝတ် ။ ။ အကာအရံရှိမှု အရံအတွင်း၌ သက်နိုးကို ထားလျှင် အရံအတွင်း၌ နေရမည်။ အကာအရံမရှိလျှင် ဟတ္ထပါသိ်ကို မစွန့်ရ။

➢ **နာနာကူလ အာရာမ/ပိုင်ရှင်အမျိုးမျိုး၏ အရံ၌ သက်နိုးထားစသော ရဟန်း၏ ကျင့်ဝတ်** ။ ။ အကာအရံရှိလျှင် အရံအတွင်း၌ သက်နိုးကို ထားလျှင် တံခါးရင်း၌သော်လည်း နေရမည်၊ ဟတ္ထပါသိ်ကိုသော်လည်း မစွန့်ရ။ အကာအရံ မရှိလျှင် ဟတ္ထပါသိ်ကို မစွန့်ရ။

➢ **ဧကကူလ ဝိဟာရ/ပိုင်ရှင်တစ်ဦးတည်း၏ ကျောင်း၌ သက်နိုးထားစသော ရဟန်း၏ ကျင့်ဝတ်** ။ ။ အကာအရံရှိမှု ကျောင်းအတွင်း၌ သက်နိုးကို ထားလျှင် ကျောင်းအတွင်း၌ နေရမည်။ အကာအရံမရှိလျှင် သက်နိုးထားရာကျောင်း၌ နေရမည်၊ဟတ္ထပါသိ်ကိုသော်လည်း မစွန့်ရ။

➢ **နာနာကူလ ဝိဟာရ/ပိုင်ရှင်အမျိုးမျိုး၏ ကျောင်း၌ သက်နိုးထားစသော ရဟန်း၏ ကျင့်ဝတ်** ။ ။ အကာအရံရှိလျှင် သက်နိုးထားရာကျောင်း၌ နေရမည်၊ တံခါးရင်း၌သော်လည်း နေရမည်၊ ဟတ္ထပါသိ်ကိုသော်လည်း မစွန့်ရ။ အကာအရံ မရှိလျှင် သက်နိုးထားရာကျောင်း၌ နေရမည်၊ ဟတ္ထပါသိ်ကိုသော်လည်း မစွန့်ရ။

➢ **ဧကကူလ ဂုဟမူလ/ပိုင်ရှင်တစ်ဦးတည်း၏ သစ်ပင်ရင်း၌ သက်နိုးထားစသော ရဟန်း၏ ကျင့်ဝတ်** ။ ။ သစ်ပင်ရင်းသည် မွန်းတည့်ကာလ၌ ထက်ဝန်းကျင် အရိပ်ပြန့်နှံ့မှု အရိပ်တွင်း၌ သက်နိုးကိုထားလျှင် အရိပ်တွင်း၌ နေရမည်။ [အမျိုးမျိုး၏ သစ်ပင်ရင်းဖြစ်မှု ဟတ္ထပါသိ်ကို မစွန့်ရပါ။]

➢ **ဧကဥစ္စာရ လွင်တီးခေါင် ။ ။** ရွာမရှိသော တောင်၌ ခုနစ်အပ္ပဏ္ဏရ အတွင်းသည် ဧကဥပစာရ ဖြစ်ပါသည်။ ထိုမှ အပြင်ဘက်ကား နာနူပစာရ ဖြစ်ပါသည်။

➢ **အနာပတ္တိ-အာပတ် မသင့်စသော ပုဏ္ဏိလ်များ ။ ။** အရှက်အတွင်း၌ ပစ္စုဒ္ဓိရ်ပြုသော ရဟန်း၊ စွန့်သော ရဟန်း၊ ပျောက်သော ရဟန်း၊ ပျက်သော ရဟန်း၊ မီးလောင်သော ရဟန်း၊ လုယက်၍ ယူသောရဟန်း၊ အကျွမ်းဝင်၍ ယူသော ရဟန်း၊ သမ္မုတိ ရသော ရဟန်း၊ ရွှေသော ရဟန်း၊ အစလက်ဦး လွန်ကျူးသော ရဟန်းအား အာပတ် မသင့်ပါ။

တတိယ ကထိနသိက္ခာပုဒ်

➢ **နိဓါန်း** - သာဝတ္ထိပြည်၊ **ပုဏ္ဏိလ်** - များစွာသော ရဟန်း၊ **ဓဇ္ဇ** - အကာလသင်္ကန်းလျှာ အဝတ်ကို ခံယူပြီး တစ်လကျော်လွန်စေခြင်း။

စမ်း ။ ။ **စီဝရပစ္စာသာ**-ဖြင့် အကာလသင်္ကန်းကို ခံယူသိမ်းထားခွင့် ပြုတော်မူခြင်း၏ အကြောင်းရင်း ဝတ္ထုကို ဖော်ပြပါ။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိမြို့ အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ရဟန်းတစ်ပါး၊အား အခါမဲ့ သင်္ကန်းသည် ဖြစ်ပေါ်၏၊

http://www.dhammadownload.com

"ဆယ်ရက်ထက်လွန်၍ အပိုသက်နှံး မထားရ"ဟူသော ပညတ်တော်အရ ထိုအဝတ်ကို အမြန်သက်နှံးချုပ်၍ အဓိဋ္ဌာန်တင်လိုသောကြောင့် သက်နှံးချုပ်လေသည်၊ ထိုသို့ ချုပ်သောအခါ မလောက်မငဖြစ်နေ၍ ထိုအထည်ကို ရေဆွတ်ပြီးလျှင် အောက်ပိုင်းကို ခြေဖြင့် နင်းထား၍ အထက်ပိုင်းကို လက်ဖြင့်မြှောက်ကာ ဆန့်၍ ဆန့်၍ နေရှာ၏။

ထိုနည်းအတိုင်း ထပ်၍ ထပ်၍ ဆွဲဆန့်နေသည်ကို ဘုရားရှင်မြင်တော်မူ၍ ကြွလာတော်မူပြီးလျှင် "နောက်ထပ်ရဖို့ မျှော်လင့်ချက် ရှိသေးသလား"ဟု မေးတော်မူ၏၊ "ရှိပါသေးကြောင်း" လျှောက်လေလျှင် "အကာလသက်နှံးချုပ်ဖို့ အဝတ်ကို ခံယူပြီး၍ နောက်ထပ်ရဖို့ မျှော်လင့်ချက်ရှိသေးလျှင် မချုပ်သေးဘဲ သိမ်းထားဖို့ရန်"ခွင့်ပြုတော်မူသည်။

➤ **ဤသီကွာပုဒ်ကို ပညတ်တော်မူရခြင်းအကြောင်း /သိက္ခာပုဒ် အစ္စာပုဒ်ကို**

ထိုအခါ ရဟန်းတို့သည် မြတ်စွာဘုရားသည် အခါမဲ့သက်နှံးကို ခံယူ၍ သက်နှံးရလိမ့်မည်ဟု မြှောက်လင့်ချက်ဖြင့် ထားခြင်းငှာ ခွင့်ပြုတော်မူသောအခါ အချို့ရဟန်းများသည် ထိုအကာလသက်နှံးကို တစ်လလွန်သော်လည်း မချုပ်ကြသေးဘဲ သိမ်းထားကြသဖြင့် သက်နှံးတန်းပေါ်၌ သက်နှံး ထုပ်ကြီးတွေ တို့လို့တန်းလန်း တည်နေသည်တို့ကို အရှင်အာနန္ဒာ မြင်၍ ပြစ်တင်ကဲ့ရဲ့ ပြီးလျှင် ဘုရားရှင်အား လျှောက်ထားလေရာ "တတိယကထိန"သိက္ခာပုဒ်ကို ပညတ်တော်မူပါသည်။

➤ **အကာလစီဝရ (အခါမဲ့သက်နှံး) ဟူသည်** ။ ။ ကထိန်မခင်းလျှင် တဆယ့်တလအတွင်း၌ ဖြစ်ပေါ်သော သက်နှံး၊ ကထိန်ခင်းလျှင် ခုနစ်လအတွင်း၌ ဖြစ်ပေါ်သော သက်နှံး၊ သက်နှံးအခါ၌သော်လည်း ရည်ညွှန်း၍ လျှူအပ်သော သက်နှံးတို့သည် "အကာလစီဝရ" မည်ပါသည်။

➤ **အကာလစီဝရံ ဥပ္ပဇ္ဇေယ္ယ-၌ ဥပ္ပဇ္ဇနုကာရ /အကာလသက်နှံးဖြစ်ခဲ့**

သံဃာမှသော်၎င်း၊ ဂိုဏ်းမှ သော်၎င်း၊ ဆွေမျိုးမှသော်၎င်း၊ မိတ်ဆွေမှသော်၎င်း၊ ပဲသုကူသော်၎င်း၊ မိမိဥစ္စာဖြင့်သော်၎င်း ဖြစ်ခြင်းကို ဆိုလိုပါသည်။

➤ **အကာလသက်နှံးဖြစ်ရာ ဌာနများ** ။ ။ သံဃာ၊ ဂိုဏ်း၊ ဆွေမျိုး၊ မိတ်ဆွေ၊ ပဲသုကူ၊ မိမိဥစ္စာ-တို့ ဖြစ်ပါသည်။

➤ **သတိယာ ပန္နာသာယ-ဟူသည်** ။ ။ သံဃာမှသော်၎င်း၊ ဂိုဏ်းမှသော်၎င်း၊ ဆွေမျိုး မှသော်၎င်း၊ မိတ်ဆွေမှသော်၎င်း၊ ပဲသုကူသော်၎င်း၊ မိမိဥစ္စာဖြင့်သော်၎င်း မြှော်လင့်ချက် ရှိခြင်းကို ဆိုလိုပါသည်။

ဓမ်း ။ ။ **တတော စေ ဥဗ္ဘဂ္ဂရိ နိတ္ထိပေယျ ဆတိယာဝိ ပန္နာသာယ-ဟူသော** စကားအရ မူလသက်နှံးဖြစ်ပြီး၍ (က) ဆယ်ရက်မြောက်နေ့၊ (ခ) နှစ်ဆယ့်တစ်ရက်မြောက်နေ့၊ (ဂ) နှစ်ဆယ့်ကိုးရက်မြောက်နေ့တို့၌ သက်နှံးရနိုးခြင်းဖြစ်လတ်သော် မည်သည့် နေ့ရက်များ အတွင်း၌ အပြီးချုပ်ဆိုးရမည်ကို အသီးသီး ဖော်ပြပါ။

http://www.dhammadownload.com

စဖြဲ ။ ။ (က) မူလသက်နှံးဖြစ်ပြီး၍ ဆယ်ရက်မြောက်သောနေ့၌ သက်နှံးရနှံးခြင်းဖြစ်လတ်သော် ဆယ်ရက်အတွင်း၌ အပြီးချုပ်ဆိုးရပါမည်။

(ခ) မူလသက်နှံးဖြစ်ပြီး၍ ခုနစ်ဆယ့်တစ်ရက်မြောက်သောနေ့၌ သက်နှံးရခြင်း ဖြစ်လတ်သော် ကိုးရက်အတွင်း၌ အပြီးချုပ်ဆိုးရပါမည်။

(ဂ) မူလသက်နှံးဖြစ်ပြီး၍ ခုနစ်ဆယ့်ကိုးရက်မြောက်သောနေ့၌ သက်နှံးရခြင်း ဖြစ်လတ်သော် တစ်ရက်အတွင်း၌ အပြီးချုပ်ဆိုးရပါမည်။

(ဃ) မူလသက်နှံးဖြစ်ပြီး၍ ရက်သုံးဆယ်မြောက်သော နေ့၌ သက်နှံးရခြင်းဖြစ်လတ်သော်-- ထိုနေ့၌သာလျှင် အဓိဋ္ဌာန်တင်ရမည်၊ ဝိကပ္ပနာပြုရမည်၊ စွန့်ရမည်။

➤ **အနာပတ္တိ-အာပတ္တိ မဆင့်ခေါ မူဋ္ဌိလ်များ** ။ ။ တစ်လအတွင်း အဓိဋ္ဌာန်တင်သော ရဟန်း၊ ဝိကပ္ပနာပြုသော ရဟန်း၊ စွန့်သော ရဟန်း၊ ပျောက်သော ရဟန်း၊ ပျက်သော ရဟန်း၊ မီးလောင်သော ရဟန်း၊ လုယက်၍ ယူသောရဟန်း၊ အကျွမ်းဝင်၍ ခံယူသော ရဟန်း၊ ရူးသော ရဟန်း၊ အစလက်ဦး လွန်ကျူးသော ရဟန်း။

ပုရာဏဒုတိယရဿိကျောပုဒ်

➤ **နိဓါန်း - သာဝတ္ထိပြည်၊ မူဋ္ဌိလ် - ဥဒါယိမထေရ်၊ ဓဇ္ဇော - သက်နှံးဟောင်းကို ဖွပ်လျှော်စေခြင်း။**

➤ **အညာတိကာ (ဆိက္ခာနိမ) ဇာသည်** ။ ။ အမိဘက်မှသော်၎င်း, အဖဘက်မှသော်၎င်း ခုနစ်ဆက်မြောက် ဘိုးဘေးတိုင်အောင် မဆက်စပ်သူ ဖြစ်ပါသည်။

➤ **ဘိက္ခာနိမ-အာဒ** ။ ။ ဥဘတောသံယာ၌ ပဉ္စင်းဖြစ်သော မိန်းမကို ယူရပါမည်။

➤ **ပုရာဏစီဝရ (ဆက်နှံးဖောင်း) ဖာသည်** ။ ။ တစ်ကြိမ်ပင် ဝတ်အပ် တစ်ကြိမ်ပင် ရဲ့အပ်သော သက်နှံး ဖြစ်ပါသည်။

➤ **အခြားသိတ္တာပုဒ်များနှင့် မဆက်ဆိုင်သော အာပတ္တိအာဒ-ကား**
နိသိဒိုင်အခင်းကို ဖွပ်လျှော်ခိုင်းလျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်။

ဒိဝရပဋိဂ္ဂဟဏ သိက္ခာပုဒ်

➤ **နိဓါန်း - ရာဇဂြိုဟ်ပြည်၊ မူဋ္ဌိလ်-ဥဒါယိမထေရ်၊ ဓဇ္ဇော-သက်နှံးကို ခံယူခြင်း။**

➤ **အညတြ ပါရိဝဇ္ဇကာ-ဟု အနုပညတ်ထပ်ခေတ်မူရခြင်း** ။ ။ ထိုအခါ ရဟန်းတို့သည် သံသယကုက္ကုစ္စဖြစ်ကြ၍ ဘိက္ခုနီမတို့၏ လဲလှယ်သော သက်နှံးကို မခံယူကြကုန်၊ ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် အရှင်တို့သည် ငါတို့၏ လဲလှယ်သော သက်နှံးကို မခံယူကြကုန်ဘိသနည်း"ဟု ပြစ်တင် ရှုတ်ချသောကြောင့် "အညတြ ပါရိဝဇ္ဇကာ"ဟု အနုပညတ် ထပ်တော်မူရပါသည်။

➤ **အနုဇာနာမိ ဘိက္ခဝေ ပဉ္စန္နံ ပါရိဝဇ္ဇကံ ပဋိဂ္ဂဟေတုံ-ဠ် ပဉ္စန္နံ ဆဗ္ဗဂ်** ရဟန်း၊ ဘိက္ခုနီမ၊ သိက္ခမာန်၊ သာမဏေ၊ သာမဏေမ-တို့ ဖြစ်ပါသည်။

http://www.dhammadownload.com

➢ **စီဝရ-အာရ ။ ။** ခြောက်မျိုးသော သင်္ကန်းတို့တွင် အယုတ်ဆုံးအားဖြင့် ဝိကပ္ပနာလောက်သော သင်္ကန်းတမျိုးမျိုးကို ယူရပါမည်။

အညာတကဒိညုတ္တိ သိင်္ဂာပုဒ်

➢ **နိဓါန်း - သာဝတ္ထိပြည်၊ ပုဋ္ဌိလ်- ဥပနန္ဒ မထေရ်၊ ဧဏ္ဍု- သင်္ကန်းကို သိစေခြင်း။**

➢ **သီက္ခာပုဒ်ပညတ်ရခြင်း၏ အဓိကြောင်းရင်း အဇ္ဈာပ္ပတ္တိ ။ ။** ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိမြို့ အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ အရှင်ဥပနန္ဒသည် တရားဟောကောင်း၏၊ အခါတပါး၌ သူဌေးသားတယောက်အား တရားဟောလေသော် သဘောကျ၍ ပစ္စည်းလေးပါးဖြင့် ဖိတ်လေ၏၊ ထိုအခါ ချက်ချင်းပင် ဝတ်လာသော အဝတ်နှစ်ထည်မှ တစ်ထည်ကို တောင်းလေသည်၊ သူဌေးသားက "တပည့်တော်တို့ အမျိုးကောင်းသားတွေမှာ အဝတ် တစ်ထည်တည်း သွားရခြင်း၌ ဘယ့်နှယ်တယ်တယ် ရှိလှပါတယ် အိမ်ရောက်မှ ဒုနှစ်ထည်မှ တစ်ထည်ကိုဖြစ်စေ, သည့်ထက်ကောင်းသော အထည်ကိုဖြစ်စေ ပို့လိုက်ပါမည်"ဟု လျှောက်လေသည်၊ သို့သော် အရှင်ဥပနန္ဒက ထိုမျှကြာရှည် မဆိုင်းလိုဘဲ သုံးကြိမ်တိုင်အောင် တောင်းပြီးလျှင် "မလှူချင်ဘဲနဲ့ ဖိတ်လို့ ဘာအကျိုးရှိသလဲ"ဟု စကားဖြင့် နှိပ်စက်သောကြောင့် တစ်ထည်ကိုလှူ၍ ပြန်သွားရလေသည်၊ သူဌေးသား အဝတ်တစ်ထည်ဖြင့် လာသည်ကို မြင်သူတို့က မေးကြ၍ အကြောင်းကို ပြောပြလေသော် လူတို့ကဲ့ရဲ့ကြသဖြင့် ဘုရားရှင်ကြားတော်မူရကား အရှင်ဥပနန္ဒကို ဆွေမျိုးတော်-မတော် မေးတော်မူပြီးလျှင် ဤသီက္ခာပုဒ်၏ မူလပညတ်ကို ပညတ်တော်မူရပါသည်။

➢ **အနုဇာနာမိ ဘိက္ခဝေ အစ္ဆိန္နစီဝရဿ ဝါ နဋ္ဌစီဝရဿ ဝါ အညာတကံ ဂဟပတိ ဝါ ဂဟပတာနိ ဝါ စီဝံ ပဋိဂ္ဂဟေတုံ-ဟု မိန့်တော်မူခြင်း၏ အဇ္ဈာပ္ပတ္တိ**

➢ **ဖြည့်စွက်၍ အနုပညတ် ထပ်ဆင့်တော်မူခြင်း၏ အဇ္ဈာပ္ပတ္တိ**

ရဟန်းများစွာတို့သည် သာကေတမြို့မှ သာဝတ္ထိသို့ အကြွတွင် လမ်းခရီးအကြား၌ ဝတ်ထားသော သင်္ကန်းတို့ကို ဓားပြတို့က လုယူလိုက်လေသည်၊ ထိုအခါ မည်သူ့ကိုမျှ မတောင်းဝံ့ကြ၍ အဝတ်မပါဘဲသာ သာဝတ္ထိသို့ ရောက်လာကြပြီးလျှင် မိမိတို့ထက်ကြီးသော ရဟန်းတို့ကို ရှိခိုးဝပ်ချကြသည့်အခါ "ဒီတက္ကတွန်းတွေကတော့ တော်ရှာကြပေသားပဲ, ရဟန်းတို့ကို ဝပ်ချဖော်ရကြတယ်"ဟု ခီးမွမ်းကြလေသော် "တက္ကတွန်း မဟုတ်ကြကြောင်း ရဟန်းဖြစ်ကြောင်းကို" လျှောက်ကြလျှင် အရှင်ဥပါလိ-က ရဟန်းတို့၏ ကျင့်ဝတ်များကို စစ်မေးသည့်အခါ ရဟန်းဟုတ်ကြောင်း သိရ၍ သင်္ကန်းပေးကြလေသည်၊ ထို့ကြောင့် ဤအကြောင်းကို ဘုရားရှင် သိတော်မူ၍ **"အညတြ သမယာ--အယံ ဘဏ္ဍ သမယော"** ဟု ဖြည့်စွက်၍ အနုပညတ် ထပ်ဆင့်တော်မူပါသည်။

မေး ။ ။ နဋ္ဌစီဝရ အစ္ဆိန္နစီဝရ ရဟန်းအား ကျောင်းသို့ ကပ်ရောက်၍ ပြုကျင့်ရမည့်

http://www.dhammadownload.com

ဝတ္ထုရားတို့ကို မြတ်စွာဘုရား ဟောတော်မူသည့်အတိုင်း ပြည့်စုံစွာ ဖြေဆိုပါ။

* "ရဟန်းတို့ သင်္ကန်းကို ခိုးသူအလုခံရသော ရဟန်းအားသော်၎င်း, သင်္ကန်းပျောက်သော ရဟန်းအားသော်၎င်း, ဆွေမျိုး မတော်စပ်သော အိမ်ရှင်ကိုသော်၎င်း, အိမ်ရှင်မကိုသော်၎င်း သင်္ကန်းကိုတောင်းခြင်းငှာ ခွင့်ပြုတော်မူသည်၊ ရှေးဦးစွာ ကပ်ရောက်သော ကျောင်းတိုက်၌ သံဃာ၏ ကျောင်းပိုင် သင်္ကန်းသော်၎င်း, အပေါ်လွှမ်းအခြံသော်၎င်း, မြေအခင်းသော်၎င်း, ဘုံလျှိုရေသော်၎င်း ရှိအံ့၊ သင်္ကန်းရသောအခါ ပြန်ထားမည်-ဟု နှလုံးပြု၍ ဝတ်ရုံခြင်းငှာ ခွင့်ပြု၏၊

အကယ်၍ သံဃာ၏ ကျောင်းပိုင် သင်္ကန်းသော်၎င်း, အပေါ်လွှမ်းအခြံသော်၎င်း, မြေအခင်းသော်၎င်း, ဘုံလျှိုရေသော်၎င်း မရှိအံ့၊ မြက်ဖြင့်သော်၎င်း, သစ်ရွက်ဖြင့်သော်၎င်း ဖုံးလွှမ်း၍ လာရမည်၊ အဝတ်မဆီး အချည်းနှီးဖြင့်ကား မလာရသည်သာတည်း၊ လာသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏"ဟု မိန့်တော်မူပါသည်။

➤ **အညာတက-ဟူသည်** ။ ။ အမိဘက်မှသော်၎င်း, အဖဘက်မှသော်၎င်း ခုနစ်ဆက်မြောက် ဘိုးဘေးတိုင်အောင် မဆက်စပ်သူ ဖြစ်ပါသည်။

➤ **ဝဟမတိ (အိမ်ရှင်) ဟူသည်** ။ ။ အိမ်၌နေသူ ယောကျ်ား တစ်ဦးတစ်ယောက်ကို ခေါ်ပါသည်။

➤ **ဝဟမတ္တာနိ(အိမ်ရှင်မ) ဟူသည်** ။ ။ အိမ်၌နေသူ မိန်းမ တစ်ဦးတစ်ယောက်ကို ခေါ်ပါသည်။

➤ **စီဝရ-အရ** ။ ။ ခြောက်မျိုးသော သင်္ကန်းတို့တွင် အယုတ်ဆုံးအားဖြင့် ဝိကပ္ပနာလောက်သော သင်္ကန်းတမျိုးမျိုးကို ယူရပါမည်။

➤ **အစ္ဆိန္နစီဝရ-ဟူသည်** ။ ။ ရဟန်း၏ သင်္ကန်းကို မင်းတို့သော်၎င်း, ခိုးသူတို့သော်၎င်း, သေသောက်ကြူးတို့သော်၎င်း, လုယက်ကုန်၏၊ မည်သူမဆို တစ်ဦးတစ်ယောက်သော်လည်း လုယက်၏၊ ထိုသင်္ကန်းမျိုးကို "အစ္ဆိန္နစီဝရ"ဟု ခေါ်ပါသည်။

➤ **နဋ္ဌစီဝရ-ဟူသည်** ။ ။ ရဟန်း၏ သင်္ကန်းကို မီးသော်လည်း လောင်၏၊ ရေ၌သော်လည်း မျောပါသွား၏၊ ကြွက်တို့သော်၎င်း, ခြင်္သေ့သော်၎င်း ခဲစားအပ်၏၊ သုံးဆောင်၍သော်လည်း ဟောင်းနွမ်းသွား၏၊ ထိုသင်္ကန်းမျိုးကို "နဋ္ဌစီဝရ"ဟု ခေါ်ပါသည်။

➤ **ဆနာပဇ္ဇိပုဏ္ဏိလမ်းများ** ။ ။ ဆွေမျိုးတော်စပ်သူတို့အား တောင်းသော ရဟန်း၊ ဖိတ်ကြားအပ်သူတို့အား တောင်းသော ရဟန်း၊ သူတစ်ပါးအလို့ငှာ မိမိဥစ္စာဖြင့် တောင်းသော ရဟန်း၊ ရွှေသော ရဟန်း၊ အစလက်ဦး လွန်ကျူးသော ရဟန်း-တို့ ဖြစ်ပါသည်။

တတ္ထာဂတိ သိက္ခာပုဒ်

➤ **နိဓါန်း** - သာဝတ္ထိပြည်၊ ပုဏ္ဏိလ- ဆဋ္ဌဂိရဟန်းများ၊ **ဝတ္ထု**-များစွာသော သင်္ကန်းကို တောင်းခြင်း။

http://www.dhammadownload.com

➤ **သိက္ခာမုဒ်မညတ်ရွေးခြင်း၏ အဓိပ္ပာယ်ဖွင့်ဆို** ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည့်၊ အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ခရီးသွားစဉ် သက်နှံးအလုံခံရသော ရဟန်းများကို ဆင့်ဖွဲ့ရဟန်းတို့က ပြောကြသည်မှာ-- "အရှင်ဘုရားတို့ သက်နှံးအလုံခံရသော ရဟန်း၊ သက်နှံးပျက်စီး၍ ဝတ်ဖို့ရာမရှိသော ရဟန်းသည် ဒါယကာ ဒါယိကာမတို့ အထံ သက်နှံးတောင်းနိုင်၏ဟု ခွင့်ပြုတော်မူထားသည်၊ သို့ဖြစ်၍ "အရှင်ဘုရားတို့လည်း သက်နှံးတောင်းကြပါလား"ဟု ပြောကြလေသည်၊ ထိုရဟန်းတို့က "တော်ပါပြီ၊ တပည့်တော်တို့မှာ သက်နှံးရပါပြီ"ဟု ပြောလေသော် "အရှင်ဘုရားတို့ကိုယ်တိုင် မတောင်းလိုလျှင် အရှင်ဘုရားတို့အတွက် တောင်းပေးမည်ဟု ပြောသောအခါ "တောင်းပေးကြတာပေါ့"ဟု ထိုရဟန်းတို့က ခွင့်ပြုသဖြင့် ဆင့်ဖွဲ့ရဟန်းတို့သည် များစွာသော ဒါယကာတို့ထံ ချဉ်းကပ်၍ "ဒကာတို့ သက်နှံးအလုံခံရသော ကိုယ်တော်တွေ ရောက်လာကြသည် သက်နှံးလှူကြ"ဟု ပြော၍ များစွာသော သက်နှံးလွှာ အဝတ်တို့ကို တောင်းကြလေသည်။

ထို့နောက် အစည်းအဝေးတစ်ခုဌ် သက်နှံးလှူလိုက်ရသော ဒါယကာတို့ စုမိ၍ "ဦးသူ အလုံခံရသော ရဟန်းတို့အား သက်နှံးလှူလိုက်ရကြောင်း"ကို တစ်ယောက်က ပြောပြရာ အခြား အခြား ဒါယကာတို့ကလည်း "သူလည်း လှူလိုက်ရကြောင်း"ကို အသီး အသီး ပြောကြသဖြင့် "ကိုယ်တော်တွေ့နှယ် အတိုင်းအရှည်မသိဘဲ ဘာကြောင့် အများကြီး တောင်းကြရပါလိမ့်မလဲ၊ အထည်ကုန်ကူးကြမလို့တဲ့လား၊ ဒါမှမဟုတ်လျှင် အထည်ဆိုင် ခင်းကြ မလို့တဲ့လား"ဟု ကဲ့ရဲ့ကြသည်ကို ဘုရားရှင် ကြားသိတော်မူ၍ --ပညတ်ရသည်။

၈၄း ။ ။ အစ္ဆိန္နစီဝရ နဒ္ဒစီဝရ ရဟန်းအား ဆွေမျိုးမတော်သော ဒကာ ဒကာမတို့က - သနားကြသဖြင့် ဝိုင်းဝန်း၍ သက်နှံးများ လှူဒါန်းကြသော် အဘယ်အတိုင်းအတာ အထိ အလှူခံနိုင်ပါသနည်း၊ ဖော်ပြပါ။

၈၄း ။ ။ အစ္ဆိန္နစီဝရ ရဟန်းအား ဆွေမျိုးမတော်သူတို့က သက်နှံးများစွာ လှူဒါန်းလျှင် အလှူခံရမည့် ပမာဏကို ဖော်ပြပါ။ (၁၃၅၇-ခု မေ)

➤ **သန္ဓဋ္ဌာရမရမံ စဓနံ ဓိတ္ဘူနာ ဓဓေဓော စီဝရံ သာဓိဓန္ဒံ-အရ**

* သက်နှံး သုံးထည်ပျောက်လျှင်-- နှစ်ထည် သာယာနိုင်ပါသည်။(ဝါ)အလှူခံနိုင်ပါသည်။ * နှစ်ထည်ပျောက်လျှင်-- တစ်ထည် သာယာနိုင်ပါသည်။/အလှူခံနိုင်သည်။

* တစ်ထည်ပျောက်လျှင် -- တစ်ခုတစ်ခုကိုမျှ မသာယာအပ်။ (ဝါ) အလှူမခံရ။

ဥပက္ခရေသိက္ခာပုဒ်

➤ **နိဒါန်း** - သာဝတ္ထိပြည်၊ ဥဂ္ဂိလ်- ဥပနန္ဒ မထေရ်၊ **ဓဏ္ဍ**- သက်နှံး၌ ပိုလွန်အောင် စိမ်ခြင်းသို့ ရောက်ခြင်း။

➤ **သိက္ခာမုဒ် မညတ်ရွေးခြင်း အဓိပ္ပာယ်ဖွင့်ဆို** ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား

http://www.dhammadownload.com

သည် သာဝတ္ထိမြို့, အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဒါယကာ တစ်ယောက်သည် သူ၏ ဇနီးအား "ရှင်ဥပနန္ဒကို သက်နှံး လှူမည့်အကြောင်း"ပြောနေ၏၊ ထိုပြောသံကို ဆွမ်းခံသွားသော ရဟန်းတစ်ပါးက ကြားခဲ့၍ ရှင်ဥပနန္ဒအား ပြေပြေလေသော် ရှင်ဥပနန္ဒသည် ထိုအိမ်သို့ သွား၍ "ဒါယကာ ငါ့ကို သက်နှံးလှူလိုပါသလား"ဟု မေး၍ ထိုဒါယကာက "လှူမည်ဟု အကြံဖြစ်ရုံ ရှိပါသေး သည်" ဟု လျှောက်လေလျှင် "လှူလိုလျှင် ဒီလို သက်နှံးမျိုးကို လှူပါ, ငါမဝတ်မည့် သက်နှံးကိုလှူလို့ ဘာအသုံးကျမှာလဲ" ပြောဆို၍ နဂိုရည်မှန်းထားသော သက်နှံး၏ တန်ဖိုးထက် ပိုလာအောင် စီမံလေသည်၊ ထိုအခါ ဒါယကာက "ဤရဟန်းတွေဟာ အလွန်အလို ကြီးမားကြတယ်, မတင်းတိမ်နိုင်ကြဘူး, သက်နှံးလှူဖို့တောင် မလွယ်ကူဘူး, ရှင်ဥပနန္ဒဟာ ငါကလည်း ဖိတ်မထားဘဲနှင့် ဘုကြောင့် သက်နှံး၌ တန်ဖိုးပိုလာအောင် စီမံရသလဲ"ဟု ကဲ့ရဲ့လေသည်၊ ထိုအကြောင်းကို ဘုရားရှင်ကြားတော်မူသဖြင့် ရှင်ဥပနန္ဒကို စစ်ဆေး သောအခါ ဆွေမျိုးမတော်ကြောင်းကိုလည်း သိတော်မူရ၍ --ပညတ်တော်မူရသည်။

➢ **အညာတက/ဇဟတိ/ဝဟတေနိ-** (၄၉၈) ကြည့်ပါ။

➢ **ဒီဃနေတာဗန္ဓု-**ဟူသည်/ **ဒီဃရတ္တေတောပန္ဓု-သဒ္ဒါ်** ။ ။ ဟိရည်-ငွေ၊ သုဝဏ္ဏ-ရွှေ၊ မုတ္တာ-ပုလဲ၊ မဏိ-ပတ္တမြား၊ ပဝါဠ-သန္လာ၊ဖလိက-ပယင်း၊ ပဒုမ-တေးခပ်ပြာ၊ သုတ္တ-ချည်၊ ကပ္ပါသ-ဝါ-တို့ ဖြစ်ပါသည်။

➢ **ပုဗ္ဗေ အမ္ဘဝါစီဇာ-ဟူသည်** ။ ။ "အရှင်ဘုရား အရှင်ဘုရားသည် အဘယ်သို့ သဘောရှိသော သက်နှံးကို အလိုရှိပါသနည်း၊ အရှင်ဘုရားအတွက် အဘယ်သို့ သဘော ရှိသော သက်နှံးကို ဝယ်ရမည်နည်း"ဟု ရှေးက မဆိုဘူးခြင်းကို ဆိုလိုပါသည်။

➢ **စိဝရေ ဒိကမ္ပံ အာပန္နမ္ဟ/ဆကိနှံး၌ ဆူးဧအောင် စီမံံပုံ**။ ။ အလျားရှည်သည် လည်းဖြစ်စေ, အနုံပြန့် သည်လည်းဖြစ်စေ, အသားထူသည်လည်းဖြစ်စေ, နူးညံ့ချောညက် သည်လည်းဖြစ်စေ-ဟု သက်နှံး၌ အထူးစီရင်ခြင်းသို့ ရောက်သည်ကို ဆိုပါသည်။

ရာဇသိက္ခာပုဒ်

➢ **နိစါနိး** ။ သာဝတ္ထိပြည်၊ **ပုဏ္ဏိလံ-** ဥပနန္ဒ မထေရ်၊ **ဧဏ္ဍေ-** အရှင်ဘုရား ယနေ့ တစ်ရက်မျှ ဆိုင်းငံ့ပါဦး-ဟု ပြောဆိုပါလျက် မဆိုင်းငံ့ခြင်း။

➢ **ရာဇ-အဇ/မင်း-ဟူသည်** ။ ။ တိုင်းပြည်အုပ်ချုပ်သူ တစ်ဦးတစ်ယောက်ကို ယူ ရပါမည်။

➢ **ရာဇဘောဂ္ဂ (မင်းစကား) ဟူသည်** ။ ။ မင်း၏ စားနပ်ရိက္ခာကိုယူသူ တစ်ဦး တစ်ယောက်ကို ခေါ်ပါသည်။

➢ **ဖြာဟွဏ-အရ** ။ ။ ဇာတ်အားဖြင့် ပုဏ္ဏားဖြစ်သူ(ဇာတိပြာဟ္မဏ) ကို ယူရပါ မည်။ (ဝိသုဒ္ဓိပြာဟ္မဏကို မယူရ။)

http://www.dhammadownload.com

➤ **ဂဟပတိ–ဟူသည်** ။ ။ မင်းကိုငင်း, မင်းခစားကိုငင်း, ပုဏ္ဏားကိုငင်း ထား၍ ကြွင်းသောသူသည် "ဂဟပတိ"မည်ပါသည်။

➤ **စိဝရေစတောပန္နေ–အရ/စိဝရေစတောပန္နေ–ဟူသည်** ။ ။ ဟိရည်-ငွေ၊ သုဝဏ္ဏ-ရွှေ၊ မုတ္တာ-ပုလဲ၊ မဏိ-ပတ္တမြား-တို့ ဖြစ်ပါသည်။

ဓမ္မ ။ ။ သင်္ကန်းဖိုးလျှုရန်လာသော တမန်က "ဝေယျာဝစ္စပြုလုပ်သူ ရှိပါ၏လော"ဟု မေးခဲ့သော် ရဟန်းက မည်သို့ ဖြေဆိုသော် အပ်၍ မည်သို့ ဖြေဆိုသော် မအပ် - ကြောင်းကို ရှင်းပြပါ။

ဓမ္မဖြေ ။ ။ သင်္ကန်းကို အလိုရှိသော ရဟန်းသည် အရံစောင့်ကိုဖြစ်စေ, ဥပါသကာကို ဖြစ်စေ "ဒါယကာ ဤသူသည် ရဟန်းတို့၏ အမှုကြီးငယ်ကို ပြုသူတည်း"ဟု အမှုကြီး ငယ် ပြုသူကို ညွှန်းပြလျှင် အပ်ပါသည်။ (ပြောရ)

"ထိုသူအား ပေးလော့-ဟူ၍သော်ငင်း, ထိုသူသည် သိမ်းထားလိမ့်မည်ဟူ၍သော် ငင်း, ထိုသူသည် လဲလှယ် (ဖလှယ်) လိမ့်မည်ဟူ၍သော်ငင်း, ထိုသူသည် ဝယ်လိမ့်မည် ဟူ၍သော်ငင်း ပြောလျှင် မအပ်ပါ။ (မပြောရ)

➤ **တမန်ခွင့် ရဟန်းတို့ အပြန်အလှန်ဖြေဆို့ပုံ**

(တမန်ပြော) တမန်သည် ရဟန်းသို့ ချဉ်းကပ်၍ "အရှင်ဘုရား အရှင့်ကိုရည်ညွှန်း၍ ဤသင်္ကန်းဖိုးကို ဆောင်လာအပ်ပါသည်၊ အရှင်သည် သင်္ကန်းဖိုးကို ခံယူတော်မူလော့" ဟု ဆိုကြားအံ့။

(ရဟန်းပြော) ရဟန်းသည် တမန်ကို "ဒါယကာ ငါတို့သည် သင်္ကန်းဖိုးကိုကား မခံ ယူကြ၊ ငါတို့သည် သင့်လျော်သောအခါ၌ အပ်စပ်သော သင်္ကန်းကိုသာ ခံယူကြသည်" ဆိုရပါမည်။

(တမန်ပြော) တမန်သည် ရဟန်းကို "**အရှင့်အား အမှုကြီးငယ်ပြုသူ(ဝေယျာဝစ္စ ကရ) တဦးတယောက်ရှိပါသလော**"ဟု ဆိုကြားအံ့။

* **အပ်စပ်သော ဖြေနည်း** ။ ။ သင်္ကန်းကို အလိုရှိသော ရဟန်းသည် အရံစောင့်ကို သော်ငင်း, ဥပါသကာကိုသော်ငင်း "ဒါယကာ ဤသူသည် ရဟန်းတို့၏ အမှုကြီးငယ်ကို ပြုသူတည်း"ဟု အမှုကြီးငယ် ပြုသူကို ညွှန်းပြရပါမည်။

* **မအပ်စပ်သော ဖြေနည်း** ။ ။ "ထိုသူအား ပေးလော့-ဟူ၍သော်ငင်း, ထိုသူသည် သိမ်းထားလိမ့်မည်ဟူ၍သော်ငင်း, ထိုသူသည် လဲလှယ် (ဖလှယ်) လိမ့်မည်ဟူ၍သော်ငင်း, ထိုသူသည် ဝယ်လိမ့်မည် ဟူ၍သော်ငင်း မပြောရပါ။

ဓမ္မ ။ ။ ရာဇသိက္ခာပုဒ်၌ သင်္ကန်းဘိုး လက်ခံထိန်းသိမ်းသော ဥပါသကာထံ အရှင် ဥပနန္ဒ-က သင်္ကန်းတောင်းရာ၌ ဥပါသကာက မည်သို့မည်ပုံ လျှောက်ထားသည် ကို ဖော်ပြပါ။

http://www.dhammadownload.com

စဖြဲ့ ။ ။ * အဘယ်အကြောင်းကြောင့် လာပါသနည်း-ဟု လျှောက်ထားပါသည်။

ဖေး ။ ။ ဝေယျာဝစ္စကရ ဒါယကာထံ သုံးကြိမ် သုံးခါ စောဒနာအပ် သတိရစေအပ်ပါလျက် သက်နိုး မရသေးသော ရဟန်းသည် ဝိနည်းတော်နှင့်အညီ မည်သို့ ဆက်လက်ဆောင်ရွက်ရမည်ကို ပါဠိတော် လာသည့်အတိုင်း ရေးခဲ့ပါ။

* ဝေယျာဝစ္စကရ ဒါယကာထံ သုံးကြိမ် သုံးခါ စောဒနာအပ် သတိရစေအပ်ပါလျက် သက်နိုး မရသေးသော ရဟန်းသည် ထိုဝေယျာဝစ္စကရ ဒါယကာထံသို့ သွား၍ ဆိတ်ဆိတ်နေသဖြင့် ရပ်ရမည်။

နေရာ၌ မနေထိုင်အပ်၊ အာမိသကို မယူအပ်၊ တရားကို မဟောအပ်၊ အဘယ်အကြောင်းကြောင့် လာသနည်းဟု မေးသော် "ဒါယကာ သင် သိပါလော့" ဟူ၍သာ ပြောဆိုရမည်၊ အကယ်၍ ဤကျင့်ဝတ်များကို မကျင့်သုံးခဲ့သော် ရပ်ခြင်းကိစ္စ ပျက်စီးပါသည်

နှစ်ကြိမ် သုံးကြိမ် ထပ်မံ၍ ဆက်လက် ရပ်ရပါမည်၊ လေးကြိမ် စောဒနာ(**စောင်း**) ပြီးပါက လေးကြိမ် ရပ်ခွင့်ရှိပါသည်၊ ငါးကြိမ် စောဒနာ(**စောင်း**) ပြီးပါက နှစ်ကြိမ်ရပ်ခွင့်ရှိပါသည်၊ ခြောက်ကြိမ် စောဒနာ(**စောင်း**) ပြီးပါက လုံးဝ ရပ်ခွင့် မရှိပါ။

[**အာမိစ်-အာရ ကျင့်ပုံ**] အကယ်၍ စောဒနာခြင်း ရပ်ခြင်းဖြင့် သက်နိုးမရသေးပါက ရဟန်းသည် သင်္ကန်းဖိုး ဆောင်လာရင်း ဒါယကာထံသို့ "ဒါယကာ သင်တို့သည် ရဟန်းကို ရည်ညွှန်း၍ ပို့အပ်သော သင်္ကန်းဖိုးသည် ထိုရဟန်းအား အကျိုးတစုံတရာ မခံစားရ၊ ဒါယကာတို့ မိမိဥစ္စာကို တောင်းကြလော့၊ သင်တို့၏ ဥစ္စာကို မယူက်စီးစေလင့်" ဟု ကိုယ်တိုင်သော်လည်း သွားရပါမည်၊ တမန်ကိုသော်လည်း စေလွှတ်ရပါမည်။

➤ **စောဒနာတီက ပါစိတ် ဆန္ဒမ်** ။ ။ (၁) သုံးကြိမ်ထက်အလွန် တောင်းခြင်း, ခြောက်ကြိမ်ထက်အလွန် ရပ်ခြင်းဖြင့် အလွန်ဟု ထင်မှတ်ခြင်းရှိ၍ ပြီးစေခြင်း၊ (၂) သုံးကြိမ်ထက်အလွန် တောင်းခြင်း, ခြောက်ကြိမ်ထက်အလွန် ရပ်ခြင်းဖြင့် ယုံမှားရှိ၍ ပြီးစေခြင်း၊ (၃) သုံးကြိမ်ထက်အလွန် တောင်းခြင်း, ခြောက်ကြိမ်ထက်အလွန် ရပ်ခြင်းဖြင့် ယုတ်လျော့သည်ဟု ထင်မှတ်ခြင်းရှိ၍ ပြီးစေခြင်း-တို့ ဖြစ်ပါသည်။

ဥကာသိယသိက္ခာပုဒ်

➤ **နိစဓိန်း** ။ အာဠဝီပြည်၊ မုဇ္ဈိမ်-ဆဗ္ဗဂို့ရဟန်းများ၊ **ဝဏ္ဏ**-ပိုးချည်နှင့်ရောသော အခင်းကို ပြုလုပ်စေခြင်း။

➤ **ထိကွာဗုဒ္ဓဝဉ္စတ်ရွှင်း အဏ္ဏဥ္ဇဏ္ဍို** ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အာဠဝီမြို့ အဂ္ဂါဠဝစေတီ၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂို့ရဟန်းတို့သည် ပိုးချည်လုပ်သူတို့အထံ သွား၍ "ဒါယကာတို့ မျှားစွာကုန်သော ပိုးကောင်တို့ကို ပြုတ်ကြပါ, ငါတို့အားလည်း ပေးကြပါ, ငါတို့လည်း ပိုးချည်နှင့်ရောသော အခင်းကို ပြုလိုကြသည်"ဟု ပြောကြလေသည်၊ ထိုအခါ ပိုးအလုပ်သမားတို့သည် ငါတို့မှာ အသက်မွေးမှု

http://www.dhammadownload.com

အတွက် သားမယား ကျွေးမွေးမှုအတွက် များစွာသော ပိုးငယ်ကလေးတွေကို သတ်နေကြရ၏၊ ငါတို့မှာ ကံကောင်းထောက်မ၍ ရထားသော လူ့ဘဝကလေးဟာ အရမတော်ဘဲ ဖြစ်နေကြရသည်၊ ရဟန်းတွေက ဘယ်နှယ်ပြောကြပါလိမ့်မလဲ" ဟု ကဲ့ရဲ့ကြသည်ကို ဘုရားရှင် ကြားတော်မူ၍ --ဤသိက္ခာပုဒ်ကို ပညတ်တော်မူရပါသည်။

➤ **ဆန္ဒတ--ဆရ/ ဆန္ဒတ--ဟူသည်** ။ ။ မရက်ဘဲ ဖြန့်၍ ပြုလုပ်အပ်သော အခင်း ဖြစ်ပါသည်။

➤ **အာပတ်သင့်ပုံ** ။ ။ ပိုးချည်တစ်မျှင်မျှနှင့်သော်လည်း ရောဂါ ပြုလုပ်အံ့၊ ပြုလုပ်စေအံ့၊ အားထုတ်မှု ပယောဂကြောင့် ဒုက္ကဋ်အာပတ်၊ ရခြင်းကြောင့် နိဿဂ္ဂိ ဖြစ်သည်။

➤ **စွန့်ရမည်ပုဂ္ဂိုလ်** ။ ။ သံယာအားသော်၎င်း, ဂိုဏ်းအားသော်၎င်း, ပုဂ္ဂိုလ်အား သော်၎င်း စွန့်ရပါမည်။

➤ **နိဿဋ္ဌိပန္နည်း စွန့်ပုံ** ။ ။ အရှင်ဘုရားတို့ ဤအကျွန်ုပ်၏ အခင်းသည် ပိုးချည်နှင့်ရော၍ ပြုလုပ်စေသဖြင့် စွန့်ထိုက်ပါသည်၊ အကျွန်ုပ်သည် ဤအခင်းကို သံယာအား စွန့်ပါ၏။ (၄၈၉-လည်းကြည့်)

သုဒ္ဓကာဠကသိက္ခာပုဒ်

➤ **နိဓါန်း-ဝေသာလီပြည်၊ ဗုဒ္ဓိလ်-ဆဗ္ဗဂ္ဂိရဟန်းများ၊ ဓဏ္ဍု-သုဒ္ဓကာဠကဖြစ်သော** အခင်းကို ပြုခြင်း။

➤ **သိက္ခာပုဒ် ဝညတ်ရခြင်း အထွေထွေ** ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဝေသာလီမြို့ မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်းကြီး၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂိရဟန်းတို့သည် အမည်းသက်သက်ဖြစ်သော သိုးမွေးအခင်းကို ပြုလုပ်စေကုန်၏၊ ကျောင်းကြည့်လာသူ လူတို့သည် ထိုအခင်းများကို မြင်လေရာ "ဘုရားသားတော် ရဟန်းများသည် ကာမစည်းစိမ်ခံစားသော လူများကဲ့သို့ အဘယ့်ကြောင့် သက်သက်မည်းနက်သော သိုးမွေးအခင်းများကို ပြုကြပါလိမ့်မလဲ'ဟု ကဲ့ရဲ့ကြသောကြောင့် - ဤသိက္ခာပုဒ်ကို ပညတ်တော်မူရပါသည်။

➤ **သုဒ္ဓကာဠကာနံ ဓဋ္ဌတဓလာမာနံ-ခဋ္ဌ ကာဠကတဓာတု** ။ ။ (၁) ဇာတိကာဠက-သဘာဝအမည်း၊ (၂) ရဇနကာဠက-ဆိုးထားသော အမည်း-တို့ ဖြစ်ပါသည်။

➤ **ဆန္ဒတ--ဆရ/ ဆန္ဒတ--ဟူသည်** ။ ။ မရက်ဘဲ ဖြန့်၍ ပြုလုပ်အပ်သော အခင်း ဖြစ်ပါသည်။

➤ **အာပတ်သင့်ပုံ** ။ ။ ကိုယ်တိုင်သော်လည်း ပြုလုပ်အံ့၊ သူတပါးကိုသော်လည်း ပြုလုပ်စေအံ့၊ အားထုတ်မှု ပယောဂကြောင့် ဒုက္ကဋ်အာပတ်၊ ရခြင်းကြောင့် နိဿဂ္ဂိ ဖြစ်သည်။

➤ **စွန့်ရမည်ပုဂ္ဂိုလ်** ။ ။ သံယာအားသော်၎င်း, ဂိုဏ်းအားသော်၎င်း, ပုဂ္ဂိုလ်အား

http://www.dhammadownload.com

သော်၎င်း စွန့်ရပါမည်။

➢ **နိဿဒ္ဓိပစ္စည်း စွန့်ပုံ** ။ ။ အရှင်ဘုရားတို့ ဤအကျွန်ုပ်၏ အခင်းသည် အမည်းသက်သက်ဖြစ်သော သိုးမွေးကို ပြုလုပ်စေသဖြင့် စွန့်ထိုက်ပါသည်၊ အကျွန်ုပ်သည် ဤအခင်းကို သံယာအား စွန့်ပါ၏။ (၄၈၉-လည်းကြည့်)

ဣန္ဒဘာဂသိက္ခာပုဒ်

➢ **နိဓါန်း-**သာဝတ္ထိပြည်၊ **ပုဏ္ဏိလ-**ဆပ္ပဂိုဂ်ရဟန်းများ၊ **ဓဏ္ဍ-**အနက်ရောင်နှစ်ပုံထက် ပိုလွန်သော သဘောရှိသော အခင်းကိုပြုခြင်း။

➢ **သီကွာပုစ်မညတ်ရွေးခြင်း၏ အစကြောင်းရင်း အဏ္ဍုပ္ပတ္တိ** ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြို့ အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ "သင်္ဃသည်းနက်သော သိုးမွေးအခင်းကိုသာ မပြုရ"ဟု ဘုရားပယ်မြစ်တော်မူသည်ဟု ကြံ၍ ဆပ္ပဂိုဂ်ရဟန်းတို့သည် ထိုတားမြစ်ချက်ကို ရှောင်သောအားဖြင့် သိုးမွေးအနက်အခင်းကို အထည်ကိုယ် လုပ်ပြီးလျှင် အစွန်အနား၌ အဖြူရောင် သိုးမွေးများကို ထည့်သွင်း၍ အခင်းတစ်ချို့ လုပ်ကြလေသည်၊ ထို အကြောင်းကို အခြားရဟန်းများသိ၍ ကဲ့ရဲ့ပြီးလျှင် ဘုရားရှင်အား လျှောက်ထားသော ကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရပါသည်။

➢ **သန္ထတ-အဇ/ သန္ထတ-ဟူသည်** ။ ။ မရက်ဘဲ ဖြန့်၍ ပြုလုပ်အပ်သော အခင်းဖြစ်ပါသည်။

ဆဋ္ဌသမ သိက္ခာပုဒ်

➢ **နိဓါန်း-**သာဝတ္ထိပြည်၊ **ပုဏ္ဏိလ-**များစွာသော ရဟန်း၊ **ဓဏ္ဍ-**နှစ်စဉ်အခင်းကို ပြုစေခြင်း။

➢ **သီကွာပုစ်မညတ်ရွေးခြင်း၏ အစကြောင်းရင်း အဏ္ဍုပ္ပတ္တိ** ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြို့ အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ရဟန်းတို့သည် အခင်းသစ်ကို တစ်နှစ်လျှင် တစ်ခုကျနှစ်စဉ်ပြုကြသဖြင့် "ငါတို့အား သိုးမွေးလျှံကြပါ, သိုးမွေးတို့ကို အလိုရှိသည်"ဟု အတောင်းအရမ်း များကြသောကြောင့် လူတို့က ကဲ့ရဲ့ကြသည်မှာ "ငါတို့သည် အခင်းတစ်ခု ပြုလုပ်ထားလိုက်လျှင် ဒီအခင်းပေါ်မှာ ကလေးများ အခင်းကြီး အခင်းလေး စွန့်ကြသေး၏၊ ကြွက်လည်း ကိုက်သေး၏၊ ဒါတောင်မှ ငါးနှစ် ခြောက်နှစ်ကြာအောင် ခံပါသေးသည်၊ ဒီရဟန်းဝေဂ က ဘယ့်နှယ့်ကြောင့် တစ်နှစ်တစ်ခု အခင်းပြုကြရသလဲ" ဤသို့ ကဲ့ရဲ့သော ကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရပါသည်။

➢ **အညတြ သီကျ ဆမ္မုတိယာ-ဟု ဆဝ်ဆင့်လျက် ပညတ်ခဏ်မူရခြင်း**

ထိုအခါ ရဟန်းတစ်ပါးသည် ကောသမ္ဗီပြို့၌ မကျန်းမမာဖြစ်နေ၏၊ ဆွေမျိုးတို့သည်

http://www.dhammadownload.com

ထိုရဟန်း၏ အထံသို့ "အရှင်မြတ်သည် လာတော်မူလော့၊ အကျွန်ုပ်တို့သည် လုပ်ကျွေးကြကုန်အံ့"ဟု တမန်ကို စေလွှတ်ကုန်၏။ ရဟန်းတို့ကလည်း "ငါ့ရှင် သွားလော့၊ ဆွေမျိုးတို့သည် သင့်ကို လုပ်ကျွေးကြလိမ့်မည်"ဟု ဆိုကြကုန်၏။ ထိုရဟန်းသည် "ငါ့ရှင်တို့ ရဟန်းသည် အခင်းသစ်ကို ပြုပြီးနောက် ခြောက်ခွစ်တို့ပတ်လုံး ဆောင်ရမည်ဟု သိက္ခာပုဒ်ကို မြတ်စွာဘုရား ပညတ်တော်မူ၏၊ အကျွန်ုပ်သည်လည်း မကျန်းမမာ ဖြစ်နေ၏၊ အခင်းကို ယူ၍ ဖဲသွားခြင်းငှာ မတတ်နိုင်ပါ၊ အကျွန်ုပ်အားလည်း အခင်းခွင့်ကင်း၍ ချမ်းသာမှု မဖြစ်ပါ၊ အကျွန်ုပ်သည် မသွားတော့အံ့"ဟု ဆို၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားသောကြောင့်- "အညတြ ဘိက္ခသမ္မုတိယာ"ဟု ပညတ်တော်မူသည်။

➤ **သန္တဇာသမ္မုဆိ စောင်းဒေသာ ရဇနန်း၏ ပြုကျင့်ဝတ်** ။ ။ မကျန်းမာသော ရဟန်းသည် သံယာသို့ ချဉ်းကပ်၍ လက်ဝဲတဖက် ပခုံးထက်၌ ဧကသီကို စမွယ်တင်ပြီး လျှင် ကြီးကုန်သော ရဟန်းတို့၏ ခြေတို့ကို ရှိခိုးလျက် ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီပြီးလျှင်--- "အရှင်ဘုရားတို့ အကျွန်ုပ်သည် မကျန်းမာပါ၊ အခင်းကို ယူ၍ ဖဲသွားခြင်းငှာ မတတ်နိုင်ပါ၊ အရှင်ဘုရားတို့ ထိုအကျွန်ုပ်သည် သံယာအား အခင်းဆိုင်ရာ သမုတ်ခြင်း 'သန္ဓတသမ္မုတိ'ကို တောင်းပါသည်" ဆိုရပါမည်။

➤ **သန္တဇာ-ဓာရ/ သန္တဇာ-ဟူသည်** ။ ။ မရက်ဘဲ ဖြန့်၍ ပြုလုပ်အပ်သော အခင်း ဖြစ်ပါသည်။

နိဿိဒနသန္တရာ သိက္ခာပုဒ်

➤ **နိဓါန်း-သာဝတ္ထိပြည်၊ ဥဒ္ဒါလ်-များစွာသော ရဟန်း၊ ဧတ္ထ-အခင်းကို စွန့်ခြင်း**။

➤ **သိက္ခာပုဒ်မည်ဟန်ဖွင့်ခြင်း၏ အဓိပ္ပာယ်ဖွင့်ဆို** ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိမြို့ အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ မြတ်စွာဘုရားသည် များစွာသော ရဟန်းတို့နှင့်အတူ ကျောင်းစဉ် ဒေသစာရီလှည့်လည်တော်မူလတ်သော် ထိုထိုအရပ်တို့၌ စွန့်ထားအပ်သော အခင်းတို့ကို မြင်တော်မူ၏၊ ထို့နောက် ရဟန်းတို့ကို "ရဟန်းတို့ ထိုထိုအရပ်၌ စွန့်ထားအပ်သော ဤအခင်းတို့သည် မည်သူ၏ အခင်းတို့နည်း"ဟု မေးတော်မူ၏၊ ထိုအခါ ရဟန်းတို့သည် ဤအကြောင်းကို လျှောက်ထားသောကြောင့် -- ပညတ်တော်မူရပါသည်။

၈၄။ ။ အရှင်ဥပသေနမထေရ်သည် မိမိပရိသတ်များ ကြည်ညိုဖွယ်ရာဖြစ်အောင် အဘယ်သို့ သွန်သင်ဆုံးမသည်ကို ဖြေဆိုပါ။

* "ငါ့ရှင် ငါသည် တောကျောင်းနေ၏၊ ပိဏ္ဍပါတ်ခုတင် ဆောင်၏၊ ပံသုကူ ဆောင်၏၊ အကယ်၍ သင်သည်လည်း တောကျောင်းနေပါမူ, ပိဏ္ဍပါတ်ခုတင် ဆောင်ပါမူ, ပံသုကူဆောင်ပါမူ၊ ငါသည် သင့်ကို ရဟန်းပြုပေးမည်" ဟု ဆိုပါသည်၊ အကယ်၍ အကျွန်ုပ်၏ စကားကို နားထောင်အံ့၊ ရဟန်းပြုပေးပါသည်၊ အကယ်၍ အကျွန်ုပ်၏ စကားကို

http://www.dhammadownload.com

နားမထောင်ဘဲ၊ ရဟန်းပြုမပေးပါ။

အကျွန်ုပ်ထံ နိဿည်းတောင်းသူကို "ငါ့ရှင် ငါသည် တောကျောင်းနေ၏၊ ပိဏ္ဍာပါတ်ခုတင် ဆောင်၏၊ ပံသုကူ ဆောင်၏၊ အကယ်၍ သင်သည်လည်း တောကျောင်းနေဖြစ်ပါမူ, ပိဏ္ဍာပါတ်ခုတင် ဆောင်ပါမူ, ပံသုကူဆောင်ပါမူ၊ ငါသည် သင့်ကို နိဿည်းပေးမည်" ဟု ဆိုပါသည်၊ အကယ်၍ အကျွန်ုပ်၏ စကားကို နားထောင်ဘဲ၊ နိဿည်းပေးပါသည်၊ အကယ်၍ အကျွန်ုပ်၏ စကားကို နားမထောင်ဘဲ၊ နိဿည်း မပေးပါ။

ဤသို့ အရှင်ဥပသေနမထေရ်သည် မိမိပရိသတ်များ ကြည်ညိုဖွယ်ရာဖြစ်အောင် သွန်သင်ဆုံးမပါသည်။

၈၈း ။ ။ ယင်းသို့ သွန်သင်ဆုံးမသည့်အတွက်ကြောင့် မြတ်စွာဘုရားက အဘယ်သို့ ဆုလာဘ်များ ပေးသနားသည်ကိုလည်း ဖြေဆိုပါ။

* ယင်းသို့ သွန်သင်ဆုံးမသည့်အတွက်ကြောင့် မြတ်စွာဘုရားက-- "တောကျောင်းနေ ရဟန်း၊ ပိဏ္ဍာပါတ်ခုတင်ဆောင် ရဟန်း၊ ပံသုကူဆောင် ရဟန်းတို့သည် အလိုရှိတိုင်း ငါဘုရားကို ဖူးမြော်ရန် ချဉ်းကပ်ကြပါစေ"ဟု ဆုလာဘ်များ ပေးသနားပါသည်။

➢ **သာဝတ္ထိမြို့၌နေစဉ သံဃာ၏ ကထိကဝတ်** ။ ။ သာဝတ္ထိမြို့၌နေသော သံဃာသည် "ငါ့ရှင်တို့ မြတ်စွာဘုရားသည် သုံးလပတ်လုံး တစ်ပါးတည်း ကိန်းအောင်းနေခြင်းငှာ အလိုရှိတော်မူသည်၊ ဆွမ်းပို့ဆောင်ခြင်းငှာ ရဟန်းမှတစ်ပါး မည်သူ တဦးတယောက်မျှ မြတ်စွာဘုရားထံသို့ မချဉ်းကပ်ရ၊ ချဉ်းကပ်သူ ရဟန်းသည် ပါစိတ်အာပတ်ကို ဒေသနာကြားရမည်"ဟု ကတိကဝတ် ပြုထားပါသည်။

➢ **သန္တေ-အာဂ/ သန္တေ-ဟူသည်** ။ ။ မရက်ဘဲ ဖြန့်၍ ပြုလုပ်အပ်သော အခင်းဖြစ်ပါသည်။

➢ **ပုရာဏသန္ထတ-အာဂ/ ပုရာဏသန္ထတ-ဟူသည်** ။ ။ တစ်ကြိမ် ဝတ်အပ်သော်ငင်း, တစ်ကြိမ်ခံအပ်သော်ငင်း ဖြစ်သော အခင်း ဖြစ်ပါသည်။

➢ **သာမန္တာ သုဒဘိဓမ္မိ အာဓါတဗ္ဗာ စုဗ္ဗဏ္ဏကရဏာယ-ဟူသည်**

ခိုင်ခံ့စေရန်အလို့ငှာ အဝိုင်းကိုသော်ငင်း, လေးထောင့်ကိုသော်ငင်း ဖြတ်၍ တနေရာ၌သော်လည်း ဖြန့်ခင်းရမည်၊ ဖြေ၍သော်လည်း ဖြန့်ခင်းရမည်-ဟု ဆိုလိုပါသည်။

ဧဠကလောမ သိက္ခာပုဒ်

➢ **နိဓါန်း-သာဝတ္ထိပြည်၊ ဗုဇ္ဈိလ်-အမှတ်မထား တပါးပါးသော ရဟန်း၊ ဧဠ္ဍ-သိုးမွေးတို့ကို သုံယူဇနာကျော်လွန်အောင် ဆောင်ယူခြင်း။**

➢ **သိက္ခာပုဒ်ပညတ်ရခြင်း၏ အခကြောင်းရင်း အဇ္ဈုပဂတ္တိ** ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိမြို့ အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ရဟန်းတစ်ပါးသည် သာဝတ္ထိမြို့သို့သွားစဉ် လမ်းခရီး

http://www.dhammadownload.com

အကြားနှင့် သိုးမွေးများကိုရ၍ ဇကသီဖြင့် ထုပ်လျက် ယူသွားလေသည်၊ လူတို့သည် အထုပ်ကြီးကို ရွက်လာသော ရဟန်းကိုမြင်၍ "ဘယ့်လောက်နဲ့ ဝယ်ခဲ့ရပါသလဲ, အမြတ်အစွန်း ဘယ့်လောက်ရဖို့ ရှိပါသလဲ"ဟု ပြောဆို ပြောင်လှောင်ကြသောကြောင့် မျက်နှာပျက် ပျက်နှင့် ထိုအထုပ်ကို ထမ်းရွက်၍ ယူလာခဲ့ပြီးလျှင် သာဝတ္ထိသို့ ရောက်သောအခါ မတ် မတ် ရပ်လျက်ပင် မထိုင်တော့ဘဲ ပေါက်ချလိုက်လေသည်၊ အခြားရဟန်းတို့က "ဘာ့ကြောင့် ပေါက်ချရသလဲ"ဟု မေးလေသော် လမ်း၌ အလှောင်ခံခဲ့ရကြောင်းကို ပြန်ပြောလေ၏၊ ထိုအခါ "ဘယ်လောက်ဝေးဝေးက ယူခဲ့သလဲ"ဟု ထပ်မေးကြလေရာ သုံးယူဇနာ ကျော်ကျော် ယူခဲ့ရကြောင်းကို ပြောပြသဖြင့် "သုံးယူဇနာကျော်ကျော် သိုးမွေးတို့ကို ကိုယ်တိုင်ယူဆောင်ခဲ့ရမလား"ဟု ကဲ့ရဲ့ပြစ်တင်ကာ ဘုရားရှင်အား လျှောက်ကြားသဖြင့် ဇကဋကလောမ သိက္ခာပုဒ်ကို ပညတ်တော်မူရပါသည်။

➢ **ဧဠကလောမာနိ ဥပ္ပဒေန္တေဣတိ-ဦ ဥပ္ပဒေန္တာကာရ /သိုးမွေးများ ဖြစ်စေပါ၊ လာခဲ့**

သံယာမှသော်၎င်း, ဂိုဏ်းမှသော်၎င်း, ဆွေမျိုးမှသော်၎င်း, မိတ်ဆွေမှသော်၎င်း, ပံသုကူသော်၎င်း, မိမိ၏ ဥစ္စာဖြင့်သော်၎င်း ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။

➢ **အသန္တေ ဟာရေဒဲက-ဟူသည်** ။ ။ အခြားသော မိန်းမသော်၎င်း, ယောကျ်ားသော်၎င်း, အိမ်နေသူ(လူ)သော်၎င်း, ရဟန်းသော်၎င်း တစ်ဦးတယောက် ဆောင်ယူမည့်သူ မရှိခြင်းပင် ဖြစ်ပါသည်။

➢ **သိုးဧဠမွေးမျှား ဧဆောင်ယူစိုင်းနိုင်သည့်သူမျှား** ။ ။ မိန်းမ ယောကျ်ား အိမ်နေသူ ရဟန်း-တို့ ဖြစ်ပါသည်။

➢ **တဒဟေ ဧဧ ဥဿရိ ဟရေယျ အသန္တေပိ ဟာရဧဧ-အရ သိုးဧဠမွေးတို့ကို သုံးယူဇနာထက် အလွန် ဧဆောင်ယူခဲသော ရဟန်း၏ အာပတ်သင့်မှု့**

ပဌမခြေကို သုံးယူဇနာ လွန်စေလျှင်- ဒုက္ကဋ်အာပတ်၊ ဒုတိယ ခြေကို လွန်စေလျှင် နိဿဂ္ဂိယပါစိတ်အာပတ် သင့်ပါသည်။ သုံးယူဇနာအတွင်း၌ ရပ်တည်၍ သုံးယူဇနာ အပြင် ဘက်၌ ကျစေလျှင်-နိဿဂ္ဂိယပါစိတ်အာပတ် သင့်ပါသည်။

အခြားသူသည် မသိစဉ် ယာဉ်၌သော်၎င်း, ဘဏ္ဍာ၌သော်၎င်း ထည့်၍ သုံးယူဇနာကို လွန်စေလျှင်- နိဿဂ္ဂိ ဖြစ်ပါသည်။

ဧဠကလောမဓောဝိယန သိက္ခာပုဒ်

➢ **နိဓါန်း-သက္ကတိုင်း၊ မူရိုလ်-ဆပ္ပဂ္ဂိရဟန်းများ၊ ဧဏ္ဍု-သိုးမွေးတို့ကို ဖွပ်လျှော်စေခြင်း။**

➢ **ဤသိက္ခာပုဒ်ကို ပညတ်ဧဒ်ဧတော်မူဧဖြင်း အဏ္ဍုပ္ပဒ္ဒီ** ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သက္ကတိုင်း ကပိတဝတ်ပြို့ နိဂြောဓရုံကျောင်း၌ သီတင်းသုံးနေတော်မူသော အခါ ဆပ္ပဂ္ဂိ ရဟန်းတို့သည် ဘိက္ခုနီတို့အား သိုးမွေးတွေကို အချို့က အဖွပ်

http://www.dhammadownload.com

အလျှော် ခိုင်းကြ, အချို့က ဆေးဆိုးခိုင်းကြ, အချို့က ရွှပ်ထွေးနေသည်ကို အဖြေအရှင်း ခိုင်းကြလေသည်၊ ထိုအလုပ်ကိုချည်း လုပ်နေကြရသဖြင့် ဘိက္ခုနီတို့သည် ပါဠိ အဋ္ဌကထာ ကို မသင်ယူနိုင်ကြဘဲ စွန့်လွှတ်ထားကြရ၏၊ အဓိသီလ အဓိစိတ္တ အဓိပညာသိက္ခာတို့ကိုလည်း မဖြည့်နိုင်ဘဲ စွန့်လွှတ်ထားကြရကုန်၏၊ ထိုအကြောင်းကို မိထွေးတော် ဂေါတမီ၏ လျှောက်ချက်အရ ဘုရားရှင်သိတော်မူ၍ သံဃာစည်းဝေးစေတော်မူပြီးလျှင် ဆဗ္ဗဂို ရဟန်းတို့ကို မေးတော်မူသည့်အခါ "ဟုတ်ပါကြောင်း" ဝန်ခံကြသဖြင့် ဆွေမျိုး တော်-မတော် မေးတော်မူပြန်ရာ "မတော်ကြောင်း" သိတော်မူ၍ အပြစ်တင်တော်မူပြီးလျှင် ဇကဋကလောမဓောဝါပန သိက္ခာပုဒ်ကို ပညတ်တော်မူရပါသည်။

➤ **အညာဓိကာ (ဘိက္ခုနီမ) ဟူသည်** ။ ။ အမိဘက်မှသော်၎င်း, အဖဘက်မှသော်၎င်း ခုနစ်ဆက်မြောက် ဘိုးဘေးတိုင်အောင် မဆက်စပ်သူ ဖြစ်ပါသည်။

➤ **ဘိက္ခုနိမ-အရ** ။ ။ ဥဘတောသံဃာ၌ ပဋိုင်းဖြစ်သော မိန်းမကို ယူရပါမည်။

ရူပိယ သိက္ခာပုဒ်

➤ **နိဓါန်း-ရာဇဂြိုဟ်ပြည်၊ မူဠ္ဠိလ်-ဥပနန္ဒမထေရ်၊ ဓဏ္ဍေ-ရွှေငွေကို ခံယူခြင်း**။

➤ **ဤသိက္ခာပုဒ် ပညတ်ရခြင်း အထွေထွေတို့** ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့ ရှဉ့်နက်တို့အား အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ အရှင်ဥပနန္ဒသည် တစ်ဦးသော အမျိုး၏အိမ်၌ အမြဲဆွမ်းစား၏၊ ထိုအိမ်၌ ခဲဖွယ်ဘောဇဉ် ချက်သည့်အခါ အရှင်ဥပနန္ဒဖို့ ထားလေ့ရှိ၏၊

အခါတစ်ပါး၌ ထိုအိမ်ဝယ် ညချမ်းအခါ၌ အမဲသားဟင်းချက်၍ အရှင်ဥပနန္ဒဖို့လည်း ထားလေရာ နံနက်စောစော၌ သားကလေးက အတင်းပူဆာသဖြင့် အရှင်ဥပနန္ဒအား အခြားတစ်မျိုးမျိုး ဝယ်လှူမည်ဟု ကြံ၍ ထိုအမဲသားဟင်းကို ကလေးအား ပေးလိုက်ရလေသည်၊ နံနက်လင်း၍ အရှင်ဥပနန္ဒ ကြွလာသောအခါ အိမ်ရှင်ယောကျ်ားသည် ကလေးပူဆာသဖြင့် အရှင်ဘုရားဖို့ အမဲသားဟင်းကို ပေးလိုက်ရတဲ့အကြောင်းကို အရှင်ဥပနန္ဒအား လျှောက်၍ ငွေတစ်ကျပ်ကိုပြပြီးလျှင် "ဤငွေဖြင့် ဘာကို ဆောင်ယူစေလိုပါသနည်း" ဟု မေးလေသည်။

အရှင်ဥပနန္ဒ-က "ဒကာ ဒီငွေကို ငါ့အား စွန့်လွှတ်အပ်ပြီလား"ဟု မေး၍ "စွန့်လွှတ်အပ်ပြီးပါကြောင်း" လျှောက်လျှင် "ငါ့အား ဒီငွေကိုသာ လှူတော့"ဟု ပြောဆို၍ ခံယူသွားလေသည်၊ ထိုယောကျ်ားလည်း အရှင်ဥပနန္ဒအား ငွေလှူပြီးနောက် "ငွေကို ငါတို့ ခံယူကြသလို, ဤရဟန်းတွေလည်း ငွေကို ခံယူကြတာပဲ"ဟု ကဲ့ရဲ့လေသော် ရဟန်းများကြား၍ ဘုရားရှင်ကို လျှောက်ကြသဖြင့် ရူပိယ သိက္ခာပုဒ်ကို ပညတ်တော်မူရပါသည်။

➤ **ဇာတရူပ-အရ/ဇာတရူပ-ဟူသည်** ။ ။ ဘုရားအဆင်းတော်နှင့်တူသော ဝတ္ထု (ရွှေ) ဖြစ်ပါသည်။

http://www.dhammadownload.com

➢ **ရဇော-ဆရွယ်** ။ ။ ကဟာပဏ-အသပြာ၊ လောဟမာသက-ကြေးသံဖြင့်ပြီးသော မာသက၊ ဒါရုမာသက-သစ်နှစ်ဖြင့်ပြီးသော မာသက၊ ဧထုမာသက-ခဲျပဖြင့်ပြီးသော မာသက၊ အရောင်းအဝယ် ဖြစ်နိုင်သမျှ ဝတ္ထု-တို့ ဖြစ်ပါသည်။

➢ **ရွှေ ငွေကို အလှူစံမီ၍ စွန့်ခဲ့** ။ ။ ရွှေ ငွေ ခံသော ရဟန်းသည် သံဃာသို့ ချဉ်းကပ်၍ လက်ဝဲတဖက် ပခုံးထက်၌ ဇကသီကို စမွယ်တင်၍ ကြီးကုန်သော ရဟန်းတို့၏ ခြေတို့ကို ရှိခိုးပြီးလျှင် ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီလျက်--

"အရှင်ဘုရားတို့ အကျွန်ုပ်သည် ရွှေ ငွေကို ခံယူမိပါ၏၊ ဤအကျွန်ုပ်၏ ရွှေငွေသည် စွန့်ခြင်းဝိနည်းကံရှိပါသည်၊ အကျွန်ုပ်သည် ဤရွှေ ငွေကို သံဃာတော်အား စွန့်ပါသည်" ဟု ဆိုရပါမည်။

* ရွှေ ငွေ စွန့်ရာအရပ်သို့ အရံစောင့်သော်၎င်း, ဥပါသကာသော်၎င်း လာအံ့၊ ထိုသူကို "ငါ့ရှင် ဤ ရွှေငွေကို သိလော့"ဟု ပြောရမည်၊ အကယ်၍ ထိုသူသည် "ဤ ရွှေငွေဖြင့် အဘယ်အရာကို ဆောင်လာရပါမည်နည်း"ဟု ဆိုအံ့၊ "ဤမည် ဤမည်သော အရာကို ဆောင်ခဲ့"ဟု မဆိုရ၊ ထောပတ်ကိုသော်၎င်း, ဆီကိုသော်၎င်း, ပျားရည်ကိုသော်၎င်း, တင်လဲကိုသော်၎င်း အပ်စပ်သည်ကို ပြောရမည်၊ အကယ်၍ ထိုသူသည် ထိုရွှေငွေဖြင့် လဲလှယ်၍ အပ်စပ်သည်ကို ဆောင်ခဲ့အံ့၊ ရွှေငွေ ခံယူသော ရဟန်းမှတစ်ပါး ရဟန်းအားလုံးတို့ပင် သုံးဆောင်ကောင်းပါသည်။

အကယ်၍ ရွှေငွေ လဲလှယ်မည်သူကို မရခဲ့အံ့၊ ထိုသူကို "ဒါယကာ ဤရွှေငွေကို စွန့်ပစ်လော့"ဟု ပြောရပါမည်။

➢ **ပဗ္ဗဇိတော် သမဏာဂတော ဒါကျွှ ရူပိယဆဏော -၌ မဋ္ဌ-အစ/ ရွှေစငွေကို စွန့်ဆင်စသော ရဟန်း၏ အဓိ/ ရူပိယဆဏကရဟန်း၏ အဓိ** ။ ။ (၁) ဆန္ဒာဂတိသို့ မလိုက်ခြင်း၊ (၂) ဒေါသာဂတိသို့ မလိုက်ခြင်း၊ (၃) မောဟာဂတိသို့ မလိုက်ခြင်း၊ (၄) ဘယာဂတိသို့ မလိုက်ခြင်း၊ (၅) စွန့်အပ် မစွန့်အပ်သည်ကိုလည်း သိခြင်း-တို့ ဖြစ်ပါသည်။

➢ **ဆမုဒ်စသော ကဲ** ။ ။ရူပိယဆဏကဲ ဖြစ်ပါသည်။

➢ **အီကဒါစီစဲ** ။ ။ (၁) ရွှေ ငွေ၌ ရွှေ ငွေ-ဟု ထင်မှတ်ခြင်းရှိခြင်း ရွှေငွေကို ခံယူခြင်း၊ (၂) ရွှေငွေ၌ ယုံမှားရှိ၍ ရွှေငွေကို ခံယူခြင်း၊ (၃) ရွှေငွေ၌ ရွှေငွေမဟုတ်ဟု ထင်မှတ်ခြင်းရှိ၍ ရွှေငွေကို ခံယူခြင်း-တို့ ဖြစ်ပါသည်။

➢ **ရူပိယဆိက္ခာပုဒ်နှင့်ဆော ဆိုင်စသော အနုပဇ္ဇိတ်ခါရ** ။ ။ အရံတွင်း၌သော်၎င်း, တည်းခိုရာ ဇရပ်တွင်း၌သော်၎င်း, ကိုင်ယူ၍သော်၎င်း, ကိုင်ယူစေ၍သော်၎င်း, "ဥစ္စာရှင်သည် ဆောင်ယူလတ္တံ့"ဟု ထားလျှင် အာပတ် မသင့်ပါ။

ရူပိယသံဝေါဟာရဝိဂ္ဂဟပုဒ်

➢ **နိဓါန်း-သာဝတ္ထိပြည်၊ ပုဏ္ဏိလ-ဆဗ္ဗဂ္ဂိရဟန်းများ၊ ဓဏ္ဍ-ရွှေငွေကို လဲလှယ်ခြင်း**

http://www.dhammadownload.com

သို့ ရောက်ခြင်း။

➤ **သိက္ခာပုဒ်မညတ်ချခြင်း၏ အစကြောင်းရင်း အထွေထွေ** ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိမြို့ အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ "ဘုရားရှင်သည် ရွှေငွေ အလှူခံမှုကိုသာ ပယ်တော်မူသည် အလှူခံပြီးသား ရွှေငွေဖြင့် တစ်စုံတစ်ရာကို လဲလှယ်ယူမှုကို ပယ်တော်မမူ"ဟု ယူဆ၍ ဆပ္ပဂိုရဟန်းတို့သည် ရွှေငွေဖြင့် အမျိုးမျိုးသော ပစ္စည်းများကို လဲကြလေသည်။

ထိုအခါ လူတို့က "ရဟန်းတော်တို့သည် အဘယ့်ကြောင့် ရွှေငွေဖြင့် လဲလှယ်ကြရကုန်သနည်း၊ လူတို့လိုပါပဲကလား"ဟု ကဲ့ရဲ့ကြခြင်းကြောင့် ရှုပိယသံဝေါဟာရ သိက္ခာပုဒ်ကို ပညတ်တော်မူရပါသည်။

➤ **နာနပ္ပကာရက-ဟူသည်** ။ ။ ပြုအပ်ပြီးသည်ကိုလည်း, မပြုအပ်သေးသည်ကိုလည်း, ပြုအပ်ပြီး မပြုအပ်သေးသည်ကိုလည်း "နာနပ္ပကာရက"ဟု ခေါ်ပါသည်။

➤ **က်ဓာ-အရ** ။ ။ သီသူပဂ-ဦးခေါင်းတန်ဆာ၊ ဂီဝူပဂ-လည်ဆွဲတန်ဆာ၊ ဟတ္ထူပဂ-လက်ဝတ်တန်ဆာ၊ ပါဒူပဂ-ခြေကျင်း တန်ဆာ၊ ကဋ္ဌူပဂ-ခါးဝတ်တန်ဆာ-တို့ ဖြစ်သည်။

➤ **အကဓာ-အရ** ။ ။ အစိုင်အခဲ ပြုအပ်သော ရွှေတုံး ငွေတုံးကို ယူရပါမည်။

➤ **ကဓာကဓာ-အရ** ။ ။ ဦးခေါင်းတန်ဆာ၊ လည်ဆွဲတန်ဆာ၊ လက်ဝတ်တန်ဆာ၊ ခြေကျင်း တန်ဆာ၊ ခါးဝတ်တန်ဆာ-တို့နှင့် အစိုင်အခဲ ပြုအပ်သော ရွှေတုံး ငွေတုံးတို့ကို ယူရပါမည်။

➤ **ရူပီယ-သဒ္ဒပ်** ။ ။ ဘုရားအဆင်းတော်နှင့်တူသော ရွှေအသပြာ ကြေးပိုက်ဆံ သစ်သားပိုက်ဆံ ခိုပ်ပိုက်ဆံနှင့် ရောင်းဝယ်မှုသို့ ရောက်သမျှ ဝတ္ထု-တို့ ဖြစ်ပါသည်။

ကယဝိက္ကယသိက္ခာပုဒ်

➤ **နိဓါန်း-**သာဝတ္ထိပြည်၊ **ပုဋ္ဌိလ်-** ဥပနန္ဒမထေရ်၊ **ဝတ္ထု-** ဝယ်ခြင်း, ရောင်းခြင်းသို့ ရောက်ခြင်း။

➤ **သိက္ခာပုဒ်ပညတ်ချခြင်း၏ အစကြောင်းရင်း အထွေထွေ** ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိမြို့ အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ အရှင်ဥပနန္ဒသည် သင်္ကန်းချုပ်မှု၌ ကျွမ်းကျင်၏၊ သူသည် အဝတ်ပိုင်း အဝတ်စများကို သင်္ကန်းဖြစ်အောင် စပ်ဟပ် ချုပ်ဆိုးပြီးလျှင် ကောင်းစွာ ပေပြစ်အောင် ပြု၍ ရုံ၏၊ ပရိဗိုဇ်တစ်ယောက်သည် အဖိုးများစွာတန်သော အဝတ်ကို ဝတ်လာ၍ ထိုအဝတ်ဖြင့် ထိုသင်္ကန်းကို လဲဖို့ရန် ပြော၏။

အရှင်ဥပနန္ဒ-က "သင် နားလည်ရဲ့လား"ဟု မေး၏၊ "နားလည်ပါ၏"ဟု ပရိဗိုဇ်က ပြော၏၊ ဤသို့ ပြော၍ လဲယူပြီးလျှင် ထိုသင်္ကန်းကိုဝတ်၍ ပရိဗိုဇ်ကျောင်းသို့ သွားလေသော် အခြားပရိဗိုဇ်တို့က "တယ်ကောင်းပါလား, ဘယ်ကရခဲ့သလဲ"ဟု မေးရာ မိမိ

http://www.dhammadownload.com

အဝတ်ဖြင့် လဲခဲ့ကြောင်းကို ပြောလျှင် "ဒီသင်္ကန်းဟာ ဘယ်နှစ်ရက်လောက်ကြာအောင် ခိုင်မှာလဲ, သင့်အဝတ်က ကောင်းသေးတယ်"ဟု ပြောကြလေသည်၊ ထိုအခါ ပရိဝိဇ်သည် "ဟုတ်သားပဲ"ဟု ယူဆ၍ အရှင်ဥပနန္ဒထံ ပြန်လဲဖို့ ပြောလေရာ အစတုန်းက သိရဲ့လား-ဟု ငါမေးသာဘဲ, ခုမှတော့ ပြန်မလဲနိုင်ဘူး"ဟု အရှင်ဥပနန္ဒ-က ပြောသဖြင့် "လူအချင်းချင်းတောင် မကျေနပ်လျှင် ပြန်ပေးကြသေးတယ်, ယခု ရဟန်းချည်းဖြစ်လျက် ဘာ့ကြောင့် ပြန်မပေးရသလဲ"ဟု ထိုပရိဇ်၏ ပြောဆိုကဲ့ရဲ့ခြင်းကို တစ်ဆင့်အားဖြင့် ဘုရားရှင် ကြားတော်မူ၍ **ကယဒိတ္ထယ သိက္ခာပုဒ်**ကို ပညတ်တော်မူရပါသည်။

➢ **နာနုပ္ပကာရက–ဟူသည်** ။ ။ သင်္ကန်း ဆွမ်း အိပ်ရာ နေရာ သူနာ၏အထောက်အပံ့ ဆေးပစ္စည်းများနှင့် အယုတ်သဖြင့် ကသယ်မှုန့်အခဲသည်၎င်း, ဒန်ပူသည်၎င်း, အမြိတ်အဆာ ချည်သည်၎င်း "နာနုပ္ပကာရက"မည်ပါသည်။

➢ **အဓေးသေယ်ဆုံး နာနုပ္ပကာရက** ။ ။ ကသယ်မှုန့်အခဲသည်၎င်း, ဒန်ပူသည်၎င်း, အမြိတ်အဆာ ချည်သည်၎င်း အသေးငယ်ဆုံး နာနုပ္ပကာရက ဖြစ်ပါသည်။

➢ **ကယဒိတ္ထယ် သမာပစ္ဇမျှ–ဠ္ဟ သမာပစ္ဇနာကာရ/ဝယ်စြင်းဓရာင်းခြင်းစကြောင့် အာပတ်သင့်မှု** ။ ။ "ဤအရာဖြင့် ဤအရာဝတ္ထုကို ပေးလော့၊ ဤအရာဝတ္ထုဖြင့် ဤအရာဝတ္ထုကို ဆောင်ခဲ့လော့၊ ဤအရာဝတ္ထုဖြင့် ဤအရာဝတ္ထုကို လဲလှယ်လော့၊ ဤဝတ္ထုဖြင့် ဤဝတ္ထုကို ဝယ်လော့" လွန်ကျူး၍ ကျင့်အံ့၊ ဒုက္ကဋ်အာပတ် သင့်ပါသည်။

အကြင်အခါ၌ ဝယ်မှုသည်၎င်း, ရောင်းမှုသည်၎င်း ဖြစ်၏။ မိမိ၏ ဥစ္စာသည် သူတစ်ပါးလက်သို့ ရောက်အံ့၊ သူတစ်ပါးဥစ္စာသည် မိမိလက်သို့ ရောက်အံ့၊ နိဿဂ္ဂိ ဖြစ်ပါသည်။

➢ **အနာပတ္တိဝါရ/အာပတ်မသင့်သူများ** ။ ။ တန်ဘိုးကို မေးအံ့၊ ကပ္ပိယ ကာရကအား ပြောလျှင်၊ အာပတ် မသင့်ပါ၊ "ငါတို့အား ဤဝတ္ထုရှိ၏၊ ငါတို့အားလည်း ဤမည် ဤမည်သော ဝတ္ထုဖြင့် အလိုရှိ၏"ဟု ဆိုလျှင် အာပတ် မသင့်ပါ။

ပဏ္ဏာသိကျာပုဒ်

➢ **နိဓါန်း-သာဝတ္ထိပြည်၊ ဗွဋ္ဌိလ်-ဆဗ္ဗဂ္ဂိရဟန်းများ၊ ဓဋ္ဌ-ပိုလွန်သော သပိတ်**ကို ဆောင်ခြင်း။

➢ **သိက္ခာပုဒ်မည်တော်ရခြင်း၏ အစကြောင်းရင်း အဆုံးပုဒ္ဓိ** ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိမြို့ အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ဆဗ္ဗဂ္ဂိရဟန်းတို့သည် သပိတ်များစွာကို ကိုယ်ပိုင်သိမ်းထားကြ၏၊ ထိုသပိတ်တွေကို လူတို့ မြင်ကြသဖြင့် "ကိုယ်တော်တွေ သပိတ်ဆိုင်ခင်းကြမလို့တဲ့လား"ဟု ကဲ့ရဲ့ခြင်းကြောင့် -- ပညတ်ရပါသည်။

➢ **"ဒသာဟပရမံ"-ဟု ပညတ်တော်မူခြင်း၏ အစကြောင်းရင်း အဆုံးပုဒ္ဓိ**

အရှင်အာနန္ဒာ၌ အဓိဌာန်တင် သပိတ်မှ အပိုသပိတ် ရလာ၏၊ ထိုသပိတ်ကို

http://www.dhammadownload.com

အရှင်သာရိပုတ္တရာအား လှူလိုက်၊ အရှင်သာရိပုတ္တရာလည်း သာကေတမြို့သို့ ကြွတော်မူခိုက်ဖြစ်၍ ကိုးရက် ဆယ်ရက်လောက်ကြာမှ ရောက်တော်မူလာမည်၊ ထိုအကြောင်းကို ဘုရားရှင်အား လျှောက်ထားသောကြောင့် "ဒသာဟပရမံ"ဟု ပညတ်တော်မူပါသည်။

➤ **အတိရေကပတ္တ-မူသည်** ။ ။ အဓိဋ္ဌာန်မတင် ဝိကပ္ပနာ မပြုအပ်သော သပိတ်ကို ဆိုပါသည်။

➤ **ပတ္တ-သဏ္ဍပ်/သပိတ် ၂-မျိုး** ။ ။ (၁) အယောပတ္တ-သံသပိတ်၊ (၂) မတ္တိကာပတ္တ-မြေသပိတ်-တို့ ဖြစ်ပါသည်။

➤ **တဓေယျ ပတ္တဿ-ဠှိ တဓေယျ-အရ/သပိတ် ခု-မျိုး** ။ ။ ဥက္ကဋ္ဌသပိတ်၊ မဇ္ဈိမသပိတ်၊ သြမကသပိတ်-တို့ ဖြစ်ပါသည်။

➤ **ဥက္ကဋ္ဌသပိတ် မဓာတာ** ။ ။ ဆန်တစ်ခွက်ချက် ထမင်း၊ ၎င်း၏ လေးပုံတစ်ပုံ ခဲဖွယ်နှင့် ၎င်းအားလျော်သော ဟင်းလျာကို ယူနိုင်ပါသည်။

➤ **မဇ္ဈိမဆပိတ် မဓာတာ** ။ ။ ဆန်တစ်စလယ်ချက် ထမင်း၊ ၎င်း၏ လေးပုံတစ်ပုံ ခဲဖွယ်နှင့် ၎င်းအားလျော်သော ဟင်းလျာကို ယူနိုင်ပါသည်။

➤ **သြမကသပိတ် မဓာတာ** ။ ။ ဆန်တစ်လမယ်ချက် ထမင်း၊ ၎င်း၏ လေးပုံတစ်ပုံ ခဲဖွယ်နှင့် ၎င်းအားလျော်သော ဟင်းလျာကို ယူနိုင်ပါသည်။

* ထိုထက်ကြီးမူ သပိတ် မဟုတ်၊ ထို့အောက်ငယ်မူ သပိတ် မဟုတ်ပါ။

➤ **တံ အတိဏ္ဍာမယတ္တော နိဿဋ္ဌိဿာ ဒဿာဟိ-အရ အာပတ္တိသင့်ခြင်း**

ဆယ်ရက်အပိုင်းခြားကို လွန်စေသောရဟန်းအား-- တဆဲ့တစ်ရက် အရုဏ်တက်လတ်သော် နိဿဋ္ဌိ ဖြစ်ပါသည်။

➤ **စွန့်ရမည့်ပုဂ္ဂိုလ်** ။ ။ သံဃာအားသော်၎င်း, ဂိုဏ်းအားသော်၎င်း, ပုဂ္ဂိုလ်အားသော်၎င်း စွန့်ရပါမည်။

➤ **နိဿဋ္ဌိ သပိတ်စွန့်ပုံ** ။ ။ အရှင်ဘုရားတို့ ဤအကျွန်ုပ်၏ သပိတ်သည် ဆယ်ရက်လွန်သဖြင့် စွန့်ခြင်း ဝိနည်းက် ရှိပါသည်၊ အကျွန်ုပ်သည် ဤသပိတ်ကို သံဃာအား စွန့်ပါ၏။ (၄၈၉-လည်းကြည့်)

ဥပနဠမန္တနသိက္ခာပုဒ်

➤ **နိဓါန်း-သက္ကတိုင်း၊ ပုဋ္ဌိလ်-ဆပ္ပဂိုရဟန်းများ၊ ဝဏ္ဏ-များစွာသော သပိတ်တို့ကို** တောင်းခြင်း။

➤ **ဤသိက္ခာဒုစ်ကို မည်တော်မူရခြင်း အဏ္ဏုဖုဇ္ဇော** ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်မြို့ နိဂြောဓရုံကျောင်း၌ သီတင်းသုံးနေတော်မူသော အခါ ဆပ္ပဂို ရဟန်းတို့သည် မဖြစ်စလောက် အက်ကြောင်းရာကလေး ထင်ရုံမျှဖြင့် တချို့လည်း အနည်းငယ် ပဲရုံမျှဖြင့် တချို့လည်း ခြစ်ရာကလေး ထင်ရုံမျှဖြင့် သပိတ်

http://www.dhammadownload.com

သစ်ကို တောင်းကြလေသည်။

ဖိတ်ထားသော အိုးထိန်းသည်မှာ လက်မအားအောင် အလုပ်များ၍ ဆင်းရဲပင်ပန်းသွား၏၊ ထိုအခါ အခြားလူတို့က ကဲ့ရဲ့ကြသည်ကို ဘုရားရှင်ကြားတော်မူ၍ "ဥနုပဠဝန္ဓန" သိက္ခာပုဒ်ကို ပညတ်တော်မူပါသည်။

➤ **အနုဓာနာမိ ဆိတ္တဓေ နုဠုပဇ္ဈဿ ဓါ ဆိန္နပဇ္ဈဿ ဓါ ပဇ္ဇံ ဝိညာစပေတုံ-ဟု မိန့်တော်မူရခြင်း၏ အဇ္ဈုပ္ပတ္တိ** ။ ။ ထိုအခါ ရဟန်းတပါး၏ သပိတ်သည် ကွဲ၏၊ ထိုအခါ ထိုရဟန်းသည် မြတ်စွာဘုရားသည် သပိတ်တောင်းခြင်းကို ပယ်တော်မူ၏-ဟု တွေးတောမှု ဖြစ်၍ မတောင်းချေ၊ လက်တို့ဖြင့် ဆွမ်းအလို့ငှာ လှည့်လည်၏၊

လူတို့သည် "သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်ကုန်သော ရဟန်းတို့သည် အဘယ့်ကြောင့် တိတ္ထိတို့ကဲ့သို့ ဆွမ်းအလို့ငှာ လှည့်လည်ကုန်ဘိသနည်း"ဟု ကဲ့ရဲ့ကြ၏။ ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားသောကြောင့် -- မိန့်တော်မူသည်။

➤ **ဥနုပဠဝန္ဓနုပဇ္ဈာ-သဒ္ဒမ်** ။ ။ အဝန္ဓနုပတ္တ ဇကဝန္ဓနုပတ္တ ဒွိဝန္ဓနုပတ္တ တိဝန္ဓနုပတ္တ စတုဝန္ဓနုပတ္တ-တို့ ဖြစ်ပါသည်။

➤ **အဝန္ဓနာကာသ ပတ္တ (အဖွဲ့ရာ ဓရိုသော သပိတ်) ဟူသည်** ။ ။ လက်နှစ်သစ်ရှည်သော အက်ကြောင်းမရှိသော သပိတ်ကို ခေါ်ပါသည်။

➤ **ဝန္ဓနာကာသ ပတ္တ (အဖွဲ့ရာ ရှိသော သပိတ်) ဟူသည်** ။ ။ လက်နှစ်သစ်ရှည်သော အက်ကြောင်းရှိသော သပိတ်ကို ခေါ်ပါသည်။

➤ **နဝ-အရ** ။ ။ တောင်းခြင်းကို စွဲ၍ ဖြစ်သော သပိတ်ကို ယူရပါမည်။

➤ **ဓေတာဓေပဗ္ဗ-အရ သပိတ်သစ်ကို ဓေတာင်းခြင်းကြောင့် အာပတ်သင့်ပုံ**

တောင်းအံ့၊ အားထုတ်မှုပယောဂကြောင့် ဒုက္ကဋ်အာပတ် သင့်သည်။ ရခြင်းကြောင့် နိဿဂ္ဂိ ဖြစ်ပါသည်။

➤ **ဓွန်ရဓည်ဠာန** ။ ။ သံယာ့အလယ်၌ စွန့်ရပါမည်။

➤ **ပဠဟဓဂိတိ သမန္နာဂဓတာ ဆိက္ခ ပဇ္ဇဂ္ဂါမာပဓကာ-ဠွ ပဠ-အရ**

➤ **ပဇ္ဇဂ္ဂါမာပက ရဇာန်း၏ အဓိ ၅-ပါး** ။ ။ (၁) ဆန္ဒာဂတိသို့ မလိုက်ခြင်း၊ (၂) ဒေါသာဂတိသို့ မလိုက်ခြင်း၊ (၃) မောဟာဂတိသို့ မလိုက်ခြင်း၊ (၄) ဘယာဂတိသို့ မလိုက်ခြင်း၊ (၅) ခံယူအပ် မခံယူအပ်သည်ကိုလည်း သိခြင်း-တို့ ဖြစ်ပါသည်။

➤ **သပိတ်သစ်ကို ဓောင်းမိသော ရဟန်း လိုက်နာရမည့်ကျင့်ဝတ်**

သမ္မုတိရပြီးသော ရဟန်းသည် သပိတ်ကို ခံယူပြီး "အရှင်ဘုရား မထေရ်ကြီးသည် သပိတ်ကို ခံယူတော်မူပါ"ဟု မထေရ်ကြီးကို ပြောရမည်၊ အကယ်၍ မထေရ်ကြီးသည် ယူအံ့၊ မထေရ်ကြီး၏ သပိတ်ကို ထိုရဟန်းအား ပေးရမည်၊ ထိုရဟန်းအား သနားသဖြင့် မယူဘဲ မနေရပါ၊ မယူသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏၊ သပိတ် မရှိသော

http://www.dhammadownload.com

ရဟန်းကို မခံယူစေရ၊ ဤနည်းဖြင့် အငယ်ဆုံး သံဃာတိုင်အောင် ခံယူစေရမည်။

ထိုရဟန်းပရိသတ်၌ နောက်ဆုံးသပိတ်ကို "ရဟန်း သင်သည် ဤသပိတ်ကို ကွဲသည်တိုင်အောင် သုံးဆောင်ရမည်"ဟု ဆို၍ ပေးရမည်၊ ထိုရဟန်းသည် ထိုသပိတ်ကို နေရာမဟုတ်သည်၌ မချထားရ၊ မကောင်းသော သုံးဆောင်ခြင်းဖြင့် မသုံးဆောင်ရ၊ "ဤသပိတ်သည် အဘယ်သို့လျှင် ပျက်ရာအံ့နည်း-ဟုငင်း, ပျောက်ကုန်ရာအံ့နည်းဟုငင်း, ကွဲရာအံ့နည်းဟုငင်း" မစွန့်ပစ်ရ၊ အကယ်၍ နေရာမဟုတ်သည်၌သော်လည်း ချထားအံ့၊ မကောင်းသော သုံးဆောင်ခြင်းဖြင့်သော်လည်း သုံးဆောင်အံ့၊ စွန့်သော်လည်း စွန့်အံ့၊ ဒုက္ကဋ် အာပတ်သင့်ပါသည်။ (ဤကား သပိတ်သစ်ကို တောင်းရာ၌ ကျင့်ဝတ် ဖြစ်ပါသည်။)

➤ **အနာပတ္တိ (အာပတ် မသင့်သောရဟန်း)** ။ ။ သပိတ်ပျောက်သော ရဟန်း၊ သပိတ်ကွဲသော ရဟန်း၊ ဆွေမျိုးတို့ကို တောင်းသောရဟန်း၊ ဖိတ်ကြားအပ်သူတို့ကို တောင်းသော ရဟန်း၊ သူတစ်ပါးအလို့ငှာ တောင်းသောရဟန်း၊ မိမိဥစ္စာဖြင့် ဝယ်သော ရဟန်း၊ (ရွှေသော ရဟန်း၊ အစလက်ဦး လွန်ကျူးသော ရဟန်း) တို့ ဖြစ်ပါသည်။

သောသန္တိကဂ္ဂါပုဒ်

➤ **နိစ္စါနိ**-သာဝတ္ထိပြည်၊ **ပုဋ္ဌိလ်**-များစွာသော ရဟန်း၊ **ဝဏ္ဏ**-ဆေးပစ္စည်းတို့ကို ခုနစ်ရက် ကျော်လွန်အောင် ထားခြင်း။

➤ **ဆဒ္ဒိ-ဆန္နမ်** ။ ။ ဂေါသပ္ပိ-နွားထောပတ်၊ အဇိကာသပ္ပိ-ဆိတ်ထောပတ်၊ မဟိသသပ္ပိ-ကျွဲထောပတ်-တို့ ဖြစ်ပါသည်။[နွားထောပတ်သည်သော်၎င်း, ဆိတ်ထောပတ်သည်သော်၎င်း, ကျွဲထောပတ်သည်သော်၎င်း "သပ္ပိ" မည်ပါသည်။ အကြင်သတ္တဝါတို့၏ အသားသည် အပ်၏၊ ထိုသတ္တဝါတို့၏ ထောပတ်သည် "ဆဒ္ဒိ" မည်ပါသည်။]

➤ **နဝနီတ-ဏရ** ။ ။ နွား ဆိတ် ကျွဲ သတ္တဝါတို့၏ ဆီဦး-ကို ယူရပါမည်။

➤ **ဇတလ-ဏရ** ။ ။ တိလတေလ-နှမ်းဆီ၊ သာသပတေလ-မုန်ညင်းဆီ၊ မဓုကတေလ-သစ်မည်စည်ဆီ၊ ဧရဏ္ဍတေလ-ကြက်ဆူဆီ၊ ဝသာတေလ-အမဲဆီ-တို့ ဖြစ်သည်။

➤ **မဒု-ဏရ** ။ ။ ယင်ပျားရည်ကို ယူရပါမည်။

➤ **ဖာဏိတ-ဏရ** ။ ။ ကြံမှဖြစ်သော တင်လဲ-ကို ယူရပါမည်။

* ထိုဆေးတို့ကို အကပ်ခံ၍ ခုနစ်ရက်အပိုင်းအခြားရှိသည်၏ အဖြစ်ဖြင့် သုံးဆောင်ရပါမည်။ ထိုခုနစ်ရက်ကို ကျော်လွန်၍ သုံးစွဲသော ရဟန်းအား နိဿဂ္ဂိယပါစိတ်သင့်၏။

ဓမေး ။ ။ ထိုဆေးတို့သည် အဘယ်အချိန်၌ နိဿဂ္ဂိယဖြစ်၍ အဘယ်ပုဂ္ဂိုလ်တို့ကို စွန့်ရမည်ကိုလည်း ဖြေဆိုပါ။ (၁၃၇၂-ခု မေး)

* ထိုဆေးတို့သည် ရှစ်ရက်မြောက် အရုဏ်တက်လတ်သော် နိဿဂ္ဂိ ဖြစ်ပါသည်။

➤ **စွန့်ရမည့်ပုဂ္ဂိုလ်** ။ ။ သံဃာအားသော်၎င်း, ဂိုဏ်းအားသော်၎င်း, ပုဂ္ဂိုလ်အားသော်၎င်း စွန့်ရပါမည်။

http://www.dhammadownload.com

➢ **နိဿဋ္ဌိ (၁ဆး) ပစ္စည်း စွန့်မဲ့** ။ ။ အရှင်ဘုရားတို့ ဤအကျွန်ုပ်၏ ဆေးသည် ခုနစ်ရက်ကို လွန်သဖြင့် စွန့်ခြင်း ဝိနည်းကံရှိပါသည်၊ အကျွန်ုပ်သည် ဤဆေးကို သံယာအား စွန့်ပါ၏။ (၄၈၉-လည်းကြည့်)

* စွန့်အပ်ပြီးကို ပြန်ရ၍ ကိုယ်နှင့်စပ်သော သုံးဆောင်ခြင်းဖြင့် မသုံးဆောင်ရ၊ မမျိုရ၊ ဆီမီးဌသော်ငင်း, မင်ဌသော်ငင်း ထည့်ရမည်၊ အခြားရဟန်းသည် ကိုယ်နှင့်စပ်သော သုံးဆောင်ခြင်းဖြင့် သုံးဆောင်ရမည်၊ မမျိုရ။

➢ **အနုပသမ္ပဒါ (အာပတ်မသန့်သော ရဟန်း)** ။ ။ ခုနစ်ရက်အတွင်း အဓိဌာန်တင်အံ့၊ စွန့်အံ့၊ ပျောက်အံ့၊ ပျက်အံ့၊ မီးလောင်အံ့၊ လုယက်၍ ယူကုန်အံ့၊ အကျွမ်းဝင်၍ ယူကုန်အံ့၊ လူသာမဏေအား စွန့်သဖြင့် အန်သဖြင့် လွှတ်သဖြင့် ငဲ့ကွက်ခြင်း မရှိဘဲ ပေးပြီးနောက် ပြန်ရ၍ သုံးဆောင်သော ရဟန်း ဖြစ်ပါသည်။

ဝဿိကသာဋိကာသိက္ခာပုဒ်

➢ **နိဓါန်း-သာဝတ္ထိပြည်၊ ပဋ္ဌိဋ္ဌိလ်-ဆပ္ပဂ္ဂိရဟန်းများ၊ ဝဿေ-မိုးရေခံသက်န်းကို တင်ကြို၍ ရှာမှီးခြင်း။**

မေး ။ ။ **ဝဿိကသာဋိကဆိတ္တာမုစ်၏ အဏ္ဍဖြတ်ထိုးကို နိဓါနနှင့် ပုဂ္ဂလ မှန်ကန်စွာ ဖော်ပြ၍ စုံလင်အောင် ရေးပြပါ။**

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြို့ အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ရဟန်းတို့အား မိုးရေခံသက်န်းကို ခွင့်ပြုတော်မူ၏၊

ဆပ္ပဂ္ဂိရဟန်းတို့သည် မြတ်စွာဘုရားသည် မိုးရေခံသက်န်းကို ခွင့်ပြုတော်မူအပ်ပြီဟု စောစောကပင် မိုးရေခံသက်န်းတို့ကို ရှာကုန်၏၊ စောစောကပင် ချုပ်ဆိုး၍ ဝတ်ကုန်၏၊ မိုးရေခံသက်န်း ဆွေးမြေ့လတ်သော် အဝတ်မဆီးဘဲ ကိုယ်ကို စွပ်စေကုန်၏။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆပ္ပဂ္ဂိရဟန်းတို့သည် စောစောကပင် မိုးရေခံသက်န်းတို့ကို ရှာကုန်ဘိသနည်း၊ စောစောကပင် ချုပ်ဆိုး၍ ဝတ်ကုန်ဘိသနည်း၊ မိုးရေခံသက်န်းဆွေးမြေ့လတ်သော် အဝတ်မဆီးဘဲ ကိုယ်ကို မိုးစွပ်စေကုန်ဘိသနည်း" ဟု ကဲ့ရဲ့ ဂွတ်ချပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားသောကြောင့် "ဝဿိကသာဋိက"သိက္ခာပုဒ်ကို ပညတ်တော်မူရပါသည်။

➢ **အာသော သောသော ဂိုဏ်ဘိက္ခူနော ဝဿိကသာဋိကဆိတ္တံ ဝါဠိးဃသိတွာ-အရ**

မိုးရေခံသက်န်း ရှာရာ၌ အဝံဆော ဖြောနည်း ။ ။ အကြင်လူတို့သည် နွေကလည်း မိုးရေခံသက်န်းကို လှူကုန်၏၊ ထိုလူတို့ထံသို့ ချဉ်းကပ်၍ "မိုးရေခံ သက်န်း၏ အခါတည်း၊ မိုးရေခံသက်န်း၏ အချိန်တည်း၊ အခြားသူတို့သည်လည်း မိုးရေခံသက်န်းကို လှူကုန်၏" ဟု ပြောဆိုရပါမည်။

http://www.dhammadownload.com

➢ **မဏ္ဍပ်ဿာ စတြာနုညှင်း** ။ ။ "ငါ့အား မိုးရေခံသက်နှံးကို လျှုကြလော့၊ ငါ့အတွက် မိုးရေခံသက်နှံးကို ဆောင်ခဲ့ကြလော့၊ ငါ့အတွက် မိုးရေခံသက်နှံးကို ဖလှယ်ကြလော့၊ ငါ့အတွက် မိုးရေခံသက်နှံးကို ဝယ်ကြလော့"ဟု မဆိုရ၊ မပြောရပါ။

➢ **နိဿဋ္ဌိ ထို့ကဲ့သို့နှင့်** ။ ။ လခွဲအလွန်ကြွင်းကျန်သော နွေရာသီ၌ ချုပ်ဆိုး၍ ဝတ်အံ့၊ နိဿဋ္ဌိ ထိုက်ပါသည်။

➢ **ဧတဉ်ဂုမည်ဟူဏ္ဍိလ်** ။ ။ သံယာအားသော်ငင်း, ဂိဏ်းအားသော်ငင်း, ပုဂ္ဂိုလ်အားသော်ငင်း စွန့်ရပါမည်။ * **မိုးဒေရံခံသက်နှံးဓနုံပုံ** (၃၉၆/၄၈၉-ကြည့်)

➢ **အနာပတ္တိ (အာပတ် မသင့်ခြင်း ရဟန်း)** ။ ။ နွေလတို့၏ တလသည် ကြွင်းကျန်သေး၏ဟု မိုးရေခံသက်နှံးကို ရှာအံ့၊ နွေလတို့၌ လခွဲသည် ကြွင်းကျန်သေးသည်ဟု ချုပ်ဆိုး၍ ဝတ်အံ့၊ နွေလတို့၏ တလအောက် ယုတ်လျော့ ကြွင်းကျန်သေး၏ဟု မိုးရေခံသက်နှံးကို ရှာအံ့၊ နွေလတို့၏ လခွဲအောက် ယုတ်လျော့ ကြွင်းကျန်သေး၏ဟု ချုပ်ဆိုး၍ ဝတ်အံ့၊ အာပတ် မသင့်ပါ။

မိုးရေခံသက်နှံးရှာစဉ် ဝါထပ်အံ့၊ မိုးရေခံသက်နှံး ဝတ်စဉ် ဝါထပ်အံ့၊ ဖွပ်လျှော်၍ ထားရမည်၊ အခါ၌ ဝတ်ရမည်၊ သက်နှံးကို အလုခံရသော ရဟန်းအားငင်း၊ သက်နှံးပျောက်သော ရဟန်းအားငင်း ဘေးရန်တို့ကြောင့်ငင်း၊ ပျူသော ရဟန်းအားငင်း အစလက်ဦး လွန်ကျူသော ရဟန်းအားငင်း အာပတ် မသင့်ပါ။

ဒိဗရသဒ္ဓိန္ဒုန ဘိက္ခာပုဒ်

➢ **နိဓါန်း-သာဝတ္ထိပြည်၊ ဗုဒ္ဓိလ်-ဥပနန္ဒမထေရ်၊ ဓဏ္ဍ-သက်နှံးကို လုယူခြင်း။**

➢ **သိတ္တာဝုဗ်ပညတ်ရခြင်း၏ အကြောင်းရင်း အဏ္ဍုဖွဏ္ဍိ** ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိမြို့ အနာထပိဏ်သူဌေး၏ အရံ ပြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ အရှင်ဥပနန္ဒသည် နောင်တော်၏ တပည့်တစ်ပါးကို "ငါ့ရှင် လိုက်ခဲ့ပါ, ဇနပုဒ်သို့ ဒေသစာရီ လှည့်ချေကြစို့"ဟု ခေါ်၏၊ "မလိုက်လိုပါ, တပည့်တော်မှာ သက်နှံးနည်းပါး နေပါသည်"ဟု ပြောလေသော် "လိုက်သာ လိုက်ခဲ့ပါ, ငါက သင့်အား သက်နှံးပေးပါမည်"ဟု ပြော၍ သက်နှံးပေးလေသည်။

ထို့နောက် ထိုရဟန်းသည် "မြတ်စွာဘုရား ဇနပုဒ်သို့ ဒေသစာရီ ကြွတော်မူလိမ့်မည်"ဟု ကြား၍ "အရှင်ဥပနန္ဒနှင့် မလိုက်ဘဲ မြတ်စွာဘုရားနှင့် လိုက်မည်"ဟု အကြံဖြစ်ပြန်၍ အရှင်ဥပနန္ဒ-က သွားကြစို့ဟု ခေါ်သောအခါ "ဘုရားနှင့် လိုက်တော့မည်"ဟု ပြောလေသည်၊ အရှင်ဥပနန္ဒသည် "သူနှင့် အတူလိုက်၍ သူ၏ သပိတ် သင်္ကန်း ဖိနပ် နေရာခင်းတို့ကို ယူဖော်ရလိမ့်မည်"ဟု အထင်နှင့် သင်္ကန်းပေးခဲ့၏၊ ထို့ကြောင့် သူနှင့်အတူ မလိုက်တော့ဘူးဟု ပြောလိုက်လျှင်ပင် စိတ်ဆိုးလာ၍ သူပေးထားသော သင်္ကန်းကို အတင်းပြန်ယူလေတော့သည်၊ ထိုသို့ ပြန်၍ သင်္ကန်းလုယူမှုကြောင့် --- ပညတ်တော်

http://www.dhammadownload.com

မူရပါသည်။

➤ **စိဝရ-အရ** ။ ။ ခြောက်မျိုးသော သက်နိုးတို့တွင် အယုတ်ဆုံးအားဖြင့် ဝိကပ္ပနာ လောက်သော သက်နိုးတမျိုးမျိုးကို ယူရပါမည်။

➤ **တူပီဒေဘာ အနုဇ္ဇမနာ-ဟူသည်** ။ ။ မမွေ့လျော်သော စိတ်ရှိခြင်း, ထိခိုက်သော စိတ်ရှိခြင်း, ငြောင့်ကဲ့သို့ဖြစ်သော စိတ်ရှိခြင်းပင် ဖြစ်ပါသည်။

➤ **အစ္ဆိန္နာဓမပယ္ပ-အရ လုယူခြင်း အာပတ်သင့်ပုံ** ။ ။ အခြားသူကို စေခိုင်းအုံ၊ ဒုက္ကဋ်အာပတ်၊ တစ်ကြိမ်စေခိုင်းအပ်လျက် အကြိမ်များစွာ လုယူအုံ၊ နိဿဂ္ဂိ ဖြစ်ပါသည်။

➤ **စွန့်ရမည့်ပုဒ္ဂိုလ်** ။ ။ သံဃာအားသော်၎င်း, ဂိုဏ်းအားသော်၎င်း, ပုဂ္ဂိုလ်အားသော်၎င်း စွန့်ရပါမည်။ * **နိဿဂ္ဂိဆဏ်နိုးစွန့်ပုံ-** (၃၉၉/၄၈၉-ကြည့်)

➤ **အနာပတ္တိ (အာပတ်မသင့်စေဘာ ရဟန်း)** ။ ။ ထိုရဟန်းကသော်လည်း ပြန်၍ ပေးအုံ၊ ထိုရဟန်းနှင့်သော်လည်း အကျွမ်းဝင်၍ ယူအုံ၊ အာပတ် မသင့်ပါ။

သဏ္ဌာဂိုဃုဂ္ဂို ဘိဂျားပုဒ်

➤ **နိဓါနိုး-ရာဇဂြိုဟ်ပြည်, ဒုဋ္ဌိလ်-ဆဗ္ဗဂ္ဂိရဟန်းများ၊ ဝတ္ထု-သက်နိုးကို** ယက်စေခြင်း။

➤ **ဤသီကာဗုစ် ပညတ်ရွေခြင်း အတ္ထုပ္ပတ္တိ** ။ ။ ဘုနိုးတော်ကြီးသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့ ရှဉ့်နက်တို့အား အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ဆဗ္ဗဂ္ဂိရဟန်းတို့သည် သက်နိုးချုပ်ခြိန် အခါကာလ၌ ချည်တို့ကို များစွာတောင်းကြလေ၏၊ သက်နိုးချုပ်ပြီးသော်လည်း များစွာပိုနေသေး၏။

ထိုအခါ အခြားချည်တို့ကို ထပ်မံတောင်း၍ ရက်ကန်းသမားတို့ကို သက်နိုးအရက် ခိုင်းရလျှင် ကောင်းမည်-ဟု ကြံ၍ ထိုအကြံအတိုင်း ထပ်မံတောင်း၍ အရက်ခိုင်းကြလေသည်၊ သက်နိုးရက်ပြီးနောက်လည်း ချည်များစွာ ပိုနေသေးရကား နောက်ထပ် ဖြည့်စွက်တောင်းယူ၍ နှစ်ကြိမ်မြောက်၎င်း, သုံးကြိမ်မြောက်၎င်း၊ အရက်ခိုင်းကြလေသည်၊ ထိုအခါ လူတို့ကဲ့ရဲ့ကြသည်ကို ရဟန်းတော်များကြား၍ ဘုရားထံ လျှောက်ကြသောကြောင့် သုတ္တာဝိညတ္တိ သိက္ခာပုဒ်ကို ပညတ်တော်မူရပါသည်။

➤ **ဆ သုဇ္ဇာနိ-ဠ္ဍ ဆ-အရ/သုဇ္ဇ-အရ (ချည် ၆-မျိုး)** ။ ။ (၁) ခေါမ-ခေါမတိုင်းဖြစ် ချည် (၀၊) ခုံချည်၊ (၂) ကပ္ပါသိက-၀ါချည် (၀ါမှဖြစ်သောချည်) (၃) ကောသေယျ-ပိုးချည်၊ (၄) ကမ္ဗလ-ကမ္ဗလာချည် (သိုးမွေးချည်) (၅) သာဏ-ပိုက်ဆံလျော်ချည်၊ (၆) ဘင်္ဂ-ခေါမ-စသော ချည်ငါးမျိုး ပေါင်း၍ ရက်အပ်သော ချည်-တို့ ဖြစ်ပါသည်။

➤ **အာပတ်သင့်ပုံ** ။ ။ ရက်ကန်းအလုပ်သမားတို့ကို ရက်စေအုံ၊ အားထုတ်မှု ပယောဂတိုင်း ပယောဂတိုင်း ဒုက္ကဋ်အာပတ် သင့်ပါသည်။ ရခြင်းကြောင့် နိဿဂ္ဂိ။

➤ **စွန့်ရမည့်ပုဒ္ဂိုလ်** ။ ။ သံဃာအားသော်၎င်း, ဂိုဏ်းအားသော်၎င်း, ပုဂ္ဂိုလ်အား

http://www.dhammadownload.com

သော်၎င်း စွန့်ရပါမည်။ * နိဿဂ္ဂိယကံန်းစွန့်ပုံ- (၄၀၀/၄၈၉-ကြည့်)

➤ **အနုပဇ္ဈိ (အာပတ်မသင့်စေသာ ရဟန်း)** ။ ။ သင်္ကန်းချုပ်ခြင်းငှာ ချည်ကို တောင်းအံ့၊ အာပတ် မသင့်၊ အာယောဂပတ်၌၎င်း, ခဲပန်းကြိုး၌၎င်း, ပခုံးဖွဲ့ကြိုး၌၎င်း, သပိတ်အိတ်၌၎င်း, ရေစစ်၌၎င်း အာပတ် မသင့်၊ ဆွေမျိုးတော်စပ်သူတို့အားဖြင့်, ဖိတ်ကြား အပ်သူတို့အားဖြင့်, အခြားသူ၏ အဲလို့ငှာဖြင့်, တောင်းအံ့၊ မိမိဥစ္စာဖြင့် ဝယ်အံ့၊ အာပတ် မသင့်ပါ။ ရွှေသော ရဟန်း၊ အစလက်ဦး လွန်ကျူးသော ရဟန်းအား အာပတ်မသင့်။

မဟာပေသကာရ သိက္ခာပုဒ်

➤ **နိဒါန်း**-သာဝတ္ထိပြည်၊ ဗုဒ္ဓိလ်-ဥပနန္ဒမထေရ်၊ **ဓဏ္ဍ**-သင်္ကန်း၌ ထူးအောင် စီမံခြင်းသို့ ရောက်ခြင်း။

➤ **အညာတက/ဂဟပတိ/ဂဟပတာနီ/စီဝရ**-အရ (၄၉၈-ကြည့်)

➤ **ဒိကပ္ပါကာရ/ စီဝရဖိုးကွဲအာဖန်ဖူး-၌အာဖန်ဆာကာရ/သင်္ကန်း၌ အထူးစီရင်ခြင်းသို့ ရောက်ပုံ** ။ ။ "ဒါယကာ ဤသင်္ကန်းသည် ငါ့ကို ရည်ညွှန်း၍ ရက်အပ်ပေ၏၊ အလျား ရှည်ရှည် အနံပြန့်ပြန့် အသားထူထူ ပြုကြလော့၊ ကောင်းစွာ ရက်အပ် ရှယ်အပ် နယ်ဖြင့် ကန်အပ် ဖြီးအပ်သည်ကိုလည်း ပြုကြလော့၊ ငါတို့သည် ဒါယကာတို့အား အနည်းငယ်မျှ ပေးကမ်းဖွယ်ကို ပေးကမ်းနိုင်ကုန်ရာ၏"ဟု စီရင်ပါသည်။

➤ **ပိဏ္ဍပါတ-ဟူသည်** ။ ။ ယာဂုသည်၎င်း, ထမင်းသည်၎င်း, ခဲဖွယ်သည်၎င်း, အမှုန့်ခဲသည်၎င်း, ဒန်ပူသည်၎င်း, ဖြိတ်ဆာချည်သည်၎င်း "ပိဏ္ဍပါတ" မည်ပါသည်။

➤ **ဓောက်ဆစ်ဆုံး ပိဏ္ဍပါတ-** တရားဟောခြင်း ဖြစ်ပါသည်။

➤ **အာပတ်ဆင့်ပုံ** ။ ။ ရဟန်း၏ စကားဖြင့် အလျားရှည်ရှည် အနံပြန့်ပြန့် အသားထူထူ ပြုအံ့၊ အားထုတ်မှု ပယောဂကြောင့် ဒုက္ကဋ်အာပတ် သင့်ပါသည်။ ရခြင်း ကြောင့် နိဿဂ္ဂိ ဖြစ်ပါသည်။

➤ **စွန့်ရမည်ပုဗ္ဗိလ်** ။ ။ သံယာအားသော်၎င်း, ဂိုဏ်းအားသော်၎င်း, ပုဂ္ဂိုလ်အား သော်၎င်း စွန့်ရပါမည်။ * **နိဿဂ္ဂိယကံန်းစွန့်ပုံ**- (၄၀၅/၄၈၉-ကြည့်)

➤ **အနုပဇ္ဈိ (အာပတ်မသင့်စေသာ ရဟန်း)** ။ ။ ဆွေမျိုးတော်စပ်သူတို့အားဖြင့်၊ ဖိတ်ကြားအပ်သူတို့အားဖြင့်၊ အခြားသူ၏ အကျိုးငှာဖြင့်၊ မိမိ၏ ဥစ္စာဖြင့်ဖြင့်၊ အဖိုးများ သည်ကို ရက်စေလိုသူအား အဖိုးနည်းသည်ကို ရက်စေအံ့၊ အာပတ် မသင့်ပါ။

အဇ္ဈောကဒိဟရ သိက္ခာပုဒ်

➤ **နိဒါန်း**-သာဝတ္ထိပြည်၊ ဗုဒ္ဓိလ်-များစွာသော ရဟန်း၊ **ဓဏ္ဍ**-အစွေ့ကသင်္ကန်းကို သင်္ကန်းကာလအခါ လွန်စေခြင်း။

➤ **ဒီကွာမုစ်မညတ်ရခြင်း၏ အဓိကြောင်းရင်း အဏ္ဏတ္ထဖွဲ့** ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိမြို့, အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း

http://www.dhammadownload.com

၌ သီတင်းသုံးနေတော်မူသောအခါ မြတ်စွာဘုရားသည် အစွေကသက်နံးကို ခံယူထားဖို့ရန် ခွင့်ပြုတော်မူအပ်ပြီ-ဟု ကြံကြ၍ အစွေကသက်နံးကို ခံယူပြီးလျှင် သက်နံးကာလကုန်လွန်သော်လည်း အဓိဋ္ဌာန် ဝိကပ္ပနာ မပြုကြဘဲ သက်နံးတန်း၌ အထုပ်ဖြင့် ဆွဲထားကြသည်ကို အရှင်အာနန္ဒ မြင်တော်မူ၍ ကဲ့ရဲ့ပြီးလျှင် ဘုရားရှင်အား လျှောက်သောကြောင့် အစွေကစီဝရ သိက္ခာပုဒ် ပညတ်တော်မူရပါသည်။

➤ **အစွေကစီဝရ(အဓေါတလျင်သက်နံး) ကို ခံယူထားဖို့ရန် ခွင့်ပြုရခြင်း အကြောင်းဖွင့်ဆို** ။ ။ သာဝတ္ထိမြို့၌ အမတ်ကြီးတစ်ယောက်သည် စစ်တပ်ရှိရာသို့ သွားခါနီးဝယ် ဝဿာဝါသိကသက်နံးကို လှူဒါန်းလိုပါသည်ဟု မှာ၍ ရဟန်းများအထံသို့ တမန်လွှတ်၍ အပင့်ခိုင်းလေသည်။

ထိုအခါ ရဟန်းများသည် "ဝါကျွတ်သော ရဟန်းတို့အားသာ ဝဿာဝါသိကသက်နံးကို ခွင့်ပြုတော်မူ၏"ဟု သံသယကုက္ကုစ္စ ဖြစ်ကြသောကြောင့် မသွားဘဲ နေကြလေသည်၊ ထိုအခါ အမတ်ကြီးသည် "အဘယ့်ကြောင့် အရှင်မြတ်တို့သည် ငါက ပင့်အပ်ပါကုန်လျက် မလာဘဲနေကြရပါလိမ့်မည်နည်း၊ ယခု စစ်တပ်သို့ သွားရမည်ဖြစ်၍ ငါ၏အသက်ကို သိဖို့ ခဲယဉ်းသည်"ဟု ကဲ့ရဲ့သောကြောင့် ဘုရားရှင်သည် "အစွေကစီဝရကို ခံယူထားဖို့ရန်" ခွင့်ပြုတော်မူပါသည်။

➤ **ဒေဝဒဟနဂရ-ဟူသည်** ။ ။ ဆယ်ရက်ဖြင့် မရောက်သေးသော ပဝါရဏာနေ့ ဖြစ်ပါသည်။

➤ **ကဏ္ဍီကဒေဝမာသိကဗုဇ္ဈမ-ဟူသည်** ပဝါရဏာ ကြတ္တိကာကို ဆိုပါသည်။

➤ **အစွေကစီဝရ (အဓေါတလျင်လှူအင်္ဂသော သက်နံး) ဟူသည်**

စစ်တိုက်ရန်သော်လည်း သွားလို၏၊ အရပ်တစ်ပါးသို့သော်လည်း သွားလို၏၊ မကျန်းမာသော်လည်း ဖြစ်၏၊ ကိုယ်ဝန်သော်လည်းရှိ၏၊ သဒ္ဓါတရား မရှိသူအားသော်လည်း သဒ္ဓါတရား အသစ် ဖြစ်၏၊ မကြည်ညိုသော သူအားသော်လည်း ကြည်ညိုခြင်းဖြစ်ပေါ်၏၊ အကယ်၍ ထိုသူသည် ရဟန်းတို့၏အထံသို့ "အရှင်မြတ်တို့ ကြွလာတော်မူကုန်လော့၊ ဝါဆို(ဝါကျွတ်)သက်နံးကို လှူအံ့"ဟု တမန်ကို စေလွှတ်အံ့၊ ဤသက်နံးသည် "အစွေကစီဝရ" မည်ပါသည်။

➤ **အစွေကစီဝရ (အဓေါဒပါသက်နံး) လှူခါနီးတော်သော ဥဇ္ဈိလေမျှား**

စစ်တိုက်ရန်သော်လည်း သွားလိုသူ၊ အရပ်တစ်ပါးသို့သော်လည်း သွားလိုသူ၊ မကျန်းမာသူ၊ ကိုယ်ဝန်သော်လည်းရှိသူ၊ သဒ္ဓါတရား မရှိသူအားသော်လည်း သဒ္ဓါတရား အသစ်ဖြစ်သူ၊ မကြည်ညိုသော သူအားသော်လည်း ကြည်ညိုခြင်းဖြစ်ပေါ်သူ-တို့ ဖြစ်သည်။

➤ **စီဝရကာလသမယံ နိက္ခိပိတုန္တံ-ဟူသည်** ။ ။ "ဤသက်နံးကား အဆောတလျင် လှူအပ်သော သက်နံးတည်း"ဟု အမှတ်ပြု၍ ထားရမည်ဟု ဆိုလိုပါသည်။

➤ **စီဝရကာလသမယ-အရ** ။ ။ ကထိန်မခင်းလျှင် မိုးဥတု၏ နောက်ဆုံးလ၊ ကထိန်

http://www.dhammadownload.com

ခင်းလျှင် ငါးလ-တို့သည် "စီဝရကာလသမယ" မည်ပါသည်။

➤ **ဆေဘော ဇေ ဥဇ္ဇာဇီ နိက္ခိဓေယျ-အရ အာဝဇ်ဆင့်ဗုံ့** ။ ။ ကထိန် မခင်းလျှင် ဝိုင်ဥတု၏ နောက်ဆုံးနေ့ကို လွန်စေအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်ပါသည်။ ကထိန်ခင်း လျှင် ကထိန်နှုတ်သော နေ့ကို လွန်စေအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်ပါသည်။

➤ **အဇ္ဈောကသင်္ကန်းကို ကထိန်ခင်းဆော ရဟန်းအား ထားရဆော ရက်** ကထိန်နှုတ်သော နေ့အထိ ဖြစ်ပါသည်။

➤ **စွန့်ရမည့်ပုဂ္ဂိုလ်** ။ ။ သံဃာအားသော်ငင်း, ဂိုဏ်းအားသော်ငင်း, ပုဂ္ဂိုလ်အား သော်ငင်း စွန့်ရပါမည်။ ✱ **နိဿဋ္ဌိသင်္ကန်းစွန့်ဗုံ့-- (၄၀၈/၄၈၉-ကြည့်)**

သာသင်္ကိတိကျောပုဒ်

➤ **နိဓါန်း-**သာဝတ္ထိပြည်၊ **မုဠိလ်-**များစွာသော ရဟန်း၊ **ဇဏ္ဍု-**အဓိဋ္ဌာန်တင်အပ် သော သင်္ကန်းနှင့်ကင်း၍ နေခြင်း။

➤ **ဒီဃာဝုမ်ဓမည်တ်ရခြင်း၏ အဓိကြောင်းရင်း အဏ္ဍုပ္ပဒ္ဓိ** ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြို့, အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ နဂိုက တောင်းကျောင်း၌ နေလေ့ရှိကြသော ရဟန်း တော်တို့သည် သင်္ကန်းရှားပါးခြင်းကြောင့် သင်္ကန်းရဖို့ရန် ရွာကျောင်းသို့ လာ၍ ဝါကပ်ကြ လေ၏၊ ဝါကျွတ်သည့်အခါ သင်္ကန်းရသဖြင့် တောကျောင်းသို့ ပြန်၍ နေမြဲနေကြ ပြန်လေသည်။

ကတ္တိကစောရတို့သည် "ရဟန်းများမှာ လာဘ်ပေါများသည်" ဟု အယူရှိ၍ တော ကျောင်း ဘုန်းကြီးများကို လုယက်ခိုးကြသဖြင့် ဘုရားရှင်အား လျှောက်ကြလေရာ "တောကျောင်းနေ ရဟန်းများသည် သင်္ကန်း သုံးထည်တွင် တစ်ထည်ထည်ကို ရွာထဲ၌ ထားခြင်းငှာ ခွင့်ပြုတော်မူရလေသည်။

ဤသို့ ရွာတွင်း၌ ထားခွင့်ပြုတော်မူလျှင်ပင် အချို့ရဟန်းများသည် ခြောက်ညဉ့် ထက် ကျော်အောင် ထားသောကြောင့် ထိုသင်္ကန်းတချို့ ပျက်စီးကုန်ရကား သင်္ကန်း ခေါင်းပါးကြလေသည်၊ ထိုအကြောင်းကို အခြားရဟန်းများသိ၍ "ရွာတွင်း၌ ထားပြီးလျှင် ၆-ညဉ့်ထက်ကျော်လွန်အောင် ထိုသင်္ကန်းနှင့်ကင်း၍ ဘာ့ကြောင့် နေကြရသလဲ"ဟု ကဲ့ရဲ့ပြီး၍ ဘုရားရှင်အား လျှောက်ကြလေရာ -- ပညတ်တော်မူရပါသည်။

➤ **ကတ္ထိကဗုဏ္ဏမ--ဟူသည်** ။ ။ မိုးလေးလအဆုံး ကြတ္တိကာ(တန်ဆောင်မုန်း)လ ကို ဆိုပါ၊သည်း

➤ **အာရညက(စောကျောင်း) ဟူသည်** ။ ။ အယုတ်ဆုံး လေး(အတာ) အပြန် ငါးရာရှိသော ကျောင်း ဖြစ်ပါသည်။

➤ **သာသင်္ကံ-ဟူသည်** ။ ။ အရံ အရံ၏ ဥပစာ၌ ခိုးသူတို့ဝင်ရာ စားရာ ရပ်ရာ

http://www.dhammadownload.com

ထိုင်ရာ လျောင်းရာတို့ကို တွေ့ရခြင်းသည် "သာသက်" မည်ပါသည်။

➤ **သပ္ပဋိဘယ-ဟူသည်** ။ ။ အရဲ အရဲ၏ ဥပစာဋ္ဌ ခိုးသူတို့ သတ်အပ်သော လူတို့ကို တွေ့ရခြင်း လုယက်အပ်သူတို့ကို တွေ့ရခြင်း ရိုက်နှက်အပ်သူတို့ကို တွေ့ရခြင်းသည် "သပ္ပဋိဘယ" မည်ပါသည်။

➤ **အန္ဓရဟစရ နိက္ခီစမယျ-ဟူသည်** ။ ။ ပတ်ဝန်းကျင် ဂေါစရလံရွာဋ္ဌ ထားခြင်းကို ဆိုပါသည်။

➤ **ထဓော ဓစ ဥဒ္ဓရဏီ ဓိဗ္ဗဓေသေယျ-အရ အာပတ်သင့်ပုံ** ။ ။ ခုနစ်ရက်မြောက် အရုဏ်တက်လတ်သော် နိဿဂ္ဂိ ဖြစ်ပါသည်။

➤ **စွန့်ရမည်ပုဒ္ဓိုလ်** ။ ။ သံယာအားသော်ငင်း, ဂိုဏ်းအားသော်ငင်း, ပုဂ္ဂိုလ်အားသော်ငင်း စွန့်ရပါမည်။ * **နိဿဋ္ဌိသင်္ကန်းစွန့်ပုံ-** (၄၁၁/၄၈၉-ကြည့်)

ပရိဏာမ သိက္ခာပုဒ်

➤ **နိဓါန်း-**သာဝတ္ထိပြည်၊ **ဗုဇ္ဈိလ်-**ဆဗ္ဗဂ္ဂိရဟန်းများ၊ **ဓဏ္ဍု-**မိမိသို့ ညွှတ်စေခြင်း။

➤ **သိက္ခာပုဒ်ပညတ်ချမြင်း၏ အစကြောင်းရင်း အဏ္ဍုပ္ပဒ္ဓဏ်** ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိမြို့ အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ သာဝတ္ထိမြို့၌ အသင်းတစ်သင်းသည် သံယာအား ဆွမ်းကပ်ပြီးလျှင် သင်္ကန်းလျှူမည်-ဟု သင်္ကန်းနှင့်တကွ ဆွမ်းကို စီမံထားလေသည်။

ထိုအချိန်မှာပင် ဆဗ္ဗဂ္ဂိရဟန်းတို့သည် သွား၍ "သင်္ကန်းတွေကို ငါတို့အား လှူကြပါ"ဟု ပြောလေ၏၊ ဒါယကာများက "အရှင်တို့အား မလှူနိုင်, သံယာအား နှစ်စဉ် လူနေကြဖြစ်သည်"ဟု ပြောလေသော် "သံယာမှာ လှူသူတွေ ပေါများပါတယ်, ငါတို့မှာတော့ ဒါယကာတို့ကိုသာ အားကိုးနေရပါတယ်, ဒါယကာတို့က မလှူလျှင် ဘယ်သူက လှူမှာတုန်း"ဟု စကားဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ မလွဲမရှောင်သာသောကြောင့် သင်္ကန်းတွေကို လှူလိုက်ကြရသဖြင့် သံယာတော်အား ဆွမ်းချည်းသာ ကပ်ရတော့သည်၊ ထိုအကြောင်းကို အခြားရဟန်းများ သိ၍ ဘုရားရှင်အား လျှောက်ကြသဖြင့် -- ပညတ်ရပါသည်။

➤ **စာနာထီ (သီ၏) ဟူသည်** ။ ။ ကိုယ်တိုင်သော်လည်း သိခြင်း၊ အခြားသူတို့က သော်လည်း ထိုရဟန်းအား ပြောကုန်၏၊ ထိုသူကသော်လည်း ပြောခြင်းပင် ဖြစ်ပါသည်။

➤ **ဆံဃိက-ဟူသည်** ။ ။ သံယာအား လှူအပ် စွန့်အပ်ပြီးခြင်းပင် ဖြစ်ပါသည်။

➤ **လာဘ-အရ (လာဘ်ဟူသည်)** ။ ။ သင်္ကန်း ဆွမ်း အိပ်ရာနေရာကျောင်း သူနာ၏ အထောက်အပံ့ ဆေးပစ္စည်းနှင့် အယုတ်သဖြင့် အမှုန့်ခဲသည်ငင်း, ဒန်ပူသည်ငင်း, မြိတ်ဆာချည်သည်ငင်း လာဘ-အရ (လာဘ်) ဖြစ်ပါသည်။

➤ **အည့ုဆုံး လာဘ်ကား** ။ ။ အမှုန့်ခဲသည်ငင်း, ဒန်ပူသည်ငင်း, မြိတ်ဆာချည်သည်ငင်း အည့ုဆုံးလာဘ် ဖြစ်ပါသည်။

http://www.dhammadownload.com

➢ **ပနီဏာဓ–ဖူသည်** ။ ။ "လှူကုန်အံ့ ပြုကုန်အံ့"ဟု နှုတ်မြွက်ခြင်းပင် ဖြစ်သည်။

➢ **ဆာပတ်သင့်ပုံ** ။ ။ မိမိအား ညွှတ်စေအံ့၊ အားထုတ်မှုပယောဂကြောင့် ဒုက္ကဋ် အာပတ် သင့်ပါသည်။ ရခြင်းကြောင့် နိဿဂ္ဂိ ဖြစ်ပါသည်။

➢ **စွန့်ရမည်ပုဂ္ဂိုလ်** ။ ။ သံယာအားသော်ငင်း, ဂိုဏ်းအားသော်ငင်း, ပုဂ္ဂိုလ်အား သော်ငင်း စွန့်ရပါမည်။ * နိဿဂ္ဂိသင်္ကန်းစွန့်ပုံ– (၄၁၄/၄၈၉-ကြည့်)

➢ **သံယာဆဆံ့၌သာ စွန့်ရခြား နိဿဂ္ဂိ ပစ္စည်းများ** ။ ။ ဇာတရူပသိက္ခာပုဒ်အရ ရွှေငွေ အတုံးအခဲနှင့် ဒင်္ဂါပိုက်ဆံဟူသော နိဿဂ္ဂိယဝတ္ထု၊ အခြားရတနာအမျိုးမျိုးဟူသော ဒုက္ကဋဝတ္ထုများ။ ရူပိယသံဝေါဟာရ သိက္ခာပုဒ်အရ နိဿဂ္ဂိယဝတ္ထု ဒုက္ကဋဝတ္ထုဖြင့် လဲလှယ်၍ ရသော ပစ္စည်းဝတ္ထု၊ ဥနပဉ္စဗန္ဓနသိက္ခာပုဒ်အရ ငါးဖွဲ့မပြည့်သေးဘဲ တောင်း၍ ရလာသော သပိတ်သစ်တို့ ဖြစ်ပါသည်။

➢ **စွန့်ပြီး၍ ပြန်ရခြင်းလည်း ဓနုံးစကောင်းခြား နိဿဂ္ဂိပစ္စည်းများ**

(၁) ပိုးချည်ဖြင့် ရောနှောသောအခင်း [ကောသိယ သိက္ခာပုဒ်] (၂) သက်သက်နက်သော အဆင်းရှိသော သိုးမွေးအခင်း[သုဒ္ဓကာဠကသိက္ခာပုဒ်] (၃) သိုးမွေးလေးပုံတွင် မည်းနက်သော သိုးမွေးတို့၏ ခုနစ်ပုံထက်ပိုလွန်သော အခင်း[ဒွေဘာဂသိက္ခာပုဒ်]

ဓမ္မ ။ ။ အလှူရှင်က "ဤပစ္စည်းကို ဘယ်မှာ လှူရပါ့မလဲ"ဟု မေးလာခဲ့သော် ဝိနည်းပြစ်လွတ်အောင် အဘယ်သို့ ဖြေဆိုရမည်ကို ဖြေဆိုပါ။ (၁၃၇၀-ခု မေး)

* အလှူရှင်က "ဤပစ္စည်းကို ဘယ်မှာ လှူရပါ့မလဲ"ဟု မေးလာခဲ့သော် "အကြင် အရပ်၌ သင်တို့၏ လှူဖွယ်ဝတ္ထုသည် သုံးဆောင်ခြင်းကိုသော်ငင်း, ပြုခြင်း စီရင်ခြင်းကိုသော်ငင်း ရရာ၏၊ ကြာမြင့်စွာ တည်သည်လည်း ဖြစ်ရာ၏၊ ထိုအရပ်၌ လှူကုန်လော့-ဟုသော်ငင်း၊ သို့မဟုတ် အကြင်အရပ်၌ သင်တို့၏ စိတ်သည် ကြည်လင်၏၊ ထိုအရပ်၌ လှူကုန်လော့"ဟုသော်ငင်း ဖြေဆိုရပါမည်။

➢ **ဆနာပတ္တိ (အာပတ် မသင့်သော ရဟန်း)** ။ ။ **"ဆဆယ်၌ လှူရကုန်စုံနှင်း"**ဟု မေးအပ်သော် "အကြင်အရပ်၌ သင်တို့၏ လှူဖွယ်ဝတ္ထုသည် သုံးဆောင်ခြင်းကိုသော်ငင်း, ပြုခြင်း စီရင်ခြင်းကိုသော်ငင်း ရရာ၏၊ ကြာမြင့်စွာ တည်သည်လည်း ဖြစ်ရာ၏၊ ထိုအရပ်၌ လှူကုန်လော့-ဟုသော်ငင်း၊ သို့မဟုတ် အကြင်အရပ်၌ သင်တို့၏ စိတ်သည် ကြည်လင်၏၊ ထိုအရပ်၌ လှူကုန်လော့"ဟုသော်ငင်း ဆိုသော ရဟန်းအား အာပတ် မသင့်။

ပါရာဇိကဏ်ဓမ္မာဘိပန်း

နိဿယနှင့် အဓိပ္ပါယ် ပြီး၏။

၂၈–၂–၂၀၁၁